
Mote Oo EDUCATION

ဒုတိယအကြိမ်



TNT

# ခေတ်သစ်ဆရာ

## သင်ရိုး အတွဲ (၄) - သင်ယူမှု အကဲဖြတ်ခြင်း

KATIE JULIAN GRAY RINEHART MARINA HAIKIN

TNT

# ခေတ်သစ်ဆရာ

## သင်ရိုး အတွဲ (၄) – သင်ယူမှု အကဲဖြတ်ခြင်း

KATIE JULIAN GRAY RINEHART MARINA HAIKIN

**ပုံနှိပ်တိုက်အမည်**

ဦးထိန်လင်း World Wide ပုံနှိပ်တိုက် (မြဲ – ၀၁၁၂၈)
အမှတ် ၄၀ ၊ ၅၃ လမ်း (အလယ်ဘလောက်) ၊
(၂) ရပ်ကွက် ၊ ပုဇွန်တောင်မြို့နယ် ၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (**105-A**) ၊ ရတနာမြိုင်လမ်း ၊ ရတနာမြိုင်အိမ်ယာ ၊
အမှတ် (၁) ရပ်ကွက် ၊ ကမာရွတ်မြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း – ၀၉ ၇၉၀ ၇၈၃ ၃၆၄ ၊ ၀၉ ၄၀၄ ၀၆၀ ၉၃၁

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ၊ အုပ်ရေ ၅၀၀
ဇူလိုင်လ ၊ ၂၀၂၃ ခုနှစ်
တန်ဖိုး – ၇၅၀၀ ကျပ်

၃၇၁.၁

ကေတီ ဂျူလီယန် ၊ ဂရေး ရိုင်းဟတ် ၊ မာရီနာ ဟိုင်ကင်း
ခေတ်သစ်ဆရာ ၊ သင်ရိုးအတွဲ (၄) – သင်ယူမှု အကဲဖြတ်ခြင်း
ကေတီ ဂျူလီယန် ၊ ဂရေး ရိုင်းဟတ် ၊ မာရီနာ ဟိုင်ကင်း
ရန်ကုန် ၊ မုခ်ဦးစာအုပ်တိုက် ၊ ၂၀၂၃။
၁၄၅ စာ ၊ ၃၀ စင်တီမီတာ။
မူရင်းအမည် – ခေတ်သစ်ဆရာ ၊ သင်ရိုးအတွဲ (၄) – သင်ယူမှု အကဲဖြတ်ခြင်း
(၁) ကေတီ ဂျူလီယန် ၊ ဂရေး ရိုင်းဟတ် ၊ မာရီနာ ဟိုင်ကင်း
(၂) ခေတ်သစ်ဆရာ ၊ သင်ရိုးအတွဲ (၄) – သင်ယူမှု အကဲဖြတ်ခြင်း

creative commons This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to the Picture Acknowledgments at the back of the book.

# မာတိကာ


**အကြောင်းအရာနယ်ပယ်နှင့် သင်ယူမှု ရည်ရွယ်ချက်များ** ၂

**ခေတ်သစ်ဆရာစာအုပ်ကို အသုံးပြုနည်း** ၃

**အာဆီယံတတ်ကျွမ်းမှု သတ်မှတ်ချက်များ** ၄

**မြန်မာဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်** ၅

**၁ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းဆိုသည်မှာ အဘယ်နည်း** ၆

၁.၁ အဘယ်ကြောင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်သနည်း ၈

၁.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များ ၁၂

၁.၃ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ဝိသေသများ ၁၇

**၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း မူဘောင်များ** ၂၆

၂.၁ လက်တွေ့ကျမှု ၂၈

၂.၂ ယုံကြည်စိတ်ချရမှု ၃၁

၂.၃ ကျိုးကြောင်းဆီလျော်မှု ၃၆

၂.၄ လက်တွေ့ကျခြင်း၊ ယုံကြည်စိတ်ချရခြင်းနှင့် ကျိုးကြောင်းဆီလျော်မှုတို့ကို ပေါင်းစပ်ခြင်း ၄၂

**၃ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးအစားများ** ၄၈

၃.၁ အကဲဖြတ်ဆန်းစစ်နည်း ၅၀

၃.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးအစားများ ၅၄

၃.၃ အပိတ်လုပ်ငန်း အမျိုးအစားများ ၅၈

၃.၄ အဖွင့်လုပ်ငန်း အမျိုးအစားများ ၆၆

**၄ သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် မေးခွန်းများ ဖန်တီးခြင်း** ၈၄

၄.၁ ပရောဂျက်များကို အကဲဖြတ်ဆန်းစစ်ခြင်း ၈၆

၄.၂ အဖွဲ့လိုက် လုပ်ဆောင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်း ၉၁

၄.၃ ပူးပေါင်းပါဝင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ပြန်လှန်သုံးသပ်ခြင်း ၉၅

၄.၄ စာမေးပွဲမေးခွန်းများ ဖန်တီးပြုစုခြင်း ၁၀၀

**၅ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း စနစ်များ** ၁၁၀

၅.၁ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်းနှင့် မှတ်တမ်းများ ၁၁၂

၅.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ် အစိတ်အပိုင်းများ၏ အရေးပါမှုကို နှိုင်းယှဉ်သတ်မှတ်ခြင်း ၁၁၅

**သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း မေးခွန်းလွှာ** ၁၂၀

**အတန်းဆုံး ပရောဂျက် – သင်ယူမှု အကဲဖြတ် ဆန်းစစ်ချက်တစ်ရပ် စီစဉ်ဖန်တီးခြင်း** ၁၂၄

**နောက်ဆက်တွဲ ၁ – အသေးစိတ် အမှတ်ပေးဇယားပုံစံ** ၁၂၆

**နောက်ဆက်တွဲ ၂ – သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းစနစ်ပုံစံ** ၁၂၇

**အဖြေများ** ၁၂၈

# အခန်း ၄ - သင်ယူမှု အကဲဖြတ်ခြင်း

## သင်ရိုးနှင့် သင်ရိုးစာအုပ်တွဲပါ အကြောင်းအရာနယ်ပယ်နှင့် အဓိက အယူအဆများ

ဤစာအုပ်သည် ခေတ်သစ်ဆရာ စာအုပ်တွဲ (ဒုတိယအကြိမ်တည်းဖြတ်ချက်) မှ စတုတ္ထမြောက် သင်ရိုးစာအုပ်ဖြစ်ပါသည်။ သင်ရိုးစာအုပ်တစ်အုပ်စီသည် သင်ကြားခြင်း စက်ဝန်း အဆင့်ငါးဆင့်မှ အဆင့် တစ်ဆင့်ချင်းစီကို အထူးပြုတင်ပြထားခြင်းလည်းဖြစ်သည်။ စက်ဝန်းအဆင့်ငါးဆင့်မှာ (လိုအပ်ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ သင်ကြားခြင်း၊ သင်ယူမှု အကဲဖြတ်ခြင်းနှင့် သင်ကြားမှုဆန်းစစ်အကဲဖြတ်ခြင်းတို့ ဖြစ်ကြသည်။)

စတုတ္ထမြောက် စာအုပ်တွဲသည် သင်ကြားရေးစက်ဝန်းအဆင့်မှ စတုတ္ထအဆင့်ကို အထူးပြုထားသည်။ သင်ယူမှု အကဲဖြတ်ခြင်းဖြစ်သည်။ ကျောင်းသူ ကျောင်းသားများ၏ သင်ယူမှုကို မည်သည့် နည်းလမ်းအမျိုးမျိုးသုံးစွဲပြီး တိုင်းတာနိုင်မည်ဖြစ်ကြောင်း တင်ပြထားသည်။ အကဲဖြတ်ဆန်းစစ်ချက် အမျိုးအစားများ၊ ပါဝင်သည့် အစိတ်အပိုင်းများ၊ အကဲဖြတ်ခြင်း လေ့ကျင့်ခန်း လုပ်ငန်းစဉ်များစသည့် နည်းလမ်းအမျိုးမျိုးကို စီစဉ်ရေးဆွဲပြီး သင်ယူသူများ၏ အသိနှင့် အတတ်တို့ကို မည်သို့ ထိရောက်စွာ တိုင်းတာနိုင်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

သင်ရိုးအမှတ် (၄) တွင် အောက်ပါခေါင်းစဉ်များ ပါဝင်ပါသည်။

- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို ဆရာ ဆရာမများ အသုံးပြုနိုင်ပုံ။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ အဓိကမူဘောင် သုံးရပ်။
- အဖွင့်/အပိတ်လုပ်ငန်းစဉ်များကို ဆီလျော်စွာ ပုံစံထုတ် စီစဉ်ခြင်း။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် အမျိုးမျိုးကို အမှတ်ပေး စည်းမျဉ်းများဆွဲခြင်း။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက်စနစ်များ တည်ဆောက်ခြင်း။

## သင်ယူမှု ရည်ရွယ်ချက်များ

### အသိ

(လေ့ကျင့်ခန်းများ)

**ဤမော်ဂျူးတွင် အောက်ပါ အကြောင်းအရာများကို သိရှိနားလည်မှု ပိုမိုမြင့်တက်လာပါမည်။**

- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အကြောင်းနှင့် လုပ်ဆောင်ပုံ။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အမျိုးအစားများနှင့် ရည်ရွယ်ချက်များ။
- အားထားရသော ဆီလျော်သော၊ လက်တွေ့ကျသော အကဲဖြတ်ဆန်းစစ်ချက်များ။
- အကဲဖြတ်လုပ်ငန်းစဉ်များနှင့် သင်ယူမှု ရည်ရွယ်ချက်များ ဆက်စပ်ပုံ။
- အမှတ်ပေးဇယား (rubric) များ ရေးဆွဲတည်ဆောက်ပုံ အခြေခံစည်းမျဉ်းများ။
- ပရောဂျက်များ၊ အဖွဲ့လိုက်လုပ်ငန်းများ၊ ပူးပေါင်းပါဝင်မှုနှင့် သုံးသပ်ဆင်ခြင်မှုကို အမှတ်ပေးပုံ။
- အကဲဖြတ်စစ်ဆေးသည့် အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများ။
- စာမေးပွဲမေးခွန်းနှင့်ဆိုင်သော ဖြစ်တတ်သည့် ပြဿနာများ။
- မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်း။
- အကဲဖြတ်စစ်ဆေးခြင်း စနစ်များနှင့် ပါဝင်သော အစိတ်အပိုင်းများ။

### အတတ်

(လုပ်ငန်းစဉ်များ)

**ဤမော်ဂျူးတွင် အောက်ပါ အကြောင်းအရာများကို လုပ်နိုင်စွမ်း တိုးတက်လာပါလိမ့်မည်။**

- အကဲဖြတ်စစ်ဆေးခြင်းဆိုင်ရာ ရည်ရွယ်ချက်အမျိုးမျိုးကို ဖော်ထုတ်ခြင်း။
- အားထားရသော၊ ဆီလျော်သော၊ လက်တွေ့ကျသော စစ်ဆေးချက်များ ရေးဆွဲခြင်း။
- သင်ယူမှုရည်ရွယ်ချက်နှင့် ကိုက်ညီသော စစ်ဆေးချက်များ ရေးသားခြင်း။
- အမှတ်ပေးဇယားများ ပြင်ဆင်ခြင်း။
- ပရောဂျက်များ၊ အဖွဲ့လိုက်လုပ်ငန်းများ၊ ပါဝင်မှုနှင့် သုံးသပ်မှုတို့ကို အမှတ်ပေးခြင်း။
- အဖွင့်မေးခွန်းနှင့် အပိတ်မေးခွန်းများ ရေးသားခြင်း။
- စစ်ဆေးချက် မေးခွန်းများရေးရာတွင် တွေ့ရသော ပြဿနာများကို ခွဲခြမ်းစိတ်ဖြာခြင်း။
- စစ်ဆေးချက်တစ်ခု ရေးသားပြုစုခြင်း။
- စဉ်ဆက်မပြတ် စစ်ဆေးအကဲဖြတ်ခြင်းနှင့် မှတ်တမ်းစနစ်များ။
- စစ်ဆေးအကဲဖြတ်ခြင်း စနစ်တစ်ခုတွင် ပါဝင်သော အစိတ်အပိုင်းများကို ပုံစံရေးဆွဲခြင်းနှင့် အသေးတင်ခွဲခြားခြင်း။

### ပြန်လည်သုံးသပ်ခြင်း

(ပြန်လည်သုံးသပ်ခြင်း လုပ်ငန်းစဉ်များ)

**ဤမော်ဂျူးတွင် အောက်ပါ အကြောင်းအရာများကို လုပ်နိုင်စွမ်း တိုးတက်လာပါလိမ့်မည်။**

- သင်ကြားသင်ယူမှုဖြစ်စဉ်တွင် စစ်ဆေးအကဲဖြတ်ခြင်း၏ အခန်းကဏ္ဍ။
- အကဲဖြတ်ဆန်းစစ်ချက်များတွင် အားထားရသော ဆီလျော်မှု၊ လက်တွေ့ကျမှုတို့၏ အရေးပါပုံ။
- သင်ယူမှု ရည်ရွယ်ချက်များနှင့် စစ်ဆေးအကဲဖြတ်မှုတို့ ဆက်စပ်ပုံ။
- ရလဒ်နှင့် လုပ်ငန်းစဉ်တို့ကို အကဲဖြတ်ခြင်း။
- အမှတ်ပေးစနစ်နှင့် အမှတ်ပေးဇယားကွက်များ၏ အကျိုးများ။
- ဆီလျော်ကိုက်ညီသော စစ်ဆေးအကဲဖြတ်ခြင်း အစီအစဉ်တစ်ခု၏ အကျိုးကျေးဇူးများ။
- အကဲဖြတ်စစ်ဆေးခြင်း စနစ်များနှင့် ပါဝင်သော အစိတ်အပိုင်းများ၏ တန်ဖိုးများ။

# ခေတ်သစ်ဆရာ စာအုပ်ကို
## အသုံးပြုနည်း

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ သင်ယူသူ ဗဟိုပြုသင်ကြားမှုကို အောင်မြင်စွာ အသုံးချနိုင်သော သင်ကြားရေးကျွမ်းကျင်သူများ ဖြစ်လာရန် အရေးပါလိုအပ်သော သင်ကြားရေး ဗဟုသုတများ ကျွမ်းကျင်မှုများကို လေ့ကျင့်တည်ဆောက်ရန်ဖြစ်သည်။

ဤစာအုပ်ထဲတွင်ပါသော သင်ယူမှု ရည်ရွယ်ချက်များကို နားလည်ရန်နှင့် သင်ယူမှု နည်းလမ်းများကို နားလည်အောင် ဤမိတ်ဆက် စာမျက်နှာက ထောက်ကူမည်ဖြစ်သည်။

## အခန်းတစ်ခန်းစီတွင် အောက်ပါတို့ပါဝင်သည် -

***အဓိကဝေါဟာရများနှင့် စကားစုများ*** – ၎င်းတို့သည် ပညာရပ်ဆိုင်ရာ စကားလုံးများဖြစ်ပြီး ဤမော်ဂျူးကို နားလည်ရန် အရေးကြီးသော အရာများ ဖြစ်ပါသည်။ ၎င်းတို့အားလုံးကို အလွတ်ကျက်ရန် မလိုပါ။ ထိုစကားလုံးများကို **စာလုံးအထူအမဲ**များဖြင့် အမှတ်အသား ပြုထားသည်ကို စာဖတ်ရင်းတွေ့နိုင်ပါသည်။

***အကြိုသင်ခန်းစာ*** – အပိုင်းအားလုံးသည် အကြိုသင်ခန်းစာ လုပ်ငန်းတစ်ခုနှင့် စတင်ပါသည်။ ထိုသို့စတင်ရာတွင် အဓိက အကြောင်းအရာကို စတင်စဉ်းစားမိစေရန်၊ ဆွေးနွေးစေရန်နှင့် နောက်ခံဗဟုသုတများကို ဖော်ထုတ်အသုံးပြုစေခြင်းများ ပြုလုပ်သည်။ အချို့သော အကြိုသင်ခန်းစာများ၏ အဖြေများကို စာအုပ်နောက်ဆုံးပိုင်းတွင် ဖော်ပြပေးထားပါသည်။

***လေ့ကျင့်ခန်းများ***သည် ထိုအပိုင်း၏ အဓိကအယူအဆများအပေါ် နားလည်သဘောပေါက်မှုကို စစ်ဆေးခြင်းဖြစ်သည်။ ထိုလေ့ကျင့်ခန်း များကြောင့် စာအုပ်ပါ အယူအဆများကို ပိုမိုနားလည်လာစေပြီး မိမိနှင့် သက်ဆိုင်ရာ သင်ကြားရေးပုံစံအသီးသီးတွင် ပိုမိုကောင်းမွန်စွာ အသုံးချလာနိုင်စေသည်။ အချို့သော လေ့ကျင့်ခန်းများ၏ အဖြေများကို စာအုပ်နောက်ဆုံးပိုင်းတွင် ဖော်ပြထားပါသည်။

***လုပ်ငန်းစဉ်များ***မှာမူ သင်ယူသူ ဗဟိုပြုသင်ကြားရေး နည်းလမ်းကောင်းများ လုပ်နိုင်ရန်အတွက် လိုအပ်သော ကျွမ်းကျင်မှုများကို လေ့ကျင့်မြှင့်တင်နိုင်ရေး ပြင်ဆင်ထားသည်။ ထိုသို့ပြင်ဆင်ပေးရာတွင် သင်ကြားရေး လုပ်ငန်းစဉ်များကို သင်ယူသူအမျိုးမျိုး၊ သင်တန်းပုံစံအမျိုးမျိုး၊ သင်တန်းအရွယ်အစား အမျိုးမျိုးတို့နှင့် ကိုက်ညီအောင် ပြင်ဆင်ခြင်း၊ အစီအစဉ်ချခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းတို့ ပါဝင်သည်။ အချို့လုပ်ငန်းစဉ်များ၏ အဖြေများကို စာအုပ်နောက်ဆုံးပိုင်းတွင် ဖော်ပြထားပါသည်။

အချို့အခန်းများတွင် ဖြစ်ရပ်လေ့လာချက်များ ပါဝင်ပါသည်။ ဒေသန္တရအဆင့်၊ ဒေသတွင်းအဆင့်၊ နိုင်ငံတကာအဆင့်ဖြစ်ရပ် တစ်စုံတစ်ခုကို ဖော်ပြရေးသားထားခြင်းဖြစ်သည်။ သက်ဆိုင်ရာ အခန်းပါ အကြောင်းအရာတစ်ခုခုကို သရုပ်ပြရှင်းလင်းရန်အတွက် ရေးသားထားခြင်း ဖြစ်ပါသည်။ ထိုဖြစ်ရပ်လေ့လာချက်များအပြီးတွင် နားလည်မှုစစ်ဆေးသော မေးခွန်းများနှင့် ဆွေးနွေးချက် မေးခွန်းများ ပါဝင်ပါသည်။

***ဆွေးနွေးချက်လုပ်ငန်းစဉ်များ***လည်း ထည့်သွင်းထားပြီး သင်ယူသူများက ဤစာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးပြောဆိုရန်၊ ထပ်မံစဉ်းစားဆင်ခြင်ရန် အခွင့်အလမ်းအဖြစ် စီစဉ်ထားခြင်း ဖြစ်ပါသည်။

***ပြန်လည်သုံးသပ်ချက်များအပိုင်း***တွင် မိမိ၏ ကိုယ်ပိုင်သင်ကြား သင်ယူခြင်း အလေ့အထများကို ပြန်လည်သုံးသပ်စဉ်းစားစေသည်။ ပြင်ဆင်ခြင်း – ထိုပြင်ဆင်မှုကို သင်ကြားခြင်းနှင့် ထိုသင်ကြားခြင်းမှ သိရှိရသည်တို့ကို အသုံးပြုပြီး ထပ်မံပြင်ဆင်ခြင်းဟူသော ဖြစ်စဉ် အဆင့်ဆင့်ကို သင်ယူသူ ဗဟိုပြုသင်ကြားရေးဖော်ဆောင်ရန် အသုံး ပြုရမည်ဟူသော အတွေးမှလာခြင်းလည်းဖြစ်သည်။ ဆင်ခြင်သုံးသပ် ချက်များက စာအုပ်မှရလာသော အသိ၊ အတတ်များကို စာသင်ခန်း အတွင်းတွင် မည်သို့ အသုံးချနိုင်မည်ကို အာရုံစိုက်ထားသည်။

***အကျဉ်းချုပ်***က ထိုအပိုင်း၏ အဓိကအယူအဆကို ပြန်လည်ခြုံငုံ မှတ်မိစေသည်။

## ဤမော်ဂျူး မတိုင်မီနှင့် မော်ဂျူး အပြီးတွင် . . .

သင်ကြားရေး တတ်ကျွမ်းမှုများကို ဖတ်ရှုပြီး ဤမော်ဂျူးပါ အကြောင်းအရာများသည် မြန်မာနိုင်ငံနှင့် အာဆီယံတို့က အသီးသီး သတ်မှတ်ထားကြသော တတ်ကျွမ်းမှု မူဘောင်များနှင့် မည်သို့ ကိုက်ညီအံဝင်မှုရှိကြောင်း လေ့လာပါ။

အခန်းတစ်ခန်းစီအတွက် အဆင်သင့်ပြင်သည့်အနေဖြင့် အကြောင်းအရာနယ်ပယ်နှင့် အဓိက အယူအဆအကြောင်းကို ဖတ်ပါ။

သင်ယူမှု ရည်ရွယ်ချက်များကိုကြည့်ပြီး ဦးတည်ထားသည့် ဗဟုသုတသိရှိမှု၊ လေ့ကျင့်ရမည့် ကျွမ်းကျင်မှုနှင့် လက်တွေ့တွင် ပြန်လည်အသုံးချရန် စဉ်းစားချိန်ညှိမှုများအကြောင်းကို ဖတ်ပါ။ ထိုရည်ရွယ်ချက်များကို ဖတ်ပြီး မည်သည့်အပိုင်းက မိမိအတွက် သို့မဟုတ် မိမိ၏ သင်တန်းသားများ၏ အတတ်ပညာဖွံ့ဖြိုးမှုအတွက် အသုံးအဝင်ဆုံးဖြစ်မည်ကို ညွှန်ပြနိုင်သည်။

၎င်းတို့သည် ဤသင်တန်းစာအုပ်အတွက်နှင့် အနာဂတ်သင်တန်းတို့ အတွက် ရေတိုနှင့် ရေရှည်ပန်းတိုင်များ တည်ထောင်ရန် သင့်ကို ကူညီပါလိမ့်မည်။

ဤမော်ဂျူးအဆုံးပိုင်းတွင် အဖြေအပိုင်းတစ်ခု ပါဝင်ပါသည်။ ထိုအပိုင်းတွင် လေ့ကျင့်ခန်းများနှင့် လုပ်ငန်းစဉ်များအတွက် အဖြေများ၊ နမူနာအဖြေများ ပါဝင်သည်။ အချို့မေးခွန်းများမှာ မိမိကိုယ်ပိုင်အတွေ့အကြုံ ထင်မြင်ချက်ဖြင့် ဖြေရမည့်အရာများ ဖြစ်ပါသည်။ ၎င်းတို့အားလုံးအတွက် အဖြေပေးထားခြင်း မရှိပါ။

# အာဆီယံတတ်ကျွမ်းမှု သတ်မှတ်ချက်များ

အာဆီယံနိုင်ငံများတွင် အသုံးပြုနေသော စံနှုန်းများကို သဟဇာတဖြစ်အောင်၊ အပြန်အလှန် အထောက်အကူပြုမှုဖြစ်အောင်နှင့် သတ်မှတ်ချက်ထား တိုင်းတာနိုင်အောင် အရှေ့တောင်အာရှ ဆရာ/မများအတွက် အာဆီယံသင်ကြားရေး တတ်ကျွမ်းမှုမူဘောင်ကို ရေးသားပြုစုထားကြပါသည်။ သင်ကြားရေး တတ်ကျွမ်းမှု မူဘောင်ဆိုသည်မှာ အရည်အသွေးပြည့်ဝသော သင်ကြားမှုအဓိပ္ပာယ်ကို သဘောတူသတ်မှတ်ထားသော သတ်မှတ်ချက်အဖြစ် အများယူဆကြပါသည်။

> "စာသင်ခန်းတိုင်းတွင် အရည်အသွေးပြည့်ဝသော ဆရာ/မများ ထားရှိရေးဆိုသည်မှာ နိုင်ငံအရပ်ရပ်ရှိ ပညာရေးဝန်ကြီးဌာနများ ပြည့်မြောက်လိုသော ရည်ရွယ်ချက်တစ်ရပ်ဖြစ်ပါသည်။ သို့သော် ဆရာ/မများ မည်သည့်အရာများသိရှိရန်၊ လုပ်ဆောင်ရန် လိုအပ်ကြောင်း ပိုမိုထိရောက်သော ဆရာ/မများ ဖြစ်လာရန်အတွက် မည်သည့်အတိုင်းအတာအထိ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပိုမိုတိကျရှင်းလင်းစွာ သတ်မှတ်ထားရန်လည်း လိုအပ်ပါသည်။ အရည်အသွေးပြည့်ဝသော သင်ကြားမှုကို အာဆီယံသင်ကြားရေး တတ်ကျွမ်းမှု မူဘောင်ရှိခြင်းအားဖြင့် ဖွင့်ဆိုသတ်မှတ်နိုင်ပါသည်။"

http://www.seameo-innotech.org/wp-content/uploads/2014/01/PolRes_TeachingCompetencyStandardsInSEA.pdf မှ ထုတ်နုတ်တင်ပြသည်။

## ၁။ တတ်မြောက်မှု စစ်ဆေးခြင်းဆိုသည်မှာ အဘယ်နည်း

ASEAN H1 : စာမေးပွဲစစ်ဆေးခြင်း (testing)၊ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (assessment) နှင့် သုံးသပ်ချက် (evaluation) ဆိုင်ရာ အသိဗဟုသုတများ သိရှိတတ်မြောက်ခြင်း။

## ၂။ သင်ယူမှုစစ်ဆေးခြင်း၏ အခြေခံမူများ

ASEAN H1: စာမေးပွဲစစ်ဆေးခြင်း (testing)၊ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (assessment) နှင့် သုံးသပ်ချက် (evaluation) ဆိုင်ရာ အသိဗဟုသုတများ သိရှိတတ်မြောက်ခြင်း။

## ၃။ သင်ယူမှုစစ်ဆေးခြင်း လုပ်ငန်းစဉ် အမျိုးအစားများ

ASEAN H1: စာမေးပွဲစစ်ဆေးခြင်း (testing)၊ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (assessment) နှင့် သုံးသပ်ချက် (evaluation) ဆိုင်ရာ အသိဗဟုသုတများ သိရှိတတ်မြောက်ခြင်း။

ASEAN H2: သင်ကြားစဉ် အကဲဖြတ်ဆန်းစစ်ခြင်း နည်းလမ်းများ တည်ဆောက်ခြင်း။

ASEAN H3: သင့်လျော်သော သင်ယူမှုစစ်ဆေးခြင်း နည်းလမ်းများအသုံးပြုကာ ကျောင်းသူ/ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးခြင်း။

## ၄။ သင်ယူမှုစစ်ဆေးခြင်း လုပ်ငန်းစဉ်များ ဖန်တီးခြင်း

ASEAN B4: ကျောင်းသားများ၏ ပါဝင်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်း။

ASEAN H1: စာမေးပွဲစစ်ဆေးခြင်း (testing)၊ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (assessment) နှင့် သုံးသပ်ချက် (evaluation) ဆိုင်ရာ အသိဗဟုသုတများ သိရှိတတ်မြောက်ခြင်း။

ASEAN H2: သင်ကြားစဉ် အကဲဖြတ်ဆန်းစစ်ခြင်း နည်းလမ်းများ တည်ဆောက်ခြင်း။

ASEAN H3: သင့်လျော်သော သင်ယူမှုစစ်ဆေးခြင်း နည်းလမ်းများအသုံးပြုကာ ကျောင်းသူ/ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးခြင်း။

ASEAN H4: အကဲဖြတ်ဆန်းစစ်ခြင်းရလဒ်များကို အသုံးချခြင်း။

# မြန်မာဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်

မြန်မာ ဆရာ/ ဆရာမ များအတွက် သင်ကြားရေး တတ်ကျွမ်းမှု မူဘောင်ကို ပညာရေး အရည်အသွေး မြှင့်တင်ရေး လုပ်ငန်းစဉ်များနှင့် အညီ ရေးဆွဲလျက်ရှိသည်။ ပညာရေး စနစ်တစ်ခုကို အဆင့်မြှင့်တင်ရန် အသိပညာ၊ ကျွမ်းကျင်မှုနှင့် စံနှုန်းတန်ဖိုးများ ကျင့်သုံးပြီး ထိရောက်သော သင်ကြားရေး လုပ်ဆောင်နိုင်သည့်ဆရာများ လိုအပ်သည်ဟူသည့်အချက်ကို အသိအမှတ်ပြု၍ ရေးဆွဲနေခြင်းလည်း ဖြစ်သည်။

> "မြန်မာနိုင်ငံတွင် (လုပ်ငန်းခွင်အကြိုနှင့် စဉ်ဆက်မပြတ် သင်ယူမှုမ်းမံခြင်း ပါဝင်သော ဆရာအတတ်သင်ပညာရေးတစ်ရပ် ခိုင်မာစွာ လိုအပ်ပါသည်။ ၎င်းတွင် သဘောတရားရေးရာ အခြေခံများ ခိုင်မာစွာ ရှိထားသော ဆရာ အတတ်သင်ဘွဲ့ရများနှင့် အရည်အသွေးမြင့် ဆရာ/ ဆရာမများ မွေးထုတ်နိုင်စွမ်းရှိရမည်။ ၎င်းတို့တွင် ပညာရှင်ဆန်သော အသိပညာ၊ အတတ်ပညာများ ကျွမ်းကျင်ရရှိထားပြီး မြန်မာနိုင်ငံမှ ဆရာ/ ဆရာမများ၏ သင်ကြားရေးလုပ်ငန်းစဉ် အရပ်ရပ်တွင် လိုအပ်သော အခန်းကဏ္ဍနှင့် တာဝန်များကို ဆောင်ရွက်နိုင်စွမ်းရှိရန် ရည်မှန်းထားပါသည်။"
>
> မြန်မာဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF)၊ ပညာရေးဝန်ကြီးဌာန၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ။
>
> https://lib.mmteacherplatform.net/en/resource/teacher-competency-standards-framework-tcsf

**အောက်ပါတို့မှာ ဆရာတတ်ကျွမ်းမှု စံသတ်မှတ်ချက်အညွှန်းဘောင်တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းခွင်အကြို ဆရာ/ မများအတွက် တတ်ကျွမ်းမှုစံများနှင့် အနိမ့်ဆုံးအရည်အသွေး သတ်မှတ်ချက်များ ဖြစ်ကြပါသည်။**

## ၁။ သင်ယူမှု အကဲဖြတ်ခြင်း ဆိုသည်မှာ

တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။

- (က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်းပြသသည်။

## ၂။ သင်ယူမှု အကဲဖြတ်ခြင်းဆိုင်ရာ အခြေခံမူဘောင်များ

တတ်ကျွမ်းမှုစံသတ်မှတ်ချက် (က–၄) သင်ရိုးညွှန်းတမ်းအကြောင်းသိသည်။

- (က) (၄.၁) အခြေခံပညာသင်ရိုးညွှန်းတမ်းတွင် ဖော်ပြထားသည့် သင်ရိုးဖွဲ့စည်းပုံ၊ အကြောင်းအရာနှင့် မျှော်မှန်းထားသော သင်ယူမှုရလဒ်များကို နားလည်သဘောပေါက်ကြောင်း ပြသသည်။

## ၃။ သင်ယူမှု အကဲဖြတ်ခြင်း နည်းလမ်းများ

တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၂) ကျောင်းသားများ၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း

- (ခ) (၁.၂) သင်ကြား၊ သင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြု သင်ကြားနိုင်စွမ်း ရှိကြောင်းပြသည်။

## ၄။ သင်ယူမှု အကဲဖြတ်ချက်များ ဖန်တီးခြင်း

တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၂) ကျောင်းသားများ၏သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း

- (ခ) (၁.၂) သင်ကြား၊ သင်ယူမှုတွင် ပညာရေးဆိုင်ရာ နည်းပညာများနှင့် နည်းဗျူဟာအမျိုးမျိုးကို အသုံးပြုသင်ကြား နိုင်စွမ်း ရှိကြောင်းပြသည်။

## ၅။ သင်ယူမှု အကဲဖြတ်ခြင်း စနစ်များ

တတ်ကျွမ်းမှုစံသတ်မှတ်ချက် (ခ–၂) ကျောင်းသားများ၏ သင်ယူမှုကို စစ်ဆေးအကဲဖြတ်ခြင်း၊ လေ့လာကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်း

- (ခ) (၂.၂) စစ်ဆေးအကဲဖြတ်မှုမှတ်တမ်း (အသေးစိတ်) ထားရှိပြီး ထိုစစ်ဆေးအကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ ကို ကျောင်းသားများ သင်ယူမှုတိုးတက်ရေးအတွက် လမ်းညွှန်သဖွယ် အသုံးပြုနိုင်သော စွမ်းရည်ရှိကြောင်းပြသည်။





# ၁ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ဆိုသည်မှာ အဘယ်နည်း

### ရည်ရွယ်ချက်များ

- ဆရာအတတ်သင် ဆရာ/ဆရာမများ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို အနက်အဓိပ္ပာယ် ဖွင့်တတ်စေရန်။
- ဆရာအတတ်သင် ဆရာ/ဆရာမများ သင်ကြားစဉ် အကဲဖြတ်ဆန်းစစ်ခြင်းနှင့် (သင်ကြားသင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း) နှင့် သင်ကြားပြီး အကဲဖြတ်ဆန်းစစ်ခြင်း (သင်ကြားသင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း) တို့ကို ခွဲခြားတတ်စေရန်။
- ဆရာအတတ်သင် ဆရာ/ဆရာမများ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ရည်ရွယ်ချက်နှင့် အမျိုးအစားများကို လေ့လာဖော်ထုတ်တတ်စေရန်။


# ၁.၁ အဘယ်ကြောင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်သနည်း

## အကြိုသင်ခန်းစာ

**က** သင်ကြားမှုစက်ဝန်းအကြောင်းကို ဆွေးနွေးပါ။

၁။ ဤစာအုပ်တွင် သင်ကြားမှုစက်ဝန်းမှ မည်သည့် အဆင့်အကြောင်းကို ရေးသားဖော်ပြထားသနည်း။

၂။ ထိုအဆင့်သည် သင်ကြားမှုစက်ဝန်းမှ အခြားအဆင့်များနှင့် မည်သို့ ဆက်စပ်မှု ရှိပါသနည်း။





## လေ့ကျင့်ခန်း

**၁** အောက်ပါမေးခွန်းများကို တွဲဖက်တစ်ဦးနှင့်အတူ ဖြေပါ။

၁။ စာမေးပွဲ စစ်ဆေးခြင်းနှင့် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းတို့မှာ ‘မည်သို့ ကွဲပြားကြသနည်း။’

၂။ အောက်ဖော်ပြပါ သရုပ်ဖော်ပုံများမှ မည်သည့် သရုပ်ဖော်ပုံသည် စာမေးပွဲ စစ်ဆေးခြင်းနှင့် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းတို့၏ ဆက်စပ်မှုကို အမှန်ကန်ဆုံး သရုပ်ဖော်နိုင်သနည်း။



## လုပ်ငန်းစဉ်

**ဂ** အောက်ပါဇယားကွက်တွင် အဖွဲ့လိုက်ဖြည့်ပါ။

၁။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သိလိုသော မေးခွန်းများကို ဇယားကွက်ထဲတွင် ရေးချပါ။

၂။ ၎င်းမေးခွန်း၏ အဖြေများကို ရေးချပါ။

၃။ အဖွဲ့လိုက်ရထားသည့် အဖြေများကို နှိုင်းယှဉ်ကြရမည်။

| **မေးခွန်းများ** | **အဖြေများ** |
|---|---|
| ဘယ်အရာ – မည်သည့်အရာများကို အကဲဖြတ်စစ်ဆေးခြင်း ပြုလုပ်သနည်း။ | - *ကျောင်းသားများ မည်မျှ စွမ်းဆောင်ရည်ရှိကြောင်း။*<br>- *သင်ရိုးတစ်ခုအတွင်း မည်မျှ တတ်မြောက်ပြီးကြောင်း။* |
| က။ ပါဝင်ပတ်သက်သူ | |
| ခ။ အချိန် | |
| ဂ။ အကြောင်းပြချက် | - *ကျောင်းသား/ကျောင်းသူများ မည်မျှသင်ယူ တတ်မြောက်ပြီးကြောင်း ဖော်ထုတ်ရန်။* |
| ဃ။ နည်းလမ်း | |

## လုပ်ငန်းစဉ်

**ဃ** မိမိအနေဖြင့် မည်သည့်အခါများတွင် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်သနည်း။ မိမိနှင့်ဆိုင်သော အခြေအနေများကို အမှတ်ခြစ်ပါ။

၁။ ______ သင်ကြားနေသော **သင်ခန်းစာ အကြောင်းအရာများ**ကို သင်ယူသူများ နားလည်/မလည်သိရန်။

၂။ ______ သင်ယူသူများအား ၎င်းတို့၏ အဆင့်နှင့် သင့်တော်သော အတန်းများတွင် နေရာချထားရန်။

၃။ ______ မည်သည့် ခေါင်းစဉ်များကို သင်ရမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာစကားနှင့် သင်ရမည်ဖြစ်ကြောင်း၊ မည်မျှလွယ်သော ခက်သောအဆင့်တွင် သင်သင့်ကြောင်း ရှာဖွေဖော်ထုတ်ရန်။

၄။ ______ သင်တန်း၏ ထိရောက်မှုကိုသိရန်။

၅။ ______ မကြာမီစမည့် မိမိ၏သင်တန်းတွင် တက်ရောက်ရန်အတွက် သင်တန်းသားရွေးရန်။

၆။ ______ သင်ယူသူများ၏ IELTS စာမေးပွဲရမှတ်အား ခန့်မှန်းနိုင်ရန်။

၇။ ______ သင်ယူသူများ တက္ကသိုလ်ဝင်ခွင့် အောင်နိုင်ခြေရှိ/မရှိ စစ်ဆေးရန်။

၈။ ______ သင်ယူသူများ၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုဆိုင်ရာ အားနည်းချက်များအား သတ်မှတ်ဖော်ထုတ်ရန်။


၉။ ______ အခန်း ၄ ကို မသင်မီ ကျောင်းသားများ အခန်း ၃ ကို အပြည့်အဝ နားလည်မှုရှိ/မရှိ ဖော်ထုတ်ရန်။

၁၀။ ______ သင်ယူသူများ၏ စွမ်းဆောင်ရည်အဆင့်များကို ခွဲခြားသတ်မှတ်နိုင်ရန် စွမ်းဆောင်ရည်အမြင့်၊ စွမ်းဆောင်ရည် အလယ်အလတ်နှင့် စွမ်းဆောင်ရည်နိမ့်ဟူ၍ **အဆင့်သတ်မှတ်**နိုင်ရန်။

၁၁။ ______ ပိုအဆင့်မြင့်သော သင်ရိုးတစ်ခုကို ကျောင်းသားများသင်ယူရန် အဆင်သင့်ဖြစ်/မဖြစ် လေ့လာဆန်းစစ်ရန်။

၁၂။ ______ သင်ယူသူများထဲမှ ပညာသင်ဆုရနိုင်မည့်သူများကို ရွေးချယ်ရန်။

၁၃။ ______ သင်ယူသူများ၏ **စွမ်းဆောင်ရည်**တိုးတက်ရန်အတွက် မိမိ၏ စာသင်ကြားမှုပုံစံများ မည်သို့ပြောင်းရမည်ကို ဖော်ထုတ်သိရှိနိုင်ရန်။



# သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း နှင့် သင်ကြားခြင်းစက်ဝန်း

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို သင်ကြားခြင်းစက်ဝန်း တစ်လျှောက်လုံးတွင်သုံးသည်။ သင်တန်းသစ်တစ်တန်း စတင်တက်ရောက်ချိန်တွင် ကျောင်းသား/ ကျောင်းသူများ၏ သင်ယူမှုအဆင့်ကို သတ်မှတ်ဖော်ထုတ်ရန် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို သင်ကြားခြင်းမတိုင်ခင် **လိုအပ်ချက်များ ဖော်ထုတ်ခြင်းအဆင့်တွင်သုံး**သည်။ သင်ယူသူများ၏ သိရှိနားလည်ပြီးထားသောအရာများ၊ ၎င်းတို့ရရှိ ကျွမ်းကျင်ထားပြီးသောအရာများ၊ ၎င်းတို့သိဖို့ လိုသည့်အရာများနှင့် စိတ်ဝင်စားသည့်အရာများ၊ ၎င်းတို့ ဤသင်တန်းမှ လိုလားမျှော်လင့်သောအရာများကို ရှာဖွေ ဖော်ထုတ်သိရှိရန်ဖြစ်သည်။

၎င်းအချက်အလက်များသည် ဆရာ/ ဆရာမများ သင်တန်း အစီအစဉ်ရေးဆွဲခြင်းနှင့် နေ့စဉ်သင်ခန်းစာ ပြင်ဆင်ခြင်း တို့အတွက် အထောက်အကူပြုသည်။

ဆရာ/ ဆရာမများအနေဖြင့် သင်ကြားခြင်း ပြုလုပ်နေသည့် တစ်လျှောက် မိမိ၏ သင်ယူသူများ မည်မျှ သင်ယူ တတ်မြောက်ပြီးသည်ကိုသိရန် ကြိုးစားရမည်ဖြစ်သည်။ ထိုသို့ ကြိုးစားလေ့လာခြင်းသည် သင်ကြားခြင်းအဆင့် မတိုင်မီနှင့် သင်ကြားနေချိန်တွင် ပေါ်ပေါက်ရမည်ဖြစ်သည်။ ကျောင်းသားများ မည်သည်တို့ကို အောင်မြင်စွာ လေ့လာ သင်ယူတတ်မြောက်ပြီးပြီ ဖြစ်ကြောင်းနှင့် ထိုတတ်မြောက်မှု များသည် **သင်ယူမှု ရည်ရွယ်ချက်များ**နှင့် ကိုက်ညီမှုရှိ/ မရှိကို လေ့လာရမည်ဖြစ်သည်။ အစီအစဉ်ကြိုတင်ရေးဆွဲခြင်း၊ အစီအစဉ်အတိုင်း သင်ကြားခြင်းနှင့် အစီအစဉ်အတိုင်း တတ်မြောက်မှုရှိ/ မရှိ လေ့လာအကဲဖြတ်ခြင်းတို့သည် ဆီလျော်အံဝင်မှုရှိရမည်။ တစ်ခုနှင့်တစ်ခု ဆန့်ကျင်နေခြင်း မရှိစေရပါ။

Assessment နှင့် **Evaluation** ကို လူတို့ ရောထွေးမှတ်သား တတ်ကြပြီး အဓိပ္ပာယ်တူသယောင်လည်း ဖလှယ်သုံးစွဲ ပြောဆိုတတ်ကြသည်။ ခေတ်သစ်ဆရာ စာအုပ်တွဲတွင် assessment ဟု ဆိုပါက 'သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း' ဟု ဘာသာပြန်ပြီး ကျောင်းသူ ကျောင်းသားများ၏ သင်ယူမှု ကို စစ်ဆေးခြင်းဟူသည့် အဓိပ္ပာယ်နှင့် သုံးထားသည်။ evaluation ဆိုပါက 'သင်ကြားမှု ပြန်လည်သုံးသပ် ဆန်းစစ်ခြင်း' ဟု ဘာသာပြန်ဆိုကာ ဆရာ ဆရာမများ၏ သင်ကြားမှုနှင့် သင်ကြားရန် အစီအစဉ် ပြင်ဆင်မှု အရည်အသွေးကို ပြန်လည်သုံးသပ်ခြင်းဟူသည့် အဓိပ္ပာယ် နှင့် သုံးစွဲထားပါသည်။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းရော သင်ကြားမှု ပြန်လည်သုံးသပ်ခြင်းကပါ ဆရာ ဆရာမများ နောင်အခါ သင်ကြားမှု ပိုမိုကောင်းမွန်စေရန် သိသင့်သည့် အချက်အလက်များ ပေးနိုင်သော ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

ဤသင်ရိုးစာအုပ်တွဲ (မော်ဂျူး ၄) က သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းကို ပြသပြီး မော်ဂျူး ၅ တွင် သင်ကြားမှု ပြန်လည်သုံးသပ်ခြင်းကို လေ့လာနိုင်မည်ဖြစ်ပါသည်။

## လေ့ကျင့်ခန်း

ဂ အောက်ဖော်ပြချက်များကို မှား/မှန် ခွဲခြားပါ။ မှားသည်ဆိုပါက အဖြေမှန်ကို ရေးချပါ။

၁။ သင်ယူသူများ မည်မျှ သင်ယူတတ်မြောက်ပြီးပြီကို သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ခြင်းအားဖြင့် သိနိုင်သည်။

၂။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၊ သင်ကြားခြင်းနှင့် သင်ခန်းစာ ပြင်ဆင်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှု မရှိကြပါ။


၃။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းအဆင့်သည် အခြားသင်ကြားရေး စက်ဝန်းအဆင့်များကို အထောက်အပံ့ပြုနိုင်သည်။

## ဆွေးနွေးချက်

ဃ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ ဆရာ/ဆရာမ တစ်ယောက်အနေဖြင့် မိမိ၏ သင်ယူသူများ မိမိသင်ကြားပြီးသော သင်ခန်းစာမှ မည်မျှ သင်ယူတတ်မြောက်ပြီးပြီကို စစ်ဆေးဖူးပါသလား။ စစ်ဆေးရာတွင် မည်သို့ မည်ပုံ စစ်ဆေးခဲ့ပါသနည်း။ ထိုစစ်ဆေးမှုမှ မည်သည်တို့ကို သင်ခန်းစာရရှိခဲ့သနည်း။ စစ်ဆေးရသည်မှာ အဆင်ပြေခဲ့ပါသလား။ မိမိ၏ သင်ကြားရေးအလုပ်ကို ထိုစစ်ဆေးချက်က အထောက်အကူပြုခဲ့ပါသလား။


၂။ မိမိငယ်စဉ် ကျောင်းတက်စဉ်က သင်ကြားပြီးသော သင်ခန်းစာများမှ မိမိမည်မျှ သင်ယူတတ်မြောက်ပြီးပြီကို စစ်ဆေးချင်သောအခါ ဆရာ/ဆရာမက မည်သို့ စစ်ဆေးခဲ့ပါသနည်း။ ဆရာက ဘာလုပ်ခဲ့သနည်း။ မိမိက ဘာလုပ်ခဲ့ပါသနည်း။



# ၁.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များ

## အကြိုသင်ခန်းစာ

**က** အောက်ပါ သင်ယူမှုအကဲဖြတ်ဆန်းစစ်ခြင်း အမျိုးအစားများ၏ လုပ်ဆောင်ချက်များမှာ မည်သည်တို့ဖြစ်ကြောင်း မှန်းဆပါ။ ထို့နောက် အောက်ဖော်ပြပါ စာပိုဒ်များကို ဖတ်ပါ။ မိမိတွေးထားသော အဖြေနှင့် ကိုက်ညီမှုရှိပါသလား။




## သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အသုံးပြုနည်းများ

**ဝင်ခွင့် စစ်ဆေးခြင်း** (ENTRANCE) ကို သင်တန်းတစ်ခုမစခင် သင်ယူသူများကို ရွေးချယ်ရာ၌သုံးသည်။ ဝင်ခွင့်စာမေးပွဲကို သင်တန်းတစ်ခု၏ အစ၌ ပြုလုပ်လေ့ရှိပြီး သင်ယူသူများ၏ လိုအပ်ချက်ကို သတ်မှတ်ဖော်ထုတ်ခြင်း အဆင့်လည်းဖြစ်သည်။

သင်ယူသူများအား ၎င်းတို့၏ သင်ယူမှုအဆင့်နှင့် သင့်တော်သော အတန်းများတွင် နေရာချထားရန် စစ်ဆေးရာ၌ **နေရာသတ်မှတ်ချက် စစ်ဆေးခြင်း** (PLACEMENT) ကို သုံးပြီး သင်ယူသူများ၏ လိုအပ်ချက်ကို သတ်မှတ်ဖော်ထုတ်ခြင်း အဆင့်လည်းဖြစ်သည်။

သင်ယူသူများ၏ စာသင်ခန်းအတွင်း အားနည်းချက် အားသာချက်များကို ရှာဖွေဖော်ထုတ်ရာ၌လည်းကောင်း သင်ခန်းစာအကြောင်းအရာများကို ဆုံးဖြတ်ရာ၌လည်းကောင်း **အားနည်းချက် စစ်ဆေးခြင်း** (DIAGNOSTIC) ကို သုံးသည်။

မိမိ၏ သင်ယူသူများ မိမိသင်ကြားပြီးသော သင်ခန်းစာမှ မည်မျှ သင်ယူတတ်မြောက်ပြီးပြီကို စစ်ဆေးရာ၌ **တိုးတက်မှု စစ်ဆေးခြင်း** (PROGRESS TEST) ကို သုံးသည်။ ပုံမှန်ညဏ်စမ်းအစီအစဉ်များ၊ ရက်အလိုက်/ အပတ်စဉ်အလိုက် ပုံမှန်အိမ်စာ လုပ်ငန်းစဉ်များပေးခြင်းတို့ရှိနိုင်သည်။

**အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း** (Achievement Test) က သင်ရိုးတစ်ခုအတွင်း (စာသင်နှစ်ဝက်အတွင်း၊ သင်ရိုးကာလအတွင်း၊ စာသင်နှစ်အတွင်း) သင်ကြားထားသည်များကို ကျောင်းသူ ကျောင်းသားများ မည်မျှ တတ်မြောက်ရရှိကြောင်း စစ်ဆေးသည်။ အတန်းတင် ရမှတ်၊ စာသင်နှစ်ဝက် ရမှတ်များအတွက် စစ်ဆေးသော စစ်ဆေးချက်လည်း ဖြစ်နိုင်သလို ကျောင်းသူ ကျောင်းသားများကို အောင်ရှုံး ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ရန်အတွက် စစ်ဆေးချက်လည်း ဖြစ်နိုင်ပါသည်။

ရံဖန်ရံခါတွင် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို ရည်ရွယ်ချက်အမျိုးမျိုးအတွက် အသုံးပြုခြင်းလည်း ရှိနိုင်သည်။ ဥပမာ – ဆရာတစ်ဦးသည် နေရာသတ်မှတ်ချက် စစ်ဆေးခြင်း (Placement Test) တစ်ခုမှ ရလဒ်များကိုကြည့်ပြီး ကျောင်းသားများ အတွက် မည်သည့်အရာများ ထပ်ဖြည့်ပေးရန်လိုသေးကြောင်း ဆုံးဖြတ်ခြင်း (အားနည်းချက်စစ်ဆေးခြင်း) လည်း လုပ်နိုင်သလို၊ နောက်ထပ်အဆင့်မြင့် သင်ရိုးတစ်ခုကို ဝင်ခွင့်ရနိုင် မရနိုင်လည်း (ဝင်ခွင့်စစ်ဆေးခြင်း) ဆုံးဖြတ်နိုင်သည်။

## လေ့ကျင့်ခန်း

**၁** အောက်ပါမေးခွန်း တစ်ခုစီအတွက် သက်ဆိုင်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း နည်းလမ်းအသီးသီးကို ဖြေပါ။

၁။ ယခုတစ်ပတ်သင်ခန်းစာမှ သင်ယူသူများ မည်မျှ သင်ယူတတ်မြောက်ပြီးသနည်း။

၂။ ဤသင်ခန်းစာအတွက် လိုအပ်သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများသည် မည်သည့် ကျောင်းသားများတွင် ရှိပါသနည်း။

၃။ မည်သည့် ကျောင်းသား ကျောင်းသူတို့က အဆင့်မြင့် သင်ရိုးကို ဝင်ရောက်သင်ယူနိုင်ပြီး၊ မည်သူတို့က အခြေခံသင်ရိုးကို ပြီးအောင် သင်သင့်သနည်း။

၄။ ကျောင်းသားများသည် သင်ရိုးပါ အကြောင်းအရာများကို သိရှိတတ်မြောက်သွားကြောင်း သရုပ်ပြနိုင်ခဲ့ပါသလား။

၅။ ဤသင်ရိုးတွင် ကျောင်းသား ကျောင်းသူများသည် မည်သည့် ပြဿနာများ ရှိနိုင်မည်နည်း။

၆။ သင်ယူသူများ သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်၍ မည်မျှ သိထားသနည်း။

၇။ ပြီးခဲ့သည့် သင်ခန်းစာအခန်းမှ အဓိကအသိနှင့် အတတ်များကို ကျောင်းသား ကျောင်းသူများ တိုးတက်ရရှိထားခြင်း ရှိပါသလား။

၈။ သင်ရိုးကို မည်သည့် ကျောင်းသား ကျောင်းသူများ ဝင်ရောက်သင်ယူခွင့် ရရှိသင့်သနည်း။

၉။ ဤစာသင်နှစ်တွင် အထူးချွန်ဆုံး ကျောင်းသား ကျောင်းသူဆုကို မည်သူရရှိသင့်သနည်း။

၁၀။ စာသင်ခန်း က၊ ခ နှင့် ဂ တို့တွင် မည်သည့် ကျောင်းသား ကျောင်းသူများအသီးသီး ဝင်ရောက်သင့်သနည်း။



## လေ့ကျင့်ခန်း

**ဂ** သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း နည်းလမ်းများနှင့် သက်ဆိုင်ရာ ဥပမာများကို တွဲစပ်ပါ။ နမူနာဖြစ်ရပ်များ (က မှ င အထိ)၊ သရုပ်ဖော် ရုပ်ပုံများဖြစ်ကြသည့် အကဲဖြတ်ဆန်းစစ်ခြင်း နည်းလမ်းအမျိုးမျိုး (၁ မှ ၅ အထိ) ပေးထားပြီး ၎င်းတို့ အားလုံးကို မှန်ကန်အောင် တွဲစပ်ပေးရမည်ဖြစ်သည်။ အချို့သော နမူနာများမှာ ဆန်းစစ်ခြင်း အမျိုးအစား တစ်ခုထက်ပိုပြီး တွဲစပ်လျှင်လည်း မှန်ကန်နိုင်ပါသည်။

(က) သင်ယူသူများသည် ပညာသင်နှစ်အတွက် **နောက်ဆုံးရမှတ်**၏ ၅၀ ရာခိုင်နှုန်းဖြစ်သော စာမေးပွဲတစ်ခုကို နှစ်အကုန်တွင် ဖြေဆိုကြသည်။

(ခ) သိပ္ပံနှင့် နည်းပညာ အထူးပြုသင်ကြားသော ကိုယ်ပိုင်ကျောင်းဝင်ခွင့်ရရန် ကျောင်းသူ ကျောင်းသားများ စာမေးပွဲဖြေကြရသည်။ အမှတ်အများဆုံး ဆယ်ဦးကို ကိုးတန်းသို့ ဝင်ခွင့်ပေးမည်ဖြစ်သည်။

(ဂ) ဘောလုံးအသင်းသို့ ဝင်လိုသူများမှာ မိမိတို့ ကျွမ်းကျင်မှုများကို သရုပ်ပြရမည်။ အကောင်းဆုံး ကစားသမားများမှာ အသင်း A တွင် ပါဝင်ကစားခွင့်ရပြီး ကျန်ကစားသမားများမှာ B နှင့် C အသင်းတို့တွင် အသီးသီးပါဝင်ကစားရမည်ဖြစ်သည်။

(ဃ) မျက်မမြင်ကလေးများ ကျောင်းတစ်ကျောင်းတွင် အသစ်ရောက်လာသော ကလေးများအား မျက်မမြင် လက်စမ်းစာ (ဘရေး) မည်မျှ ကောင်းကောင်း ဖတ်တတ်သည်ကို စစ်ဆေးခြင်းခံရသည်။ ကျွမ်းကျင်စွာ မဖတ်တတ်သော ကလေးများသည် အချိန်ပို သင်ခန်းစာများယူရသည်။

(င) ကားစက်ပြင်သင်တန်း တစ်လအပြီးတွင်၊ ကျောင်းသား ကျောင်းသူများ ပြင်ရမည့် စက်တစ်ခုရသည်။ ထိုစက်ကို မည်မျှ သွက်လက်စွာ မှန်ကန်ကောင်းမွန်စွာ ပြင်နိုင်သည့်အပေါ်မူတည်ပြီး **အမှတ်ရ**သည်။ နောက်လဆိုလျှင် ဂီယာဘောက်များ ပြုပြင်ခြင်း သင်ခန်းစာ ဆက်သင်ရမည်ဖြစ်သည်။

၁။ ဝင်ခွင့်စစ်ဆေးခြင်း
၂။ နေရာသတ်မှတ်ချက်စစ်ဆေးခြင်း
၃။ အားနည်းချက်စစ်ဆေးခြင်း
၄။ တိုးတက်မှုစစ်ဆေးခြင်း
၅။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း




## လုပ်ငန်းစဉ်

**ဃ** ဖြစ်စဉ်နှစ်ရပ်ကို ရွေးပါ။

၁။ မိမိရွေးလိုက်သည့် ဖြစ်စဉ်အတွက် မည်သည့် သင်ယူမှုအကဲဖြတ်ချက်တစ်ရပ် ဖန်တီးနိုင်မည်နည်း။

၂။ မိမိတို့ စဉ်းစားထားသည်များကို အဖွဲ့လိုက် နှိုင်းယှဉ်ပါ။

(က) အလယ်တန်းကျောင်းတစ်ကျောင်းတွင် ကယားစာပေသင်ကြားရန်အတွက် နေရာသတ်မှတ်ချက် စစ်ဆေးမှု တစ်ခု စီစဉ်ခြင်းဖြစ်သည်။ တချို့ကျောင်းသားများမှာ ကယားစကားကို စကားပြောသာ တတ်မြောက်ကြပြီး၊ တချို့မှာ အနည်းငယ် ဖတ်တတ်ကြသည်။ အတော်များများမှာ ပြောလည်းမပြောတတ်၊ ရေးလည်းမရေးတတ်။

(ခ) ရေကူးအားကစားအဖွဲ့တစ်ခုကို အားနည်းချက် စစ်ဆေးမှုတစ်ခု လုပ်ပေးရမည်။ ပြိုင်ပွဲဝင်ခြင်း နည်းလမ်းများကို မည်သို့ မြှင့်တင်သင့်ကြောင်း နည်းပြများက လေ့လာလိုသောကြောင့် စစ်ဆေးခြင်းဖြစ်သည်။

(ဂ) တတိယတန်း စာဖတ်ကျွမ်းကျင်မှုအတွက် တိုးတက်မှု စစ်ဆေးခြင်းတစ်ခု လုပ်ပေးရမည်။ ကျောင်းသား/ ကျောင်းသူများ စာဖတ်ကျွမ်းကျင်မှု မည်မျှ ကောင်းမွန်စွာရှိနေကြောင်း ဖော်ထုတ်လိုခြင်းဖြစ်သည်။




(ဃ) တက္ကသိုလ်တစ်ခုရှိ သိပ္ပံမဟာတန်းတစ်တန်းအတွက် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းတစ်ခု လုပ်ပေးရမည်။ ပြီးခဲ့သည့် ၂ နှစ်အတွင်း လေ့လာသင်ယူခဲ့သော အသိပညာ အတတ်ပညာများကို သရုပ်ပြဖော်ထုတ်ရမည့် ဆန်းစစ်မှုဖြစ်ရမည်။ ရလဒ်ပေါ်မူတည်ပြီး အောင်၊ ရှုံး၊ **ဂုဏ်ထူး**ဟူ၍ အဆင့်ခွဲပေးရမည်ဖြစ်သည်။

ဥပမာ – အပြိုင်အဆိုင် အလွန်များသော ကောလိပ်အကြိုသင်တန်းတစ်ခုအတွက် ဝင်ခွင့်စာမေးပွဲဖြစ်သည်။ အထက်တန်းပြီးထားသော ကျောင်းသူ ကျောင်းသားများကို ရွေးချယ်ရမည်။ ရွေးချယ်ခံကျောင်းသူ ကျောင်းသားများသည် နိုင်ငံတကာအဆင့် ထိပ်တန်းတက္ကသိုလ်တစ်ခုကိုမတက်မီ **အချိန်ပြည့်** သိပ္ပံ၊ ဝိဇ္ဇာ သင်တန်းတစ်ခုကို အကြိုတက်ရောက်ရမည်။

*သင်ရိုးတွင် သင်ကြားမည့် ဘာသာရပ်အားလုံးအတွက် အသေးစိတ် စာမေးပွဲတစ်ခုဖြစ်ရမည်။ သင်ရိုးအစတွင် သင်ကြားမည့် အဆင့်နှင့် တိုင်းပြီး စာမေးပွဲကို ပြင်ဆင်သင့်သည်။*

## ဆွေးနွေးချက်

**င** အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

၁။ အထက်ပါ အကဲဖြတ်ဆန်းစစ်ခြင်း အမျိုးအစား ငါးခု အနက် တစ်ခုခုကို အသုံးပြုဖူးပါသလား။ သုံးဖူးပါက ထိုဆန်းစစ်အကဲဖြတ်ချက်ပုံစံအကြောင်း ပြောပြပါ။ အကဲဖြတ်ချက်မှ ရလာသည့် အချက်အလက်များကို မည်သို့ အသုံးပြုခဲ့သနည်း။

၂။ ကျောင်းသား/ကျောင်းသူတစ်ဦးအနေနှင့် အထက်ပါ သင်ယူမှု ဆန်းစစ်အကဲဖြတ်ချက်များကို ဖြေဖူးပါသလား။ ဖြေဖူးပါက ထိုဆန်းစစ်အကဲဖြတ်ချက်ပုံစံအကြောင်း ပြောပြပါ။ အကဲဖြတ်ချက်မှ ရလာသည့် အချက်အလက်များကို မည်သို့ အသုံးပြုခဲ့သနည်း။



**ဥပမာများ**

> ကျွန်မ ဆရာအတတ်သင် သင်တန်းလျှောက်တုန်းကဆိုရင် ဝင်ခွင့်စာမေးပွဲက အင်္ဂလိပ်သဒ္ဒါကို အဖြေမှန်ရွေးရတဲ့ စစ်ဆေးချက်ပါ။ ကျွန်မနဲ့ သင်ကြားရေးနဲ့ ဘယ်လောက်ကိုက်ညီတယ် ဆိုတာကို စစ်ဆေးတဲ့နေရာမှာ ဘာမှအသုံးမဝင်ဘူး။

> မူကြိုကလေးများအတွက် တိုးတက်မှုဆန်းစစ်ချက်တစ်ခုမှာ တွေ့ရသော စာရင်းဖြစ်ပါတယ်။ သိလိုစိတ်ရှိသလား၊ အခြားသူတွေကို ကူညီတတ်သလားစတဲ့ အကြောင်းအရာတွေပါတဲ့ စာရင်းလေးပါ။ ကျွန်မတော့ အဲဒါကြိုက်တယ်။ ကျောင်းသားမိဘနဲ့ ကျောင်းအတွက် ကလေးရဲ့ ပညာရေးအတွေ့အကြုံ ဘယ်လိုရှိတယ်ဆိုတာကို ပိုပြီးတော့ သဘောပေါက်လာတာပေါ့။

## ၁.၃ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ဝိသေသများ

### အကြိုသင်ခန်းစာ

**က** မိမိဖြေဆိုဖူးသော အရေးအကြီးဆုံး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းက အဘယ်နည်း။

**အကျိုးဆိုင်မှုမြင့်သော အကဲဖြတ်ဆန်းစစ်ခြင်းနှင့်** (သို့) **အကျိုးဆိုင်မှုနိမ့်သော အကဲဖြတ်ဆန်းစစ်ခြင်း**

အကျိုးဆိုင်မှုမြင့်သော ဆိုသည်မှာ "အရေးကြီးသော စစ်ဆေးမှု" ဟု ဆိုလိုပါသည်။ သင်ယူသူများနှင့် ပတ်သက်၍ အရေးကြီးသော ဆုံးဖြတ်ချက်များချရာ၌ အကျိုးဆိုင်မှု မြင့်သော သင်ယူမှုအကဲဖြတ် ဆန်းစစ်ခြင်းကိုသုံးပြီး ၎င်းရလဒ်သည် သင်ယူသူများအပေါ်တွင် ကြီးမားစွာ သက်ရောက်မှုရှိနိုင်သည်။ တက္ကသိုလ်ဝင်စာမေးပွဲအား ဥပမာအနေဖြင့် ကြည့်နိုင်သည်။ ကျောင်းသား/ကျောင်းသူ တစ်ဦးသည် ထိုစာမေးပွဲကို အောင်ခြင်း ရှုံးခြင်းအပေါ် မူတည်ပြီး ဘဝသည် အလွန်ကွာခြားသွားနိုင်သည်။ **အကျိုးဆိုင်မှုမြင့်သော ဆန်းစစ်ချက်များ**မှာ များသောအားဖြင့် **ပုံစံတကျလုပ်ရသော** ဆန်းစစ်ချက်များဖြစ်ပြီး ရလဒ်အနေနှင့် အမှတ်၊ အောဘီစီစသည့် အဆင့်သတ်မှတ်ချက်၊ ရာခိုင်နှုန်းဖြင့် ပြသော ရမှတ်စသည်တို့ ရရှိပြီး နောက်ဆုံးရမှတ်တစ်ခုတွင် ထည့်သွင်းရေတွက်ရမည့် ရလဒ်များ ထွက်လေ့ရှိသည်။

အကျိုးဆိုင်မှုမြင့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ဥပမာတချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ IGCSE, GED, IELTS, TOEFL စသည်တို့ကဲ့သို့သော နိုင်ငံတကာ ကျောင်းဝင်ခွင့်ဆက်စပ် စာမေးပွဲများ။

၂။ အလုပ်သမားဦးရေ စုစုပေါင်းအနက် စွမ်းဆောင်ရည် အကောင်းဆုံးသော ၇၅% ကိုသာ အလုပ်ဆက် ခန့်ထားရန် ရည်ရွယ်ပြီး စစ်ဆေးသော **စွမ်းဆောင်ရည် ဆန်းစစ်ချက်**။

၃။ စာသင်ကျောင်းများ၊ တက္ကသိုလ်များမှ နောက်ဆုံး ရမှတ်ကို အဆုံးအဖြတ်ပေးမည့် အတန်းတင် စာမေးပွဲများ။

၄။ အမှတ် ၁၀၀ ဖိုးပေးသော အွန်လိုင်းမှာ ဟောပြော တင်ဆက်ချက်တစ်ခု တင်ဆက်ရခြင်း။ ဤစစ်ဆေးချက် အမှတ်သည် နောက်ဆုံး အတန်းတင် အမှတ်၏ ၄၀% အဖြစ် ရေတွက်မည်။

အကျိုးဆိုင်မှုနိမ့်သော သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းက အရေးပါမှု နည်းသွားနိုင်သည်။ ကျောင်းတွင်း၊ စာသင်ခန်းတွင်း စစ်ဆေးခြင်းမျိုး၊ အလွတ်သဘော စစ်ဆေးခြင်းမျိုးသာ ဖြစ်ပါသည်။ **အကျိုးဆိုင်မှုနိမ့်သော သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း**မှ ရလဒ်သည် သင်ယူသူများအား စာသင်ခန်း အတွင်း ပိုမိုကြိုးစားလုပ်ဆောင်ရန်နှင့် အာရုံစိုက်ပုံနှင့် ကြိုးစား အားထုတ်ပုံ ပြောင်းလဲအောင် အားပေးနိုင်သော်လည်း ၎င်းတို့ အပေါ်တွင် ကြီးမားစွာ သက်ရောက်ခြင်းမရှိချေ။ အကျိုးဆိုင်မှု နိမ့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတွင် ကျောင်းသား အပေါ် ထိခိုက်သက်ရောက်မှု မကြီးမားသည့် ရလဒ်သာ ထွက်သည်။ ပိုမိုလေ့ကျင့်ရန် လိုအပ်သည့်အပိုင်းများကို အားထည့် အာရုံစိုက်ရန် တိုက်တွန်းနိုင်ခြင်းတော့ ရှိပါသည်။ အကျိုးဆိုင်မှု နိမ့်သော သင်ယူမှု အကဲဖြတ်ခြင်းမှာ များသော အားဖြင့် **စာသင်ခန်းတွင်း ကျောင်းတွင်း စစ်ဆေးမှု**များသာဖြစ်ပြီး **အလွတ်သဘော**၊ ပုံစံတကျ ရှိစရာ မလိုသည့် ဆန်းစစ်မှုမျိုး ဖြစ်သည်။ ဥပမာ အိမ်စာပေးခြင်းဖြစ်သည်။ အိမ်စာတွင် အားကောင်းခြင်း အားနည်းခြင်းသည် ကျောင်းသား၏ ဘဝတွင် ကြီးမားသည့် သက်ရောက်မှု မရှိနိုင်ပါ။ သို့သော် မိမိ မည်သည့်အပိုင်း အားကောင်း အားနည်းသည်ကို သိလာနိုင်ရန် အထောက်အကူပေးနိုင်သည်။

အကျိုးဆိုင်မှုနိမ့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ဥပမာတချို့မှာ အောက်ပါအတိုင်းဖြစ်သည်။

၅။ ကျောင်းသား/ကျောင်းသူများကို အဖွဲ့လိုက်လုပ်ငန်း လုပ်ဆောင်ခိုင်းပြီး အဖွဲ့တွင် လူဦးရေများသင့်၊ နည်းသင့် ဆုံးဖြတ်ရန် ဆရာက စောင့်ကြည့်ဆန်းစစ်ခြင်း။


၆။ အပတ်စဉ် စာသင်ခန်းတွင် ဉာဏ်စမ်း စစ်ဆေးခြင်း။


၇။ အခန်းဆုံးလျှင် သင်ခန်းစာနှင့် စပ်လျဉ်းသော အကြောင်းအရာများကို ကျောင်းသား/ကျောင်းသူများက မိမိဘာသာ ဖြည့်စွက်ခြင်း။

၈။ အွန်လိုင်းဟောပြော ပို့ချချက်တွင် ကျောင်းသားများ ပါဝင်မှု ရှိမရှိ ဆရာက လေ့လာမှတ်သားနေခြင်း။

## လေ့ကျင့်ခန်း

၁ ပြီးခဲ့သည့်စာမျက်နှာပါ ဥပမာ ၁ မှ ၈ အထိ အကျိုးဆိုင်မှုမြင့်သော – အကျိုးဆိုင်မှုနိမ့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတို့၏ ဥပမာများကိုကြည့်ပါ။ ထိုနမူနာများသည် နေရာသတ်မှတ်ချက် စစ်ဆေးခြင်း၊ ဝင်ခွင့်စစ်ဆေးခြင်း၊ အားနည်းချက် စစ်ဆေးခြင်း၊ တိုးတက်မှု စစ်ဆေးခြင်း သို့မဟုတ် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းတို့အနက် မည်သည်တို့ ဖြစ်ကြပါသနည်း။ အချို့ဥပမာများမှာ အမျိုးအစားတစ်ခုထက်ပို ဖြစ်နိုင်ခြေရှိသည်။



## ဆွေးနွေးချက်

**ဂ** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ မည်သည့် **ပြင်ပ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း**ကို မိမိသိရှိပါသနည်း။ မည်သို့ တွေ့ကြုံဖူးပါသနည်း။

၂။ အချို့သော ပညာရေးသမားများသည် **အကျိုးဆိုင်မှုမြင့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း**က ကျောင်းသူ/ကျောင်းသားများအတွက် မကောင်းဟုထင်ကြသည်။ အဘယ့်ကြောင့်နည်း။

## လုပ်ငန်းစဉ်

**ဃ** အောက်ဖော်ပြပါ ကိုးကားချက်ကိုဖတ်ပြီး သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (Formative) နှင့် သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (Summative) တို့ကို အဓိပ္ပာယ်ဖွင့်ဆိုပါ။



## အကျိုးဆိုင်မှုမြင့်သော အကဲဖြတ်ဆန်းစစ်ခြင်း နှင့် သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း

သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (Formative) နှင့်
သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (Summative) တို့ကို
ခွဲခြားတတ်ရန် နည်းလမ်းတစ်ခုမှာ –

**FORMATIVE** = သင်ယူမှုရှိစေရန် ရည်ရွယ်ပြီး အကဲဖြတ်ဆန်းစစ်ခြင်း

**SUMMATIVE** = သင်ယူမှုရှိ/ မရှိ အကဲဖြတ်ဆန်းစစ်ခြင်း

### သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း

သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (formative) သည် အချိန်ပိုင်းတစ်ခု (ဥပမာ သင်ခန်းစာတစ်ခု) အတွင်း ကျောင်းသူ ကျောင်းသား၏ သင်ယူတိုးတက်မှုကို တိုင်းတာသည်။ သို့တည်းမဟုတ် (အားနည်းချက်စစ်ဆေးခြင်း၊ နေရာ သတ်မှတ်ချက် စစ်ဆေးခြင်းတို့ကဲ့သို့) သင်ကြားသင်ယူမှု မပြီးမီ အချိန်ပိုင်းတစ်ခုအတွင်း ကျောင်းသူ ကျောင်းသား၏ စွမ်းရည် မည်မျှရှိကြောင်း စစ်ဆေးခြင်းပြုနိုင်သည်။ ဆရာ ဆရာမများသည် ထိုစစ်ဆေးမှုမှ တွေ့ရှိချက်များကို သင်ခန်းစာပြင်ဆင်ခြင်းနှင့် သင်ကြားခြင်းတို့တွင်လည်းကောင်း၊ သင်ယူသူများ သင်ယူမှု တိုးတက်ကောင်းမွန်လာရန် အတွက် **တုံ့ပြန်ချက်များ အကြံဉာဏ်များ**ပေးရာတွင်သုံးသည်။ ထိုအချက်အလက်များသည် သင်ယူသူများအနေဖြင့် ၎င်းတို့၏ ဗဟုသုတနှင့် ကျွမ်းကျင်မှုများမှ အားနည်းချက်များ၊ အားသာချက်များနှင့် လိုအပ်ချက်များကို ဖော်ထုတ်ရာ၌ အထောက်အကူပြုသည်။ ထိုအချက်များကို အသုံးပြုပြီး သင်ယူမှု အစီအစဉ်တစ်ရပ်ဆွဲနိုင်သည်။ ဆရာများအနေနှင့် မိမိတို့ ကျောင်းသား ကျောင်းသူများ တွေ့ကြုံနေရသော အခက်အခဲများကို ဖြေရှင်းရန် နည်းလမ်းများရှာနိုင်သည်။ ကျောင်းသား ကျောင်းသူများအတွက် သင်ယူမှုဦးတည်ချက်များ ချမှတ်ရန် အသုံးပြုနိုင်သည်။ ထို့နောက် မည်သည့် အပိုင်းများကို ထပ်သင်ကြားသင့်ကြောင်းနှင့် ထပ်မံ အကဲဖြတ်ဆန်းစစ်သင့်ကြောင်း ဆုံးဖြတ်မည်ဖြစ်သည်။

သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတို့သည် အများအားဖြင့် အကျိုးဆိုင်မှုနိမ့်သော ဆန်းစစ်ချက်များ ဖြစ်ပြီး အမှတ်မပေးခြင်း၊ အနည်းငယ်သာပေးခြင်းတို့ ရှိနိုင်သည်။

သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ဥပမာများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ကျောင်းသား/ ကျောင်းသူများသည် မိမိတို့ လေ့လာခဲ့သော ခေါင်းစဉ်တစ်ခုနှင့် စပ်လျဉ်း၍ မိမိတို့ နားလည်မှုများကို ထုတ်ဖော်ပြသော **ဆက်စပ်မှုပြ စိတ်ကူးမြေပုံ**တစ်ခု အဖွဲ့လိုက်ဆွဲပြကြသည်။

၂။ ကျောင်းသား/ ကျောင်းသူများသည် ဟောပြောပို့ချချက်တစ်ခု၏ အကျဉ်းချုပ်ကို အိမ်စာအနေနှင့် ရေးသားကြသည်။

၃။ ကျောင်းသား/ ကျောင်းသူများသည် မိမိတို့ ရေးသားမည့် အက်ဆေး၏ အစီအစဉ်များကို ဆရာအား တင်ပြကြသည်။

၄။ သင်ရိုးတစ်ခု၏ အစတွင် ကျောင်းသား/ ကျောင်းသူများက မေးခွန်းများကို ဖြေကြားပြီး ခေါင်းစဉ်နှင့် ပတ်သက်ပြီး မည်မျှနားလည်ကြောင်း ပြသကြသည်။

## လေ့ကျင့်ခန်း

**C** အထက်ပါ သင်ယူစဉ် အကဲဖြတ်ဆန်းစစ်ခြင်း နမူနာ ၁ မှ ၄ ကို လေ့လာပါ။ ၎င်းတို့သည် နေရာသတ်မှတ်ချက် စစ်ဆေးခြင်း၊ ဝင်ခွင့်စစ်ဆေးခြင်း၊ အားနည်းချက် စစ်ဆေးခြင်း၊ တိုးတက်မှု စစ်ဆေးခြင်း သို့မဟုတ် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းတို့အနက် မည်သည်တို့အသီးသီး ဖြစ်ကြပါသနည်း။

## သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း

သင်ကြားသင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းသည် သင်ရိုးတစ်ခုအပြီး၊ စာသင်နှစ်တစ်နှစ်အပြီး၊ သတ်မှတ်ကာလတစ်ခုအပြီး၊ အချိန်သတ်မှတ်ချက်တစ်ခုအပြီးတွင် မည်မျှတတ်မြောက်သွားခြင်းရှိကြောင်း စစ်ဆေးခြင်းဖြစ်သည်။ အကျိုးဆိုင်မှုမြင့်သော ဆန်းစစ်ခြင်းဖြစ်သည်က ပိုများပြီး အမှတ်သတ်မှတ်ချက်တစ်ခု ပေးလေ့ရှိသည်။ သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းမှ ရရှိသော ရလဒ်များကို ကျောင်းသားတစ်ဦး၏ အောင်မြင်မှုကို ဆုံးဖြတ်ပေးရန်သော်လည်းကောင်း၊ သင်ရိုး၏ အောင်မြင်မှုကို ဆုံးဖြတ်သတ်မှတ်ပေးရန်သော်လည်းကောင်း အသုံးပြုနိုင်သည်။ ထိုရလဒ်များကို ကျောင်းသား/ ကျောင်းသူများ၊ ဆရာ/ ဆရာမ များထံ ပေးပို့နိုင်သည်။ မိဘ၊ ကျောင်းစီမံခန့်ခွဲသူများ၊ ပညာရေး အရာရှိများစသည့် **ပတ်သက်ဆက်နွယ်သူ**တို့ထံလည်း ပေးပို့နိုင်ပါသည်။

သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတို့သည် များသောအားဖြင့် အလုပ်သဘော (formal) အကျိုးဆိုင်မှုမြင့်သော ဆန်းစစ်ချက်များ ဖြစ်ကြပါသည်။

သင်ကြား သင်ယူပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ဥပမာများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ သင်ယူသူများသည် စာသင်နှစ်အတွက် သင်ကြားခြင်းပြီးဆုံးပြီး နှစ်ပတ်အကြာတွင် စာမေးပွဲဖြေရသည်။

၂။ တစ်နှစ်ကြာ ကိုယ့်အားကိုယ်ကိုး လေ့လာပြီးနောက်တွင် ကျောင်းသားတစ်ဦးသည် TOEFL စာမေးပွဲ ဖြေဆိုသည်။

၃။ အဖွဲ့လိုက် လက်တွေ့လုပ်ဆောင်မှုတစ်ခုအပြီးတွင် အဖွဲ့ဝင်များမှ ကျန်အတန်းဖော်များအား ဆွေးနွေးတင်ပြမှု တစ်ခုပြုလုပ်သည်။


၄။ ကျောင်းသား/ ကျောင်းသူများက မိမိအကြောင်းကို အင်္ဂလိပ်လို ဝါကျများရေးသားကြသည်။ ထိုဝါကျများ ကောင်းသင့်သလောက် ကောင်းပါက အင်္ဂလိပ်စာသင်တန်းတစ်ခုကို ပါဝင်တက်ရောက်ခွင့်ရသည်။

## လေ့ကျင့်ခန်း

ဃ အထက်ပါ သင်ကြား သင်ယူပြီး အကဲဖြတ်ဆန်းစစ်ခြင်းနမူနာ ၁ မှ ၄ ကို လေ့လာပါ။ ၎င်းတို့သည် နေရာသတ်မှတ်ချက် စစ်ဆေးခြင်း၊ ဝင်ခွင့် စစ်ဆေးခြင်း၊ အားနည်းချက် စစ်ဆေးခြင်း၊ တိုးတက်မှု စစ်ဆေးခြင်း သို့မဟုတ် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းတို့အနက် မည်သည်တို့ အသီးသီးဖြစ်ကြပါသနည်း။

## လေ့ကျင့်ခန်း

င နေရာသတ်မှတ်ချက် စစ်ဆေးခြင်း၊ ဝင်ခွင့် စစ်ဆေးခြင်း၊ အားနည်းချက် စစ်ဆေးခြင်း၊ တိုးတက်မှု စစ်ဆေးခြင်း သို့မဟုတ် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း လုပ်ငန်းစဉ် အမျိုးအစားတစ်ခုစီတို့ကို ဆက်စပ်မှုပြ (Venn) စက်ဝိုင်း သရုပ်ဖော်ပုံအတွင်း သက်ဆိုင်ရာ နေရာတွင်ထည့်ပါ။



## လုပ်ငန်းစဉ်


**၈** စာသင်ခန်းအတွင်းမှ လုပ်ငန်းစဉ်သုံးခု (၁–၃) ၏ ညွှန်ကြားချက်များကိုကြည့်ပြီး နောက်စာမျက်နှာမှ မေးခွန်း က မှ ဂ အထိ ဖြေဆိုပါ။

### ၁။ ဘာသိထားသနည်း

၁။ သင်ပုန်းပေါ်တွင် ဇယားကွက်တစ်ကွက်ဆွဲပါ။ ပထမကော်လံ ခေါင်းစဉ်မှာ ဘာသိထားသနည်း။ ဒုတိယမှာ ဘယ်လိုထင်သနည်းနှင့် တတိယအကွက်မှာ ဘာသိချင်သနည်းဟု ရေးသားပါ။

၂။ ခေါင်းစဉ်မိတ်ဆက်ပါ။

၃။ အဖွဲ့လိုက် ဇယားကွက်ထဲတွင် ဖြည့်ပါ။




| ဘာသိထားသနည်း | ဘယ်လိုထင်သနည်း | ဘာသိချင်သနည်း |
|---|---|---|
| • တစ်နိုင်ငံ - ပြည်နယ်များစွာ<br>• အချို့ ဥပဒေက ပြည်နယ်အဆင့်၊ အချို့က တစ်နိုင်ငံလုံးအဆင့် | • မြန်မာနိုင်ငံအတွက် အတွေးသစ် ဖြစ်နေသလား။ | • ပြည်နယ်တွေက ကိုယ်ပိုင်အုပ်ချုပ်ခွင့် ဘယ်အတိုင်းအတာထိ ရမလဲ။ |

### ၂။ အဓိက စကားစုများကို ဖွင့်ဆိုပါ။

၁။ သင်ယူသူများအား သင်ခန်းစာခေါင်းစဉ်နှင့် ပတ်သက်သော အဓိကစကားလုံးများနှင့် စကားစုများ စာရင်းတစ်ခုပေးပါ။

၂။ သင်ယူသူများမှ ၎င်းအဓိက စကားလုံးများနှင့် စကားစုများအား မိမိကိုယ်ပိုင်စကားလုံးများသုံး၍ ရှင်းပြပါ။

**ဗဟိုချုပ်ကိုင်မှုနည်းသော –** အာဏာက တစ်နေရာတည်းတွင် စုစည်းနေခြင်းမရှိ။ နေရာပေါင်းများစွာတွင် ပျံ့နှံ့ပိုင်ဆိုင်ထားကြသည်။

**ဒေသန္တရတာဝန်များ –** ဒေသအသီးသီးတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက် ချမှတ်ခွင့်ရှိကြသည်။

### ၃။ စာသင်ခန်းအတွင်း မှား/မှန် ဉာဏ်စမ်းမေးခြင်း

၁။ အဖွဲ့ထဲတွင် မှား/မှန် မေးခွန်းသုံးခု စဉ်းစားပါ။

၂။ ၎င်းတို့၏ မေးခွန်းနှင့် အဖြေများ မှန်/မမှန်စစ်ပါ။

၃။ အဖွဲ့လိုက် အလှည့်ကျ ၎င်းတို့၏ မေးခွန်းများကို အတန်းသားများကို ဖတ်ပြပါ။

၄။ အဖွဲ့တိုင်းက အခြားအဖွဲ့များ၏ မေးခွန်းများကို အသီးသီးဖြေကြားကြသည်။



**၁။ ဖက်ဒရယ်စနစ်တွင် ဗဟိုအစိုးရရော ဒေသန္တရ အစိုးရပါရှိသည်။ (မှန်) ✓**

**၂။ ပြည်နယ်အဆင့် ဖက်ဒရယ်အစိုးရများသည် အခြေခံဥပဒေအသီးသီးကို ပိုင်ဆိုင်ရမည်။ (မှန်) ✓**

**၃။ ဩစတြေးလျတွင် ဖက်ဒရယ်စနစ် မကျင့်သုံးပါ။ (မှန်) ✗**

(က) အထက်ပါတို့အနက် မည်သည်တို့ကို သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်၊ မည်သည်တို့ကို သင်ကြား သင်ယူပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် မည်သည်တို့ကို နှစ်မျိုးလုံးအဖြစ် သုံးနိုင်မည်ဖြစ်သနည်း။

(ခ) ကျောင်းသား/ကျောင်းသူများ၏ သင်ယူမှုနှင့် ပတ်သက်ပြီး ဤလုပ်ငန်းစဉ်များမှ မည်သည့် အချက်အလက်များကို ဆရာ/ဆရာမများ ရရှိနိုင်သနည်း။

(ဂ) ကျောင်းသား/ကျောင်းသူများသည် မိမိတို့ သင်ယူမှုနှင့် ပတ်သက်ပြီး ဤလုပ်ငန်းစဉ်များမှ မည်သည့် အချက်အလက်များကို ရရှိနိုင်သနည်း။

## လုပ်ငန်းစဉ်

**၅** မိမိကောင်းစွာ သိရှိနားလည်သဘောပေါက်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တစ်ခုကို ဖော်ထုတ်ပါ။ နိုင်ငံတကာသုံး စာမေးပွဲတစ်ခုဖြစ်စေ၊ ကျောင်းတွင်း အမှတ်ပေးစနစ်တစ်ခုဖြစ်စေ၊ မိမိအတန်းတွင်းသုံးသော အလွတ်သဘော (informal) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခုဖြစ်စေ ရွေးနိုင်ပါသည်။

ထို့နောက် ထိုနည်းလမ်းနှင့် ပတ်သက်ပြီး တင်ဆက်ချက်ငယ်တစ်ခု ပြင်ဆင်ပါ။ တင်ဆက်ချက်တွင် အောက်ပါတို့ကို ထည့်သွင်းရှင်းပြပါ။

**၁** ဤသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ရည်ရွယ်ချက်မှာ အဘယ်နည်း။ နေရာသတ်မှတ်ချက် စစ်ဆေးခြင်း၊ ဝင်ခွင့် စစ်ဆေးခြင်း၊ အားနည်းချက် စစ်ဆေးခြင်း၊ တိုးတက်မှု စစ်ဆေးခြင်း သို့မဟုတ် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းတို့အနက် မည်သည့် ရည်ရွယ်ချက် ဖြစ်သနည်း။


**၂** သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း/ သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း၊ အကျိုးဆိုင်မှုမြင့်သော အကျိုးဆိုင်မှုနိမ့်သော၊ ဆန်းစစ်အကဲဖြတ်ခြင်း တို့အနက် မည်သည် ဖြစ်ကြောင်း ရှင်းပါ။

**၃** ကျောင်းသား/ ကျောင်းသူများနှင့် ဆရာ/ ဆရာမ များအတွက် ဤသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတွင် မည်သည့် အကျိုးကျေးဇူးများ ရှိကြသနည်း။



## ပြန်လှန်သုံးသပ်ခြင်း

**ည** သင်ယူမှုအသစ်တို့ ရရှိပြီးနောက်တွင် မိမိရလာသော သင်ယူမှုကို ပြန်လှန်သုံးသပ်ခြင်း ပြုသင့်သည်။ ထိုသို့ သုံးသပ်ခြင်း နည်းလမ်းတစ်ခုမှာ မိမိသင်ယူရရှိခဲ့သည့်အရာနှင့် ပတ်သက်သော အတွေးများကို 'သင်ယူမှု မှတ်တမ်း' စာအုပ်တစ်အုပ်ထားရှိပြီး ချရေးမှတ်ခြင်းဖြစ်သည်။ သင်ယူမှုကို ပြန်လှန်သုံးသပ်ရန်အတွက် အောက်ပါ အထောက်အကူပြု မေးခွန်းများကို သုံးနိုင်ပါသည်။





### အနှစ်ချုပ် - အခန်း (၁) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ဆိုသည်မှာ အဘယ်နည်း။

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ဆောင်ရခြင်း ရည်ရွယ်ချက်အမျိုးမျိုးရှိနိုင်သည်။ ကျောင်းသား ကျောင်းသူများ မည်သည့် အရာများကို သင်ယူလိုကြောင်း၊ သင်ယူသင့်ကြောင်း ဖော်ထုတ်သိရှိရန် အသုံးပြုနိုင်ပါသည်။ သင်ယူမှုအကဲဖြတ်ဆန်းစစ်ခြင်းကို သုံးပြီး သင်ရိုးများ ရေးဆွဲပြင်ဆင်ခြင်းနှင့် ကျောင်းသား ကျောင်းသူများကို သင်ရိုးအဆင့်အမျိုးမျိုးအတွင်း မှန်ကန်စွာ နေရာချခြင်းများ လုပ်ဆောင်နိုင်ပါသည်။ မိမိတို့၏ ကိုယ်ပိုင်သင်ကြားခြင်းနှင့် သင်ကြားရေးအစီအစဉ်များ ရေးဆွဲခြင်းအတွက် ဆန်းစစ်ခြင်းမှရရှိသော အချက်အလက်များကို သုံးစွဲနိုင်ပါသည်။ သင်ယူမှု ရည်ရွယ်ချက်များကို ကျောင်းသား ကျောင်းသူများ မည်မျှ ရရှိသွားကြောင်း သိရှိအောင် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို သုံး၍ တိုင်းတာနိုင်ပါသည်။

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများတွင် ဝိသေသလက္ခဏာအမျိုးမျိုး ရှိနိုင်ပါသည်။ အချို့မှာ အကျိုးဆိုင်မှုမြင့်သော ဆန်းစစ်ခြင်း ဖြစ်ပြီး ကျောင်းသားတို့၏ ဘဝအပေါ် သက်ရောက်မှုကြီးမားနိုင်သည်။ အချို့မှာ အကျိုးဆိုင်မှုနိမ့်သော ဆန်းစစ်ချက်များ ဖြစ်နိုင်သည်။ ကျောင်းသားအကြောင်း အချက်အလက်ကို ဆရာက သိသွားစေရန်၊ ကျောင်းသားကိုယ်တိုင်က မိမိတိုးတက်မှုကို မိမိပြန်သိစေရန် သုံးသည့် ဆန်းစစ်ချက်ဖြစ်ပြီး ကျောင်းသားဘဝကို သက်ရောက်ထိခိုက်မှု နည်းသည်။ သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ၏ အားသာချက် အားနည်းချက်များကို သိရှိပြီး သင်ကြားပုံများကို ပြောင်းလဲပြင်ဆင်နိုင်သည်။ ၎င်းမှာ အကျိုးဆိုင်မှုနိမ့်သော ဆန်းစစ်ချက်ဖြစ်ပြီး အမှတ်ပေးခြင်း မရှိပါ။ သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကိုသုံးပြီး ကျောင်းသား ကျောင်းသူများက အချိန်တစ်ခုအတွင်း မည်မျှ တတ်မြောက်ပေါက်ရောက်ခြင်းရှိကြောင်း အကဲဖြတ်နိုင်သည်။ ဤဆန်းစစ်ချက်ကမူ အကျိုးဆိုင်မှုမြင့်လေ့ရှိပြီး အမှတ်ပေးရန် သုံးသည့် ဆန်းစစ်ချက်လည်း ဖြစ်ပါသည်။





# ၂ သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း မူဘောင်များ

## ရည်ရွယ်ချက်များ

- ဆရာအတတ်သင် ဆရာ/ဆရာမများသည် ကျိုးကြောင်းဆီလျော်မှု၊ ယုံကြည်စိတ်ချရမှု၊ လက်တွေ့ကျမှုရှိသည့် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း၏ ဝိသေသလက္ခဏာများကို နားလည်အကဲခတ်တတ်စေရန်။
- ဆရာအတတ်သင် ဆရာ/ဆရာမများသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများ ပြုလုပ်ရာတွင် ကျိုးကြောင်းဆီလျော်မှု ယုံကြည် စိတ်ချရမှုနှင့် လက်တွေ့ကျမှု မူဘောင်များကို ပေါင်းစပ်ထည့်သွင်း ဖန်တီးတတ်စေရန်။

## ၂.၁ လက်တွေ့ကျမှု (PRACTICALITY)

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ "လက်တွေ့ကျမှု"၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

၂။ လက်တွေ့ကျမှုသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် မည်သို့ ဆက်စပ်နေသနည်း။

### လက်တွေ့ကျသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက်များ စီစဉ်ရေးဆွဲခြင်း

လက်တွေ့ကျသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများကို စီစဉ်ရေးဆွဲရန်၊ **စောင့်ကြည့်စစ်ဆေး**ရန်နှင့် အမှတ်စစ်ရန် လွယ်ကူပါသည်။

- 'ဆန်းစစ်အကဲဖြတ်ချက် စီစဉ်ရေးဆွဲခြင်း' ဆိုသည်မှာ သင်ယူမှု ဆန်းစစ်အကဲဖြတ်ချက်တစ်ခုကို မေးခွန်းလွှာ/ ညွှန်ကြားချက်များ ပါဝင်အောင် ဖန်တီးရေးသားခြင်း**ဖြစ်စဉ်**ကို ဆိုလိုပါသည်။
- 'သင်ယူမှု အကဲဖြတ်ချက် စောင့်ကြည့်စစ်ဆေးခြင်း' ဆိုသည်မှာ အကဲဖြတ်ချက်ကို ကျောင်းသူ ကျောင်းသားများ ဖြေဆိုဆောင်ရွက်စဉ် ကြီးကြပ်ခြင်း၊ စောင့်ကြည့်ခြင်းလုပ်ရပ်ကို ဆိုလိုပါသည်။
- 'အမှတ်ပေးခြင်း/ အမှတ်ခြစ်ခြင်း' ဆိုသည်မှာ အကဲဖြတ်ချက်ကို အမှတ်ပေးခြင်းရလဒ် ထုတ်ပေးခြင်းကို ဆိုလိုပါသည်။

မည်မျှလွယ်ကူသည်မှာ အောက်ပါအချက်များပေါ်တွင် မူတည်သည်။

- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်များ။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းသည် အကျိုးဆိုင်မှုမြင့်ခြင်း နိမ့်ခြင်း။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခံရမည့် ကျောင်းသား/ ကျောင်းသူ ဦးရေ။
- ရှိထားသည့် ရင်းမြစ်များ (စာမေးပွဲခန်းစောင့်ဦးရေ၊ အမှတ်ခြစ်သူဦးရေ၊ စသည်ဖြင့်)

စာသင်ခန်းငယ်တစ်ခုအတွက် အပတ်စဉ်တိုးတက်မှု စစ်ဆေးခြင်းတွင် ရှိနိုင်သော လက်တွေ့ကျမှု ပြဿနာမှာ သင်ယူသူ တစ်သိန်းခန့် ဝင်ရောက်ဖြေဆိုသော အကျိုးဆိုင်မှုမြင့်သော နိုင်ငံအဆင့်စာမေးပွဲတွင် ရှိနိုင်သော လက်တွေ့ကျမှု ပြဿနာနှင့် တူမည်မဟုတ်ပါ။ တိုးတက်မှု စစ်ဆေးခြင်းများကို အပတ်စဉ် လုပ်ဆောင်ရမည်ဖြစ်သောကြောင့် အချိန်များများပေး၍ စီစဉ်ရေးဆွဲရန်မလိုပေ။ အကျိုးဆိုင်မှုနိမ့်သောစစ်ဆေးမှု ဖြစ်သောကြောင့် စောင့်ကြည့်စစ်ဆေးရာ၌လည်း ပြဿနာ မရှိနိုင်ပေ။ ဆရာ/ ဆရာမအနေဖြင့် မိမိကိုယ်တိုင် အမှတ်ပေးရမည်ဖြစ်သော်လည်း ကျောင်းသားဦးရေမှာ အနည်းငယ်သာဖြစ်သည်။ ထို့ကြောင့် **အဖွင့်မေးခွန်းများ**ဖြစ်စေ၊ စာစီစာကုံးဖြစ်စေ ထည့်သွင်းစစ်ဆေးနိုင်သည်။ ၎င်းတို့သည် အမှတ်စစ်ရာတွင် အချိန်ပိုကုန်စေနိုင်သော်လည်း သင်ခန်းစာအပေါ်တွင် သင်ယူသူများ၏ နားလည်တတ်မြောက်မှုနှင့် ပတ်သက်၍ အသုံးဝင်သော အသေးစိတ်တွေ့ရှိချက်များကို ပေးနိုင်သည်။

သို့ရာတွင် နိုင်ငံအဆင့်စာမေးပွဲသည် အကျိုးဆိုင်မှုမြင့်သောကြောင့် မေးခွန်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ဂရုတစိုက် ပြင်ဆင်သတ်မှတ်သင့်ပါသည်။ ဖြေဆိုသူ ကျောင်းသားဦးရေများပြီး အမှတ်စစ်သူဦးရေမှာလည်း များသောကြောင့် အမှတ်ပေးစနစ်မှာ ခြေနိုင်လက်နိုင်ဖြစ်သော စနစ်များ ဖြစ်ရမည်။ အမှတ်စစ်သူများကိုလည်း အမှတ်ပေးစနစ်နှင့် ပတ်သက်၍ လေ့ကျင့်ပေးထားရန်လိုသည်။

အွန်လိုင်းပေါ်မှ သင်ကြားမှုပိုင်းတွင် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို ဆော့ဖ်ဝဲ အမျိုးမျိုးဖြင့် ဆောင်ရွက်နိုင်သည်။ အွန်လိုင်းမှ တက်ရောက်သည့် ကျောင်းသားများကို စာမေးပွဲ စစ်ဆေးစောင့်ကြည့်ရသည်မှာ ပိုမို ခက်ခဲနိုင်ပြီး အကဲဖြတ် ဆန်းစစ်မှု ဆောင်ရွက်နေချိန်အတွင်း မရှင်းလင်းသည်များကို မည်သို့ ဖြေရှင်းပေးမည်ဖြစ်ကြောင်း ကြိုတင်စီစဉ် အသိပေး ထားရမည်ဖြစ်သည်။ အဖြေများကို အွန်လိုင်းတွင် ရှာနိုင်သည့် စာမေးပွဲမျိုးဖြစ်ပါက ခိုးကူးခြင်း ခိုးကြည့်ခြင်းမှာလည်း ပြဿနာတစ်ရပ်ဖြစ်နိုင်သည်။ **အပိတ်မေးခွန်းများ**သုံးသည့် စာမေးပွဲများတွင် အမှတ်ခြစ်ခြင်းကို စက်ဖြင့် အလိုအလျောက် လုပ်ဆောင်နိုင်သည်။

## လုပ်ငန်းစဉ်

**၁** အောက်ဖော်ပြပါသာဓက လေ့လာချက်များကို ဖတ်ပြီး မေးခွန်းများကိုဖြေပါ။

(က) နိုင်ငံခြားတက္ကသိုလ်တစ်ခုတွင် ပညာသင်ဆုဖြင့် တက်ရောက်ပညာသင်ကြားရန်အတွက် လူ ၁၂ ယောက်ကို စိစစ်ရွေးချယ်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် ဝင်ခွင့်စာမေးပွဲတစ်ခုကို စီစဉ်ပေးရမည်။ ပညာသင်ဆု လျှောက်သူများသည် အင်္ဂလိပ်စာတွင် ကျွမ်းကျင်မှုရှိပြီး တွေးခေါ်နိုင်မှု စွမ်းရည်မြင့်သူများ ဖြစ်ရမည်။ လူဦးရေ စုစုပေါင်း ၅၀၀ လျှောက်ထားပါသည်။

(ခ) ကျောင်းသား/ကျောင်းသူ ၆ ဦးရှိသော အရေးကျွမ်းကျင်မှု သင်တန်းတွင်ဖြစ်သည်။ အက်ဆေးတစ်ခု၏ တည်ဆောက်ပုံကို ကျောင်းသား/ကျောင်းသူများ နားလည်မှု ရှိ/မရှိ စစ်ဆေးလိုသည်။ ကျောင်းသား/ကျောင်းသူများအနေနှင့် နိဒါန်းနှင့် နိဂုံးကို ကျကျနန ရေးနိုင်ခြင်း ရှိ/မရှိ စစ်ဆေးလိုသည်။

(ဂ) ဒုတိယတန်းကျောင်းသား ၂၀ ကို သင်ကြားနေပါသည်။ ဤနှစ်ကုန်တွင် ကျောင်းသား/ကျောင်းသူများအနေနှင့် မိခင်ဘာသာစကားဖြင့် စကားလုံးများကို ကောင်းစွာ စာလုံးပေါင်းတတ်ခြင်း ရှိ/မရှိ စစ်ဆေးလိုသည်။

၁။ ပေးထားသော သာဓကများတွင် မည်သို့သော လက်တွေ့ကျမှုဆိုင်ရာ ပြဿနာများကို ထည့်သွင်းတွက်ချက်သင့်သနည်း။ ၎င်းပြဿနာများကို ဇယားကွက်ထဲတွင် ရေးချပါ။

| | စီစဉ်ရေးဆွဲ | စောင့်ကြည့်စစ်ဆေး | အမှတ်ပေး |
|---|---|---|---|
| (က) | • အကျိုးဆိုင်မှုမြင့်သော စာမေးပွဲ ဖြစ်သောကြောင့် စာမေးပွဲ မေးခွန်းများနှင့် စစ်မည့်ပုံစံတို့ကို အချိန်ယူပြင်ဆင်သင့်သည်။ | | |
| (ခ) | | • ကျောင်းသားဦးရေ နည်းပြီး အကျိုးဆိုင်မှု နိမ့်သောကြောင့် လွယ်ကူသည်။ | |
| (ဂ) | | | • အားလုံးကို အမှတ်ခြစ်ချိန်ရအောင် စီမံရမည်။ |

၂။ အောက်ပါ ဆရာသုံးဦးသည် အထက်ပါ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း သာဓကများအနက် တစ်ခုနှင့် ပတ်သက်သော ပြဿနာတစ်ခုကို ထောက်ပြပြောဆိုနေခြင်း ဖြစ်ပါသည်။ မည်သည့် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း သာဓကကို ဆရာ/ဆရာမ တစ်ဦးချင်းစီက ပြောဆိုနေခြင်း ဖြစ်ပါသနည်း။

၃။ မိမိအနေနှင့် ဤသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများကို မည်သို့ လုပ်ဆောင်မည်နည်း။




## ဆွေးနွေးချက်

**ဂ** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ ဆရာ/ဆရာမအနေနှင့် အကဲဖြတ်စစ်ဆေးခဲ့စဉ်ကဖြစ်စေ၊ သင်ယူသူအနေနှင့် အကဲဖြတ်စစ်ဆေးခံခဲ့ရစဉ်ကဖြစ်စေ မည်သည့် လက်တွေ့ကျမှု ပြဿနာများ ရင်ဆိုင်ကြုံတွေ့ခဲ့ရဖူးသနည်း။

၂။ ၎င်းလက်တွေ့ကျမှု ပြဿနာများကို မည်သို့ ဖြေရှင်းမည်ဖြစ်သနည်း။

ဥပမာ -




# ၂.၂ ယုံကြည်စိတ်ချရမှု (RELIABILITY)


## အကြိုသင်ခန်းစာ

**က** အောက်ပါအခြေအနေ ၁ မှ ၃ အထိကို ပုံများကြည့်ပြီး လေ့လာပါ။ တစ်ပုံချင်းစီတွင် မည်သို့သော ပြဿနာများ ရှိနေသနည်း။


၁




၂




၃




၃ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။


၁။ 'ယုံကြည်စိတ်ချရမှု' (Reliable) ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

၂။ ယုံကြည်စိတ်ချရမှုသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် မည်သို့ ဆက်စပ်နေသနည်း။

### ယုံကြည်စိတ်ချရသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများ စီစဉ်ရေးဆွဲခြင်း

**ယုံကြည်စိတ်ချရသော** သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းဆိုသည်မှာ တူညီသော အဆင့်တစ်ခုရှိသော အဖြေများ အားလုံးကို အမှတ်တစ်မျိုးတည်း တူညီစွာပေးနိုင်သော စစ်ဆေးချက်မျိုးဖြစ်ပါသည်။ အမှတ်ခြစ်သူ မတူလျှင်သော်မှ၊ ကျောင်းသားများက နေရာအမျိုးမျိုး၊ အချိန်အမျိုးမျိုးတွင် ဖြေဆိုခဲ့ခြင်းဖြစ်လျှင်သော်မှ အရည်အသွေးတူသော အဖြေများကို တူညီသောအမှတ်များ ရရှိသင့်ပါသည်။ ယုံကြည်စိတ်ချရသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများ သည် **တသမတ်တည်းဖြစ်သော** အဖြေအကဲဖြတ်ချက်များ ထုတ်ပေးနိုင်သည်။





အလေးချိန်စက်တစ်ခုအကြောင်း စဉ်းစားကြည့်ပါ။ ၂ ကီလိုဂရမ် ရှိသော ငှက်ပျောသီးများကို မနက်ပိုင်းတွင် ချိန်ကြည့်လျှင် ၂ ကီလိုဂရမ်ဟု ပြသပြီး ညပိုင်းချိန် ကြည့်လျှင်လည်း ၂ ကီလိုဂရမ်သာ ဆက်ဖြစ်နေပါလိမ့်မည်။ လူပြောင်းပြီး ချိန်လျှင်လည်း ၂ ကီလိုဂရမ်သာ ဆက်ပြနေပါမည်။ ငှက်ပျောသီး အမျိုးအစား နောက်တစ်မျိုး ၂ ကီလိုဂရမ်ကို ချိန်ကြည့်လျှင်လည်း အလေးချိန် စက်က ၂ ကီလိုဂရမ်သာ ဆက်ပြပါ လိမ့်မည်။ ထို့ကြောင့် ထိုစက်သည် ယုံကြည်စိတ်ချရမှုရှိသည်/တသမတ်တည်း ရှိသည်ဟု ဆိုနိုင်ပါသည်။

ကျွန်ုပ်တို့သည် ထိုအလေးချိန်စက်ကဲ့သို့ပင် ယုံကြည်စိတ်ချရသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း နည်းလမ်းများကို ရှာဖွေအသုံးပြုရမည်ဖြစ်သည်။

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း **စံသတ်မှတ်ချက်များ**ကို အမှတ်စစ်သူများနှင့် စစ်ဆေးခံရသော သင်ယူသူများ သိထားရန် အရေးကြီးသည်။ ဥပမာ – သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းသည် စာစီစာကုံးဖြစ်ပါက အမှတ်စစ်သူများနှင့် စစ်ဆေးခံရသော သင်ယူသူများအားလုံး အမှတ်ပေးစည်းမျဉ်းများကို နားလည်သဘောပေါက်ထားရမည်။ ထင်မြင်ယူဆချက် ကောင်းမွန်မှု၊ သဒ္ဒါမှန်ကန်မှု၊ အဆိုပြုချက်များ အားကောင်းမှုနှင့် လက်ရေး သေသပ်မှုတို့အတွက် မည်သည့်တို့ကို အဓိကအဖြစ် အမှတ်ပေးမည်နည်း။ အကယ်၍ တချို့သင်ယူသူများမှာ စာလုံးပေါင်းသတ်ပုံ ပြည့်စုံ မှန်ကန်မှုအတွက် အမှတ်များများရပြီး တချို့မှာ စာလုံးပေါင်းသတ်ပုံ မှန်ကန်မှုကြောင့်မဟုတ်ဘဲ ထင်မြင်ယူဆချက် ကောင်းမွန်မှုအတွက် အမှတ်များများရပါက ၎င်းသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းသည် ယုံကြည်စိတ်ချရသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခု မဟုတ်ပေ။

## လေ့ကျင့်ခန်း

၈ အောက်ပါ သာဓက လေ့လာချက်များကိုဖတ်ပါ။ ၎င်းတို့သည် ယုံကြည်စိတ်ချရသော သို့မဟုတ် ယုံကြည်စိတ်ချရမှု မရှိသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများ ဖြစ်ပါသလား။ အဘယ့်ကြောင့်နည်း။

၁။ ၈ တန်း သမိုင်းအခန်းမှ သင်ယူသူ ၂၅ ဦးတို့ အဖြေမှန်ရွေး မေးခွန်းများကို ဖြေဆိုကြသည်။ စာမေးပွဲ မေးခွန်းများကို ဆရာမှ ရေးသားထားခြင်းဖြစ်ပြီး ဆရာကိုယ်တိုင်ပင် အမှတ်ပေးစစ်ဆေးမည်ဖြစ်သည်။

၂။ ကျောင်း ၅ ကျောင်းဖြင့် ဖွဲ့စည်းထားသော ကွန်ရက်တစ်ခုမှ မွန်ဘာသာစကား ကျောင်းသား (မွန်စာပေ သင်ယူနေသော/မွန်လူမျိုး) ၂၅၀ တို့သည် သင်တန်းဆုံးရမှတ်၏ ၂၀ ရာခိုင်နှုန်းအတွက် စာစီစာကုံးများ ရေးသား ဖြေဆိုရသည်။ ၎င်းတို့၏ ဆရာ/ဆရာမများမှ စာစီစာကုံးများကို အမှတ်ပေးစစ်ဆေးသွားမည်ဖြစ်သည်။ တချို့ ဆရာများမှာ တီထွင်ကြံဆမှုနှင့် တည်ဆောက်ပုံအပေါ် အမှတ်ပေးပြီး တခြားဆရာများမှာ သဒ္ဒါနှင့် စာလုံးပေါင်း သတ်ပုံအပေါ် အဓိကထား အမှတ်ပေးကြသည်။

၃။ ခေါင်းဆောင်မှုစွမ်းရည် လေ့ကျင့်ရေးသင်တန်းတွင် ကျောင်းသားများ အဖွဲ့လိုက် ပရောဂျက်လုပ်သည်။ ဆရာသည် အမှတ်ပေးစည်းမျဉ်းမှာ အဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက် ၅၀ ရာခိုင်နှုန်း၊ project စီစဉ်ရေးဆွဲမှုအတွက် ၃၀ ရာခိုင်နှုန်းနှင့် စီစဉ်တင်ဆက်မှုအတွက် ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်း ကျောင်းသား/ကျောင်းသူများကို ရှင်းပြပြီး ယင်းအမှတ်ပေး စည်းမျဉ်းအတိုင်းပင် စစ်ဆေးအမှတ်ပေးသည်။

၄။ လေးတန်းကျောင်းသား နှစ်တန်းပေါင်းပြီး နှစ်ဝက်စာမေးပွဲဖြေကြသည်။ A ခန်းမှ ကျောင်းသားများမှာ ရာသီဥတု သာယာသော တနင်္လာနေ့တွင် ဖြေဆိုရသည်။ B ခန်းမှ ကျောင်းသားများမှာ မိုးသက်လေပြင်းတိုက်သော ဗုဒ္ဓဟူးနေ့တွင် ဖြေဆိုရသောကြောင့် စာမေးပွဲပေါ်တွင် အာရုံမစိုက်နိုင်ကြပေ။

၅။ အင်္ဂလိပ်ဘာသာစကား သင်ကြားရေး အကယ်ဒမီတစ်ခုကို ဝင်ခွင့်ရရန် ကျောင်းသားများသည် ဆရာသုံးဦးအနက် တစ်ဦးနှင့် လူတွေ့မေးမြန်းဖြေကြားခြင်းလုပ်ရသည်။ ဆရာ ၃ ဦး၏ စကားပြောစွမ်းရည်များမှာ တစ်ဦးနှင့် တစ်ဦးမတူကြ။ တစ်ဦးမှာ အသံထွက် သိပ်မကောင်းသောကြောင့် သူစကားပြောလျှင် သိပ်နားမလည်ကြပေ။

၆။ မူကြိုကလေးများ၏ မြန်မာအက္ခရာများကို ရွတ်ပြနိုင်ခြင်းကို အကဲဖြတ်ဆန်းစစ်သည်။ ကလေးများသည် အတန်းဖော်များရှေ့တွင် တစ်ယောက်တစ်လှည့်ဆိုပြကြပြီး မှန်လျှင် ဆရာက ကလေးနာမည်ဘေးတွင် အမှတ်ခြစ်လိုက်သည်။

## ဆွေးနွေးချက်

**ဃ** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ ၂.၂ ဂ တွင် ဖော်ပြထားသော သာဓက ၁ မှ ၆ ကိုကြည့်ပါ။ သာဓကလေ့လာချက်တစ်ခုစီသည် အကျိုးဆိုင်မှု မြင့်သော/နိမ့်သော စစ်ဆေးချက်များ ဖြစ်ပါသလား။

၂။ ယုံကြည်စိတ်ချရမှု မူဘောင်နှင့် အကျိုးဆိုင်မှုမြင့်သော စာမေးပွဲ စစ်ဆေးခြင်းတို့အကြားမှ ဆက်စပ်မှုမှာအဘယ်နည်း။

၃။ ဆရာတစ်ဦးအနေနှင့်ဖြစ်စေ သင်ယူသူတစ်ဦးအနေနှင့်ဖြစ်စေ ၎င်းအဖြစ်အပျက်များမှ ဆင်တူယိုးမှား အဖြစ်အပျက် တစ်ခုခုနှင့် ကြုံဖူးပါသလား။



### သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များထဲမှ အမှားများ

**အမှားပါသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း** လုပ်ငန်းစဉ်များကြောင့် ယုံကြည်စိတ်ချရမှုအပိုင်း အားလျော့နိုင်ပါသည်။ စစ်ဆေးချက်မေးခွန်းတွင် အမှားပါနေပါက သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းရလဒ်များ မမှန်ကန်နိုင်တော့ပါ။ အောက်ပါတို့မှာ အမှားနမူနာများ ဖြစ်ပါသည်။

အဖြေမှန်ရွေးပါ။
၁။ ၄၀၀ ၏ ၂၀ ရာခိုင်နှုန်း =
(က) ၂၀ (ခ) ၅၀ (ဂ) ၁၀၀ (ဃ) ၂၀၀

ရွေးချယ်ရန် အဖြေမှန်မရှိ၍ သင်ယူသူများအနေဖြင့် ဤမေးခွန်းအား မှန်ကန်စွာ ဖြေဆိုနိုင်မည်မဟုတ်ပါ။

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ကိုယ်တိုင်မှဖြစ်စေ၊ အကဲဖြတ်စစ်ဆေးသူမှဖြစ်စေ၊ သင်ယူသူမှဖြစ်စေ၊ ပတ်ဝန်းကျင် အခြေအနေမှဖြစ်စေ အမှားဖြစ်ပေါ်နိုင်သည်။ အထက်ဖော်ပြပါ ဥပမာသည် **မေးခွန်းပိုင်းလွဲချော်မှု** တစ်ခုဖြစ်သည်။ မေးခွန်းများ မှားနေခြင်းဖြစ်သည်။ ဤမေးခွန်းများကို ဆရာနှစ်ယောက်က အမှတ်ပေးသည်။ ဆရာတစ်ယောက်က ကျောင်းသားများအားလုံးကို တစ်မှတ်ပေးပြီး ကျန်ဆရာတစ်ယောက်က တစ်မှတ်မျှ မပေးလျှင် **စစ်ဆေးသူပိုင်းလွဲချော်မှု**တစ်ခု ဖြစ်သည်။

ကျောင်းသားများသည် ၎င်းတို့၏ ပေါ့လျော့မှုကြောင့် မဟုတ်ဘဲ အမှားဖြေဆိုမိခြင်းကို **ကျောင်းသားပိုင်းလွဲချော်မှု** ဟု ခေါ်ပါသည်။ ဥပမာ ကျောင်းသူတစ်ဦးသည် အရေးစွမ်းရည် စစ်ဆေးသည့် စာမေးပွဲတွင် လက်ကျိုးထားသောကြောင့် အချိန်မီ မပြီးခြင်းမျိုးဖြစ်သည်။

နောက်ဆုံးတစ်ပိုင်းမှာ **ပတ်ဝန်းကျင်ပိုင်း လွဲချော်မှု** ဖြစ်ပါသည်။ စားပွဲအလုံးရေ နည်းသွားသောကြောင့် အချို့ ကျောင်းသားများမှာ မတ်တပ်သော်လည်းကောင်း၊ ကြမ်းပြင်တွင်ထိုင်၍သော်လည်းကောင်း ဖြေဆိုခဲ့ရပါက ခုံတွင်ထိုင်ဖြေ ရသော ကျောင်းသားများလောက် သက်သောင့်သက်သာ မရှိခြင်း အာရုံမစိုက်နိုင်ခြင်းတို့ရှိပါက ပတ်ဝန်းကျင်ပိုင်း လွဲချော်မှု ဖြစ်သွားသည်ဟု မှတ်ယူရပါသည်။ ပတ်ဝန်းကျင်ပိုင်း လွဲချော်မှုများတွင် ကျောင်းသား/ကျောင်းသူများ အသုံးပြုသည့် နည်းပညာပိုင်းလည်း ပါဝင်ပါသည်။ ဥပမာ ကျောင်းသား/ကျောင်းသူ အချို့သည် ဟောပြောတင်ဆက်ချက်ကို ဗီဒီယို ရိုက်ကူးပြီး တင်ရန် အင်တာနက် ချိတ်ဆက်မှု အားမကောင်းခြင်း၊ ဆရာနှင့် အတန်းဖော်များကို ဗီဒီယိုကောတွင် ဝင်ပါနိုင်အောင် နည်းပညာပိုင်း၊ ကွန်နက်ရှင်ပိုင်း အားမကောင်းခြင်းတို့မှာလည်း ပတ်ဝန်းကျင်ပိုင်း လွဲချော်မှုဖြစ်သည်။

## လေ့ကျင့်ခန်း

**C** အောက်ပါတို့မှာ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အမှားအယွင်းများ၏ အကြောင်းရင်းများဖြစ်ပါသည်။ ၎င်းတို့ကို မေးခွန်းပိုင်း လွဲချော်မှု၊ စစ်ဆေးသူပိုင်း လွဲချော်မှု၊ ကျောင်းသားပိုင်း လွဲချော်မှု သို့မဟုတ် ပတ်ဝန်းကျင်ပိုင်း လွဲချော်မှု ဟူ၍ အမျိုးအစားခွဲပေးပါ။

၁။ သင်ယူသူများမှာ ပင်ပန်းနေကြသည်။

၂။ တချို့စာစစ်သူများမှာ စာလုံးပေါင်းသတ်ပုံ မှန်ကန်မှုအတွက် အမှတ်များများပေးပြီး အခြားစာစစ်သူများမှာ ထင်မြင်ယူဆချက် ကောင်းမွန်မှုအတွက် အမှတ်များများပေးကြသည်။

၃။ သင်ယူမှု အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တစ်ခုမှာ ၄ နာရီအထိ ကြာလာသောအခါ နောက်ဆုံးမှ တင်ဆက်ချက်ပြုရန် အလှည့်ကျသည့် ကျောင်းသားများမှာ အလွန်ဆာလောင်လာကြသည်။

၄။ ကျောင်းသူ ကျောင်းသားများက အဖြေကို အွန်လိုင်းပေါ်မှ စာရိုက်ရသည့် ဆော့ဝဲတစ်ခုနှင့် ဖြေရမည်ဖြစ်သည်။ မြမြက ထိုဆော့ဝဲကို မသုံးဖူးသောကြောင့် မည်သို့ ဖွင့်ရမည်မသိ ဖြစ်နေသည်။

၅။ ညွှန်ကြားချက်များ မရှင်းလင်းသဖြင့် သင်ယူသူများမှာ မည်သည်ကို လုပ်ဆောင်ရမည်ကိုမသိ ဖြစ်နေကြသည်။

၆။ အဖြေမှန်ရွေးရမည့် ဉာဏ်စမ်းမေးခွန်းကို ကွန်ပျူတာနှင့် အလိုအလျောက် အမှတ်ခြစ်မည်ဖြစ်သည်။ သို့ရာတွင် ပရိုဂရမ် ဆွဲရာတွင် အမှားပါသွား၍ မေးခွန်း နံပါတ် ၁၀ ကို ဘာဖြေဖြေ အမှားဟုသာ အမှတ်ပေးနေသည်။

၇။ ညွှန်ကြားချက်များမှာ သင်ယူသူများ သိပ်နားမလည်သော ဘာသာစကားနှင့် ပြောထားခြင်း ဖြစ်နေသည်။

၈။ စာမေးပွဲခန်းမှာ ဆူညံနေသောကြောင့် သင်ယူသူများသည် ညွှန်ကြားချက်များကို မကြားနိုင်ကြချေ။

၉။ သင်ယူသူတစ်ဦးမှာ ဖျားနေသည်။

၁၀။ စာစီစာကုံးများကို ကွန်ပျူတာဖြင့် ရိုက်နှိပ်ရေးသားရမည်ဖြစ်သော်လည်း တချို့သင်ယူသူများမှာ မသိ၍ လက်ရေးဖြင့် ရေးသားခဲ့ကြသည်။

၁၁။ ရာသီဥတု အလွန်ပူပြင်းသည်။

၁၂။ စာစစ်သူများမှာ စာစီစာကုံးမေးခွန်းအား နားမလည်သောကြောင့် မှားတသော အမှတ်မပေးတတ်ဖြစ်နေသည်။

၁၃။ သင်ယူသူများမှာ အဖြေများကို စာရွက်အလွတ်တွင် ချရေးရမည်ဖြစ်သော်လည်း စာမေးပွဲစောင့်ကြည့်သူမှ မေးခွန်း စာရွက်ပေါ်တွင် ချရေးရန် ညွှန်ကြားသည်။

၁၄။ ကျောင်းသူ ကျောင်းသားအချို့က နှစ်လယ် စာစီစာကုံးကို ကွန်ပျူတာနှင့် ချရေးသည်။ အချို့က ကွန်ပျူတာ မပိုင်၍ မိုဘိုင်းဖုန်းပေါ်တွင် ရေးကြရသည်။

၁၅။ အဖြေမှန်အမျိုးမျိုးရှိသော်လည်း၊ အမှတ်ခြစ်သူသည် အဖြေတစ်မျိုးကိုသာ အမှန်ဟု လက်ခံယူဆသည်နှင့် ကြုံဖူးပါသလား။

## လုပ်ငန်းစဉ်

**၁** သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခု ယုံကြည်စိတ်ချရမှုရှိစေရန် လိုအပ်သော အချက်များပါသည့် အမှတ်ခြစ်စာရင်း တစ်ခု checklist နှစ်ဦးတွဲအလိုက် စီစဉ်ပြုစုပါ။ ထို့နောက် အခြားတစ်တွဲနှင့်ပေါင်းပြီး အဖွဲ့လိုက် စာရင်းတစ်ခု ဖြစ်အောင် ပေါင်းစပ်ပါ။ နောက်ဆုံးတွင် တစ်တန်းလုံးမှ ပေါင်းစပ်ရေးသားထားသည့် စာရင်းတစ်ခုထွက်သည်အထိ အဖွဲ့အချင်းချင်း ဆက်လက်ပေါင်းစပ်ပါ။

## ဆွေးနွေးချက်

**ဿ** အကျိုးဆိုင်မှုမြင့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခုတွင် ယုံကြည်စိတ်ချရမှုသည် အလွန်အရေးပါသည်။ ထိုနေရာတွင် အမှတ်ခြစ်စာရင်းတစ်ခု checklist ထားခြင်းမှာ အသုံးဝင်နိုင်သည်။ သို့ရာတွင် အခြားမည်သည့် နည်းလမ်းများကို သုံးခြင်းအားဖြင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ရပ်ကို ယုံကြည်စိတ်ချရမှုရှိအောင် ဆောင်ရွက်နိုင်ပါသနည်း။



# ၂.၃ ကျိုးကြောင်းဆီလျော်မှု (VALIDITY)

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ "ကျိုးကြောင်းဆီလျော်မှု' (Valid) ၏ အဓိပ္ပာယ်မှာ အဘယ်နည်း။

၂။ ကျိုးကြောင်းဆီလျော်မှုသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် မည်သို့ ဆက်စပ်နေသနည်း။

၃။ သင်ယူမှု ရည်ရွယ်ချက်များနှင့် ကျိုးကြောင်းဆီလျော်မှုတို့ကြားမှ ဆက်စပ်မှုမှာ အဘယ်နည်း။

### ကျိုးကြောင်းဆီလျော်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ရပ် စီစဉ်ရေးဆွဲခြင်း

**ကျိုးကြောင်းဆီလျော်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း**တစ်ရပ်သည် စစ်ဆေးရန် ရည်ရွယ်သည့်အရာကို စစ်ဆေးနိုင်သည်။ စစ်ဆေးသူသည် စစ်ဆေးရမည့် အသိ၊ အတတ်များကို ဦးစွာသတ်မှတ်ဖော်ထုတ်သည်။ ထို့နောက် ထိုအရာများကို စစ်ဆေးနိုင်မည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ရပ်ကို ပုံစံထုတ်တည်ဆောက်သည်။

**ဝင်ခွင့်စစ်ဆေးခြင်း** နှင့် **နေရာသတ်မှတ်ချက် စစ်ဆေးခြင်း** တို့သည် ကျောင်းသားများ သိထား၊ ရှိထားပြီးသော တတ်ကျွမ်းမှုနှင့် ဗဟုသုတများသည် သင်ရိုးတွင် အောင်မြင်စွာ ပါဝင်နိုင်သည်အထိ လုံလောက်ခြင်းရှိ/ မရှိ စစ်ဆေးသည်။ ဥပမာ – အဆင့်မြင့်သင်္ချာသင်တန်းတစ်ခုကို မြန်မာလိုသင်သော သင်တန်းတစ်ခုအတွက် ကျောင်းသားများ ဝင်ခွင့် စစ်ဆေးသည်ဆိုပါက အဆိုပါကျောင်းသားများသည် အဆင့်မြင့်သင်တန်းကို ဝင်ရောက်သင်ယူနိုင်လောက်သည့် အခြေခံရှိ/ မရှိ စစ်ဆေးရမည်ဖြစ်သည်။ ထိုအခါ ကျိုးကြောင်းဆီလျော်သော အကဲဖြတ် ဆန်းစစ်ခြင်းတစ်ရပ်သည် သင်္ချာကျွမ်းကျင်မှုကို စစ်ဆေးချက်တစ်ရပ် ဖြစ်သင့်ပါသည်။ သို့ရာတွင် မေးခွန်းကို အင်္ဂလိပ်လိုမေးပါက ကျောင်းသားများသည် သင်္ချာတော်လျှင်ပင် အင်္ဂလိပ်စာ အားမကောင်းသည့်အတွက် စာမေးပွဲရှုံးလိမ့်မည်။ ထိုအခါ ထိုစစ်ဆေးချက်သည် ကျိုးကြောင်းဆီလျော်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ရပ် မဟုတ်တော့ပေ။



**တိုးတက်မှုစစ်ဆေးခြင်း** သို့မဟုတ် **အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း** သည် သင်ယူသူများ မည်မျှသင်ယူတတ်မြောက်ပြီးပြီကို စစ်ဆေးခြင်းဖြစ်သောကြောင့် **သင်ရိုးမာတိကာ**ထဲတွင် ပါသော သင်ခန်းစာများအပေါ် သာအခြေခံ၍ စစ်ဆေးခြင်းပြုရမည်။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းတွင်လည်း သင်ရိုးကို ကျယ်ပြန့်စွာ **လွှမ်းခြုံနိုင်မှု**ရှိသင့်သည်။ သင်ရိုးရှည်တစ်ခု၏ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းသည် သင်ရိုးအပိုင်းငယ်တစ်ခုတွင်သာ အာရုံစိုက်ထားခြင်း မဖြစ်စေရပါ။

ကျိုးကြောင်းဆီလျော်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခု ဖြစ်ရန်အတွက် မိမိနှင့် မိမိကျောင်းသူ ကျောင်းသားများသည် သင်တန်း၏ သင်ယူမှု ရည်ရွယ်ချက်များကို သိထားရမည်။ ထိုရည်ရွယ်ချက်များအပေါ် မူတည်ပြီး ဆန်းစစ်အကဲဖြတ်ခြင်း လုပ်ဆောင်ရမည်ဖြစ်သည်။ သင်ယူမှု ရည်ရွယ်ချက်များအကြောင်းကို ခေတ်သစ်ဆရာ ၂ – အစီအစဉ်ရေးဆွဲခြင်း မော်ဂျူးတွင် တင်ပြထားပါသည်။



## လေ့ကျင့်ခန်း

**၁** ပေးထားသော သာဓကဖြစ်ရပ်များကိုဖတ်ပြီး အောက်ပါမေးခွန်းများကိုဖြေပါ။

(က) ကိုယ်ပိုင်ကျောင်းတစ်ကျောင်းတွင် GED စာမေးပွဲ ဖြေနိုင်အောင် ပြင်ဆင်လေ့ကျင့်ပေးသည့် အတန်းတစ်တန်း ရှိသည်။ ထိုအတန်းအတွက် ဝင်ခွင့်စာမေးပွဲမှာ GED စာမေးပွဲ မေးခွန်းလွှာတစ်ခုကို ဖြေခိုင်းခြင်းပင်ဖြစ်သည်။

(ခ) ရေကူးသင်တန်းတစ်ခုတွင် သင်တန်းသားများသည် ပက်လက်ကူး၊ မှောက်လျက်ကူး၊ ရေငုပ်ခြင်းနှင့် ဒိုက်ဗင်ထိုးခြင်းတို့ကို သင်ယူကြသည်။ ၎င်းတို့၏ သင်တန်းဆင်းစစ်ဆေးမှုမှာ ရေကူးကန်၏တစ်ဖက်မှ အခြားတစ်ဖက်သို့ တတ်နိုင်သမျှ အမြန်ဆုံးကူးခတ်ရမည်ဖြစ်သည်။

(ဂ) သင်သည် အင်္ဂလိပ်လို စကားစမြည်ပြောဆိုနည်း သင်တန်းတစ်ခုပို့ချနေသည်။ အတိအကျ သတ်မှတ်ထားသော သင်ရိုးမရှိ။ တစ်ပတ်လျှင် ခေါင်းစဉ်တစ်ခုရွေးကာ ကျောင်းသားများက ဆွေးနွေးရခြင်းဖြစ်သည်။ သင်တန်းအပြီးတွင် ကျောင်းသားများကို အတည်အခန့် ဟောပြောပို့ချချက်တစ်ခုကို ဟောပြောစေပြီး ၎င်းကိုကြည့်ကာ သင်ယူမှုဆန်းစစ်အကဲဖြတ်သည်။

(ဃ) စံပြုသင်ရိုးတစ်ခုကို အားလုံးသုံးစွဲကြသော ကျောင်း ၁၀ ကျောင်းပါ ကွန်ရက်တစ်ခုတွင် ကျောင်းသားများသည် ဘာသာရပ်တစ်ခုအတွက် အတန်းဆုံးစာမေးပွဲတစ်ခု ဖြေရတော့မည်ဖြစ်သည်။ ကျောင်း ၁၀ ကျောင်းမှ ဆရာအားလုံးအနက် ဝါအရင့်ဆုံး ဆရာတစ်ဦးက စာမေးပွဲမေးခွန်းရေးလိုက်သည်။ အချို့မေးခွန်းများမှာ ကျောင်းအားလုံးက သင်ကြားပြီးခြင်း မရှိသေးသော မေးခွန်းများ ဖြစ်နေသည်။

၁။ အထက်မှ အဖြစ်အပျက်များတွင် မည်သို့သော ကျိုးကြောင်းဆီလျော်မှုပြဿနာများကို တွေ့ရသနည်း။

၂။ ကျိုးကြောင်းဆီလျော်မှု ရှိသွားစေရန်အတွက် အထက်ပါ မေးခွန်းများကို မည်သို့ ပြောင်းလဲနိုင်မည်နည်း။

# လုပ်ငန်းစဉ်

**၈** တစ်ဖက်စာမျက်နှာပါ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပုံစံများ (i မှ iii အထိ) ကိုကြည့်ပါ။

၁။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (i-iii) ကို အောက်ပါ ဖော်ပြချက် (က မှ ဂ) နှင့် တွဲစပ်ပါ။

(က) သင်ကြား သင်ယူစဉ် သင်ယူတိုးတက်မှုကို အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခုဖြစ်သည်။ ကျောင်းသားများသည် အဖွဲ့လိုက်ပူးပေါင်းလုပ်ဆောင်မှု မည်မျှကောင်းစွာ လုပ်နိုင်ကြောင်းနှင့် သိပ္ပံနည်းလမ်းတစ်ခုကို မည်မျှကောင်းစွာ နားလည်ကြောင်း သရုပ်ပြစေသည့်နည်းလမ်း ဖြစ်ပါသည်။

(ခ) နေရာသတ်မှတ်ချက် စစ်ဆေးမှုတစ်ခုဖြစ်ပြီး ဘာသာစကား သင်ကြားရေးကျောင်းတွင် အဆင့်အသီးသီး အတွက် အတန်းခွဲများတွင် မှန်ကန်စွာ နေရာချနိုင်အောင် စစ်ဆေးခြင်းဖြစ်သည်။

(ဂ) အားနည်းချက် စစ်ဆေးခြင်းဖြစ်သည်။ ကျောင်းသားများက ခန္ဓာကိုယ်အစိတ်အပိုင်း ဝေါဟာရများနှင့် ၎င်းတို့ လုပ်ဆောင်ချက်များကို သိရှိခြင်း ရှိ/မရှိ စစ်ဆေးခြင်းဖြစ်သည်။


၂။ အကဲဖြတ်ဆန်းစစ်ခြင်း တစ်ခုစီအတွက် အောက်ပါဇယားကွက်ကို ဖြည့်ပါ။


| ကျိုးကြောင်းဆီလျော်မှုပြဿနာ | ဖြေရှင်းရန်နည်းလမ်း |
|---|---|
| (i) *အင်္ဂလိပ်ဝေါဟာရများကိုသာ စစ်ဆေးနေခြင်းဖြစ်သည်။ စကားလုံး တစ်လုံးချင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်များ သိမသိကို မစစ်နိုင်ပေ။* | |
| | |
| | • *ပုံများကို ဖယ်ရှားသင့်သည်။*<br>• *အဖွဲ့ကို လေ့လာစောင့်ကြည့်ပြီး စာရင်းတစ်ခုသုံးကာ အမှတ်ပေးသင့်သည်။* |




*i*

ပေးထားသော ပုံများကိုကြည့်ပြီး တစ်ပုံချင်း၏ အင်္ဂလိပ်စကားလုံးအား word search ထဲတွင်ရှာပြီး ဝိုင်းပြပါ။







| | | | | | | | |
|---|---|---|---|---|---|---|---|
| z | f | o | g | r | q | l | s |
| m | o | u | t | h | h | i | t |
| e | o | f | o | a | p | p | i |
| y | t | x | e | n | o | s | e |
| d | h | c | s | d | j | e | a |
| n | u | f | i | n | g | e | r |
| b | m | w | l | a | k | y | v |
| m | b | n | e | c | k | e | e |
| n | o | s | t | r | i | l | u |

*ii*

## Part One: Elementary

1. He ______ very tall.
   is / are / has
2. She ______ like football very much.
   don’t / doesn’t / hasn’t

## Part Two: Pre-Intermediate

3. I ______ the film we saw at the cinema on Wednesday.
   doesn’t like/haven’t liked/didn’t like
4. They ______ in England last year.
   was / were/ is

## Part Three: Intermediate


5. When Mike arrived at the disco, Hania ______.
   already left / has already left / had already left
6. By the time you get this letter I ______.
   will have gone / am going to go / would go

*iii*

## လေးယောက်တစ်ဖွဲ့ လုပ်ဆောင်ပါ။

တစ်ဖွဲ့လျှင် အောက်ဖော်ပြပါ ပစ္စည်းများရှိမည်။

- တစ်လီတာဝင် ရေဗူးအလွတ် ၃ ဗူး
- ၂၀ စင်တီမီတာအရှည်ရှိသော ဝါးခြမ်းပြား ၁ ချောင်း
- ကြိုးအနည်းငယ်
- မာကာဘောပင်
- ၂၀၀ မီလီလီတာဝင် ခွက် ၂ ခွက်



ရေတစ်လီတာသည် ဒြပ်ထု ၁ ကီလိုဂရမ်ရှိပြီး ၂၀၀ မီလီလီတာရှိသော ခွက်မှရေသည် ၂၀၀ ဂရမ်ထု ရှိပါသည်။

၁။ အခြားပစ္စည်းများ၏ ထုအလေးချိန်ကို ဖော်ပြနိုင်သော ကိရိယာတစ်ခုကို ဖန်တီးပါ။

၂။ ထို့နောက် ပစ္စည်း ၄ ခု ၏ အလေးချိန်များကို တိုင်းတာပြီး ရလဒ်များကို မှတ်သားပါ။

ဖန်တီးလိုက်သည့် ကိရိယာ၏ လုပမှုအပေါ် မူတည်ပြီး အမှတ်ပေးမည်ဖြစ်သည်။

## လုပ်ငန်းစဉ်

**ဃ** အောက်ပါတို့မှာ ဘာသာရပ်သုံးခုနှင့် ၎င်းဘာသာရပ်တစ်ခုစီ၏ သင်ယူမှုရည်ရွယ်ချက်များ ဖြစ်ပါသည်။ ပေးထားသော ညွှန်ကြားချက်များအတိုင်း အဖွဲ့လိုက် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးချက်များ စီစဉ်ရေးဆွဲပါ။

၁။ ဘာသာရပ်တစ်ခုကိုရွေးပြီး သင်ယူမှုရည်ရွယ်ချက်အားလုံး ထိရောက်အောင် သင်ကြားရာတွင် သုံးနိုင်မည့် လုပ်ငန်းစဉ် သုံးခုကို စဉ်းစားဆွေးနွေးပါ။ အကြံပြုထားသော လုပ်ငန်းစဉ်များကို ညာဘက်တွင် ဖော်ပြထားပါသည်။

၂။ အခြားအဖွဲ့တစ်ခုနှင့်ပေါင်းပါ။ ထို့နောက် ၎င်းတို့၏ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များမှာ ကျိုးကြောင်းဆီလျော်မှု ရှိမရှိ စစ်ဆေးပါ။

၃။ မိမိတို့ ဖန်တီးထားသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို တစ်တန်းလုံးထံ ပြန်လည်တင်ပြခြင်း ဖြစ်စေ၊ နံရံပေါ်တွင် ကပ်ထားခြင်းဖြစ်စေ ဆောင်ရွက်ပါ။ အဖွဲ့များ၏ တင်ပြထားသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များ ကျိုးကြောင်းဆီလျော်မှု ရှိမရှိ စစ်ဆေးပါ။

### သဘာဝပတ်ဝန်းကျင် ဘာသာရပ် (အထက်တန်းအဆင့်)

သင်တန်းအပြီးတွင် သင်ယူသူများသည်

- ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုများ၊ မီးတောင်ပေါက်ကွဲမှုများ၊ မြေငလျင် လှုပ်ခတ်မှုများ၊ ဆူနာမီ၊ ရေကြီးရေလျှံမှုများ၊ အစာရေစာငတ်မွတ်ခေါင်းပါးမှုများ၊ ရောဂါဘယများ အစရှိသည့် သဘာဝ ဘေးအန္တရာယ်ကျရောက်မှုများ၏ နောက်ကွယ်မှ သိပ္ပံနည်းကျနိယာမများကို ရှင်းပြတတ်သွားမည်။
- ဘေးအန္တရာယ်ကျရောက်မှုများအနက်မှ မည်မျှမှာ သဘာဝအလျောက်ဖြစ်သော ဘေးအန္တရာယ်ဖြစ်ပြီး မည်မျှမှာ လူတို့၏ ပြုမူနေထိုင်မှုကြောင့်ဖြစ်သော ဘေးအန္တရာယ်ဖြစ်သည်ကို ခွဲခြမ်းစိတ်ဖြာ တတ်သွားမည်။
- ဘေးအန္တရာယ်များ၏ သက်ရောက်မှုတို့ကို လျှော့ချနိုင်သော လုပ်ဆောင်ချက်များကို စာရင်းပြုတတ်သွားမည်။

### မြန်မာစာ လက်ရေးလှ (မူလတန်း)

သင်တန်းအပြီးတွင် သင်ယူသူများသည်

- မြန်မာအက္ခရာများအနက်မှ အဓိကကျသော ဗျည်းအက္ခရာများကို ရေးတတ်ပြီး ၎င်းဗျည်းအက္ခရာ တစ်လုံးချင်းစီ၏ အသံထွက်များကို ခွဲခြားတတ်သွားမည်။
- ဗျည်းများကို သရများနှင့် တွဲစပ်တတ်ပြီး တွဲစပ်မှုတစ်ခုစီ၏ အသံထွက်များကို မှန်ကန်စွာ ထွက်တတ်သွားမည်။
- အသုံးများသော စကားလုံး ၁၀၀ ကို စာလုံးပေါင်းမှန်ကန်စွာ ပေါင်းတတ်သွားမည်။
- ၎င်းတို့ မိသားစုဝင်များ၏ နာမည်များ၊ အိမ်လိပ်စာနှင့် ကျေးရွာအမည်တို့ကို ရေးတတ်သွားမည်။

## သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (ဆရာအတတ်သင် ကောလိပ်)

သင်တန်းအပြီးတွင် သင်ယူသူများသည်

- လက်တွေ့ကျသော၊ ယုံကြည်စိတ်ချရသော၊ ကျိုးကြောင်းဆီလျော်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခု၏ လက္ခဏာများကို ဖော်ပြတတ်သွားမည်။
- အသုံးများသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်တစ်ခု၏ လက်တွေ့ကျမှု ယုံကြည်စိတ်ချရမှု ကျိုးကြောင်းဆီလျော်မှုတို့နှင့်ဆိုင်သော ပြဿနာများကို ခွဲခြားဖော်ထုတ်သွားနိုင်မည်။
- လက်တွေ့ကျသော၊ ယုံကြည်စိတ်ချရသော၊ ကျိုးကြောင်းဆီလျော်သော နေရာသတ်မှတ်ချက် စစ်ဆေးခြင်း၊ အားနည်းချက် စစ်ဆေးခြင်းနှင့် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းများကို စီစဉ်ရေးဆွဲတတ်သွားမည်။

### လုပ်ငန်းစဉ်များ

- သရုပ်ဆောင် ပြဇာတ်ကခြင်း
- ပိုစတာရေးခြင်း
- စစ်တမ်းကောက်ခြင်း
- ဆောင်းပါးရေးခြင်း
- ပုံဆွဲခြင်း
- တင်ဆက်ချက်တစ်ခု
- ဂရပ်ဖ်ပုံဆွဲခြင်း
- စမ်းသပ်ချက်တစ်ခု ပြုလုပ်ခြင်း
- သရုပ်ဖော်ရှင်းလင်းချက်တစ်ခု
- ကိုယ်ရေးအတ္ထုပ္ပတ္တိ
- စာမေးပွဲ
- ပရောဂျက်

**င** အကဲဖြတ်ဆန်းစစ်ခြင်းတစ်ရပ်သည် ကျိုးကြောင်းဆီလျော်မှု ရှိ/မရှိ စစ်ဆေးနိုင်သော သတ်မှတ်ချက် နှစ်ဦးတွဲအလိုက် ရေးသားပါ။ ထို့နောက် နှစ်တွဲပေါင်းပြီး စာရင်းကို လည်း ပေါင်းစပ်ပါ။ အဖွဲ့များဖွဲ့ပြီး တစ်ဖွဲ့လုံး ကိုယ်စားပြုစာရင်းတစ်ခု ပြန်ထုတ်ပါ။ နောက်ဆုံးတွင် တစ်တန်းလုံး၏ စာရင်းတစ်ခုတည်း ပေါ်လာသည်အထိ ဆက်လက် ပေါင်းစပ်သွားရပါမည်။



## ဆွေးနွေးချက်

**၁** အောက်ပါ မေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ အကဲဖြတ်ဆန်းစစ်ချက်ကို ကျိုးကြောင်းဆီလျော်မှုရှိအောင် ရေးသားရာတွင် အခက်အခဲ တွေ့ဖူးပါသလား။

၂။ ကျိုးကြောင်းဆီလျော်မှု အားမကောင်းဟု ထင်ရသော အကဲဖြတ်ဆန်းစစ်ချက်ကို ဖြေဆိုဖူးပါသလား။

# ၂.၄ လက်တွေ့ကျခြင်း၊ ယုံကြည်စိတ်ချရခြင်းနှင့် ကျိုးကြောင်းဆီလျော်မှုတို့ကို ပေါင်းစပ်ခြင်း

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရမှု၊ ကျိုးကြောင်းဆီလျော်မှုတို့အနက် မည်သည့်အချက်သည် အရေးပါဆုံးဖြစ်သည်ဟု မိမိအနေနှင့် ထင်ပါသနည်း။


၂။ လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရမှု ကျိုးကြောင်းဆီလျော်မှုတို့အပြင် အခြားအရေးကြီးသော အချက်များ ရှိသေးပါသလား။

## လုပ်ငန်းစဉ်

**ခ** အထက်တန်းလွန် ကျောင်းသား/ကျောင်းသူများအတွက် သမိုင်းဘာသာရပ်အတွင်း သင်ယူမှုရည်ရွယ်ချက်များကို အောင်မြင်ပေါက်မြောက်မှု အကဲဖြတ်ဆန်းစစ်ခြင်း အကြံပြုနည်းလမ်းများဖြစ်ပါသည်။ ၎င်းတို့ကို ဖတ်ပြီး အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

သင်ခန်းစာအပြီးတွင် သင်ယူသူများသည်

- မြန်မာ့သမိုင်းတစ်လျှောက်မှ အဓိကဇာတ်ကောင်များနှင့် အဖြစ်အပျက်များအကြောင်း အကျဉ်းချုပ်ပြောပြတတ်သွားမည်။
- မြန်မာ့သမိုင်းတစ်လျှောက်မှ အဖြစ်အပျက်များ၏ နောက်ကွယ်မှ ဝါဒကြီးများ၏ ဩဇာလွှမ်းမိုးမှုကို ဖော်ပြတတ်သွားမည်။
- တိုက်ရိုက်ရင်းမြစ်၊ တစ်ဆင့်ခံရင်းမြစ်များ အသုံးပြုပြီး သုတေသနပြုလုပ်ခြင်း ဆောင်ရွက်တတ်သွားမည်။ ရင်းမြစ်များ ထိုသို့ ကွာခြားပုံကိုလည်း ခွဲခြားတတ်သွားမည်။




၁။ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းမှာ ပို၍ ကျိုးကြောင်းညီညွတ်မှု ရှိသနည်း။

၂။ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းမှာ ပို၍ ယုံကြည်စိတ်ချရမှု ရှိသနည်း။

၃။ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းမှာ ပုံစံချရန် ပို၍ လက်တွေ့ကျသနည်း။

၄။ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းမှာ စောင့်ကြည့်စစ်ဆေးရန် ပို၍ လက်တွေ့ကျသနည်း။

၅။ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို အကဲဖြတ် အမှတ်ပေးရန် ပို၍ လက်တွေ့ကျသနည်း။

## လုပ်ငန်းစဉ်

**၈** အောက်ပါ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ဥပမာများကို အဖွဲ့လိုက်ကြည့်ပါ။ ဥပမာတစ်ခုချင်းစီတွင် ပြဿနာ တစ်ခုစီရှိပါသည်။

၁။ ပြဿနာသည် လက်တွေ့ကျခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ ကျိုးကြောင်းဆီလျော်မှုရှိခြင်းတို့အနက် မည်သည့် ပြဿနာဖြစ်သနည်း။ အချို့ဥပမာများတွင် ပြဿနာတစ်ခုထက် ပိုမို၍ ရှိနိုင်ပါသည်။

၂။ အဆိုပါ ပြဿနာများကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။

**က** Elementary (A1) အဆင့် အင်္ဂလိပ်ဘာသာစကား သင်တန်းသားများအတွက် တိုးတက်မှုစစ်ဆေးသည့် စာမေးပွဲမှ မေးခွန်းတစ်ခု။

*The functionaries _____ their new premises.*

*a. Like* *b. Likes* *c. Liking* *d. to like*

**ခ** Intermediate (B1) အဆင့် အင်္ဂလိပ် ဘာသာစကား သင်တန်းသားများအတွက် တိုးတက်မှုစစ်ဆေးသည့် စာမေးပွဲမှ မေးခွန်းတစ်ခု။

*We _____ to see the new James Bond movie.*

*a. go* *b. should go*

*c. should have gone* *d. should to go*

**ဂ** လျှောက်ထားသူ ၁၂၀ ဦးရှိသော စီးပွားရေး သင်တန်းတစ်ခုအတွက် ကျောင်းသား ၆ ဦးကို ရွေးချယ်ရန် ပြုလုပ်သည့် ဝင်ခွင့် တင်ဆက် ဟောပြောချက်တစ်ခု တင်ပြခြင်း။

၁။ မိမိ စတင်လုပ်ဆောင်လိုသော စီးပွားရေး တစ်ရပ်အတွက် အစီအစဉ်တစ်ခု ရေးဆွဲပါ။

၂။ အကဲဖြတ်သူများထံ မိမိ၏ စီးပွားရေး အစီအစဉ်ကို တင်ပြပါ။ တင်ပြချက်သည် မိနစ် ၂၀ မှ ၃၀ ခန့်အထိ ကြာနိုင်သည်။

**ဃ** လူမှုရေးဘာသာရပ်အတွက် ဝင်ခွင့်စာမေးပွဲမှ

၁။ ဝေးလ်စ် နိုင်ငံ၏ အမြင့်ဆုံးတောင်ကို ဖော်ပြပါ။

၂။ မက္ကစီကို နိုင်ငံ၏ မြို့တော်ကို ဖော်ပြပါ။

၃။ နိုင်ဂျီးရီးယားနိုင်ငံ၏ အဓိက တင်ပို့ကုန်ကို ဖော်ပြပါ။

**င** IELTS အတွက် ကြိုတင်ပြင်ဆင်ချက် သင်တန်းတစ်ခုတွင် ကျောင်းသားများက တိုးတက်မှု စစ်ဆေးခြင်း စာမေးပွဲကို တစ်ပတ်တစ်ခါ ဖြေဆိုရသည်။ ဆရာက IELTS နမူနာ စာမေးပွဲကို တစ်ပတ်တစ်ခါ ရေးသား ပြင်ဆင်ရသည်။

**စ** Elementary အဆင့် အင်္ဂလိပ်စာဖတ် ကျွမ်းကျင်မှု ဆန်းစစ်ချက်တစ်ခုတွင် အောက်ပါ မေးခွန်းပါသည်။

*U Tin Oo is a rich man. He owns three cars and six houses. He eats in expensive restaurants every night.*

*Fill the gaps.*

1. *U Tin Oo is a _____ man.*
2. *He owns three _____.*
3. *He eats in expensive restaurants _____ night.*

**သ** Intermediate အဆင့် အင်္ဂလိပ်စာဖတ် ကျွမ်းကျင်မှု ဆန်းစစ်ချက်တစ်ခုတွင် အောက်ပါမေးခွန်းပါသည်။

***Many organizations use a top-down approach to management, where the senior directors make all the decisions, and the junior members implement them. Other organizations take a more bottom-up approach, where all members are involved in decision making.***

***Answer the questions.***

1. ***Is consensus decision making usually used in top-down or bottom-up management?***
2. ***Does the United Nations use top-down or bottom-up management styles?***

**ဓ** သက်မွေးသင်တန်းသားများ၏ ဘဝတွက်တာ ကျွမ်းကျင်မှုများ သိရှိနားလည်မှုကို အကဲဖြတ်ဆန်းစစ်သော နိုင်ငံအဆင့် စာမေးပွဲတစ်ခုတွင် သက်မွေးပညာ ကောလိပ်တစ်ကျောင်းစီမှ ကျောင်းသား ၃၀ ကို လူတွေ့မေးမြန်းကြသည်။ မေးမြန်းသူ တစ်ဦးချင်းစီက မည်သည့် စံနှုန်းသတ်မှတ်ချက်က အရေးကြီးကြောင်း တစ်ဦးနှင့်တစ်ဦး အမြင်မတူကြ။

**ဓျ** ဓာတုဗေဒ သင်ရိုးတစ်ခု၏ နောက်ဆုံးရမှတ်အတွက် – ဓာတ်ခွဲခန်းအတွင်း သုတေသန ပရောဂျက်တစ်ခုကို လုပ်ဆောင်ပြီးဖြစ်သည်။ သင့်တွေ့ရှိချက်များကို အစီရင်ခံစာတစ်စောင် ရေးသားပါ။

သဒ္ဒါမှန်ကန်မှု (၃၀) ရာခိုင်နှုန်း

စာစီစာကုံး တည်ဆောက်ပုံ (၃၀) ရာခိုင်နှုန်း

စာလုံးပေါင်းသတ်ပုံ (၂၀) ရာခိုင်နှုန်း

သုတေသန နည်းလမ်းများ (၂၀) ရာခိုင်နှုန်း

## ဆွေးနွေးချက်

**ဃ** ကျောင်းသားများကို သင်ယူမှု ဆန်းစစ်အကဲဖြတ်ရာတွင် အထက်ပါ အရည်အသွေး (၃) ခု ဖြစ်သော PRV တို့ကသာ အရေးကြီးခြင်းမဟုတ်ဘဲ အောက်ပါတို့လည်း အရေးကြီးပါသည်။ အောက်ပါစာရင်းကိုကြည့်ပြီး ၎င်းတို့က အဘယ်ကြောင့် အရေးကြီးကြောင်း ဆွေးနွေးပါ။

၁။ ပွင့်လင်းမြင်သာမှု – သင်ယူသူများသည် ၎င်းတို့အား အကဲဖြတ်စစ်ဆေးနေသည်ကို သိနေခြင်း။

၂။ အားလုံးပါဝင်နိုင်မှု ရှိခြင်းနှင့် မျှတမှုရှိခြင်း၊ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းပုံစံကြောင့် တစ်ပန်းရှုံးရသော အုပ်စုမရှိခြင်း။

၃။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းမှာ မလွယ်လွန်း မခက်လွန်းခြင်း။

၄။ သင်ယူသူများမှာ အကဲဖြတ်စစ်ဆေးမှု ပုံစံနှင့် ရင်းနှီးမှုရှိနေခြင်း။

## လုပ်ငန်းစဉ်

**င** တစ်ဖက်စာမျက်နှာတွင် ဖော်ပြထားသော ဖြစ်ရပ်ကိုဖတ်ပြီး အောက်ပါညွှန်ကြားချက်များအတိုင်း အဖွဲ့ထဲတွင် လုပ်ဆောင်ပါ။

၁။ ထိုသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ဝိသေသဖြစ်နိုင်သော စကားလုံးများကို စက်ဝိုင်းဝိုင်းပါ။

အကျိုးဆိုင်မှုမြင့်သော အကျိုးဆိုင်မှုနိမ့်သော သင်ယူစဉ် အကဲဖြတ်စစ်ဆေးသော သင်ယူပြီး အကဲဖြတ်စစ်ဆေးသော
ယုံကြည်စိတ်ချရသော ယုံကြည်စိတ်ချရမှုမရှိသော ကျိုးကြောင်းဆီလျော်သော ကျိုးကြောင်းမဆီလျော်သော
လက်တွေ့ကျသော လက်တွေ့မကျသော

၂။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

(က) ယုံကြည်စိတ်ချရမှုဆိုင်ရာ ပြဿနာများမှာ အဘယ်နည်း။

(ခ) ကျိုးကြောင်းဆီလျော်မှုဆိုင်ရာ ပြဿနာများမှာ အဘယ်နည်း။

(ဂ) ဤသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းသည် ထိုင်းနိုင်ငံ၏ ပညာရေးအပေါ်တွင် မည်သို့သော အကျိုးသက်ရောက်မှုများ ရှိသနည်း။

(ဃ) သင့်နိုင်ငံမှ ပညာရေးစနစ်တွင်သုံးသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ဆင်တူသလား ကွဲပြားပါသလား။ မည်သို့နည်း။

၃။ ထိုင်းနိုင်ငံ၏ ပညာရေးစနစ် မည်သို့ တိုးတက်ပြုပြင်သင့်ပါသနည်း။ ပြုလုပ်နိုင်သော အပြောင်းအလဲအချို့ကို အကြံပြုပါ။

၄။ မိမိ၏ အကြံပြုချက် အတွေးအကြံများကို အတန်းသို့ တင်ပြပါ။

# ဖြစ်ရပ်လေ့လာချက်

## ထိုင်းနိုင်ငံ ပညာရေးစနစ်မှ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းပုံစံ

ထိုင်းနိုင်ငံ ပညာရေးစနစ်မှ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းပုံစံတစ်ခုဖြစ်သော The Ordinary National Educational Test (O-Net) သည် ပြဿနာအချို့ရှိသည်။ ဤနှစ်ပိုင်း၏ O-Net အောင်စာရင်းများမှာ စိတ်ပျက်ဖွယ်ဖြစ်နေသည်။ ၁၂ တန်းမှ ကျောင်းသားပေါင်းများစွာက ဘာသာရပ်များစွာတွင် ကျရှုံးနေသည်။ သင်္ချာနှင့် အင်္ဂလိပ်ဘာသာတို့တွင် အထူးသဖြင့် အမှတ်အနည်းဆုံး ဖြစ်နေသည်။

ထိုင်းနိုင်ငံ၏ နိုင်ငံအဆင့် ပညာရေး စာမေးပွဲ စစ်ဆေးရေးဌာန National Institute of Educational Testing Service (NIETS) သည် တက္ကသိုလ်ဆရာများကိုခေါ်ယူပြီး O-Net စာမေးပွဲ မေးခွန်းများကို ရေးသားစေသည်။ သို့ရာတွင် ၎င်းတို့အများစုမှ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အပိုင်းနှင့် စာမေးပွဲပုံစံထုတ်ခြင်း အပိုင်းတို့တွင် အတွေ့အကြုံနည်းပါးကြသည်။ စာမေးပွဲမှာ အဖြေမှန်ရွေး မေးခွန်းများသာ အများစုဖြစ်နေပြီး မေးခွန်းများကို ရေးသားထားပုံမှာလည်း အမှားအယွင်းများစွာ ဖြစ်နေသည်။



နောက်ထပ်ပြဿနာတစ်ခုမှာ NIETS က ထိုင်းနိုင်ငံ၏ နိုင်ငံအဆင့် သင်ရိုးရေးဆွဲသူများနှင့် ချိတ်ဆက်ဆောင်ရွက်မှု မရှိခြင်းပင်ဖြစ်သည်။ အကျိုးဆိုင်မှုမြင့်သော စာမေးပွဲများနှင့် ကျောင်းသင်ရိုးညွှန်းတမ်းတို့ အကြား ကွာဟမှုနှင့် အချိတ်အဆက်မဲ့မှုများ ဖြစ်ပွားနေပါသည်။ NIETS သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း စာမေးပွဲများမှာ များသောအားဖြင့် အချက်အလက်ဆိုင်ရာ သိရှိမှတ်မိခြင်းကို ဦးစားပေးထားပါသည်။ ဆရာအများစုသည် အရေးပါသော ကျွမ်းကျင်မှုများဖြစ်သော သုတေသနလုပ်ဆောင်ခြင်းနှင့် ဝေဖန်သုံးသပ်မှုပြသော စာစီစာကုံးများ ရေးသားခြင်းတို့ကို မသင်ကြားပေးကြပါ။ အကြောင်းမှာ စာမေးပွဲတွင် မပါသောကြောင့်ပင်ဖြစ်သည်။ ထိုအဖြစ်မှာ စာမေးပွဲက သင်ရိုးကို ပုံဖော်သွားခြင်း ဖြစ်နေပါသည်။ ဖြစ်သင့်သည်မှာ စာမေးပွဲက သင်ရိုးကို အထောက်အပံ့ပေးခြင်းသာဖြစ်သည်။

စာမေးပွဲအောင်စာရင်း အောင်ချက်ရာနှုန်း နိမ့်လွန်းနေခြင်းက သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်ပုံစံက ယုံကြည်စိတ်ချရဖွယ် မရှိကြောင်းနှင့် လုံလောက်ပြည့်စုံမှုမရှိကြောင်း ပြသနေပါသည်။ နိုင်ငံအဆင့် အကဲဖြတ်ဆန်းစစ်ခြင်း စာမေးပွဲများသည် နိုင်ငံပညာရေးစနစ် မြှင့်တင်ခြင်း၊ သင်ကြားရေးနည်းလမ်းများကို အကဲဖြတ်ခြင်း၊ **မူဝါဒ**ချမှတ်ခြင်းနှင့် သင်ယူသူတစ်ဦးချင်းစီ တိုးတက်အောင် ဆောင်ရွက်ခြင်းတို့အတွက် လိုအပ်သော အချက်အလက်များကို ထုတ်ပေးနိုင်စွမ်းရှိရပါမည်။

၁၂ နှစ်ကြာ ပညာရေး၏အဆုံးတွင် အထက်တန်းကျောင်းသားများ၏ သင်ယူမှုကို ဆန်းစစ်ရာ၌ မိမိတို့ သင်ယူထားသည့် အရာများနှင့် မသက်ဆိုင်သောအရာများကို စာမေးပွဲအတွင်း ထည့်မေးနေခြင်းသည်လည်း ပြဿနာတစ်ရပ် ဖြစ်ပါသည်။

http://www.bangkokpost.com/opinion/opinion/1234458/a-yearly-reminder-of-utter-incompetence မှ ဆီလျော်အောင် ထုတ်နုတ်ပြန်ဆိုထားပါသည်။

## လုပ်ငန်းစဉ်

၁ မိမိတို့၏ အကဲဖြတ်ဆန်းစစ်ချက်သည် ယုံကြည်စိတ်ချရသော၊ ကျိုးကြောင်းဆီလျော်သော၊ လက်တွေ့ကျသော စာမေးပွဲဖြစ်စေသည့် လိုက်နာဖွယ်ရာများကို စာရင်းတစ်ခု အဖွဲ့လိုက်ပြုလုပ်ပါ။


- အပိုင်း ၂.၂ နှင့် ၂.၃ တို့မှ အရေးကြီးသောအချက်များကို ထည့်သွင်းရေးချပါ။
- ဤအပိုင်းမှ သင်ယူရရှိသော အချက်အလက်အသစ်များ ထည့်သွင်းရေးချပါ။
- အတန်းတစ်တန်းလုံးအနေနှင့် စာရင်းတစ်ခု ပြုစုပါ။ လိုက်နာဖွယ်ရာ စာရင်းကို လက်တွေ့၊ ကျိုးကြောင်းဆီလျော်နှင့် ယုံကြည်စိတ်ချရမှုဟူ၍ အပိုင်း သုံးပိုင်းခွဲပါ။

| အကြောင်းအရာ | ရှိ/မရှိ |
|---|---|
| • ညွှန်ကြားချက်များ ရှင်းလင်းပါသလား။ | |
| • သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပုံစံကြောင့် မသန်စွမ်း ကျောင်းသူ ကျောင်းသားများကို ချန်လှပ်ထားမှု ရှိနိုင်သလား။ | |
| | |
| | |
| | |
| | |



## ပြန်လှန်သုံးသပ်ခြင်း

**ဿ** မိမိ၏ သင်ယူမှု နေ့စဉ်မှတ်တမ်းထဲတွင်





### အနှစ်ချုပ် - အခန်း (၂) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း မူဘောင်များ

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ အဓိကမူဘောင် ၃ ခုမှာ လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် ကျိုးကြောင်းဆီလျော်မှုတို့ ဖြစ်ပါသည်။ ၎င်းမူဘောင် ၃ ခုလုံးမှာ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကောင်းတစ်ခုအတွက် အရေးကြီးသောအချက်များဖြစ်ပြီး တစ်ခုအပေါ်တစ်ခု သက်ရောက်မှုရှိကြသည်။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက်ကောင်းတစ်ခုသည် အဆိုပါ မူဘောင် ၃ မျိုးလုံး မျှတစွာ ပါဝင်ပါသည်။

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်ပေါ်တွင်လည်းကောင်း၊ အကျိုးဆိုင်မှု နိမ့်ခြင်း မြင့်ခြင်းပေါ်တွင်လည်းကောင်း၊ သင်စဉ်/သင်ပြီး ဆန်းစစ်ခြင်းပေါ်တွင်လည်းကောင်း၊ ကျောင်းသားဦးရေပေါ်တွင်လည်းကောင်း မူတည်ပြီး အချို့သော လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် ကျိုးကြောင်းဆီလျော်မှုဆိုင်ရာ ပြဿနာများ ပေါ်ပေါက်မည်ဖြစ်ပါသည်။

ယုံကြည်စိတ်ချရသော၊ ကျိုးကြောင်းဆီလျော်သော၊ လက်တွေ့ကျသော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းဖြစ်ရန် ဆန်းစစ်ရမည့် ကျောင်းသားဦးရေ၊ သင်ယူမှု အကဲဖြတ်ဆန်းစစ်ရခြင်း ရည်ရွယ်ချက်၊ ဆန်းစစ်ချိန်အခြေအနေများ၊ မေးခွန်းအမျိုးအစားများ၊ ရလာနိုင်သည့် သတင်းအချက်အလက်များ စသည်တို့အပြင် မည်သူက ဆန်းစစ်အမှတ်ပေးမည်ဖြစ်ကြောင်းတို့ကိုပါ ထည့်သွင်းစဉ်းစားရပါမည်။





# ၄ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးအစားများ

**ရည်ရွယ်ချက်များ**

- ဆရာအတတ်သင် သင်တန်းသားများသည် အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အမျိုးမျိုး ရှာဖွေတတ်သွားမည်။
- အဖွင့် လုပ်ငန်းဆောင်တာများနှင့် အပိတ် လုပ်ငန်းဆောင်တာများကို ခွဲခြားတတ်သွားမည်။
- အပိတ်မေးခွန်းများနှင့် လုပ်ငန်းဆောင်တာများကို သင့်လျော်စွာ ရေးဆွဲတတ်သွားမည်။
- အဖွင့် မေးခွန်းများအတွက် အမှတ်ပေးဇယား ရေးဆွဲတတ်သွားမည်။

# ၃.၁ အကဲဖြတ်ဆန်းစစ်နည်း

## အကြိုသင်ခန်းစာ



**က** သင်ယူသူများ၏ သင်ယူတတ်မြောက်မှုကို စစ်ဆေးရန် မည်သို့သော လုပ်ငန်းများအား အသုံးပြုနိုင်သနည်း။ စာရင်းတစ်ခု ပြုစုပါ။

- စာမေးပွဲစစ်ခြင်း
- ဟောပြောတင်ဆက်ချက်

**ခ** အကဲဖြတ်စစ်ဆေးခြင်း ပြုလုပ်ရာတွင် မည်သို့သော အခြေခံ အကြောင်းအရာများကို ထည့်သွင်းစဉ်းစားပါသနည်း။ စာရင်းတစ်ခု ပြုစုပါ။

- အကဲဖြတ်စစ်ဆေးမှု အမျိုးအစားနှင့် ရည်ရွယ်ချက် (တိုးတက်မှု စစ်ဆေးခြင်း၊ သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း၊ အကျိုးဆိုင်မှုနိမ့်သော၊ အစရှိသဖြင့်..)
- ဘာသာရပ်

### အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းဆောင်တာများ

သင်ယူမှု စစ်ဆေးရာတွင် မည်သည့် သင်ကြားသင်ယူမှု လုပ်ငန်းစဉ်ကိုမဆို သင်ယူမှု အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းဆောင်တာအဖြစ် အသုံးပြုနိုင်သည်။ ဥပမာ ဆရာတစ်ဦးသည် အင်္ဂလိပ်ဘာသာရပ် သင်တန်းတစ်ခု၏ နောက်ဆုံး အတန်းဆုံး စာမေးပွဲအနေနှင့် ပြဇာတ်လုပ်ခိုင်းကာ ကျောင်းသားတစ်ဦးချင်းစီ၏ စွမ်းဆောင်မှုကို **အမှတ်ပေးဇယား**တစ်ခု အသုံးပြုပြီး အကဲဖြတ်အမှတ်ပေးနိုင်သည်။ အချို့ဆရာများက ကျောင်းသူ ကျောင်းသားများကို အိမ်စာပေးပြီး သင်ကြား သင်ယူစဉ် အကဲဖြတ်ချက်အဖြစ် အသုံးပြုသည်။ အိမ်စာကို စစ်ဆေးခြင်းအားဖြင့် သင်ယူမှု ရည်ရွယ်ချက် မည်မျှ ပြည့်မီမှု ရှိမရှိ ဆန်းစစ်ခြင်းလည်း ဆောင်ရွက်နိုင်ပါသည်။

ဝေါဟာရ သင်ကြားသော လုပ်ငန်းစဉ်တစ်ခုကို ဉာဏ်စမ်းပြိုင်ပွဲအဖြစ် ပြင်ဆင်ကာ ကျောင်းသူ ကျောင်းသားများကို အုပ်စု နှစ်စုခွဲပြီး ယှဉ်ပြိုင်ခိုင်းနိုင်သည်။ ပြိုင်ပွဲကို ကျောင်းသူ ကျောင်းသားအတွက် တိုးတက်မှု စစ်ဆေးချက်အဖြစ် သော်လည်းကောင်း၊ လိုအပ်ချက်ရှာသော စစ်ဆေးချက်အဖြစ်သော်လည်းကောင်း အသုံးပြုနိုင်သည်။ ကျောင်းသူ ကျောင်းသားများ၏ စွမ်းဆောင်ရည် လိုအပ်ချက် ကြီးမားနေပါက ဆရာ ဆရာမသည် သင်ခန်းစာ အစိတ်အပိုင်းအချို့ကို ပြန်လည်သင်ကြားလိုက သင်ကြားပြီး စစ်ဆေးခြင်း မေးခွန်းလွှာ အသစ်ထပ်ပေးကာ ဖြေဆိုခိုင်းနိုင်သည်။

အသင့်တော်ဆုံး အကဲဖြတ်စစ်ဆေးမှု ဖြစ်လာရန် မိမိတိုင်းတာလိုသော သင်ယူမှု ရည်ရွယ်ချက် အပါအဝင် အခြားအချက် များစွာအပေါ် မူတည်စဉ်းစားရမည်ဖြစ်သည်။ အကဲဖြတ်စစ်ဆေးချက် အတော်များများသည် အချက်များစွာကို တစ်ချိန်တည်း တိုင်းတာနိုင်စွမ်းရှိသည်။ ဥပမာ ဆရာ ဆရာမက ကျောင်းသူ ကျောင်းသားများကို ပရောဂျက်တစ်ခု အကောင်အထည်ဖော်ခိုင်းပြီး ၎င်းလုပ်ငန်းစဉ်တွင် သင်ခန်းစာ ခေါင်းစဉ်နားလည်မှု၊ သုတေသနစွမ်းရည်နှင့် အဖွဲ့လိုက် လုပ်ဆောင်နိုင်စွမ်းတို့ကို အကဲဖြတ်ဆန်းစစ်ခြင်းမျိုးဖြစ်သည်။

သင်ကြားသင်ယူမှု လုပ်ငန်းစဉ်တစ်ခုကို အကဲဖြတ်ဆန်းစစ်ချက် တစ်ခုအဖြစ် ပြောင်းလဲလုပ်ဆောင်ခိုင်းလိုပါက အကဲဖြတ် ဆန်းစစ်ချက်၏ ရည်ရွယ်ချက်ကို ပြန်စဉ်းစားရန် လိုအပ်သည်။ သင်ကြားဆဲ/ သင်ယူပြီး၊ အကျိုးဆိုင်မှု မြင့်/ နိမ့်၊ လုပ်ငန်းစဉ်၏ လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရစွာ စစ်ဆေးနိုင်မှု၊ ကျိုးကြောင်းဆီလျော်မှု စသည်တို့ကို ထည့်သွင်းစဉ်းစား ရမည်။ ကျောင်းသူ ကျောင်းသားများ တွေ့ကြုံသိမြင်ဖူးသော လုပ်ငန်းဆောင်တာများကိုသာ လုပ်ခိုင်းရမည်။ အစီအရင်ခံစာ ရေးသားခြင်းကို တစ်ခါမျှ မတွေ့ကြုံ မသင်ယူဖူးသော ကျောင်းသူ ကျောင်းသားများကို အကဲဖြတ်ဆန်းစစ်ချက် လုပ်ငန်းစဉ် ပေးရာတွင် အစီအရင်ခံစာ ရေးခိုင်းသော လုပ်ငန်းစဉ် မဖြစ်ရန် လိုပါသည်။

## လုပ်ငန်းစဉ်

**ဂ** အောက်ပါ အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းများကိုကြည့်ပါ။

၁။ မည်သည့်ဘာသာရပ်တွင် အောက်ပါလုပ်ငန်းစဉ်ကို အကဲဖြတ်ဆန်းစစ်ချက် လုပ်ငန်းအဖြစ် အသုံးပြုမည်ဆိုသည့် အပေါ် မူတည်ပြီး ပူးတွဲပါ ဆက်စပ်မှုပြ စက်ဝိုင်းသရုပ်ဖော်ပုံတွင် နေရာချပါ။

(က) အချက်အလက်များကို သရုပ်ဖော်ပုံတစ်ခုထဲတွင် ထည့်ပါ။

(ခ) အချက်အလက်များ စုဆောင်းပါ။

(ဂ) ဆွေးနွေးပွဲများတွင် ပါဝင်ဆောင်ရွက်ပါ။

(ဃ) စာအုပ်အညွှန်းတစ်ခု ရေးသားပါ။

(င) အချိန်ဇယားတစ်ခု ဖန်တီးပါ။

(စ) သင်တန်းအလုပ်ရုံ ဆွေးနွေးပွဲတစ်ခု ပုံစံထုတ်ပါ။

(ဆ) လမ်းညွှန်ချက်များပေးပါ။

(ဇ) **မှန်းဆချက်**တစ်ရပ်ကို စမ်းသပ်ပါ။

(ဈ) ဆောင်းပါးတစ်ခုထဲတွင်ပါသော အကြောင်းအရာများကို အချက်အလက်နှင့် ထင်မြင်ယူဆချက်များအဖြစ် ခွဲခြားပါ။

(ည) လက်တွေ့စမ်းသပ်မှုတစ်ခု စီစဉ်ရေးဆွဲပါ။

(ဋ) စစ်တမ်းမေးခွန်းလွှာတစ်ခုတွင် အဖြေများဖြည့်ပါ။

(ဌ) ထင်ပေါ်ကျော်ကြားသော ပုဂ္ဂိုလ်များနှင့် ၎င်းတို့၏ အောင်မြင်မှုများကို စာရင်းပြုစုပါ။

(ဍ) ပန်းချီကားတစ်ချပ်အား ဆေးရောင်ချယ်ပါ။

(ဎ) ဂရပ်ဖ်ပုံမှ ရာခိုင်နှုန်း တွက်ထုတ်ပါ။

(ဏ) အစီရင်ခံစာ တစ်စောင်ရေးပါ။

(တ) မြေပုံတစ်ခုကို ရေးဆွဲပြီး **အွန်လိုင်းဖိုရမ်** တစ်ခုတွင် တင်ပါ။

(ထ) ဖြစ်ရပ်လေ့လာချက်တစ်ခုကို ခွဲခြမ်းစိတ်ဖြာပါ။


(ဒ) ကဗျာတစ်ပုဒ် ရွတ်ပြပါ။

(ဓ) စာပိုဒ်ထဲမှ အမှားများကို ပြင်ပေးပါ။

(န) အပင်တစ်ပင် စိုက်ပျိုးပါ။

၂။ မိမိသင်ကြားသော သင်ခန်းစာအား စစ်ဆေးရာတွင် အသုံးပြုနိုင်မည့် လုပ်ငန်းများအား ဝိုင်းပေးပါ။

၃။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များ သင်ကြားပေးသော ဘာသာရပ်တစ်ခုစီအတွက် အသုံးဝင်မည့် အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းများကို စာရင်းပြုစုပါ။ မိမိကိုယ်ပိုင် လုပ်ငန်းများကိုလည်း ဤစာရင်းထဲသို့ ထည့်ရေးပါ။



# လုပ်ငန်းစဉ်

ဃ အောက်ပါတို့မှာ မှန်ဦးပညာရေး၏ တက်ကြွလှုပ်ရှားနိုင်သော စာအုပ်မှ အခန်းတစ်၏ သင်ယူမှု ရည်ရွယ်ချက်များ ဖြစ်သည်။

## ဗဟုသုတ

**ဤအခန်းအပြီးတွင် အောက်ပါ ဗဟုသုတများ တိုးပွားလာမည်ဖြစ်သည်။**

ဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားနှင့် တာဝန်သိစိတ်ရှိ အခြေခံနိုင်ငံသားတို့၏ ကွာခြားချက်များ။

## ကျွမ်းကျင်မှုများ

**ဤအခန်းအပြီးတွင် အောက်ပါစွမ်းရည်များ တိုးတက်လာမည်ဖြစ်သည်။**

'တာဝန်သိစိတ်ရှိ အခြေခံနိုင်ငံသား' အကြောင်း မိမိအသိုင်းအဝိုင်းအတွင်း ပြန်လည်ပြောဆိုလာနိုင်ခြင်း။

## တန်ဖိုးများ

**ဤအခန်းအပြီးတွင် အောက်ပါတို့အား ပြန်လည်သုံးသပ်စေမည်။**

'တာဝန်သိစိတ်ရှိ အခြေခံနိုင်ငံသား' တစ်ဦး ဖြစ်ရခြင်း၏ အကျိုးကျေးဇူးများ။

၁။ တစ်ဖက်ပါ အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းများကိုကြည့်ပါ။ ၎င်းတို့မှာ ဖော်ပြပါ သင်ယူမှု ရည်ရွယ်ချက်များကို စစ်ဆေးရန် အတွက် အသုံးဝင်ပါသလား။ မည်သည့် လုပ်ငန်းက အသုံးဝင်ခြင်း ဖြစ်သနည်း။ လုပ်ငန်းတစ်ခုခုတွင် ပြဿနာ တစ်စုံတစ်ရာ တွေ့ရှိရပါသလား။

၂။ အထက်ပါ သင်ယူမှု ရည်ရွယ်ချက် နှစ်ခုဖြစ်စေ၊ (သုံးမျိုးလုံးကိုဖြစ်စေ) စစ်ဆေးနိုင်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်း တစ်ခုကို စဉ်းစားပါ။



**က** အောက်ပါတို့တွင် မည်သူသည် ဥပဒေအရ သတ်မှတ်သော နိုင်ငံသား ဖြစ်ပြီး မည်သူသည် တာဝန်သိစိတ်ရှိ နိုင်ငံသား ဖြစ်ပါသနည်း။

၁။ မိမွန်တွင် နိုင်ငံသားစိစစ်ရေးကဒ်နှင့် နိုင်ငံကူးလက်မှတ်တို့ရှိသည်။

၂။ စောဂေသည် ရပ်ရွာအဖွဲ့အသီးသီးတွင် ဝင်ရောက်ကူညီနေပြီး ရပ်ရွာတွင်လည်း အခမဲ့ကျောင်းတစ်ကျောင်း တည်ထောင်ထားသည်။

**ခ** ဥပဒေအရ သတ်မှတ်သော နိုင်ငံသားနှင့် တာဝန်သိစိတ်ရှိ နိုင်ငံသား တို့၏ ကွဲပြားမှုကို ဖော်ပြသော စာစီစာကုံး တစ်ပုဒ်ရေးပါ။

**ဂ** အဖြေမှန်ရွေးပါ။

ဟောပြောတင်ဆက်ချက် တစ်ခုတွင် ပါဝင်သည့် အရာမှာ ______

(က) အစားအသောက် (ခ) ပါဝါပွိုင့်

(ဂ) ကြိုတင်ပြင်ဆင်မှု (ဃ) ဓာတ်ပုံများ

**ဃ** တာဝန်သိစိတ်ရှိ နိုင်ငံသားတစ်ဦးအကြောင်းကို ငါးမိနစ်စာတင်ပြပါ။ ၎င်းတို့ လုပ်ဆောင်သော အလုပ်နှင့် ၎င်းတို့၏ ဘဝနောက်ခံ အချက်အလက်များကို ထည့်သွင်းတင်ပြပါ။

**အမှတ်ပေး စံသတ်မှတ်ချက်များ**

- သတင်းအချက်အလက် ၅၀%
- နောက်ခံအချက်အလက် သုတေသန ၃၀%
- တင်ပြမှုစွမ်းရည် ၂၀%

**င** တာဝန်သိစိတ်ရှိ နိုင်ငံသားများကြောင့် မိမိတို့နေထိုင်ရာ ရပ်ကွက်များအတွင်း မည်သို့သော အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။ အတန်းထဲတွင် ဆွေးနွေးပါ။

**စ** မှား၊ မှန် ရွေးပါ။

၁။ တာဝန်သိစိတ်ရှိ နိုင်ငံသားများသည် ဥပဒေကို အမြဲလိုက်နာကြသည်။

၂။ တာဝန်သိစိတ်ရှိ နိုင်ငံသားများသည် လူ့အဖွဲ့အစည်းအတွင်း အတူတကွ ပူးပေါင်းဆောင်ရွက်မှုကို အားပေးသည်။

၃။ တာဝန်သိစိတ်ရှိ နိုင်ငံသားများသည် တခြားသူများအား ဂရုစိုက် စောင့်ရှောက်ပေးတတ်သည့် ကြင်နာတတ်သူများ ဖြစ်ကြသည်။

## ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေးဖြေဆိုပါ။

၁။ မည်သည့် လုပ်ငန်းစဉ်များသည် သင်ယူမှု အကဲဖြတ်ချက် လုပ်ငန်းဆောင်တာအဖြစ် အသုံးပြုရန် အကောင်းဆုံး ဖြစ်သနည်း။

၂။ မည်သည့် လုပ်ငန်းစဉ်များကို သင်ယူမှု အကဲဖြတ်ချက် လုပ်ငန်းဆောင်တာအဖြစ် မိမိကိုယ်တိုင် နောင်အသုံးပြုရန် လိုလားသနည်း။

# ၃၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးအစားများ

## အကြိုသင်ခန်းစာ

**က** အဖြေမှန်ရွေး မေးခွန်းတစ်ခုနှင့် စာစီစာကုံး မေးခွန်းတို့၏ အသုံးကွာခြားချက်များမှာ အဘယ်တို့နည်း။

## လေ့ကျင့်ခန်း

**ခ** အောက်ပါ အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းဥပမာများ (၁ မှ ၉ အထိ) ကို ကြည့်ပါ။

၁။ လုပ်ငန်းတစ်ခုစီက မည်သည့်ဘာသာရပ်ကို စစ်ဆေးနေခြင်းဖြစ်သနည်း။

၂။ အောက်ပါ လုပ်ငန်းစဉ် ၁ မှ ၉ ကို လုပ်ငန်းဆောင်တာ အမျိုးအစား (က မှ ဈ) နှင့် တွဲစပ်ပါ။

**i** အောက်ပါတို့ကို နိုင်ငံများ၊ မြို့များ၊ လူမျိုးများ ဟူ၍ အမျိုးအစားခွဲပါ။

*India Scottish Hmong Laos Delhi*
*Iran Khmer Arabic Kuala Lumpur Sydney*
*Kunming Vietnamese Thai Mexico*

**ii** အောက်ပါအဖြစ်အပျက်များကို အချိန်ပြမျဉ်းပေါ်တွင် ချရေးပါ။

အောင်ဆန်းအက်တလီ သဘောတူစာချုပ်
လွတ်လပ်ရေး
ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံသတ်ဖြတ်ခံရမှု

**iii** အဖြေမှန်ရွေးပါ။

အောက်ပါတို့အနက် ဒြပ်စင်မဟုတ်သည့်အရာကိုရွေးပါ။

(က) ရွှေ (ခ) နိုက်ထရိုဂျင် (ဂ) ရေဒီယမ် (ဃ) ဆား

**iv** အမေးနှင့် အဖြေနှင့် တွဲစပ်ပါ။

| | |
|---|---|
| *How are you?* | *a. fifteen* |
| *How old are you?* | *b. 1,500 MMK* |
| *How much is that?* | *c. fine, thanks* |

**v** အပင်တစ်ပင်၏ အစာချက်လုပ်ပုံ အဆင့်ဆင့်ကို ဖော်ပြပါ။ (စာလုံးရေ ၁၀၀)

**vi** အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ကွန်မြူနစ်အစိုးရ၏ ဝိသေသလက္ခဏာများမှာ အဘယ်နည်း။

၂။ သက်ဦးဆံပိုင် ဘုရင်စနစ်၏ ဝိသေသလက္ခဏာများမှာ အဘယ်နည်း။

၃။ အုပ်ချုပ်မှုမဲ့ဝါဒစွဲကိုင်သော လူ့အသိုင်းအဝိုင်းများ၏ ဝိသေသလက္ခဏာများမှာ အဘယ်နည်း။

**vii** ပျောက်နေသော စကားလုံးများကို ရေးထည့်ပါ။

***Je m'______ Louis. J'_____ vingt ans.***

***J'______ à Paris. Je ______ un étudiant.***

***suis   appelle   habite   ai***

**viii** အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ဆလိုင်းတွင် လိမ္မော်သီး ၁၄ လုံးရှိသည်။ သူ၏ သူငယ်ချင်း ၃ ယောက်နှင့် အညီအမျှ ဝေစားလိုပါက တစ်ဦးတွင် လိမ္မော်သီး မည်မျှစီ ရှိမည်နည်း။

၂။ စုစုသည် သူမ၏အိမ်ကို ဆေးသုတ်နေသည်။ သူမတွင် ဆေး ၃.၁ လီတာရှိသည်။ ဆေးသုတ်ရန် ၇.၅ လီတာ လိုမည်ဖြစ်သည်။ ဆေးမည်မျှ ထပ်ဝယ်ရမည်နည်း။

**ix** အောက်ပါစာကြောင်းများကို အပြီးသတ် ရေးချပါ။


၁။ မြန်မာနိုင်ငံရှိ လူမှုမီဒီယာ၏ အကျိုးကျေးဇူးတစ်ခုမှာ ...

၂။ မြန်မာနိုင်ငံရှိ လူမှုမီဒီယာ၏ ဆိုးကျိုးတစ်ခုမှာ ...

က။ တွဲစပ်ခြင်း
ခ။ စာစီစာကုံး
ဂ။ အစီအစဉ်ချခြင်း
ဃ။ အဖွင့်မေးခွန်းများ
င။ အပိတ်မေးခွန်းများ
စ။ အမျိုးအစားခွဲခြင်း
ဆ။ အဖြေမှန်ရွေး
ဇ။ အဖွင့် ကွက်လပ်ဖြည့်
ဈ။ အပိတ် ကွက်လပ်ဖြည့်



# အဖွင့်လုပ်ငန်းများ နှင့် အပိတ်လုပ်ငန်းများ



**အပိတ် (ထိန်းကျောင်းကန့်သတ်မှုများသော၊ ရှိသော)** လုပ်ငန်းများတွင် မှန်ကန်သော အဖြေတစ်ခုသာ ရှိသည်။ ကျောင်းသားအဖြေသည် အဖြေမှန်နှင့် အမှားသာရှိနိုင်သည်။ ဥပမာ – ပင့်ကူတွင် ခြေချောင်း မည်မျှရှိသနည်းဆိုသော မေးခွန်းအတွက် တစ်ခုတည်းသော အဖြေမှန်မှာ '၈' ဖြစ်သည်။ သင်ယူသူများက ၈ မဟုတ်သော အခြား အဖြေ ဖြေပါက အဖြေမှားဖြစ်သည်။

**အဖွင့် (ထိန်းကျောင်းကန့်သတ်မှုနည်းသော၊ မရှိသော)** လုပ်ငန်းများတွင် အဖြေမှန်များစွာ ရှိသည်။ သင်၏ အကြိုက်ဆုံးအရောင်မှာ အဘယ်နည်း။ ဘာကြောင့်နည်းဆိုသော မေးခွန်း အတွက် အဖြေမှန်များစွာရှိသည်။ သင်ယူသူများမှ ၎င်းတို့ကြိုက်သော အရောင်တစ်မျိုးနှင့် အကြောင်းပြချက်များ ရေးထားပါက အမှတ်ပြည့်ရနိုင်သည်။ ဥပမာ

'ကြက်ပေါက်ကလေးများကို ချစ်သောကြောင့် အဝါရောင်ကို ကြိုက်သည်။'
'ငြိမ်းချမ်းသော ခံစားမှုကို ပေးသောကြောင့် အစိမ်းရောင်ကို ကြိုက်သည်။'
'အစိမ်းရောင်၊ အလင်းဖြင့် အစာချက်ခြင်းသည် လူသားအားလုံး အသက်ဓာတ်အတွက် အရေးပါသောကြောင့်'

အထက်ပါ ဥပမာအားလုံးမှာ အဖြေမှန်များဖြစ်သည်။ အောက်ပါ နမူနာတွင်မူ

'အဖြူရောင် – ကျွန်ုပ် ယခု အဖြူရောင် အင်္ကျီဝတ်ထားပါသည် –

ဆိုသည့် အဖြေက တစ်စိတ်တစ်ပိုင်း မှန်ကန်ပါသည်။ အရောင်မေးထားသောကြောင့် အရောင်ဖြေသော်လည်း အကြောင်းပြချက် မပေးထားသောကြောင့် တစ်ဝက်သာ မှန်သည်ဟု ဆိုနိုင်သည်။

အချို့လုပ်ငန်းများမှာ အနည်းငယ်သာ ဖွင့်ပေးထားသည်။ (ဆိုလိုသည်မှာ မှန်သောအဖြေ အနည်းငယ်ရှိသည်။) အချို့လုပ်ငန်းများမှာ လုံးဝအဖွင့်ဖြစ်သောကြောင့် အမှတ်ပေးရခက်တတ်သည်။ ထိုအခါ အမှတ်ပေးစည်းမျဉ်း ရှိထားရန် လိုအပ်ပါသည်။

အပိတ် လုပ်ငန်းများသည် ပုံမှန်အားဖြင့် မှတ်မိခြင်းနှင့် နားလည်သဘောပေါက်ခြင်းတို့ကဲ့သို့သော အခြေခံ စဉ်းစားခြင်း စွမ်းရည်များကို အကဲဖြတ်ပြီး၊ အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်း၊ တီထွင်ဖန်တီးခြင်းတို့ကဲ့သို့သော စဉ်းစားခြင်းစွမ်းရည် အမြင့်ပိုင်းကို စစ်ဆေးရာတွင် အဖွင့်၏လုပ်ငန်းများကို သုံးလေ့ရှိသည်။ ထို့ကြောင့် ဆရာ ဆရာမများသည် ဗဟုသုတကို အကဲဖြတ်သောအခါ အပိတ်လုပ်ငန်းများကို ပို၍ အသုံးပြုကြပြီး ကျွမ်းကျင်မှုများနှင့် တန်ဖိုးစိတ်နေသဘောထားများကို အကဲဖြတ်သည့်အခါတွင် အဖွင့်လုပ်ငန်းများကို ပို၍ အသုံးပြုကြသည်။

## လုပ်ငန်းစဉ်

**ဂ** ၃.၂ ခ ပါ လုပ်ငန်းစဉ်များ (i မှ ix အထိ) ကို လုံး၀ အပိတ်လုပ်ငန်းမှ အဖွင့်လုပ်ငန်းစဉ်များအထိ အောက်ပါ **ရောင်စဉ်မျဉ်း**ပေါ်တွင် အဖွင့် အပိတ် ဖြစ်မှုအလိုက် နေရာချပါ။

**အပိတ်** — **အဖွင့်**

**ဃ** ၃.၂ ခ ရှိ လုပ်ငန်းများ (i မှ ix အထိ) ကို ပြန်ကြည့်ပါ။

၁။ အပိတ်လုပ်ငန်း ၃ ခုကို ရွေးချယ်ပြီး အဖွင့်ပိုဖြစ်အောင် ပြင်ရေးပါ။

၂။ အဖွင့်လုပ်ငန်း ၂ ခု ကို ရွေးပြီး အပိတ်ဘက်ပိုရောက်သွားအောင် ပြောင်းပါ။

၃။ လုပ်ငန်းတစ်ခုစီကို ပိုမိုပွင့်အောင်၊ ပိတ်အောင် လုပ်ခြင်းအားဖြင့် အဆိုပါ လုပ်ငန်းတစ်ခုစီ ပိုကောင်းသွားသည် ထင်ပါသလား။ အဘယ်ကြောင့် ထင်သနည်း/ မထင်သနည်း။

## ဆွေးနွေးချက်

**င** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ ကျောင်းသားဘ၀တွင် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း လုပ်ငန်းများ ဖြေဆိုရာတွင် အဖွင့်နှင့် အပိတ် မည်သည်ကိုပို၍ ကြိမ်ဖန်များစွာ ဖြေခဲ့ရပါသနည်း။

၂။ ဆရာဘ၀တွင် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများ စီစဉ်ရာတွင် အဖွင့်နှင့် အပိတ် မည်သည်ကိုပို၍ ကြိမ်ဖန်များစွာ ရေးသားမေးမြန်း ဖြစ်ပါသနည်း။

<u>နမူနာအဖြေ</u>



# ၃.၃ အပိတ်လုပ်ငန်း အမျိုးအစားများ

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အပိတ်လုပ်ငန်းများ ရေးသားရာတွင် အခက်ခဲဆုံးအပိုင်းမှာ အဘယ်နည်း။

၂။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အပိတ်လုပ်ငန်းများနှင့် ပတ်သက်သော အဓိကပြဿနာမှာ အဘယ်နည်း။

## လုပ်ငန်းစဉ်

**၁** အောက်တွင် ဖော်ပြထားသော အင်္ဂလိပ်ဘာသာစကား စစ်ဆေးသည့် စာမေးပွဲ မေးခွန်းကိုကြည့်ပါ။

မှန်ကန်သော စကားလုံးများဖြင့် အောက်ပါမေးခွန်းများကို ဖြည့်ပါ။

***I live ______ a. a large house with my mother, my ______ b. and my brothers. We also have ______ c. dog.***

***My dog's ______ d. is Rambo.***

၁။ အထက်ပါမေးခွန်း၏ အဖြေများကို ရေးချပါ။

၂။ အောက်တွင် မအေးခိုင်၏ အဖြေများကိုကြည့်ပါ။ မည်သို့ အမှတ်ပေးမည်နည်း။

မှန်ကန်သော စကားလုံးများဖြင့် အောက်ပါမေးခွန်းများကို ဖြည့်ပါ။

***I live near a. a large house with my mother, my cat b. and my brothers. We also have two c. dog.***

***My dog's friend d. is Rambo.***

၃။ အမှတ်ပေးစည်းမျဉ်းကို စာမျက်နှာ အောက်ဘက်တွင် ပြထားပါသည်။ သင့်အဖြေများ မှန်ပါသလား။ မအေးခိုင် အဖြေများ မှန်ပါသလား။

၄။ ဤစစ်ဆေးချက်နှင့် အမှတ်ပေးစည်းမျဉ်းတွင် မည်သည့် ပြဿနာ ရှိသနည်း။

**အမှတ်ပေးစည်းမျဉ်း**

| | | | |
|---|---|---|---|
| *a) in* | *b) father* | *c) a* | *d) name* |

## ယုံကြည်စိတ်ချရသော အပိတ်မေးခွန်းများ စီစဥ်ရေးဆွဲခြင်း

အပိတ်မေးခွန်းများသည် အမှတ်ပေးရန် အလွန်လွယ်ကူသောကြောင့် ဆရာ/ ဆရာမများက ကြိုက်ကြသည်။ သို့သော် ၎င်းတို့မှာ ယုံကြည်စိတ်ချရသော အပိတ်မေးခွန်းဖြစ်ရန် အရေးကြီးသည်။ သို့ရာတွင် ဆရာ/ ဆရာမ များသည် အပိတ်မေးခွန်းများ ရေးသားရာတွင် အမှန်တကယ် အပိတ်မေးခွန်း မဖြစ်နေဘဲ အဖြေအမျိုးမျိုး ထွက်နိုင်သော မေးခွန်းများ ဖြစ်သွားတတ်သည်။ တစ်ခါတစ်ရံ သင်ယူသူမှ အဖြေမှန် ရေးထားသော်လည်း ဆရာ/ ဆရာမမှ လိုချင်သော အဖြေနှင့် ကိုက်ညီမှုမရှိ ဖြစ်တတ်သည်။

အပိတ် မေးခွန်းများ/ လုပ်ငန်းများကို ကျောင်းသားများထံ ပေးပို့စစ်ဆေးခြင်း မပြုမီတွင် ဂရုတစိုက် ပြန်လည် စစ်ဆေးသင့်ပါသည်။

- ဖြစ်နိုင်ခြေရှိသော အဖြေမှန် တစ်ခုတည်းရှိတာ သေချာပါသလား။
- ဖြစ်နိုင်ခြေရှိသော အဖြေမှန် တစ်ခုထက် ပိုရှိပါက အမှတ်စစ်သူများမှ အမှန်ပေးရမည်ကို သိပါသလား။
- ဖြစ်နိုင်ခြေရှိသော အဖြေမှန် တစ်ခုထက် ပိုရှိပါက အခြား အဖြေမှန်များကိုလည်း ထည့်ခွင့်ရှိကြောင်း ကျောင်းသားများ သိရှိကြပါသလား။

အပိတ်မေးခွန်းများသည် အမှတ်စစ်ရာတွင် လက်တွေ့ကျသည်။ သို့ရာတွင် ရေးသားစီစဥ်ရသည်မှာ အချိန်ကြာမြင့်နိုင်သည်။ အထူးသဖြင့် အကျိုးဆိုင်မှုမြင့်သော သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းများအတွက် အပိတ်မေးခွန်းများကို အထူး ဂရုစိုက်ပြီး လုပ်ဆောင်ရန် လိုအပ်သောကြောင့်ပင်ဖြစ်သည်။



## လုပ်ငန်းစဉ်

**၇** အောက်ပါ စာဖတ်စွမ်းရည် စစ်ဆေးသော စာပိုဒ်ကို ဖတ်ရှုပြီး မေးခွန်း ၁ မှ ၃ အထိကို ဖြေဆိုပါ။

**စာပိုဒ်ဖတ်ဖြေ (၁၂ မှတ်)**

**ပေးထားသော စာပိုဒ်ကိုဖတ်ပြီး အောက်ပါမေးခွန်းများကိုဖြေပါ။**

တစ်ခါတစ်ရံ လူတို့သည် အရှေ့တောင်အာရှ ပင်မကုန်းမြေနှင့် ပင်လယ်ရေကြောင်း (သို့မဟုတ် ကျွန်း) အရှေ့တောင်အာရှအကြောင်းကို ပြောလေ့ရှိကြသည်။ အရှေ့တောင်အာရှ ပင်မကုန်းမြေသည် ကျန်အာရှနိုင်ငံများနှင့် ဆက်စပ်သည်။ ပင်လယ်ရေကြောင်း အရှေ့တောင်အာရှနှင့် အရှေ့တောင်အာရှ ပင်မကုန်းမြေအကြားတွင် ပင်လယ်နှင့်ခြားထားသည်။ ပင်လယ်ရေကြောင်း အရှေ့တောင်အာရှကို ကျွန်းကြီး ကျွန်းငယ်များဖြင့် ဖွဲ့စည်းထားသည်။ အရှေ့တောင်အာရှ ပင်မကုန်းမြေအား ဖြတ်သန်းစီးဆင်းသော မြစ်များနှင့် ဖြတ်သန်းသွယ်တန်းထားသော တောင်တန်းများလည်းရှိသည်။ မြစ်ဝှမ်းတစ်လျှောက်ရှိ မြေဩဇာကောင်းသော ချိုင့်ဝှမ်းများနှင့် လွင်ပြင်များကို စိုက်ပျိုးရေးအတွက် အသုံးပြုသည်။ အရှေ့တောင်အာရှ ပင်မကုန်းမြေဒေသကြီးကို အနောက်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများအဖြစ်လည်း ခွဲခြားသတ်မှတ်လေ့ရှိသည်။

ပင်လယ်ရေကြောင်း အရှေ့တောင်အာရှ၏ ကျွန်းများပတ်လည်ရှိ ပင်လယ်များသည် သင်္ဘောများသွားလာရေးနှင့် ကုန်သွယ်ရေးအတွက် အရေးကြီးသည်။ အရှေ့တောင်အာရှနိုင်ငံအများစုသည် အရှေ့တောင်အာရှ ပင်မ ကုန်းမြေဒေသကြီးတွင်လည်းကောင်း၊ ပင်လယ်ရေကြောင်း အရှေ့တောင်အာရှတွင်လည်းကောင်း တည်ရှိကြသည်။ သို့သော် မလေးရှားတွင် အနောက်မလေးရှားနှင့် အရှေ့မလေးရှားဟူ၍ ဒေသနှစ်ခုရှိ၍ အနောက်မလေးရှားသည် ပင်မ ကုန်းမြေဒေသကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အရှေ့မလေးရှားသည် ပင်လယ်ရေကြောင်း အရှေ့တောင်အာရှရှိ ဘော်နီယိုကျွန်းပေါ်တွင် တည်ရှိသည်။

ASEAN, Mote Oo Education, 2014 မှ ထုတ်နုတ်ပြန်ဆိုထားသည်။

(က) အမှန်ကန်ဆုံးအဖြေကိုရွေးပါ။

(i) ပင်လယ်ပိုင်း အရှေ့တောင်အာရှနှင့် အရှေ့တောင်အာရှပင်မ ကုန်းမြေကို ခြားထားသည့်အရာမှာ အဘယ်နည်း။

(က) ကျွန်းများ (ခ) ချိုင့်ဝှမ်းများ (ဂ) ပင်လယ်ရေပြင်

(ii) မည်သည့်မြေပုံက အမှန်ဖြစ်သနည်း။

(က)



(ခ)




(ဂ)




(ခ) အောက်ပါစကားလုံးများနှင့် အဓိပ္ပာယ်တူသော စကားလုံး/စကားစုများကို အထက်ပါ စာပိုဒ်တွင်ရှာပါ။

(i) ဆွေးနွေး (ii) သမုဒ္ဒရာ (iii) ဓရိယာ

(ဂ) ဝါကျများကို ဖြည့်စွက်အပြီးသတ်ပါ။

(i) ပင်လယ်ရေကြောင်း အရှေ့တောင်အာရှကို ဝန်းရံထားသည်မှာ _______________ ဖြစ်ကြသည်။

(ii) _______________ အနီးမှ ဓရိယာများကို စိုက်ပျိုးရေးအတွက် အသုံးပြုသည်။

(ဃ) မှား/မှန်ရွေးပါ။

(i) ပင်လယ်ရေကြောင်း အရှေ့တောင်အာရှတစ်ခွင်မှ ပင်လယ်နယ်နိမိတ်သည် ရေကြောင်းသွားလာရေးနှင့် ကုန်သွယ်ရေးအတွက် အရေးပါလျက်ရှိပါသည်။

(ii) အရှေ့တောင်အာရှ ပြည်မအပိုင်းကို မြောက်ပိုင်းနှင့် တောင်ပိုင်းအဖြစ် ခွဲခြားနိုင်သည်။

(iii) ဘော်နီယိုကျွန်းပေါ်တွင် မလေးရှားပိုင်နက် တစ်စိတ်တစ်ပိုင်းရှိသည်။

၁။ အောက်ပါလုပ်ငန်း အမျိုးအစားများနှင့် စာမေးပွဲ မေးခွန်းများကို တွဲစပ်ပေးပါ။

(i) တွဲစပ်ခြင်း (iii) အဖြေမှန်ရွေးမေးခွန်း

(ii) အပိတ် မေးခွန်းများ (iv) အပိတ် ကွက်လပ်ဖြည့်

၂။ မည်သည့်မေးခွန်းများမှာ လုံး၀ အပိတ်မေးခွန်းများ ဖြစ်သနည်း။ မည်သည့် မေးခွန်းများမှာ တစ်စိတ်တစ်ပိုင်း အဖွင့် မေးခွန်းများ ဖြစ်သနည်း။ (အဖြေမှန် တစ်ခုထက် ပိုမိုဖြေ၍ရခြင်းကို ဆိုလိုသည်။)

၃။ ဤစစ်ဆေးမှုအတွက် ယုံကြည်စိတ်ချရမှုရှိသော အမှတ်ပေးလမ်းညွှန်တစ်ခုရေးပါ။

## ဆွေးနွေးချက်

**ဃ** ၃.၃. ဂ တွင် ပါသော စာဖတ်စွမ်းရည် စာမေးပွဲပါ နံပါတ် (က) ၏ မေးခွန်း (၁) ကို ကြည့်ပါ။

၁။ ထိုမေးခွန်းတွင် မည်သို့သော ပြဿနာရှိနေပါသနည်း။

၂။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အပိတ်မေးခွန်းများ ယုံကြည်စိတ်ချရမှု ရှိ/မရှိ ဆရာတစ်ယောက်အနေနှင့် မည်သို့သေချာအောင် စစ်ဆေးမည်နည်း။

## လေ့ကျင့်ခန်း

**င** အောက်ပါတို့မှာ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အပိတ်မေးခွန်းများ ရေးသားရာတွင် လိုက်နာရမည့် စည်းမျဉ်း ၄ ခု နှင့် ၎င်းတို့၏ ဖြေရှင်းချက်များဖြစ်သည်။ စည်းမျဉ်းများနှင့် ၎င်းတို့၏ ဖြေရှင်းချက်များကို တွဲပေးပါ။


### အပိတ်မေးခွန်း ရေးနည်း စည်းမျဉ်းများ

၁ ရိုးရှင်းသော ဝါကျဖွဲ့စည်းပုံနှင့် လူသုံးများသော စကားလုံးများကိုသုံးပါ။ (အဆင့်မြင့် ဘာသာစကား အသုံးချမှု စွမ်းရည်စစ်ဆေးသော စာမေးပွဲများမှ လွဲ၍)

၂ မှန်သော အဖြေတိုင်းကို အဖြေမှန် အမှတ်ပေးနိုင်အောင် စီစဉ်ထားပါ။

၃ စာတပိုဒ်အပေါ် နားလည်သဘောပေါက်မှုအား စစ်ဆေးလိုပါက စာပိုဒ်မှ စကားလုံးများကို မေးခွန်းထဲတွင် အတိအကျ ထည့်သွင်းအသုံးမပြုပါနှင့်။

၄ ညွှန်ကြားချက်များကို ရှင်းရှင်းလင်းလင်းရေးပါ။



(က) သင်ယူသူများသည် သင်ခန်းစာ၏ အကြောင်းအရာကို သိကောင်းသိမည် ဖြစ်သော်လည်း ညွှန်ကြားချက်များမှာ ရှုပ်ထွေးနေပါက စာမေးပွဲ ကျရှုံးနိုင်သည်။ ဖြစ်နိုင်မည်ဆိုလျှင် ၎င်းတို့ အတန်းထဲတွင် လုပ်ဆောင်ဖူးသော လုပ်ငန်းစဉ် အမျိုးအစားများကို အသုံးပြုပါ။

(ခ) သင်ယူသူများသည် အဖြေမှန်များကို ပေးကောင်း ပေးလိမ့်မည်။ သို့သော် စာမေးပွဲမေးခွန်း ရေးဆွဲစဉ် တွင် ဆရာက စီစဉ်ထားသည့် အဖြေနှင့် ကွဲလွဲနေ နိုင်သည်။

(ဂ) ဤမေးခွန်းက စာလုံးကိုမြင်လျှင် မှတ်မိခြင်းရှိ/မရှိကို စစ်ဆေးခြင်းသာဖြစ်ပြီး နားလည်မှုကို မစစ်ဆေးနိုင်ပါ။

(ဃ) ရှုပ်ထွေးသော အသုံးအနှုန်းများသည် သင်ယူသူများ၏ ဘာသာရပ်ဆိုင်ရာ ဗဟုသုတကို စစ်ဆေးခြင်းမဟုတ်ဘဲ ဘာသာစကား တတ်ကျွမ်းမှုအား စစ်ဆေးခြင်းဖြစ်သည်။

# လုပ်ငန်းစဉ်

၀ စာဖတ်စွမ်းရည် စစ်ဆေးသော အောက်ပါမေးခွန်းကိုကြည့်ပါ။

၁။ ၃.၃ င က မည်သည့် စည်းမျဉ်းမူဘောင်ကို ချိုးဖောက်နေခြင်း ဖြစ်ပါသနည်း။

၂။ မည်သို့ ပြန်လည်ပြင်ဆင်နိုင်သနည်း။

**Read Kyi Kyi's letter To Zainab.**

Dear Zainab,
My name is Kyi Kyi. I am 11 years old and live in Yangon with my mother and auntie. We live in a small apartment in Yankin.
I like reading, playing volleyball and dancing. My favourite subject is science.
I am glad to be your pen pal and look forward to hearing from you.

Yours truly,

Kyi Kyi

**A. Fill the gaps.**

1. Kyi Kyi lives in a ____ apartment in Yankin.
2. Her favourite subject is ____.

**B. True or false?**

1. Kyi Kyi is 12 years old.
2. She likes reading, playing football and dancing.
3. She is sad to be Zainab's pen pal.

## အဖြေမှန်ရွေး မေးခွန်းများ စီစဉ်ရေးဆွဲခြင်း

အဖြေမှန်ရွေး မေးခွန်းများသည် လူကြိုက်များသော အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းအမျိုးအစားဖြစ်သည်။ သို့ရာတွင် ထိုမေးခွန်းများ ရေးသည့်အခါ အမှားအယွင်းဖြစ်နိုင်သည့် အလားအလာများစွာရှိပါသည်။ ထို့ကြောင့် ၎င်း – အဖြေမှန်ရွေး (Multiple Choice) – မေးခွန်းများအတွက် တိကျသော စည်းမျဉ်းများရှိသည်။

အဖြေမှန်ရွေး (Multiple Choice) မေးခွန်းများ၏ အစိတ်အပိုင်းများမှာ –

The acronym 'NGO' means ______ ← မူရင်းမေးခွန်း

a. National Governmental Office
b. Next Generation Operations
c. National Greater Organisation

← အာရုံလွဲသော အဖြေမှားများ (a, b, c)

d. Non-governmental Organisation ← အဖြေမှန်

အဖြေမှန်ရွေး မေးခွန်းများကို ရေးသားသည့်အခါ အောက်ပါတို့ကို လိုက်နာရပါမည်။

၁။ ရွေးစရာအဖြေအားလုံး၊ **အာရုံလွဲသော အဖြေမှား**များနှင့် အဖြေမှန်ကို စာသားအတိုအရှည် ညီအောင်ထားပါ။

၂။ ရွေးစရာအဖြေအားလုံးမှာ နီးစပ်သော **ဖြစ်နိုင်ခြေရှိသော**အရာများ ဖြစ်ရမည်။

၃။ (မှန်ကန်သော အဖြေတစ်ခုတည်းသာ ရှိရမည်ဆိုပါက) မှန်ကန်သော အဖြေတစ်ခုသာရှိရန် သေချာစစ်ဆေးပါ။

၄။ မှန်ကန်သော အဖြေတစ်ခုပါရှိရန် သေချာစစ်ဆေးပါ။

၅။ ကျောင်းသားများကို ရှုပ်ထွေးသော စကားလုံးများ သို့မဟုတ် 'နှစ်ထပ်ကွမ်း အငြင်းဝါကျ' (double negatives) များဖြင့် မျက်စိရှုပ်အောင် **လှည့်စားခြင်း** မပြုရ။

၆။ မေးခွန်းတစ်ခုစီတိုင်းအတွက် တူညီသော ရွေးစရာ အဖြေပမာဏ (များသောအားဖြင့် သုံးခု သို့မဟုတ် လေးခု) ရှိရမည်။

## လုပ်ငန်းစဉ်

**ဆ** အောက်ပါ အခြေခံအဆင့် အင်္ဂလိပ်စာ အဖြေမှန်ရွေး မေးခွန်းကိုဖြေဆိုပြီး မေးခွန်းများကိုဖြေပါ။

၁။ မေးခွန်းတစ်ခုစီသည် စာမျက်နှာ ၆၃ ၌ ဖော်ပြထားသော စည်းမျဉ်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စည်းမျဉ်းများနှင့် ဆန့်ကျင်နေသည်။ မည်သည့် မေးခွန်းများသည် မည်သည့် စည်းမျဉ်းများနှင့် ဆန့်ကျင်နေသနည်း။

၂။ ဤစည်းမျဉ်းများသည် အဘယ်ကြောင့် အသုံးဝင်ပါသနည်း။ ထိုစည်းမျဉ်းများကို မလိုက်နာပါက မည်သို့ဖြစ်နိုင်သနည်း။

၃။ စည်းမျဉ်းများကို လိုက်နာရန် မေးခွန်းများကို ပြောင်းလဲရေးသားပါ။

### ELEMENTARY ENGLISH (10 marks)

A. **Bo Bo and Jenny are having a conversation. Choose the best word.**

i. Bo Bo: Hi, Jenny.
How are ______?
**a.** *me* **b.** *she* **c.** *I* **d.** *it*

ii. **Jenny:** I'm good.
Where are you ______?
**a.** *go* **b.** *doing*
**c.** *do* **d.** *went*
**e.** *going* **f.** *eat*


iii. **Bo Bo:** To my sister's house.
She ______ Bhamo.
**a.** *live* **b.** *is currently living in*
**c.** *goes* **d.** *is*

iv. **Jenny:** What ______ is your train?
**a.** *banana* **b.** *table*
**c.** *time* **d.** *elephant*

v. **Bo Bo:** At ______.
**a.** *3.30* **b.** *3.45*
**c.** *4.00* **d.** *4.15*

B. **Fill the gaps where there is a line in the text with the most appropriate word or verb tense that you can see.**

i. The ball isn't ______ the box.
**a.** *beside* **b.** *not on*
**c.** *with* **d.** *on top of*



ii. Yesterday, my brother ______.
**a.** *is going to the doctor*
**b.** *will see a doctor for a checkup*
**c.** *was sick*
**d.** *is not healthy because he smokes*

iii. ______ is an example of a vegetable.
**a.** *cabbage* **b.** *potato*
**c.** *carrot* **d.** *all of these*

iv. 'The floor is wet. Walk ______.'
**a.** *carefully* **b.** *careful*
**c.** *slowly* **d.** *slow*

v. My favourite school subject is ______.
**a.** *blue* **b.** *boat*
**c.** *fast* **d.** *none of these*

## လုပ်ငန်းစဉ်

**ဇ** မိမိနှင့် ဘာသာရပ်တူ သင်ကြားသော ဆရာ/ဆရာမ ရှိလျှင် ၎င်းနှင့် နှစ်ဦးတွဲအလိုက် အောက်ပါတို့ကို လုပ်ဆောင်ပါ။

၁။ အပိတ်မေးခွန်း အနည်းဆုံး ၁၀ ခုရေးပါ။ အဖြေမှန်ရွေး မေးခွန်း ၅ ခုနှင့် အခြား အပိတ်မေးခွန်း အမျိုးအစား အနည်းဆုံး ၅ခုရေးပါ။

၂။ မိမိ၏ မေးခွန်းများကို တွဲဖက်အား ဖြေဆိုခိုင်းပြီး မိမိမှ ၎င်း၏ မေးခွန်းများကို ဖြေဆိုပါ။

၃။ မေးခွန်းများသည် စာမျက်နှာ ၆၂ ရှိ လမ်းညွှန်ချက်များကို လိုက်နာခြင်းရှိ/မရှိ စစ်ဆေးပါ။

၄။ မိမိတွဲဖက်၏ မေးခွန်းများအပေါ် တုံ့ပြန်ချက် မှတ်ချက်များပေးပါ။



## ဆွေးနွေးချက်

**ဈ** အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

၁။ ဤအပိုင်းတွင် ဖော်ပြထားသော စည်းမျဉ်း စည်းကမ်းများ ချိုးဖောက်ထားသည့် စစ်ဆေးမှုတစ်ခုကို သင်ဖြေဆိုဖူးပါသလား။ ဖြေဆိုနေစဉ်အတွင်း စစ်ဆေးမှုတွင် တစ်ခုခုမှားနေကြောင်း သိခဲ့ပါသလား။ ဖြေပြီး အမှတ်ထွက်သောအခါ အမှတ်ကောင်း ရရှိခဲ့ပါသလား။

၂။ အပိတ်မေးခွန်း အမျိုးအစားများ စီစဉ်ရေးဆွဲရာတွင် ဆရာ/ဆရာမများ အနေနှင့် မည်သို့သော အမှားမျိုးကို အများဆုံး ပြုလုပ်မိကြသနည်း။

# ၃.၄ အဖွင့်လုပ်ငန်း အမျိုးအစားများ

## အကြိုသင်ခန်းစာ

**ဂ** အက်ဆေးများနှင့် ဟောပြောတင်ဆက်ချက်များကို မည်သို့ အမှတ်ပေးပါသနည်း။


### သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အပိတ်မေးခွန်းများ၏ အကန့်အသတ်များ

အဖြေမှန် အဖြေများရှိသော အပိတ်မေးခွန်း (ထိန်းကျောင်းကန့်သတ်မှုများသော) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်များသည် အလွန်လက်တွေ့ကျပြီး များသောအားဖြင့် ယုံကြည်စိတ်ချရသော စစ်ဆေးမှုများဖြစ်သည်။ ထို့ကြောင့် အဖြေမှန်ရွေး၊ မှား/မှန်ရွေး၊ တွဲစပ်နှင့် အခြားသော အပိတ်မေးခွန်းပုံစံများမှာ အကဲဖြတ် စစ်ဆေးသူများကြားတွင် ရေပန်းစားသည်။

သို့သော် ၎င်းတို့သည် တတ်မြောက်မှုတိုင်းကို တိုင်းတာရန်အတွက် ကျိုးကြောင်းညီညွတ်မှု မရှိပေ။ ကျွမ်းကျင်မှုများကို အကဲဖြတ်ခြင်း၊ စာရေးလေ့ကျင့်ခန်း၊ အဖွဲ့လိုက်လုပ်ဆောင်ခြင်း၊ တင်ဆက်မှုများ သို့မဟုတ် မိန့်ခွန်းများ၊ **သဘောထားများ**နှင့် ပူးပေါင်းပါဝင်မှုများ စသည်တို့သည် ပိုမို၍ အဖွင့်ဖြစ်သော (ထိန်းကျောင်းကန့်သတ်မှုနည်းသော) လုပ်ငန်းများကို လိုအပ်သည်။



**၁** အောက်ပါလုပ်ငန်းများကို မည်သို့ အကဲဖြတ်စစ်ဆေးမည်နည်း။ မည်သည့်အချက်များအပေါ် အခြေခံ၍ စစ်ဆေးခြင်း ပြုလုပ်မည်နည်း။




## လုပ်ငန်းစဉ်

**ဂ** အောက်ပါ သင်္ချာသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း မေးခွန်းကိုကြည့်ပါ။

i . _______ x _______ = 24     iii . _______ > 4

ii . _______ % of 50 = _______     iv . _______ + 15 = _______

၁။ အထက်ပါ ပုစ္ဆာကိုဖြေပါ။

၂။ အတန်းဖော်နှင့် နှစ်ဦးတွဲအလိုက် အလုပ်လုပ်ပါ။ အချင်းချင်း အဖြေများကို အမှတ်ခြစ်ပါ။ မိမိအဖြေမှန်သလား။

၃။ ဤစာမျက်နှာ၏ အောက်တွင် ကျောင်းသားတစ်ဦး၏ အဖြေများ ပြထားပါသည်။ ၎င်းကို မည်သို့ အမှတ်ခြစ်မည်နည်း။ အဖြေမှန်ပါသလား။

**အမှတ်ပေးစည်းမျဉ်း**

i . 4.(3*10^-7) x (√4 × 4½) = 24     iii . 4! > 4

ii . 1500% % of 50 = 750     iv . (∛6 × (6½)²) + 15 `15 000,0003

## လုပ်ငန်းစဉ်

**ဃ** အောက်ပါနိုင်ငံရေး ဘာသာရပ်၏ စစ်ဆေးမှုကိုကြည့်ပါ။ မိချမ်းနှင့် ကျော်ဇောတို့ မတူကွဲပြားစွာ ဖြေဆိုခဲ့ကြသည်။

### နိုင်ငံရေးစနစ်များ (၈ မှတ်) မိချမ်း

၁။ သက်ဦးဆံပိုင် ဘုရင်စနစ်နှင့် ဘုရားကျောင်းများ အုပ်ချုပ်သော နိုင်ငံရေးစနစ် (theocracy) ၏ ခြားနားချက်များမှာ အဘယ်နည်း။ တစ်ခုချင်းစီအတွက် ဥပမာတစ်ခုပေးပါ။

*ဘုရင်စနစ်ဖြင့် အုပ်ချုပ်သော ဘရူနိုင်းနိုင်ငံတွင် ဘုရင် သို့မဟုတ် ဘုရင်မသည် အုပ်ချုပ်သူဖြစ်ပြီး ဘုရားကျောင်းများ အုပ်ချုပ်သော နိုင်ငံရေးစနစ် (theocracy) ရှိသည့် တိဗက်နိုင်ငံတွင် ဘာသာရေးခေါင်းဆောင် ဒလိုင်းလားမားသည် အုပ်ချုပ်သူဖြစ်သည်။*

၂။ မင်းမဲ့အုပ်ချုပ်ရေးစနစ်၏ အဓိကလက္ခဏာများမှာ အဘယ်နည်း။ ၎င်း၏ ကောင်းကျိုးဆိုးကျိုးများမှာ အဘယ်နည်း။

*မင်းမဲ့စနစ်တွင် ခေါင်းဆောင်မရှိ၊ အုပ်ချုပ်သူမရှိ၊ ပြည်နယ်ခွဲများမရှိ။ ကောင်းသည့်အချက်က လူဆိုးများ အာဏာရခြင်း မရှိနိုင်တော့။ ဆိုးသည့်အချက်က ခိုက်ရန်ဖြစ်ပွားမှု အလွန်များပြားလာမည်။*

### နိုင်ငံရေးစနစ်များ (၈ မှတ်) ကျော်ဇော

၁။ သက်ဦးဆံပိုင် ဘုရင်စနစ်နှင့် ဘုရားကျောင်းများ အုပ်ချုပ်သော နိုင်ငံရေးစနစ် (theocracy) ၏ ခြားနားချက်များမှာ အဘယ်နည်း။ တစ်ခုချင်းစီအတွက် ဥပမာတစ်ခုပေးပါ။

*သက်ဦးဆံပိုင် ဘုရင်စနစ်နှင့် ဘုရားကျောင်း အုပ်ချုပ်သော နိုင်ငံရေးစနစ် (theocracy) တို့မှာ အလွန်ကွဲပြားခြားနားသည်။ ၎င်းတို့မှာ မတူညီကြပေ။ ၎င်းတို့တွင် မတူကွဲပြားသော စနစ်များနှင့် အတွေးအခေါ်များ ရှိကြပြီး နောက်ဆက်တွဲ ရလဒ်များနှင့် ဖြစ်ပေါ်လာသော ဘဝနေထိုင်မှု ပုံစံများမှာလည်း တူနိုင်မည်မဟုတ်။*

၂။ မင်းမဲ့အုပ်ချုပ်ရေးစနစ်၏ အဓိကလက္ခဏာများမှာ အဘယ်နည်း။ ၎င်း၏ ကောင်းကျိုးဆိုးကျိုးများမှာ အဘယ်နည်း။

*မင်းမဲ့စနစ်သည် အစိုးရအား အလိုမရှိသည့် နိုင်ငံရေးစနစ်ဖြစ်သည်။ အစိုးရ မလိုချင်သည့် စနစ်ဖြစ်သည်။*



၁။ ၎င်းတို့၏ အဖြေများကို အမှတ်ပေးပါ။

၂။ သုံးယောက် သို့မဟုတ် လေးယောက် အဖွဲ့များထဲတွင် အချင်းချင်း အမှတ်ပေးထားသည်များကို နှိုင်းယှဉ်ပါ။ ပေးထားသည့် အမှတ်များ တူကြပါသလား။

၃။ မိမိတို့ ပေးထားသော အမှတ်များကို ဆွေးနွေးပါ။

(က) ပေးသည့်အမှတ်များ ကွဲပြားလွန်းနေခြင်းသည် ပြဿနာတစ်ခု ဖြစ်ပါသလား။

(ခ) အမှတ်ပေးသူ ကွဲပြားလျှင်ပင် တူညီသည့် အဖြေများအတွက် တူညီသည့် အမှတ်များ ပေးနိုင်စေရန် မည်သို့ လုပ်ဆောင်နိုင်ပါသနည်း။

## လုပ်ငန်းစဉ်

**C** ဥပမာပေးထားသော စာစီစာကုံးအားဖတ်ပြီး အောက်ပါမေးခွန်းများကိုဖြေပါ။

၁။ မည်သည့် ဘာသာရပ်နှင့် မည်သည့်အတန်းဟု ထင်ပါသနည်း။

၂။ အကယ်၍ ၎င်းစာစီစာကုံးသည် အင်္ဂလိပ်ဘာသာစကား သင်တန်းတစ်ခု၏ 'သင်၏မြို့အကြောင်း စာစီစာကုံး ရေးပါ' ဟူသော စစ်ဆေးမှုဆိုပါက ဤစာစီစာကုံးကို မည်ကဲ့သို့ အမှတ်ပေးနိုင်မည်နည်း။ အမှတ်ပြည့် ၁၀၀ တွင် ဤစာစီစာကုံးကို အမှတ်မည်မျှပေးမည်နည်း။

၃။ အကယ်၍ ၎င်းသည် အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသော စီးပွားရေးမိတ်ဆက် သင်တန်းတစ်ခု၏ 'သင်နေထိုင်ရာ ဒေသ၏ စီးပွားရေးကို အတိုချုပ်ဖော်ပြပါ' ဟူသော စစ်ဆေးမှုဆိုပါက ဤစာစီစာကုံးကို မည်ကဲ့သို့ အမှတ်ပေးနိုင်မည်နည်း။ အမှတ်ပြည့် ၁၀၀ တွင် ဤစာစီစာကုံးကို အမှတ်မည်မျှပေးမည်နည်း။

၄။ အမှတ်များကို အဖွဲ့များထဲတွင် ဆွေးနွေးပါ။ အဖွဲ့ဝင်အားလုံးက အင်္ဂလိပ်စာ သင်တန်းနှင့် စီးပွားရေး သင်တန်း နှစ်မျိုးလုံးအတွက် အမှတ်ပေးချက်များ တူညီကြပါသလား။

*My Essay*

*Near to my house there are a market. A lot people from town work. Because our town us a market town. It is beside sittaung river and lot roads go in the town so people come to my town to the market.*

*Many things at the market. People bring thing for sell. Some fishers bring fish from sittaung river. Some wooders bring wood cutting in forest. Some growers are vegetables and farmers also rice. Our town is famous for good animals so you can get high-society cows and buffolas.*

*Because our town is impotant for roads and river and people like our animal and vegetables our town is popular for buyyers. So our town can get money and build schools and roads.*



## အမှတ်ပေးဇယား

သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း အဖွင့်လုပ်ငန်းများသည် ကျောင်းသားများမှ သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုအသစ်များကို မည်သို့ အသုံးပြုသည်ကို တိုင်းတာရန်အတွက် ကျိုးကြောင်းဆီလျော်သော နည်းလမ်းတစ်ခုဖြစ်သည်၊ သို့သော် ၎င်းတို့သည် အမှတ်ပေးရာ၌ လက်တွေ့ကျမှုနှင့် ယုံကြည်စိတ်ချရမှု အားနည်းသည်။ အဖြေအားလုံးကို မှန်ကန်စွာနှင့် မျှတစွာ အမှတ်ပေးရန် အရေးကြီးသည်။

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ရပ် ပြင်ဆင်ရေးသားသောအခါတွင် အဖွင့်လုပ်ငန်းများကို ဂရုတစိုက်စစ်ဆေးပါ။

- အမှတ်ပေး အကဲဖြတ်သူမှ ဖြစ်နိုင်ခြေရှိသော အဖြေမှန်များကို သိရှိနားလည်ပါသလား၊
- အမှတ်ပေး အကဲဖြတ်သူများအတွက် **လမ်းညွှန်များ** ရရှိနိုင်ပါသလား၊

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အဖွင့်မေးခွန်းများကို ရေးရသည်မှာလွယ်သည်၊ သို့သော် အမှတ်ခြစ်သည့်အခါ ယုံကြည်စိတ်ချရသော မေးခွန်းဖြစ်စေရန်နှင့် သင်ယူသူများ ရရှိသောအမှတ်များမှာ တရားမျှတမှု ရှိစေရန် စီမံရပါမည်၊ ထိုသို့ စီမံရန် အမှတ်ပေးဇယားဖြစ်စေ၊ အမှတ်ပေးစံစာရင်းဖြစ်စေ လိုအပ်နိုင်ပါသည်။

အောက်ပါ စာကွက်မှာ အဖွင့်လုပ်ငန်းစဉ်တစ်ခုအတွက် ညွှန်ကြားချက်များ ဖြစ်ပါသည်။

ဤတစ်ပတ်တာတွင်း သင်ကြားခဲ့သည့် စွမ်းရည်များကို အသုံးချပြီး "ခေါင်းဆောင်တစ်ဦးတွင် ရှိထိုက်သည့် အရေးအပါဆုံးဝိသေသများမှာ အဘယ်တို့နည်း။ ၎င်းတို့ကို လိုအပ်ရခြင်းအကြောင်းနှင့် အသုံးပြုပုံနည်းလမ်းများကို ရှင်းပါ။" ဟူသည့် မေးခွန်းကို တစ်ပိုဒ်လျှင် စာလုံးရေ ၁၀၀ မှ ၂၀၀ ထိရှိသော စာပိုဒ် ၂ ပိုဒ်/၃ ပိုဒ်ရေးသားဖြေဆိုပါ။



ဤလုပ်ငန်းစဉ်ကို အမှတ်ခြစ်ရန် နည်းလမ်းသုံးမျိုးရှိသည်။ အမှတ်ပေးစံစာရင်း၊ အခြေခံ အမှတ်ပေးဇယားနှင့် အသေးစိတ် အမှတ်ပေးဇယားဟူသည့် နည်းလမ်းသုံးမျိုးသုံးနိုင်သည်။

အမှတ်ပေးစံစာရင်းမှာ အခြေခံ အကျဆုံး အရိုးရှင်းဆုံး အမှတ်ပေးဇယားပုံစံဖြစ်သည်။ ကျောင်းသားများကို အမှတ်ပေးရာတွင် အသုံးပြုရမည့် စံနှုန်းများကို စာရင်းချရေးရမည်။ ထို့နောက် ထိုစံနှင့် ကိုက်ညီသည်နှင့် စံနှုန်းတစ်ခုချင်းစီဘေးတွင် အမှတ်ခြစ်လိုက်ရမည်။ များသောအားဖြင့် စံနှုန်းတစ်ခုချင်းစီဘေးတွင် ကျေနပ်ဖွယ်ရာရှိ (၁ မှတ်)၊ ကျေနပ်ဖွယ်မရှိ (၀ မှတ်) ဟုထားလေ့ရှိကြသည်။ ဥပမာအားဖြင့်

**အမှတ်ပေး စံစာရင်း**

| စံနှုန်း | ကျေနပ်ဖွယ်ရှိ | ကျေနပ်ဖွယ်မရှိ |
|---|---|---|
| ၁။ အသေးစိတ်ရေးသား ဖော်ပြခြင်းရှိသည်။ | | |
| ၂။ အတွေးအမြင်များ ကိုယ်ပိုင်ဖြစ်သည်။ | | |
| ၃။ အဓိကအချက်နှင့် အထောက်အထားပြသည့် အတွေးများမှာ **ကျိုးကြောင်းဆက်စပ်မှု**ရှိသည်။ | | |
| ၄။ ဆီလျော်သော ဝေါဟာရများကို မှန်ကန်စွာသုံးသည်။ | | |
| ၅။ ဆီလျော်သော သဒ္ဒါအသုံးများကို မှန်ကန်စွာသုံးသည်။ | | |
| ၆။ ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတများ မှန်ကန်သည်။ | | |
| ၇။ ရေးသားတည်ဆောက်ပုံ ရှင်းလင်းသည်။ | | |
| ၈။ ရေးထားပုံကို ဖတ်ရလွယ်သည်။ | | |
| အမှတ်ပေါင်း | / ၈ | |
| **ဆရာမှတ်ချက်** | | |

နောက်ဆုံးရမှတ်မှာ ကျေနပ်ဖွယ်ရှိဟု သတ်မှတ်ခံရသော စံနှုန်းစုစုပေါင်း အရေအတွက်ဖြစ်သည်။

ရိုးရှင်းသော အမှတ်ပေးဇယားများလည်း ရှိနိုင်သည်။ စံနှုန်းစာရင်းတစ်ခု ပါဝင်ပြီး အမှတ်ပေးစံစာရင်းထက် ပိုမို ယေဘုယျကျ အကျဉ်းချုပ်ရေးထားခြင်းဖြစ်သည်။ အမှတ်ပေးစံစာရင်းနှင့် မတူသည့်အချက်မှာ အခြေခံ အမှတ်ပေးဇယားတွင် အမှတ် ၁ နှင့် ၀ သာ ရှိခြင်းမဟုတ်ဘဲ အမှတ်အမျိုးမျိုးပေးနိုင်ခြင်းဖြစ်သည်။ စံနှုန်းတစ်ခုကို ၁ မှတ်နှင့် ၀ မှတ်သာ မဟုတ်ဘဲ အမှတ် ၁ မှတ်ထက် ပိုပေးနိုင်သောကြောင့်ဖြစ်သည်။ ဥပမာ

**အခြေခံ အမှတ်ပေးဇယား**

| | |
|---|---|
| အတွေးအမြင်များ | / ၅ |
| အကြောင်းအရာ | / ၅ |
| ဆက်စပ်မှု | / ၅ |
| တင်ပြချက် | / ၅ |
| စုစုပေါင်း | / ၂၀ |
| ဆရာမှတ်ချက် | |

အခြေခံ အမှတ်ပေးဇယားတွင် စံနှုန်းနှင့် စံနှုန်းအတွက် ရနိုင်သော အမှတ်ပြည့်ကို ဖော်ပြထားသည်။ သို့ရာတွင် အမှတ်မည်မျှရခြင်းသည် မည်သည့် သဘောဟူသည့် ရှင်းလင်းချက်တော့မပါပါ။ ထို့ကြောင့် စံနှုန်းတစ်ခုအတွက် ကျောင်းသားက ၅ မှတ် အပြည့်မရဘဲ ၄ မှတ်သာ ရသည့်အခါ ဆရာက အဘယ့်ကြောင့် အမှတ်ပြည့် မပေးကြောင်း မရှင်းပြလျှင် ကျောင်းသားသည် အမှတ်ဘာကြောင့် လျော့မှန်းသိမည် မဟုတ်ပါ။

နောက်ထပ် နည်းလမ်းတစ်ခုမှာ အသေးစိတ် အမှတ်ပေးဇယားကို သုံးခြင်းဖြစ်သည်။ အခြေခံ အမှတ်ပေးဇယားကို ထပ်ချဲ့ထားသည့် ပုံစံဖြစ်သည်။ အခြေခံ အမှတ်ပေးဇယားကဲ့သို့ပင် စံနှုန်းတစ်ခုအောက်တွင် အမှတ်အမျိုးမျိုးပေး၍ရသည်။ စံနှုန်းနှင့် စံတစ်ခုချင်းစီအတွက် အမှတ်ပြည့်အပြင် အမှတ်အဆင့်တစ်ခုတွင် ကျောင်းသားရှိရမည့် **စွမ်းဆောင်ရည်သတ်မှတ်ဖော်ပြချက်များ**လည်း ပါပါသည်။ ဥပမာအားဖြင့် –

**အသေးစိတ် အမှတ်ပေးဇယား**

| | | အမှတ်နှင့် စွမ်းဆောင်ရည်အဆင့် ရှင်းလင်းချက်များ | | | |
|---|---|---|---|---|---|
| | | ၁ မှတ် (သတ်မှတ်ချက်အောက်) | ၃ မှတ် (သတ်မှတ်ချက် ပြည့်မီ) | ၅ မှတ် (သတ်မှတ်ချက် ကျော်လွန်) | ရမှတ် |
| စံနှုန်းနယ်ပယ်များ | အတွေးပိုင်း အကြောင်းအရာပိုင်း | • မူပိုင်အတွေးအကြံမပါ အလွန်နည်း။<br>• မူပိုင်တွေးထားသော အထောက်အထား စဉ်းစားပုံမပါ။<br>• အသေးစိတ်မပါဝင်။ | • မူပိုင်အတွေးအချို့ ပါဝင်။<br>• မူပိုင်တွေးထားသော အထောက်အထား စဉ်းစားပုံ အချို့ပါဝင်။<br>• အတွေးများကို အသေးစိတ် ရှင်းပြခြင်း အချို့ပါဝင်။ | • မူပိုင်အတွေးများ။<br>• မူပိုင်အထောက်အထား စဉ်းစားပုံများနှင့် အကြောင်းပြချက်များ ခိုင်မာ။<br>• အတွေးများကို အသေးစိတ် များစွာဖြင့် တင်ပြ။ | /၅ |
| | ဆီလျော်မှုပိုင်း | • အဓိကအချက်ကို ဦးတည်တင်ပြခြင်း အားနည်း။<br>• အတွေးများ မဆက်စပ်။ | • အဓိကအချက် အချို့ကို ဦးတည်တင်ပြ။<br>• အတွေးများသည် များသောအားဖြင့် ဆက်စပ်။ | • အဓိကအချက် အားလုံးကို ဦးတည်တင်ပြ။<br>• အတွေးများအားလုံး ဆက်စပ်မှုရှိ။ | /၅ |
| | ပုံစံ | • ဝေါဟာရ အကန့်အသတ်ရှိ၊ စာလုံးပေါင်း အမှား အချို့ရှိ။<br>• သဒ္ဒါအသုံး ချို့တဲ့၊ အမှားများ။<br>• ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတ အမှားများ။ | • ဝေါဟာရအသုံး စုံလင်၊ စာလုံးပေါင်း အမှား အချို့ရှိ။<br>• သဒ္ဒါအသုံး စုံလင် ပြည့်စုံ၊ အမှား အနည်းငယ်ရှိ။<br>• ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတ အမှား အချို့ရှိ။ | • ဝေါဟာရ ကြွယ်ဝစွာ သုံး။ စာလုံးပေါင်း အမှား မရှိ။<br>• သဒ္ဒါအသုံး အားကောင်း စုံလင်။ အမှား မရှိသလောက်နည်း။<br>• ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတ အမှား မရှိသလောက်နည်း။ | /၅ |
| | တင်ဆက်မှုပိုင်း | • ဖွဲ့စည်းပုံ ရှုပ်ထွေးသည်က ပိုများနေ။<br>• ရေးထားသည့် ပုံစံ ဖတ်ရခက်။ | • ဖွဲ့စည်းပုံ အများစု ရှင်းလင်း။<br>• ရေးထားသည့် ပုံစံဖတ်ရခက်သည့် နေရာ အနည်းငယ်ရှိ။ | • ဖွဲ့စည်းပုံ ကောင်းစွာ ရှင်းလင်း။<br>• ရေးသားသည့် ပုံစံ ဖတ်ရလွယ်။ | /၅ |
| ဆရာမှတ်ချက် | | | | စုစုပေါင်း ရမှတ် | /၂၀ |

ဤအသေးစိတ် အမှတ်ပေးဇယားတွင် (အတွေးပိုင်း အကြောင်းအရာပိုင်း၊ ဆီလျော်မှု၊ ပုံစံ၊ တင်ဆက်ပုံ) ဟူ၍ စံနှုန်း ၄ ခု ပါသည်။ စံနှုန်းတစ်ခုစီအောက်တွင် စွမ်းဆောင်ရည် အဆင့် ၃ ဆင့်စီရှိပြီး တစ်ဆင့်ချင်းစီ၏ ရှင်းလင်းချက် စာရင်းပုံစံ နှစ်ခု/သုံးခု ပါသည်။ အဆင့် ၃ ဆင့်မှာ သတ်မှတ်ချက်အောက်၊ သတ်မှတ်ချက် ပြည့်မီနှင့် သတ်မှတ်ချက် ကျော်လွန်ဟူ၍ ဖြစ်သည်။

- သတ်မှတ်ချက် အောက် – ၁ မှတ်
- သတ်မှတ်ချက် ပြည့်မီ – ၃ မှတ်
- သတ်မှတ်ချက် ကျော်လွန် – ၅ မှတ်

ဤအမှတ်ပေးဇယားတွင် ကျောင်းသားတစ်ဦးသည် သတ်မှတ်ချက် ကျော်လွန်သည့် စွမ်းဆောင်ရည် (အပေါ်)၊ သတ်မှတ်ချက် ပြည့်မီ (အလယ်) သည့် စွမ်းဆောင်ရည်တို့ ရှိပါက ၄ မှတ်ရနိုင်သည်။ အလားတူ စံနှုန်းတစ်ခုခုတွင် သတ်မှတ်ချက်အောက် ရောက်သည့်အခါရောက် ပြည့်မီသည့်အခါ ပြည့်မီ (အလယ်) ဖြစ်နေပါက ၂ မှတ်ရသည်လည်း ဖြစ်နိုင်သည်။

အသေးစိတ်အမှတ်ပေးဇယားတွင် အဆင့် ၃ ဆင့်ပါ ဇယားနှင့် သုံးဆင့်ထက်ပိုသော ဇယားတို့ ယှဉ်ပါက ၃ ဆင့်ဇယားကို ဖန်တီးရခြင်းလည်း ပိုလွယ်သည်။ အသုံးပြုရခြင်းလည်း ပိုလွယ်သည်။ ဤဇယားမျိုး ဖန်တီးလိုသည့်အခါ စံနှုန်းနယ်ပယ်များ ရှာဖွေပြီး စံနှုန်းတစ်ခုချင်းစီအတွက် မိမိထားရှိသည့် သတ်မှတ်ချက်များကို ရေးလိုက်နိုင်သည်။ ထိုသတ်မှတ်ချက်များသည် အလယ်ဆင့် စွမ်းဆောင်ရည်ဖော်ပြရှင်းလင်းချက်များ ဖြစ်သွားမည်။ အလယ်ဆင့်ပေါ်မူတည်ပြီး အပေါ်ဆင့်နှင့် အောက်ဆင့် ဖော်ပြချက်များကို ဆက်လက် ရှင်းလင်းရေးသားနိုင်သည်။ နောက်ဆုံးပေးမည့်အမှတ်ပမာဏပေါ် မူတည်ပြီး စံနှုန်းနှင့် အဆင့်များကို အမှတ်သတ်မှတ်ပေးနိုင်သည်။ ဥပမာ အရေးကြီးသည့် သုတေသန စာတမ်းဆိုလျှင် အပေါ်ဆင့်အတွက် ၁၀ မှတ်၊ အလယ်ဆင့် ၈ မှတ်နှင့် အောက်အဆင့်ကို ၆ မှတ်ဟု ပေးနိုင်သည်။

အောက်ဆုံးအပိုင်းတွင် ဆရာမှတ်ချက်အတွက်လည်း နေရာချန်နိုင်သည်။ ကျောင်းသားကို လုပ်ငန်းစဉ် ညွှန်ကြားချက် ပေးသည်နှင့် တပြိုင်နက် အသုံးပြုမည့် အမှတ်ပေးစံစာရင်း၊ အမှတ်ပေးဇယား စသည်တို့ကို တပါတည်း ပေးသင့်ပါသည်။ ထိုအခါ ကျောင်းသား/ကျောင်းသူများသည် ၎င်းတို့ကို မည်သို့ အမှတ်ပေးမည်ဆိုသည်ကို သိရှိနေသောကြောင့် ဆီလျော်သော ကြိုတင်ပြင်ဆင် ကြိုးပမ်းမှုများ ပြုနိုင်မည်ဖြစ်သည်။



## လေ့ကျင့်ခန်း

❶ အောက်ပါ အမှတ်ပေး စံစာရင်း၊ အခြေခံ အမှတ်ပေးဇယားနှင့် အသေးစိတ် အမှတ်ပေးဇယားတို့ကိုကြည့်ပါ။ စာပိုဒ်ရေးသားခြင်း လုပ်ငန်းစဉ်တစ်ခုမှ အမှတ်များ ထည့်ထားပေးပါသည်။

၁။ ကျောင်းသားတစ်ဦးချင်း ရရှိသည့် အမှတ်များကို တွက်ပါ။

၂။ မည်သည့် အမှတ်ပေး စည်းမျဉ်းက ကျောင်းသားကို ၎င်းတို့ စွမ်းဆောင်ရည်အကြောင်း အကောင်းဆုံး တုံ့ပြန်အကြံပြုချက် ပေးနိုင်သနည်း။

### အမှတ်ပေး စံစာရင်း

က

| စံနှုန်း | ကျေနပ်ဖွယ်ရှိ | ကျေနပ်ဖွယ်မရှိ |
|---|---|---|
| ၁။ အသေးစိတ်ရေးသား ဖော်ပြခြင်းရှိသည်။ | X | |
| ၂။ အတွေးအမြင်များ ကိုယ်ပိုင်ဖြစ်သည်။ | X | |
| ၃။ အဓိကအချက်နှင့် အထောက်အထားပြသည့် အတွေးများမှာ ကျိုးကြောင်းဆက်စပ်မှု ရှိသည်။ | X | |
| ၄။ ဆီလျော်သော ဝေါဟာရများကို မှန်ကန်စွာ သုံးသည်။ | X | |
| ၅။ ဆီလျော်သော သဒ္ဒါအသုံးများကို မှန်ကန်စွာ သုံးသည်။ | | X |
| ၆။ ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတများ မှန်ကန်သည်။ | | X |
| ၇။ ရေးသားတည်ဆောက်ပုံ ရှင်းလင်းသည်။ | X | |
| ၈။ ရေးထားပုံကို ဖတ်ရလွယ်သည်။ | | X |
| အမှတ်ပေါင်း | | / ၈ |
| ဆရာမှတ်ချက် – | | |



### အခြေခံ အမှတ်ပေးဇယား

ခ

| | |
|---|---|
| အတွေးအမြင်များ | ၃/၅ |
| အကြောင်းအရာ | ၄/၅ |
| ဆက်စပ်မှု | ၃/၅ |
| တင်ပြချက် | ၂/၅ |
| စုစုပေါင်း | / ၂၀ |

## ၈ အသေးစိတ် အမှတ်ပေးဇယား

| | | အမှတ်နှင့် စွမ်းဆောင်ရည်အဆင့် ရှင်းလင်းချက်များ | | | |
|---|---|---|---|---|---|
| | | ၁ မှတ် (သတ်မှတ်ချက်အောက်) | ၃ မှတ် (သတ်မှတ်ချက် ပြည့်မီ) | ၅ မှတ် (သတ်မှတ်ချက် ကျော်လွန်) | ရမှတ် |
| စံနှုန်းနယ်ပယ်များ | အတွေးပိုင်း အကြောင်း အရာပိုင်း | • မူပိုင် အတွေးအကြံမပါ အလွန်နည်း။<br>• မူပိုင်တွေးထားသော အထောက်အထား စဉ်းစားပုံမပါ။<br>• အသေးစိတ်မပါဝင်။ | • မူပိုင်အတွေး အချို့ပါဝင်။<br>• မူပိုင်တွေးထားသော အထောက်အထား စဉ်းစားပုံ အချို့ပါဝင်။<br>• အတွေးများကို အသေးစိတ် ရှင်းပြခြင်း အချို့ပါဝင်။ | • မူပိုင်အတွေးများ။<br>• မူပိုင်အထောက်အထား စဉ်းစားပုံများနှင့် အကြောင်းပြချက်များ ခိုင်မာ။<br>• အတွေးများကို အသေးစိတ် များစွာဖြင့် တင်ပြ။ | /၅ |
| | ဆီလျော်မှုပိုင်း | • အဓိကအချက်ကို ဦးတည် တင်ပြခြင်း အားနည်း။<br>• အတွေးများ မဆက်စပ်။ | • အဓိကအချက် အချို့ကို ဦးတည်တင်ပြ။<br>• အတွေးများသည် များသော အားဖြင့် ဆက်စပ်။ | • အဓိကအချက် အားလုံးကို ဦးတည်တင်ပြ။<br>• အတွေးများအားလုံး ဆက်စပ်မှုရှိ။ | /၅ |
| | ပုံစံ | • ဝေါဟာရ အကန့်အသတ်ရှိ၊ စာလုံးပေါင်း အမှား အချို့ရှိ။<br>• သဒ္ဒါအသုံး ချို့တဲ့၊ အမှားများ။<br>• ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတ အမှားများ။ | • ဝေါဟာရ အသုံး စုံလင်၊ စာလုံးပေါင်း အမှား အချို့ရှိ။<br>• သဒ္ဒါအသုံး စုံလင် ပြည့်စုံ၊ အမှား အနည်းငယ်ရှိ။<br>• ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတ အမှား အချို့ရှိ | • ဝေါဟာရ ကြွယ်ဝစွာ သုံး။ စာလုံးပေါင်း အမှား မရှိ။<br>• သဒ္ဒါအသုံး အားကောင်း စုံလင်။ အမှား မရှိသလောက်နည်း။<br>• ပုဒ်ဖြတ် ပုဒ်ရပ် သင်္ကေတ အမှား မရှိသလောက်နည်း။ | /၅ |
| | တင်ဆက်မှုပိုင်း | • ဖွဲ့စည်းပုံ ရှုပ်ထွေးသည်က ပိုများနေ။<br>• ရေးထားသည့် ပုံစံ ဖတ်ရခက်။ | • ဖွဲ့စည်းပုံ အများစုရှင်းလင်း။<br>• ရေးထားသည့် ပုံစံ ဖတ်ရခက်သည့် နေရာ အနည်းငယ်ရှိ။ | • ဖွဲ့စည်းပုံကောင်းစွာ ရှင်းလင်း။<br>• ရေးသားသည့် ပုံစံ ဖတ်ရလွယ်။ | /၅ |
| ဆရာမှတ်ချက် | | | | စုစုပေါင်း ရမှတ် | /၂၀ |

# လေ့ကျင့်ခန်း

**ဆ** ဤအရေးစိတ် အမှတ်ပေးဇယားသည် စကားပြော စွမ်းရည် စစ်ဆေးချက် လုပ်ငန်းစဉ် တစ်ခု အတွက် ဖန်တီးထားခြင်းဖြစ်သည်။ အောက်ပါ စံနှုန်းနယ်ပယ်များနှင့် စွမ်းဆောင်ရည် သတ်မှတ် ရှင်းလင်းချက်များကို နေရာမှန်တွင် ထည့်သွင်းပါ။

(က) ဝေါဟာရနှင့် သဒ္ဒါ

(ခ) တင်ဆက် ဟောပြောခြင်း စွမ်းရည်များနှင့် အသံထွက်

(ဂ) အတွေးပိုင်းနှင့် အကြောင်းအရာအပိုင်း

(ဃ)
- စိတ်ဝင်စားဖွယ် ဆီလျော်သော တိကျသော ခေါင်းစဉ်နှင့် ကိုက်ညီသည့် ဝေါဟာရသုံးစွဲ
- ဆီလျော်မှန်ကန်သည့် ဝေါဟာရ အမြဲသုံး
- ကြိယာ tense အချိန် မှန်ကန်
- ကတ္တားကြိယာကိန်း အပြည့်အဝမှန်ကန်
- ဝါကျတည်ဆောက်ပုံ တသမတ်တည်း မှန်ကန်စွာသုံး
- ဝါကျရိုး၊ ဝါကျရောနှင့် ပုဒ်ရောဝါကျများ ကို ပေါင်းစပ်သုံးနိုင်

(င)
- အကြည့်ချင်း ဆီလျော် သင့်တော်စွာ ဆုံကြည့် ပြောဆိုမှု မကြာခဏရှိ
- ကိုယ်နေဟန်ထား ဆီလျော်ကောင်းမွန်မှု မကြာခဏရှိ
- မိမိကိုယ်ကိုယ် ယုံကြည်မှု ပျမ်းမျှအဆင့်ရှိကြောင်း မြင်ရ
- အသံထွက် မကြာခဏကောင်း
- စိတ်ခံစားချက် ပြနိုင်သည့် အဖိအဖော့နှင့် သံနေသံထားများ အများစု မှန်အောင်သုံး
- သရသံ၊ ဗျည်းသံနှင့် အဆုံးဗျည်းသံများ အများစု မှန်အောင်ထွက်

(စ)
- အယူအဆကို ထောက်ကူရန် အကြောင်းပြချက်၊ သာဓက ရှင်းလင်းချက် အနည်းငယ်ပေး
- ပေးသည့် သတင်းအချက်အလက်က ခေါင်းစဉ်/ ညွှန်ကြားချက်နှင့် ကိုက်ညီမှု မကြာခဏရှိ

| | | ၆ မှတ် (သတ်မှတ်ချက်အောက်) |
|---|---|---|
| စံနှုန်းနယ်ပယ်များ | ၁ ________ | • အယူအဆကို ထောက်ကူရန် အကြောင်းပြချက်၊ သာဓက ရှင်းလင်းချက် မပေး။<br>• ပေးသည့် သတင်း အချက်အလက်က ခေါင်းစဉ်။ ညွှန်ကြားချက်နှင့် မကိုက်ညီ |
| | ၂ ________ | • ခေါင်းစဉ်နှင့် ကိုက်ညီသည့် ဝေါဟာရ အနည်းငယ်သာ သုံး<br>• မဆီလျော်။ မှားယွင်းသည့် ဝေါဟာရ မကြာခဏ သုံး<br>• ကြိယာ tense အချိန် မှားသုံး<br>• ကတ္တားကြိယာကိန်း မှားသုံး<br>• ဝါကျတည်ဆောက်ပုံ အမှားများ<br>• ဝါကျရိုး၊ ဝါကျရောနှင့် ပုဒ်ရောဝါကျများ ကို ပေါင်းစပ်သုံးနိုင်ခြင်း မရှိ |
| | ၃ ________ | • သင့်တော်သော အကြည့်ဆုံပြီး ပြောဆိုခြင်း မရှိ<br>• ကိုယ်နေဟန်ထား ဆီလျော်ကောင်းမွန်မှု မရှိ<br>• မိမိကိုယ်ကိုယ် ယုံကြည်မှု နည်းပါးကြောင်း မြင်ရ<br>• အသံထွက် အမှန်နည်း<br>• သင့်တော် ကောင်းမွန်သော အသံ အဖိအဖော့နှင့် ခံစားချက်ပြနိုင်သည့် သံနေသံထား မသုံး<br>• သရသံနှင့် စကားလုံး အဆုံး ဗျည်းသံများ မပီ။ မမှန် |
| ဆရာမှတ်ချက် | | |

| | | | |
|---|---|---|---|
| အမှတ်နှင့် စွမ်းဆောင်ရည်အဆင့် ရှင်းလင်းချက်များ | | | |
| ၈ မှတ် (သတ်မှတ်ချက် ပြည့်မီ) | ၁၀ မှတ် (သတ်မှတ်ချက် ကျော်လွန်) | ရမှတ် | |
| ၄ ______ | • ကိုယ်ပိုင်ဖြစ်သည့် အဓိက အတွေးအယူများ ရှိ<br>• အဓိက အယူအဆကို ထောက်ကူသော ကိုယ်ပိုင်အတွေး အထောက်အထားများ ရှိ<br>• အတွေးအယူများကို အသေးစိတ် ဝေဝေဆာဆာဖြင့် ရှင်းပြ | /၁၀ | |
| • စိတ်ဝင်စားဖွယ် ဆီလျော်သော ဝေါဟာရ ပုံမှန်သုံး၊ သို့သော် လိုသွားသည့် နေရာလည်း ရှိ<br>• မဆီလျော်။ မှားယွင်းသည့် ဝေါဟာရ မပါသလောက်နည်း<br>• ကြိယာ tense အချိန် အများစု မှန်<br>• ကတ္တားကြိယာကိန်း အများစု မှန်<br>• ဝါကျတည်ဆောက်ပုံ အမှားနည်း<br>• ဝါကျရိုး၊ ဝါကျရောနှင့် ပုဒ်ရောဝါကျများကို ပေါင်းစပ်သုံးခြင်း အနည်းငယ် ရှိ | ၅ ______ | /၁၀ | |
| ၆ ______ | • အကြည့်ချင်း ဆီလျော် သင့်တော်စွာ ဆုံကြည့် ပြောဆိုမှု တသမတ်တည်းရှိ<br>• ကိုယ်နေဟန်ထား ဆီလျော်ကောင်းမွန်မှု တသမတ်တည်း ရှိ<br>• မိမိကိုယ်ကိုယ် ယုံကြည်မှု မြင့်မားကြောင်း မြင်ရ<br>• အသံထွက် အများစု မှန်<br>• စိတ်ခံစားချက် ပြနိုင်သည့် အဗိအဖော့နှင့် သံနေသံထားများ တသမတ်တည်း မှန်အောင် သုံး<br>• သရသံ၊ ဗျည်းသံနှင့် အဆုံးဗျည်းသံများ မှန်ကန်စွာ တသမတ်တည်း ထွက် | /၁၀ | |
| | စုစုပေါင်း ရမှတ် | /၃၀ | |

## လုပ်ငန်းစဉ်

**၈** ၃.၄ ဂ မှ စာစီစာကုံးကိုကြည့်ပါ။ ၎င်းသည် စီးပွားရေးမိတ်ဆက် သင်တန်းတစ်ခုမှဖြစ်သည်။

> သင်၏မွေးရပ်မြို့ရှိ အဓိကစီးပွားရေး လုပ်ငန်းအကြောင်း စာလုံး ၂၀၀ ပါသော စာစီစာကုံး တစ်ပုဒ်ရေးပါ။ မည်သည့် စီးပွားရေး လုပ်ငန်းများသည် အောင်မြင်နေပြီး မည်သည့် စီးပွားရေးလုပ်ငန်းများမှာ မအောင်မြင်သည်ကို ရေးသားဖော်ပြပါ။

၁။ စာစီစာကုံးကို စာမျက်နှာ ________ ပါ အခြေခံအမှတ်ပေးဇယားအတိုင်း အမှတ်ပေးပါ။

၂။ စာစီစာကုံးကို စာမျက်နှာ ________ ပါ အသေးစိတ် အမှတ်ပေးဇယားအတိုင်း အမှတ်ပေးပါ။

၃။ ၎င်းအမှတ်များအား ရာခိုင်နှုန်းအမှတ်အဖြစ်သို့ ပြောင်းပါ။ အခြေခံဇယားမှရသော အမှတ်နှင့် အသေးစိတ်ဇယားမှရသော အမှတ်တို့ တူညီမှု ရှိကြပါသလား။

၄။ နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့များထဲတွင် မိမိတို့ပေးခဲ့သော အမှတ်များအကြောင်း ဆွေးနွေးပါ။



## လေ့ကျင့်ခန်း

**၉** အောက်ပါတို့မှာ **အမှတ်ပေးနှုန်းထားများ**ပါသော အသေးစိတ်အမှတ်ပေးဇယား ရေးဆွဲရန် အဆင့်များဖြစ်သည်။ အဆင့်တစ်ခုစီကို နမူနာဇယားနှင့် တွဲပေးပါ။

၁။ လုပ်ဆောင်ရမည့် လုပ်ငန်းကို သတ်မှတ်ပါ။ သင်ယူသူများမှာ မည်သည်တို့ကို လုပ်ဆောင်ရန် လိုအပ်ကြောင်း အသေးစိတ်ဖော်ပြပါ။

၂။ စစ်ဆေးမှု စံသတ်မှတ်ချက်များကို ဆုံးဖြတ်ပါ။

၃။ စံနှုန်းတစ်ခုစီအတွက် စွမ်းဆောင်ရည် အဆင့်သုံးဆင့်/လေးဆင့်/ငါးဆင့် စသည်တို့အနက် ရွေးချယ်သတ်မှတ်ပါ။

၄။ စံသတ်မှတ်ချက်တစ်ခုစီ၏ အဆင့်တစ်ခုစီတိုင်းအတွက် ဖော်ပြချက်များကို ရေးချပါ။

**က**

### သုတေသန ပရောဂျက်

သင်နေထိုင်ရာ အသိုင်းအဝိုင်းအပေါ် သက်ရောက်မှုရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတစ်ခုကို ရွေးချယ်ပါ။ ဤပြဿနာ၏ အကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများကို ဖော်ပြပါ။ ဤပြဿနာအား ဖြေရှင်းရန် လုပ်ဆောင်နေသော အဖွဲ့တစ်ဖွဲ့ သို့မဟုတ် အဖွဲ့များအား ဖော်ထုတ်ပါ။ ၎င်းတို့၏ လှုပ်ရှားမှုများ၊ ပြဿနာဖြေရှင်းရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် ၎င်းတို့ ရင်ဆိုင်ရသော စိန်ခေါ်မှုများကို ရှာဖွေဖော်ထုတ်ပါ။ စကားလုံး ၈၀၀ မှ ၁၀၀၀ အတွင်းရေးပါ။

| | | အမှတ်နှင့် စွမ်းဆောင်ရည်အဆင့် ရှင်းလင်းချက်များ | | | |
|---|---|---|---|---|---|
| | | ၆ မှတ်<br>သတ်မှတ်ချက် အောက် | ၈ မှတ်<br>သတ်မှတ်ချက် ပြည့်မီ | ၁၀ မှတ်<br>သတ်မှတ်ချက် ကျော်လွန် | ရမှတ်<br>စုစုပေါင်း |
| စံနှုန်းနယ်ပယ်များ | သုတေသန | • တိုက်ရိုက်ရင်းမြစ်မပါ။ ဆီလျော်သော တိုက်ရိုက်ရင်းမြစ်မပါ။<br>• တဆင့်ခံရင်းမြစ်မပါ။ ဆီလျော်သော တဆင့်ခံရင်းမြစ်မပါ။ | • ဆီလျော်သော တိုက်ရိုက်ရင်းမြစ် အနည်းငယ်ပါ။<br>• ဆီလျော်သော တဆင့်ခံရင်းမြစ် အနည်းငယ်ပါ။ | • ဆီလျော်သော တိုက်ရိုက်ရင်းမြစ် ကွဲပြားစုံလင်စွာပါဝင်။<br>• ဆီလျော်သော တဆင့်ခံရင်းမြစ် ကွဲပြားစုံလင်စွာပါဝင်။ | |
| | အကြောင်းအရာ | • အမှားအယွင်း အနည်းငယ်ပါ။<br>• သတင်းအချက်အလက် လိုအပ်ချက်များစွာရှိ။ | • အမှားအယွင်း မရှိသလောက်နည်း။<br>• သတင်းအချက်အလက် အများစုကို ထည့်သွင်းထား။ | • အားလုံး အပြည့်အဝ မှန်ကန်။<br>• သတင်းအချက်အလက် အားလုံး ပြည့်စုံစွာပါဝင်။ | |
| | ဘာသာစကား | • စာလုံးပေါင်း အမှားများစွာပါ။<br>• သဒ္ဒါ အမှားများစွာပါ။<br>• ဝေါဟာရ နွမ်းပါး။ | • စာလုံးပေါင်း အမှား အနည်းငယ်ပါ။<br>• သဒ္ဒါ အမှား အနည်းငယ်ပါ။<br>• ဝေါဟာရ အနည်းငယ် စုံလင်မှုရှိ။ | • စာလုံးပေါင်း အမှား မပါသလောက်နည်း။<br>• သဒ္ဒါ အမှား မပါသလောက်နည်း။<br>• ဝေါဟာရ ပြည့်စုံကြွယ်ဝမှုရှိ။ | |
| | တင်ပြပုံ | • တည်ဆောက်ပုံကို နားလည်ရခက်။<br>• စကားသံကို နားလည်ရခက်ခဲ။<br>• မြန်လွန်းခြင်း/ ကြာလွန်းခြင်းရှိ။ | • တည်ဆောက်ပုံကို အများစု နားလည်ရလွယ်။<br>• စကားသံက အားလုံးနီးပါး ရှင်းလင်း။<br>• အနည်းငယ်မြန်/ ကြာသွား။ | • တည်ဆောက်ပုံ အားကောင်း၊ နားလည်ရလွယ်။<br>• စကားသံကို အမြဲရှင်းလင်းစွာ နားလည်နိုင်။<br>• ကြာချိန် အတိအကျရှိ။ | |

## ဆွေးနွေးချက်

**ည** ဤအခန်းပါ နမူနာ အမှတ်ပေးဇယားများ နှိုင်းယှဉ်လေ့လာပါ။ အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ အမှတ်ပေးဇယားတစ်ခုတွင် အမှတ်ပေးစံနှုန်းနယ်ပယ် ဘယ်နှစ်ခု ရှိသင့်ပါသနည်း။

၂။ စံသတ်မှတ်ချက် တစ်ခုချင်းစီတွင် စွမ်းဆောင်ရည် သတ်မှတ်ဖော်ပြချက် ဘယ်နှစ်ခု ရှိသင့်ပါသနည်း။

၃။ အမှတ်ပေးဇယားတစ်ခုတွင် အဆင့်သတ်မှတ်ချက် မည်မျှ ပါဝင်သင့်ပါသနည်း။

## လုပ်ငန်းစဉ်

မိမိ၏ ပညာရေး အတွေ့အကြုံအကြောင်း စာပိုဒ်တစ်ပိုဒ်ရေးပါ။ ၎င်းအတွေ့အကြုံများက မိမိစာသင်သည့် ပုံစံ (စာသင်လိုသည့်ပုံစံ) အပေါ် မည်သို့ လွှမ်းမိုးမှုရှိကြောင်း တွေးတော ရေးသားပါ။ ယခုမှ စာသင်ကြားမည့် ဆရာ/ဆရာမ အသစ်များအတွက် အကြံပြုချက်များ ထည့်သွင်းရေးသားပါ။ စာလုံးရေ ၃၀၀ ခန့် ရေးသားပြီး သင်တန်းဆရာဆီ အီးမေးပို့ပါ။

**၄** မေးခွန်း၏ အဖြေကို အကဲဖြတ်စစ်ဆေးရန် အမှတ်ပေးဇယားတစ်ခု တည်ဆောက်ပါ။

၁။ အကဲဖြတ်စံသတ်မှတ်ချက် သုံးခု သို့မဟုတ် လေးခုကို ဆုံးဖြတ်ပါ။

၂။ မိမိ၏ စံသတ်မှတ်ချက်များအတွက် အဆင့်သုံးဆင့် ခွဲခြား သတ်မှတ်ပါ။ (ဥပမာ – မျှော်မှန်းချက်အောက် ၁ မှတ် – မျှော်မှန်းချက် ပြည့်မီ ၂ မှတ်နှင့်၊ မျှော်မှန်းချက် ကျော်လွန် ၃ မှတ်)

၃။ စံသတ်မှတ်ချက်တစ်ခုစီ၏ အဆင့်တစ်ခုစီတိုင်းအတွက် စွမ်းဆောင်ရည် သတ်မှတ်ဖော်ပြချက်များကို ရေးချပါ။ အဆင့်တစ်ခုစီအတွက် သတ်မှတ်ဖော်ပြချက် ၂ ခု ၃ ခုစီခန့်ရေးပါ။

## လုပ်ငန်းစဉ်

**၅** တစ်ဖက်စာမျက်နှာတွင် ဖော်ပြထားသော ဖြစ်ရပ်လေ့လာမှုကို ဖတ်ပါ။ အဖွဲ့များထဲတွင် –

၁။ ဤအကဲဖြတ်မှုအား ဖော်ပြရာတွင် အသုံးပြုနိုင်မည့် စကားလုံးများကို ဝိုင်းပါ။

အကျိုးဆိုင်မှုမြင့်သော    အကျိုးဆိုင်မှုနိမ့်သော    နေရာသတ်မှတ်ချက်စစ်ဆေးခြင်း    ဝင်ခွင့်စစ်ဆေးခြင်း
အားနည်းချက်စစ်ဆေးခြင်း    တိုးတက်မှုစစ်ဆေးခြင်း    အောင်မြင်ပေါက်မြောက်မှုစစ်ဆေးခြင်း
သင်ယူစဉ် အကဲဖြတ်စစ်ဆေးခြင်း    သင်ယူပြီး အကဲဖြတ်စစ်ဆေးခြင်း    ယုံကြည်စိတ်ချရသော
ယုံကြည်စိတ်ချရမှု မရှိသော    ကျိုးကြောင်းဆီလျော်သော    ကျိုးကြောင်းမဆီလျော်သော
လက်တွေ့ကျသော    လက်တွေ့မကျသော

၂။ အောက်ပါမေးခွန်းများကို ဖြေပါ။

(က) ယုံကြည်စိတ်ချရမှုနှင့်ဆိုင်သော ပြဿနာများမှာ အဘယ်နည်း။

(ခ) ကျိုးကြောင်းဆီလျော်မှုနှင့်ဆိုင်သော ပြဿနာများမှာ အဘယ်နည်း။

(ဂ) လက်တွေ့ကျမှုနှင့်ဆိုင်သော ပြဿနာများမှာ အဘယ်နည်း။

၃။ သင်ယူသူများ၏ ပူးပေါင်းဆောင်ရွက်ပြီး ပြဿနာ ဖြေရှင်းနိုင်မှု စွမ်းရည်အဆင့်အား အကဲဖြတ်စစ်ဆေးရန် မည်သို့သော စံသတ်မှတ်ချက်များကို အသုံးပြုနိုင်ပါသနည်း။

၄။ PISA လုပ်ငန်းများသည် "သင်ယူသူများ စာသင်ခန်း အတွင်းနှင့် အပြင်၌ ကြုံတွေ့နေရသော အခြေအနေများကို ထင်ဟပ်စေသည်။" ၎င်းသည် အဘယ့်ကြောင့် အသုံးဝင်သော အကဲဖြတ်စစ်ဆေးမှုတစ်ခု ဖြစ်သနည်း။



၄။ တစ်ဖက်ပါ မေးခွန်းအတိုင်း အဖြေရေးပါ။ မိမိရေးဆွဲထားသော အမှတ်ပေးဇယားကိုသုံး၍ မိမိကိုယ်ကိုယ် အမှတ်ပေးပါ။

၅။ တွဲဖက်တစ်ဦးနှင့် စာပိုဒ်များကို လဲလှယ်ပါ။ မိမိ၏ အမှတ်ပေးဇယားသုံးပြီး ၎င်း၏စာပိုဒ်အား အမှတ်ပေးပါ။

၆။ မိမိတို့၏ အမှတ်ပေးဇယားများနှင့် အမှတ်ပေးစနစ်များအား ဆွေးနွေးပါ။

၇။ အဖွဲ့လိုက် ပြန်ဖွဲ့ပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းစဉ်အတွက် အမှတ်ပေးရန် စံနှုန်းနယ်ပယ်များ သတ်မှတ်ပြီး အမှတ်ပေးဇယားတစ်ခု ရေးဆွဲတည်ဆောက်ပါ။

၈။ အဖွဲ့ဝင်တစ်ဦး၏ စာပိုဒ်များကို ရွေးချယ်ပါ။ ပြီးခဲ့သော အဖွဲ့လိုက် အမှတ်ပေးဇယားကိုသုံးပြီး ထိုစာပိုဒ်ကို တစ်ဦးချင်း အမှတ်ပေးကြပါ။

၉။ အမှတ်များအား နှိုင်းယှဉ်ပါ။ အဖွဲ့ဝင်အားလုံး၏ အမှတ်များမှာ တူညီကြပါသလား။

## မြစ်ရပ်လေ့လာချက်

## အပြည်ပြည်ဆိုင်ရာ ကျောင်းသားများ အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်၏ ပြဿနာဖြေရှင်းမှု ပူးပေါင်းဆောင်ရွက်ခြင်း ဆန်းစစ်ချက်

အပြည်ပြည်ဆိုင်ရာ ကျောင်းသားများ အကဲဖြတ်စစ်ဆေးခြင်း အစီအစဉ် PISA သည် နိုင်ငံပေါင်း ၇၀ ကျော်မှ ပညာရေးစနစ်များကို နှိုင်းယှဉ်ရာ၌ အသုံးပြုသည့် နိုင်ငံတကာအကဲဖြတ်စစ်ဆေးချက်ဖြစ်သည်။ ၁၅ နှစ်အရွယ် ကျောင်းသားများ၏ စာဖတ်ခြင်း၊ သင်္ချာနှင့် သိပ္ပံဘာသာရပ်များအပေါ် တတ်မြောက်မှုကို သုံးနှစ်တစ်ကြိမ် တိုင်းတာသည်။

PISA အနေဖြင့် ပြဿနာဖြေရှင်းမှု ပူးပေါင်းဆောင်ရွက်ခြင်းကိုလည်း အကဲဖြတ်စစ်ဆေးသည် – ပြဿနာတစ်ခုကို ဖြေရှင်းနိုင်သည့် အခြေအနေသို့ရောက်ရှိရန် နှစ်ဦးနှင့် အထက်သော လူပ်ရှားဆောင်ရွက်သူအချင်းချင်း နားလည်မှုနှင့် အချက်အလက်များ မျှဝေကာ ပူးပေါင်းဆောင်ရွက်သော ဖြစ်စဉ်တွင် ထိရောက်စွာ ပါဝင်နိုင်သော တစ်စုံတစ်ဦး၏ စွမ်းရည်ကို ခေါ်ဆိုပါသည်။

ကျောင်းသားများသည် CPS သင်ယူမှုအကဲဖြတ်ဆန်းစစ်ခြင်းကို ဖြေဆိုပါက ကွန်ပျူတာများပေါ်တွင် လုပ်ဆောင်ရသည်။ အခြားသော အေးဂျင့်တစ်ဦးဖြစ်စေ၊ ပိုများသည့် အေးဂျင့်များနှင့်ဖြစ်စေ **ပူးပေါင်းဆောင်ရွက်**ရသည်။ (အဆိုပါ အေးဂျင့်များမှာ ကွန်ပျူတာဖြင့် ကျောင်းသားတစ်ဦးသဖွယ် ဖန်တီးထားသော ပရိုဂရမ်များသာဖြစ်သည်။) ၎င်းကျောင်းသားနှင့် ကျောင်းသားတု ပရိုဂရမ်များ ပူးပေါင်းပြီး ပြဿနာတစ်စုံတစ်ရာကို ဖြေရှင်းရသည်။ နမူနာအားဖြင့် ငါးပြတိုက်တစ်ခု ဖန်တီးရန် ပုစ္ဆာတွင် ကျောင်းသားသည် အေးဂျင့်များနှင့် ဆွေးနွေးညှိနှိုင်းပြီး ငါးများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးခြင်းနှင့် ငါးစာများ သတ်မှတ်ရယူခြင်းများ ပြုလုပ်ကြရသည်။ ကျောင်းသားများနှင့် အေးဂျင့်များတွင် ကွဲပြားသောရင်းမြစ်များအသီးသီး ပိုင်ဆိုင်ကြသည်။

CPS သည် ကျောင်းသား၏ ဆက်သွယ်မှု စွမ်းရည်၊ ပဋိပက္ခစီမံခန့်ခွဲခြင်း စွမ်းရည်၊ အသင်းအဖွဲ့တည်ဆောက်နိုင်ခြင်း စွမ်းရည်၊ သဘောတူညီမှု တည်ဆောက်ခြင်း စွမ်းရည်နှင့် တိုးတက်မှုကို စီမံခြင်း စွမ်းရည်တို့ကို အကဲဖြတ်သည်။ လုပ်ငန်းစဉ်များသည် ကျောင်းသားများ၏ စာသင်ခန်းအတွင်းနှင့် အပြင်တွင် ရင်ဆိုင်ရမည့် အခြေအနေများသာမက ၎င်းတို့၏ လုပ်ငန်းခွင်နှင့် အဆင့်မြင့် ပညာရေးတွင် လိုအပ်မည့် စွမ်းရည်များကိုပါ ထင်ဟပ်စေသည်။

ကျောင်းသား၏ အပြန်အလှန် ဆက်သွယ်မှုများ၊ ဆုံးဖြတ်ချက်များနှင့် တုံ့ပြန်မှုများအား ကွန်ပျူတာတွင် မှတ်တမ်းတင်ထားပြီး ၎င်းတို့၏ CPS ကျွမ်းကျင်မှုများကို အကဲဖြတ်ရာတွင် အသုံးပြုသည်။

*http://www.oecd.org/pisa/pisaproducts/Draft%20PISA%202015%20* မှ ဆီလျော်အောင် ထုတ်နုတ်ပြန်ဆိုထားပါသည်။

## လုပ်ငန်းစဉ်

**ဃ** အသေးစိတ်ကျသော အမှတ်ပေးဇယားတစ်ခု တည်ဆောက်ပါ။ မိမိ၏ စာသင်ခန်းတွင် အသုံးပြုခဲ့သည့် (သို့မဟုတ် အသုံးပြုရန် စီစဉ်နေသည့်) လုပ်ငန်းတိုတစ်ခုကို ရွေးချယ်ပါ။

၁။ ဆောင်ရွက်ရမည့် လုပ်ငန်းကို ဖွင့်ဆိုသတ်မှတ်ပါ။ သင်ယူသူများ လုပ်ဆောင်ရမည့်အရာများကို အသေးစိတ် ဖော်ပြပါ။

၂။ အကဲဖြတ်စံသတ်မှတ်ချက် ၃ ခု သို့မဟုတ် ၄ ခုကို ဆုံးဖြတ်ပါ။

၃။ မိမိ၏ စံသတ်မှတ်ချက်များအတွက် အဆင့် ၃ ဆင့် ခွဲခြားသတ်မှတ်ပါ။ (ဥပမာ – မျှော်မှန်းချက်အောက် ၁ မှတ် – မျှော်မှန်းချက် ပြည့်မီ ၂ မှတ်နှင့်၊ မျှော်မှန်းချက် ကျော်လွန် ၃ မှတ်)

၄။ စံသတ်မှတ်ချက်တစ်ခုစီ၏ အဆင့်တစ်ခုစီတိုင်းအတွက် ဖော်ပြချက်များကို ရေးချပါ။ အဆင့်တစ်ခုစီအတွက် ဝါကျတစ်ခု သို့မဟုတ် အချက် ၂ ခု၊ ၃ ခုကိုရေးပါ။

၅။ မိမိတို့၏ အမှတ်ပေးဇယားများနှင့် အမှတ်ပေးစနစ်များအား နှစ်ယောက်တစ်တွဲ ဆွေးနွေးပါ။



## ဆွေးနွေးချက်

**ပ** အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။


၁။ အမှတ်ပေးဇယားများ အသုံးပြုခြင်း၏ ကောင်းကျိုးနှင့် ဆိုးကျိုးများမှာ အဘယ်နည်း။

၂။ အမှတ်ပေးဇယားများသည် ကျိုးကြောင်းဆီလျော်မှုအပေါ် မည်သို့ သက်ရောက်ကြသနည်း။

၃။ သင်ယူသူများအား တုံ့ပြန်ချက်ပေးရာတွင် ဆရာ/ ဆရာမအနေဖြင့် အမှတ်ပေးဇယားများကို မည်သို့ အသုံးပြုနိုင်ပါသနည်း။

## ပြန်လှန်သုံးသပ်ခြင်း

**ဃ** မိမိ၏ သင်ယူမှု နေ့စဉ်မှတ်တမ်းထဲတွင်




### အနှစ်ချုပ် - အခန်း (၃) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးအစားများ

စာသင်ခန်းတွင်းမှ လုပ်ငန်းစဉ်အများစုအား အကဲဖြတ်စစ်ဆေးရာ၌ အသုံးပြုနိုင်သည်။ အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းများသည် သင်တန်း၏ သင်ကြားမှု ရည်ရွယ်ချက်များနှင့် ကိုက်ညီအောင် စီမံရန်သာ အရေးကြီးသည်။ သို့မှသာ ကျိုးကြောင်းဆီလျော်သော အကဲဖြတ်ချက် ဖြစ်နိုင်မည်။

အချို့သော အကဲဖြတ်စစ်ဆေးခြင်း လုပ်ငန်းများမှာ အပိတ်မေးခွန်းများဖြစ်သည်။ ရှိနိုင်သော အဖြေမှန် အနည်းငယ်အထဲမှသာ ရွေးချယ်ခြင်း၊ ရေးချခြင်းများ ပြုနိုင်မည်ဖြစ်သည်။ အပိတ်မေးခွန်း သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများသည် ပုံမှန်အားဖြင့် မှတ်မိခြင်းနှင့် နားလည်သဘောပေါက်ခြင်းကဲ့သို့သော **အခြေခံစဉ်းစားခြင်း ကျွမ်းကျင်မှုများ**ကို အာရုံစိုက်သည်။ အပိတ်မေးခွန်း သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများသည် အမှတ်ပေးရာတွင် လွယ်ကူသော်လည်း ၎င်းတို့အား ရေးဆွဲရာတွင် စည်းမျဉ်းများကို သေချာလိုက်နာရန်လိုသည်။ ထိုမှသာ ၎င်းတို့သည် ယုံကြည်စိတ်ချရပြီး ကျိုးကြောင်းဆီလျော်သော အကဲဖြတ်စစ်ဆေးခြင်း ဖြစ်နိုင်သည်။

အဖွင့်လုပ်ငန်းများမှာမူ အဖြေမှန်များစွာ ရှိနိုင်သည်။ များသောအားဖြင့် အဖွင့်လုပ်ငန်းများတွင် ကျောင်းသားများသည် မိမိတို့ ကိုယ်ပိုင်အဖြေများ၊ အတွေးအမြင်များကို စကားလုံး စကားရပ်များမှ၊ စာစီစာကုံးများအထိ ရေးသားပေးရသည်။ အဖွင့်မေးခွန်း လုပ်ငန်းများကို အမှတ်ခြစ်ရခြင်းက အချိန်ကုန်နိုင်သည်။ ယုံကြည်စိတ်ချရမှု ရှိစေရန်အတွက် အမှတ်ပေးလမ်းညွှန်များ ရှိထားရန်လိုအပ်သည်။ အမှတ်ပေးစံ စာရင်းများနှင့် အမှတ်ပေးဇယားများမှာ အဖွင့်မေးခွန်း လုပ်ငန်းများကို အမှတ်ခြစ်ရာတွင် အသုံးဝင်သော နည်းလမ်းကိရိယာများပင် ဖြစ်ကြပါသည်။ ၎င်းတို့ကို ကျောင်းသားများအား ပေးထားသင့်သည်။ သို့မှသာ မိမိတို့၏ မည်သည့် စွမ်းဆောင်ရည်ကို အကဲဖြတ်စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းတို့က သိရှိကြမည်ဖြစ်သည်။

အပိတ်မေးခွန်းများရော အဖွင့်မေးခွန်းများပါ တိကျရှင်းလင်းသော ညွှန်ကြားချက်များရှိမှသာ ကျောင်းသူ/ကျောင်းသားများက အကဲဖြတ်ဆန်းစစ်ချက်ကို ဆောင်ရွက်ဖြေဆိုရာတွင် မည်သည်တို့ လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိကြမည်ဖြစ်သည်။

အွန်လိုင်းပေါ်မှ စာသင်ကြားရာတွင်လည်း အပိတ်မေးခွန်းများကို ဖန်တီးခြင်း၊ ဖြေဆိုခိုင်းခြင်းနှင့် အမှတ်ပေးခြင်းတို့ကို ဆော့ဝဲသုံး၍ လုပ်ဆောင်နိုင်သည်။ ဆရာများသည် အွန်လိုင်းမှ အကဲဖြတ်ဆန်းစစ်ချက် လုပ်ရာတွင် အဖွင့်မေးခွန်းများကိုလည်း ပေးနိုင်သည်။ ဥပမာ စာရေးသားဖြေဆိုထားသည့် စာရွက်စာတမ်းများကို အွန်လိုင်းတင်ပေးခြင်း၊ မိမိတို့ တင်ဆက်ဟောပြောချက်ကို ဗီဒီယိုဖြင့် မှတ်တမ်းတင်ပြီး အွန်လိုင်းတွင်တင်ခြင်း စသည့် အဖွင့်လုပ်ငန်းစဉ်များ လုပ်ဆောင်ခိုင်းနိုင်ပါသည်။





# ၄ သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် မေးခွန်းများ ဖန်တီးခြင်း

### ရည်ရွယ်ချက်များ

- ဆရာအတတ်သင် ဆရာ/ဆရာမများသည် စာမေးပွဲဒီဇိုင်းနှင့် ပတ်သက်သော အရေးကိစ္စများကို လေ့လာကြရမည်။
- ဆရာအတတ်သင် ဆရာ/ဆရာမများသည် ပရောဂျက်များ၊ အဖွဲ့လိုက်လုပ်ငန်းများ၊ ပူးပေါင်းပါဝင်မှုနှင့် တွေးတောဆင်ခြင် စဉ်းစားခြင်းတို့ကို မည်သို့ အကဲဖြတ်ဆန်းစစ်နိုင်မည်ဖြစ်ကြောင်း နည်းလမ်းများ လေ့လာကြရမည်။
- ဆရာအတတ်သင် ဆရာ/ဆရာမများသည် ထိုသို့ ဆန်းစစ်သည့် နည်းလမ်းများ၏ အကောင်းအဆိုး အကဲဖြတ်သုံးသပ်ခြင်းကို လေ့လာဆောင်ရွက်ကြရမည်။

# ၄.၁ ပရောဂျက်များကို အကဲဖြတ်ဆန်းစစ်ခြင်း


## အကြံပြုသင်ခန်းစာ

**က** ပရောဂျက်တစ်ခု လုပ်ဆောင်ခြင်းနှင့် ပတ်သက်သော မိမိ၏ အတွေ့အကြုံများကို ပြန်လည်စဉ်းစားပါ။

၁။ အောက်ဖော်ပြပါ မေးခွန်းများကို အခြေခံ၍ အတွေးမြေပုံတစ်ခုကို ရေးဆွဲပါ။

၂။ အဖွဲ့လိုက် အတွေးမြေပုံများကို နှိုင်းယှဉ်ပါ။

၃။ ဤပရောဂျက်အား လုပ်ဆောင်ခဲ့စဉ်က မိမိအနေနှင့် မည်သည်တို့ကို ကြိုက်နှစ်သက်ခဲ့ပါသနည်း။ မည်သည်တို့ကို မကြိုက်ခဲ့ပါသနည်း။



## လုပ်ငန်းစဉ်

**၁** ပရောဂျက်များကို ကြည့်ပါ။

၁။ ထိုပရောဂျက်များကို သင်ယူမှုစစ်ဆေးရန် အသုံးပြုနိုင်သည့် ဘာသာရပ်ခေါင်းစဉ်များအောက်တွင် ထည့်သွင်းပါ။

(က) သုတေသနစာတမ်း တစ်စောင်ရေးပါ။
(ခ) စာအုပ်တစ်အုပ်အား ဝေဖန်သုံးသပ်ပါ။
(ဂ) ရေတွင်းတစ်တွင်း တည်ဆောက်ပါ။
(ဃ) မြေအောက်လမ်းပိုင်း/ မြေအောက်ဖြတ်လမ်းတစ်ခု ပုံမိုလုပအောင် ပြုပြင်ပါ။
(င) စစ်တမ်းတစ်ခု ရေးဆွဲရန်နှင့် ကောက်ယူမှုပြုလုပ်ရန်။
(စ) ပရိသတ်ပါသော ဆွေးနွေးပွဲ။
(ဆ) မှတ်တမ်းရုပ်ရှင်တစ်ခု ဖန်တီးပါ။
(ဇ) သင်တန်းအလုပ်ရုံ ဆွေးနွေးပွဲတစ်ခု စီစဉ်ရေးဆွဲပြီး ပို့ချပါ။
(ဈ) **ပါဝါပွိုင့် တင်ဆက်ချက်**တစ်ခု ဒီဇိုင်းရေးဆွဲပါ။

| အင်္ဂလိပ် ဘာသာစကား သင်တန်း | သမိုင်းဘာသာရပ် | ရပ်ရွာ ဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ် | အနုပညာဘာသာရပ် | သိပ္ပံဘာသာရပ် |
|---|---|---|---|---|
| | | | | |

၂။ ၎င်းပရောဂျက်များအနက်မှ မိမိ၏သင်ခန်းစာအတွက် ပရောဂျက်တစ်ခုခုကို အသုံးပြုမည်လား။ မည်သည့် ပရောဂျက်အား အသုံးပြုမည်နည်း။

၃။ မိမိသင်ကြားသော ဘာသာရပ်များမှာ အဘယ်နည်း။ အဖွဲ့ထဲတွင် ၎င်းဘာသာရပ်များအတွက် အသုံးဝင်နိုင်မည့် အပိုဆောင်း ပရောဂျက်များကို စာရင်းပြုစုပါ။

### ပရောဂျက်များကို သင်ကြားမှုနှင့် သင်ယူမှုတွင် အဘယ်ကြောင့် အသုံးပြုပါသနည်း

ပရောဂျက်များ လုပ်ဆောင်စေခြင်းသည် မိမိ၏ သင်ယူသူများ အတန်းထဲတွင် သင်ယူရရှိခဲ့သည့် ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို မည်ကဲ့သို့ ကောင်းစွာ အသုံးချနိုင်ကြောင်းကို အကဲဖြတ်စစ်ဆေးရာတွင် အသုံးဝင်သောနည်းလမ်းတစ်ခု ဖြစ်သည်။ ပရောဂျက်များ လုပ်ဆောင်ခြင်းတွင် သင်ယူသူများသည် မိမိတို့ သင်ယူထားသော ကျွမ်းကျင်မှုအမျိုးမျိုးတို့ကို ထုတ်သုံးပြီး တစ်စုံတစ်ရာ ဖန်တီးခြင်း သို့မဟုတ် ထုတ်လုပ်ခြင်းတို့ကို ကြိုးစားဆောင်ရွက်ရမည်ဖြစ်သည်။

ပရောဂျက်များသည် သင်ယူသူများ၏ အသုံးချခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ သုံးသပ်ဝေဖန်ခြင်းနှင့် ဖန်တီးခြင်းတို့ကဲ့သို့သော **အဆင့်မြင့် စဉ်းစားဆင်ခြင်ခြင်း ကျွမ်းကျင်မှုများ**အား စစ်ဆေးရန် နည်းလမ်းကောင်းတစ်ခုဖြစ်သည်။ သို့ရာတွင် ဆရာ/မ အနေနှင့် အထူးဂရုစိုက် ပြင်ဆင်ရေးသားရန်တော့ လိုအပ်သည်။ မိမိမှ သင်ယူသူများကို လုပ်ဆောင်စေချင်သည်များအား ၎င်းတို့သိစေရန် တိကျသော ညွှန်ကြားချက်များပေးပါ။ မိမိ၏ သင်ယူသူများအနေနှင့် ပရောဂျက်ပြီးစီးရန် အချိန်မည်မျှကြာမည်ကို ထည့်သွင်းစဉ်းစားပါ။ အမှတ်ပေးဇယားတစ်ခုကိုသုံးပါ။ သို့မှသာ ကျောင်းသားများကို အမှတ်ပေးရာတွင် ယုံကြည်စိတ်ချရမှုရှိစွာ အမှတ်ပေးနိုင်ခြင်း၊ သင့်လျော်သော အသေးစိတ်ကျသော တုံ့ပြန်မှတ်ချက်များလည်း ပေးနိုင်မည်ဖြစ်သည်။

ပရောဂျက်များကို တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း လုပ်ဆောင်ခိုင်းနိုင်သည်။ အချို့သော အတွေ့ရများသည့် ပရောဂျက်များမှာ သုတေသန၊ အစီအရင်ခံစာ ရေးခြင်း၊ တင်ဆက်ဟောပြောချက်၊ စမ်းသပ်ချက်များနှင့် ပြဿနာဖြေရှင်းနည်းသရုပ်ပြချက်များ ဖြစ်ကြသည်။

# လုပ်ငန်းစဉ်

**၈** ဤဆရာများ၏ ပရောဂျက် စိတ်ကူးများကိုဖတ်ပြီး မေးခွန်းများကိုဖြေပါ။

၁။ မည်သည့် ပရောဂျက်က အကျိုးဆိုင်မှုမြင့်ပြီး မည်သည်က အကျိုးဆိုင်မှုနိမ့်သော ပရောဂျက်များ ဖြစ်သနည်း။

၂။ မည်သည့် ပရောဂျက်သည် သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (summative) နှင့် မည်သည်က သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း (formative) ဖြစ်သနည်း။

၃။ ပရောဂျက်များသည် အပိတ် (closed) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း သို့မဟုတ် အဖွင့် (open) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ဖြစ်ပါသလား။

၄။ ဆရာ/မများသည် မိမိတို့၏ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို ပြင်ဆင်ရန် မည်သည်တို့ လိုအပ်သနည်း။

(က)



ယနေ့ အင်္ဂလိပ်စာ စာသင်ခန်းတွင် ဆရာဝန်နှင့် တွေ့ဆုံစကားပြောခြင်းအကြောင်းကို အဖွဲ့လိုက် ပြဇာတ်တစ်ခု ဖန်တီးရသည်။ သင်ယူသူများက ပြင်ဆင်မှုများ လုပ်ဆောင်ပြီး မနက်ဖြန်အတန်းထဲတွင် ပြဇာတ်ကပြရမည်ဖြစ်သည်။ သင်ယူသူများ၏ အားသာချက် အားနည်းချက်များကို မှတ်သားထားပြီး နောက်တစ်ပတ်တွင် ထိုမှတ်ချက်များကို ပြန်လည် လေ့လာမည်ဖြစ်သည်။

ကျွန်မသင်ကြားသော ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု သင်တန်း၏ နောက်ဆုံး ပရောဂျက်အတွက် သင်ယူသူများသည် ရပ်ကွက် အတွင်းရှိ **လိုအပ်ချက်များကို စိစစ်လေ့လာမှု**ပြုကြသည်။ သင်ယူသူများသည် ရပ်ရွာ၏ လိုအပ်ချက်များကို ဖော်ထုတ်သိရှိနိုင်ရန်အတွက် အိမ်ထောင်စုဆယ်ခုအား တွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ကြပြီး လိုအပ်ချက်များထဲမှ တစ်ခုအား ဖြေရှင်းရန် **ပရောဂျက် အဆိုပြုချက်**တစ်ခုကို ရေးကြသည်။ ပရောဂျက်အား အကောင်အထည်ဖော်နိုင်ရန် အတွက် ပိုက်ဆံအနည်းငယ်ရကြသည်။ ရက်သတ္တပတ် နှစ်ပတ်အပြီးတွင် မိမိတို့၏ နောက်ဆုံး ပရောဂျက်၏ အစီရင်ခံစာတင်ပြီး အတန်းဖော်များအား ပြန်လည်တင်ဆက်ကြရသည်။ နှစ်မျိုးလုံးကို အကဲဖြတ်အမှတ်ပေးရမည်။

(ခ)



## လုပ်ငန်းစဉ်

**ဃ** အောက်တွင် ဖော်ပြထားသော အမှတ်ပေးဇယားကိုကြည့်ပါ။

၁။ ထိုအမှတ်ပေးဇယားကို မည်သည့် ပရောဂျက်အတွက် အသုံးပြုနိုင်မည်နည်း။

၂။ အမှတ်ပေးဇယားတွင် လိုအပ်နေသော ဖော်ပြချက်များကို ဖြည့်စွက်ပါ။

| | သတ်မှတ်ချက် မပြည့်မီ ၂ မှတ် | သတ်မှတ်ချက် ပြည့်မီ ၄ မှတ် | သတ်မှတ်ချက်ထက် ကျော်လွန်ကောင်းမွန် ၆ မှတ် |
|---|---|---|---|
| အတွေးအခေါ်များကို စီစဉ်ဖွဲ့စည်းနေရာချခြင်း | (က) | • နိဒါန်းနှင့် နိဂုံးပါသည်။<br>• အတွေးအခေါ် အများစုသည် ခေါင်းစဉ်နှင့် ဆက်စပ်မှုရှိသည်။ | (ခ) |
| ဆွဲဆောင်နိုင်မှု | • ပရိသတ်သည် ဆွေးနွေးချက်ကို နားမလည်ပါ။<br>• ဆွေးနွေးချက်သည် ကျိုးကြောင်းဆီလျော်မှု မရှိပါ။<br>• ဆွေးနွေးချက်သည် မခိုင်လုံပါ လက်ခံဖွယ်ရာမရှိပါ။ | (ဂ) | (ဃ) |
| အပြောစွမ်းရည် | (င) | (စ) | • အသံထွက် အလွန်ကောင်းသည်။<br>• သဒ္ဒါအလွန် ပြေပြစ်သည်။<br>• ခြေဟန်လက်ဟန် ကောင်းကောင်းအသုံးပြုသည်။ |

၃။ အောက်ပါတို့မှာ အမှတ်ပေးဇယားတစ်ခုအတွက် စံသတ်မှတ်ချက်များဖြစ်သည်။ ၎င်းတို့အား မည်သို့သော ပရောဂျက်များတွင် အသုံးပြုနိုင်ပါသနည်း။

(က) သဒ္ဒါမှန်ကန်မှု

(ခ) အသံထွက်

(ဂ) ခေါင်းစဉ်နှင့် ဆက်စပ်မှု

(ဃ) ခင်းကျင်းတင်ပြမှု

(င) အချိန်စီမံခန့်ခွဲမှု

(စ) ဆန်းသစ်တီထွင်နိုင်မှု

(ဆ) **ပူးပေါင်းဆောင်ရွက်မှု**

(ဇ) စာလုံးပေါင်းသတ်ပုံ

၄။ မိမိသင်ကြားသော ဘာသာရပ်အား အကဲဖြတ်စစ်ဆေးရန် အခြား မည်သည့်စံနှုန်းများကို အသုံးပြုနိုင်ပါသနည်း။

## လုပ်ငန်းစဉ်

**င** မိမိသင်ကြားနေသော သို့မဟုတ် သင်ကြားတော့မည့် သင်တန်းတစ်ခုကို စဉ်းစားပါ။

၁။ မိမိမှ သင်ယူသူများအား မည်သို့သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများ အကဲဖြတ်စစ်ဆေးမည်ကို ဖော်ထုတ်ပြီး ၎င်းတို့ လုပ်ဆောင်နိုင်ရန် ပရောဂျက်တစ်ခု စီစဉ်ရေးဆွဲပါ။

- ရှင်းလင်း၍ တိကျသော ညွှန်ကြားချက်များရေးပါ။
- သင်ယူသူများအား ပရောဂျက်ပြီးမြောက်ရန် လိုအပ်သောအချိန် အလုံအလောက်ပေးပါ။
- ပရောဂျက်အတွက် သင့်တော်သော အမှတ်ပေးဇယားတစ်ခု စီစဉ်ရေးဆွဲပါ။

၂။ အဖွဲ့များအတွင်း သို့မဟုတ် အတန်းလိုက် မိမိ၏ ပရောဂျက် အတွေးအမြင်များကို ဆွေးနွေးတင်ပြပါ။ အခြား ပရောဂျက်များကို အကဲဖြတ်သုံးသပ်ချက်ပေးပါ။

## ဆွေးနွေးချက်

**ဝ** အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

၁။ သင်ယူသူများအား အကဲဖြတ်ဆန်းစစ်ရာ၌ ပရောဂျက်များကို အသုံးပြုခြင်းအားဖြင့် မည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း။

၂။ အကဲဖြတ်စစ်ဆေးရာတွင် ပရောဂျက်များကို အသုံးပြုရာ၌ ဆရာ/ဆရာမတွင် မည်သည့် တာဝန်ဝတ္တရားများ ရှိပါသနည်း။

၃။ မိမိ၏ အတန်းထဲတွင် သင်ကြား သင်ယူစဉ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်ရန်အတွက် မည်သည့် ပရောဂျက် အမျိုးအစားများကို အသုံးပြုနိုင်ပါသနည်း။

၄။ မိမိ၏ အတန်းထဲတွင် သင်ကြား သင်ယူအပြီး သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်ရန်အတွက် မည်သည့် ပရောဂျက် အမျိုးအစားများကို အသုံးပြုနိုင်ပါသနည်း။



# ၄.၂ အဖွဲ့လိုက် လုပ်ဆောင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်း

## အကြိုသင်ခန်းစာ

**က** အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။


၁။ မည်သည့် အခြေအနေများတွင် အဖွဲ့လိုက်လုပ်ဆောင်မှုကို အကဲဖြတ်စစ်ဆေးပါသနည်း။

၂။ အဖွဲ့လိုက် အကဲဖြတ်စစ်ဆေးခြင်းသည် အဖွဲ့ဝင်အားလုံးအတွက် မျှတကြောင်း မည်သို့ သေချာအောင် ဆောင်ရွက်မည်နည်း။

**ခ** အောက်တွင်ဖော်ပြထားသော ပုံများကိုကြည့်ပါ။

၁။ မည်သည့်ဖြစ်ရပ်များ ဖြစ်ပွားနေပါသနည်း။

၂။ ဆရာ/ဆရာမအနေနှင့် ဤသင်ယူသူများအား မည်သည့် စံသတ်မှတ်ချက်များဖြင့် အကဲဖြတ်စစ်ဆေးနိုင်ပါသနည်း။



## အဖွဲ့လိုက် လုပ်ဆောင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်း မူဘောင်များ

တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကို အကဲဖြတ်ဆန်းစစ်ရန်အတွက် မူဘောင်များမှာ လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရမှုနှင့် ကျိုးကြောင်းဆီလျော်မှုတို့ ဖြစ်ကြသည်။ ထိုမူဘောင်များသည် အဖွဲ့လိုက် လုပ်ဆောင်မှုများကို အကဲဖြတ်ဆန်းစစ်ရန်အတွက်ပါ အကျုံးဝင်သည်။ သို့ရာတွင် အောက်ပါအရေးကြီးသည့် အချက်နှစ်ချက်ကိုပါ စဉ်းစားရမည်ဖြစ်သည်။

- အဖွဲ့လိုက် လုပ်ဆောင်မှုအား အကဲဖြတ်စစ်ဆေးရာတွင် ၎င်းတို့ မည်သို့ လုပ်ဆောင်သည်ဆိုသည့် 'ဖြစ်စဉ်' နှင့် မည်သည်ကို လုပ်ဆောင်သည်ဆိုသည့် **'ရလဒ်'** နှစ်မျိုးလုံး ပါဝင်သည်။
- အဖွဲ့လိုက် စွမ်းဆောင်ရည်မှ တစ်ဦးချင်းရမှတ်သို့ မျှမျှတတပြောင်းပေးရမည်။

ပြဿနာတစ်ခုမှာ ဆရာ ဆရာမ အများစုသည် နောက်ဆုံး ရလဒ်ကိုသာ မြင်လေ့ရှိကြသည်။ ဖန်တီးထားသည့် ဒီဇိုင်း၊ ပိုစတာ သို့မဟုတ် ခင်းကျင်းတင်ပြမှုကို ကြည့်ရုံမျှဖြင့် အဖွဲ့လိုက် မည်သို့ လုပ်ဆောင်ပုံ ဖြစ်စဉ်နှင့် အဖွဲ့လိုက်လုပ်ဆောင်မှု စွမ်းရည်တို့ကို သိနိုင်မည် မဟုတ်ပေ။ အဖွဲ့လိုက် လုပ်ငန်းစဉ်ကို ပြီးစီးအောင် စာသင်ခန်းပြင်ပတွင် ဆုံကြပြီး အလုပ်လုပ်ကြမည်ဖြစ်သောကြောင့် တစ်ဦးချင်းစီ၏ အားစိုက်ထုတ် ပါဝင်မှုကို ဆရာက မြင်ရမည်မဟုတ်ပါ။ အဖွဲ့လိုက် လုပ်ငန်းကို အခန်းတွင် လုပ်ဆောင်သည့်အခါ၌ပင် ဆရာအနေနှင့် အဖွဲ့တိုင်းကို အနီးကပ် စေ့စေ့စပ်စပ်စောင့်ကြည့်ရန် ခက်ခဲနိုင်သည်။

ထို့ကြောင့် အဖွဲ့လိုက် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အဖွဲ့လိုက်အလုပ်လုပ်တတ်ခြင်း စွမ်းရည်အကြောင်း အချက်အလက် ရရှိရန် နည်းလမ်းအမျိုးမျိုး အသုံးပြုရန် လိုအပ်နိုင်သည်။ ထိုအချက်အလက်များ ရရှိနိုင်သည့် နည်းလမ်းတစ်ခုမှာ (၄.၃) တွင် ဖော်ပြခဲ့သော ပြန်လှန်သုံးသပ်ခြင်း နည်းလမ်းဖြစ်သည်။ အဖွဲ့ဝင်အချင်းချင်း အကဲဖြတ် ဆန်းစစ်စေသော နည်းလမ်းကိုလည်း အသုံးပြုနိုင်သည်။ **အချင်းချင်းအကဲဖြတ်ချက်** နည်းလမ်းကို အသုံးပြုမည်ဆိုပါက လုပ်ဆောင်ဖွယ်စာရင်း၊ စံစာရင်း၊ အမှတ်ပေးလမ်းညွှန်တစ်ခုခုကိုပေးပြီး ကျောင်းသူ/ကျောင်းသား အချင်းချင်း အမှတ်ပေးခိုင်းနိုင်ပါသည်။

## လုပ်ငန်းစဉ်

**ဂ** ပေးထားသော အမှတ်ပေးဇယားကိုကြည့်ပါ။

၁။ အောက်ဖော်ပြပါ အမှတ်ပေးဇယားသုံး၍ မည်သည့် လုပ်ငန်းအမျိုးအစားများကို အကဲဖြတ်စစ်ဆေးနိုင်ပါသနည်း။

၂။ မည်သည့် စံသတ်မှတ်ချက်များသည် လုပ်ငန်း၏ ဖြစ်စဉ်အား အကဲဖြတ်စစ်ဆေးနိုင်ပြီး မည်သည့် စံသတ်မှတ်ချက်များသည် လုပ်ငန်း၏ ရလဒ်အား အကဲဖြတ်စစ်ဆေးနိုင်မည်နည်း။

၃။ မည်သည့် စံသတ်မှတ်ချက်များသည် အဖွဲ့ဝင်တစ်ဦးချင်းစီကို အကဲဖြတ်စစ်ဆေးနိုင်ပြီး မည်သည့် စံသတ်မှတ်ချက်များသည် တစ်ဖွဲ့လုံးအား အကဲဖြတ်စစ်ဆေးနိုင်မည်နည်း။

၄။ ပေးထားသော အမှတ်ပေးဇယားသည် အဖွဲ့လိုက်လုပ်ဆောင်ခြင်း သို့မဟုတ် တစ်ဦးချင်း၏ စွမ်းဆောင်ရည်ကို ဦးစားပေး အကဲဖြတ်ပါသလား။

| | | စွမ်းဆောင်မှု စံနှုန်းများနှင့် ဖော်ပြချက်များ | | |
|---|---|---|---|---|
| | | သတ်မှတ်ချက် မပြည့်မီ ၁ မှတ် | သတ်မှတ်ချက် ပြည့်မီ ၂ မှတ် | သတ်မှတ်ချက်ထက် ကျော်လွန်ကောင်းမွန် ၃ မှတ် |
| စံနှုန်း | ပူးပေါင်း ပါဝင်မှု | • ပူးပေါင်းပါဝင်မှုနည်း<br>• အခြားသူများကို မကူညီ | • ပူးပေါင်းပါဝင်မှု အများစုကောင်း<br>• အခြားသူများကို အများအားဖြင့် ကူညီ | • အပြည့်အဝ ပူးပေါင်းပါဝင်မှု ရှိ<br>• *အခြားသူများကို စဉ်ဆက်မပြတ် ကူညီ* |
| | အားစိုက် ထုတ်မှု | • အားစိုက်ထုတ်မှု အနည်းငယ်ရှိ | • အားစိုက်ထုတ်မှု အသင့်အတင့်ရှိ | • ပိုမိုအားစိုက်ထုတ် |
| | ဒီဇိုင်း | • ဒီဇိုင်းရှုပ်ထွေး၊ သုံးရခက် | • ဒီဇိုင်းအဆင်ပြေ၊ အခက်အခဲအချို့ရှိ | • ဒီဇိုင်းကောင်းပြီး သုံးရလွယ် |
| | ရှင်းလင်း တင်ပြမှု | • နားလည်ရခက်<br>• တည်ဆောက်ပုံ ရှုပ်ထွေး | • အတော်များများ နားလည်ရလွယ်<br>• *တည်ဆောက်ပုံ အများအားဖြင့်ကောင်း* | • ရှင်းလင်းနားလည်လွယ်<br>• တည်ဆောက်ပုံ အားကောင်း |

## ဆွေးနွေးချက်

**ဃ** အောက်ပါလုပ်ငန်းစဉ်သည် ၄.၂ (ဂ) တွင်ပါသည့် အမှတ်ပေးဇယားဖြင့် စစ်ဆေးမည့် လုပ်ငန်းစဉ်ဖြစ်သည်။ အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

**ရပ်ရွာဖွံ့ဖြိုးတိုးတက်မှု သင်တန်းမှ အဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှု**

လေးဦးမှ ငါးဦး ပါဝင်သော အဖွဲ့များတွင် မိမိတို့နေထိုင်ရာ နယ်မြေအတွင်းရှိ လူထုဝန်ဆောင်မှုကိုပြသော မြေပုံတစ်ခုကို ရေးဆွဲပါ။ ဝန်ဆောင်မှုတစ်ခုစီ၏ အရေးပါမှုနှင့် ၎င်းဝန်ဆောင်မှုအား ရပ်ရွာလူထုမှ မည်သို့ အသုံးပြုနိုင်သည်ကို ရှင်းပြပါ။

**ဥပမာ**

**အမှတ်စစ်သူအမျိုးမျိုးက အမှတ်ပေးပုံ အမျိုးမျိုးဖြစ်နိုင်သည်။ အဖွဲ့ဝင်တစ်ယောက် နှစ်ယောက်၏ လုပ်ဆောင်မှုကြောင့် အချို့အဖွဲ့များမှာ အမှတ်နည်းခြင်း များခြင်း ကွဲပြားသွားနိုင်သည်။**

၁။ ဤအကဲဖြတ်စစ်ဆေးမှုတွင် ဖြစ်နိုင်ခြေရှိသော လက်တွေ့ကျမှုဆိုင်ရာ ပြဿနာများမှာ အဘယ်နည်း။

၂။ ဤအကဲဖြတ်စစ်ဆေးမှုတွင် ဖြစ်နိုင်ခြေရှိသော ယုံကြည်စိတ်ချရမှုဆိုင်ရာ ပြဿနာများမှာ အဘယ်နည်း။

၃။ ဤအကဲဖြတ်စစ်ဆေးမှုတွင် ဖြစ်နိုင်ခြေရှိသော ကျိုးကြောင်းဆီလျော်မှုဆိုင်ရာ ပြဿနာများမှာ အဘယ်နည်း။

## လေ့ကျင့်ခန်း

**င** အောက်ပါ အကြံပြုချက်များကို ဖတ်ပါ။ မည်သည်တို့မှာ ယုံကြည်စိတ်ချရမှု၊ ကျိုးကြောင်းဆီလျော်မှုနှင့် လက်တွေ့ကျမှုဆိုင်ရာ ပြဿနာများ၏ ဖြေရှင်းပုံများ ဖြစ်ပါသနည်း။

(၁) သင်ယူသူများအား မိမိ၏ လုပ်ဆောင်မှုကို မိမိကိုယ်တိုင် ပြန်အကဲဖြတ် အမှတ်ပေးစေပါ။ အမှတ်ပေးဇယားတစ်ခု ပေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ အားစိုက်ထုတ်မှုနှင့် ဆက်သွယ်ဆက်ဆံရေးတို့အပေါ် မိမိကိုယ်တိုင် အကဲဖြတ် အမှတ်ပေးပါစေ။ မိမိ၏ သင်ယူသူများကို မျှတမှန်ကန်သည်ဟု ယုံကြည်ပါက သင်ယူသူအချင်းချင်း အကဲဖြတ်အမှတ်ပေး ပါစေ။ အကျိုးဆိုင်မှုမြင့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အတွက်ဆိုလျှင် သင်ယူသူကိုယ်တိုင် အမှတ်ပေးခြင်းနှင့် သင်ယူသူအချင်းချင်း အမှတ်ပေးခြင်းတို့ကို လုပ်ဆောင်မည် မဟုတ်ပါ။

(၂) သင်ယူသူများအား အကဲဖြတ် စံသတ်မှတ်ချက်များကို သေချာသိရှိနားလည် ပါစေ။ ၎င်းတို့အား မိမိရေးဆွဲထားသော အမှတ်ပေးဇယားကို ပြနိုင်သည်။ ဤနည်းအားဖြင့် သင်ယူသူများသည် မည်သည်အတွက် အမှတ်ရ မည်ကို သိရှိမည်ဖြစ်သည်။ ထိုအခါ မြေပုံကောင်း တစ်ခုရအောင် အားထုတ်လေ့ကျင့်မည်သာမက အမှတ်ပိုရရန် ဖြစ်စဉ်များကို နားလည်ခြင်း၊ တတ်ကျွမ်းမှုများကို ပိုမိုအားထုတ်လေ့ကျင့်နိုင်မည် ဖြစ်သည်။

(၃) မိမိတွင် သင်တန်းသားဦးရေ များစွာရှိပါက သင်ယူသူတစ်ဦးချင်းစီ၏ သင်ယူလုပ်ဆောင်မှုဖြစ်စဉ်ကို ကောင်းစွာ လေ့လာသုံးသပ်ပြီး ညီတူညီမျှ အကဲဖြတ်အမှတ်ပေးနိုင်လိမ့်မည် မဟုတ်ပေ။ သင်ယူသူများကို အမှတ်ပေးဇယားပေးပြီး မိမိတို့ကိုယ်တိုင် ဖြစ်စဉ်စံသတ်မှတ်ချက်များနှင့် ထုတ်လုပ်မှုရလဒ် စံသတ်မှတ်ချက်များကိုပါ အကဲဖြတ်အမှတ်ပေးခြင်း ပြုလုပ်စေနိုင်သည်။ အခြားနည်းလမ်းတစ်ခုမှာ အဖွဲ့ဝင်တစ်ဦးချင်းစီအား အမှတ်ပေးမည့်အစား အဖွဲ့လိုက် ၎င်းတို့၏ လုပ်ငန်းဖြစ်စဉ်တစ်လျှောက်ကို အကဲဖြတ် စံသတ်မှတ်ချက်များသုံး၍ တစ်ဖွဲ့လုံးအတွက် အမှတ်ပေးစေခြင်းဖြစ်သည်။

# လုပ်ငန်းစဉ်

❶ အောက်ပါ လုပ်ငန်းစဉ်ကို ဖတ်ပါ။

မိမိအနေနှင့် မည်ကဲ့သို့ လုပ်ဆောင်ရမည်ကိုသိသော်လည်း အခြားသူများ မသိနိုင်မည့် လုပ်ငန်းတိုတစ်ခုကို ရွေးပါ။ ဥပမာအားဖြင့် – ဆံပင်ပုံစံဆန်းတစ်မျိုး ဖန်တီးခြင်း၊ စက်ဘီးတာယာ ပြောင်းလဲတပ်ဆင်ခြင်း၊ မုန့်လုံးရေပေါ်ချက်နည်း။ ရွေးချယ်ထားသော လုပ်ငန်းစဉ်တစ်ခု မည်သို့ လုပ်ဆောင်ပုံကို ပြသရန် တစ်ဆင့်ချင်း သရုပ်ပြမှုတစ်ခုပြင်ဆင်ပါ။ **ပစ္စည်းပစ္စယ၊** ပုံစံကားချပ်၊ ကိုယ်အမူအရာ၊ ရှင်းလင်းတင်ပြချက်များကို အသုံးပြုပါ။ မိမိပြင်ဆင်ထားသည့်အတိုင်း အတန်းထဲတွင် သရုပ်ပြပါ။

၁။ သုံးဦးမှ ငါးဦးပါသော အဖွဲ့များအလိုက် ထိုသရုပ်ပြမှုကို အကဲဖြတ်ရာတွင် အသုံးပြုမည့် အကဲဖြတ်ဆန်းစစ်မှု စံသတ်မှတ်ချက်ကို ဆွေးနွေးဆုံးဖြတ်ပါ။

၂။ သရုပ်ပြမှုကို အကဲဖြတ်ရန်အတွက် အမှတ်ပေးဇယားတစ်ခု ရေးဆွဲပါ။

၃။ အခြားအဖွဲ့တစ်ဖွဲ့နှင့် ပေါင်း၍ဆောင်ရွက်ပါ။ ၎င်းတို့အား မိမိတို့၏ အကဲဖြတ်စံသတ်မှတ်ချက်များကို ရှင်းပြပြီး သင့်အမှတ်ပေးဇယားကို ပေးအပ်ပါ။

၄။ အဖွဲ့ထဲတွင် လုပ်ဆောင်ရမည့် လုပ်ငန်းအဆင့်များကို ပြင်ဆင်ပါ။ ပြင်ဆင်နေစဉ် မည်သည့် စံသတ်မှတ်ချက်များ အတိုင်း အကဲဖြတ် အမှတ်ပေးခံရမည်ဖြစ်ကြောင်း သတိချပ်ပါ။

၅။ မိမိတို့အဖွဲ့ထဲတွင် မိမိပြင်ဆင်ထားသည့် သရုပ်ပြမှုကို လုပ်ဆောင်ပါ။

၆။ အခြားအဖွဲ့များ၏ လုပ်ဆောင်မှုကို စောင့်ကြည့်လေ့လာပြီး မိမိတို့၏ အကဲဖြတ်စံသတ်မှတ်ချက်များနှင့်အညီ အကဲဖြတ်စစ်ဆေးပါ။

၇။ အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

(က) အခြားအဖွဲ့များမှ မိမိအား မျှမျှတတ အကဲဖြတ်စစ်ဆေးခဲ့ပါသလား။

(ခ) ၎င်းတို့၏ အကဲဖြတ်စစ်ဆေးမှုမှာ ယုံကြည်စိတ်ချရမှု၊ ကျိုးကြောင်းဆီလျော်မှုနှင့် လက်တွေ့ကျမှု ရှိသည်ဟု မိမိထင်ပါသလား။

(ဂ) အဖွဲ့က မိမိကိုယ်ကိုယ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း သို့မဟုတ် အချင်းချင်း သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းကို သုံးခဲ့ပါလား။ အဘယ်ကြောင့် သုံးခဲ့သနည်း သို့မဟုတ် အဘယ်ကြောင့် မသုံးခဲ့သနည်း။



# ၄.၃ ပူးပေါင်းပါဝင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ပြန်လှန်သုံးသပ်ခြင်း

## အကြိုသင်ခန်းစာ

**က** ဆရာ/ဆရာမများအနေနှင့် သင်ယူသူများ၏ ပူးပေါင်းပါဝင်မှုကို မည်ကဲ့သို့ တိုင်းတာနိုင်ပါသနည်း။

### ပူးပေါင်းပါဝင်မှု

တိုးတက်မှု စစ်ဆေးခြင်းနှင့် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းတို့ပြုလုပ်ရာတွင်လည်း ပူးပေါင်းပါဝင်မှုကို အကဲဖြတ်ဆန်းစစ်သည်။

ပူးပေါင်းပါဝင်မှုကို အကဲဖြတ်စစ်ဆေးရာတွင် သင်ယူသူတစ်ဦးစီ၏ အတန်းတက်ရောက်မှု၊ စိတ်နေသဘောထား၊ ပါဝင်ကူညီမှုနှင့် ကြိုးစားအားထုတ်မှုတို့အား စစ်ဆေးခြင်းဖြစ်သည်။ ပူးပေါင်းပါဝင်မှုကို မိမိ၏အတန်းထဲတွင် အလုပ်သဘော (formal) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းတစ်ခုအဖြစ် သတ်မှတ်ထားပါက အလွန်အသုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် ၎င်းသည် သင်ယူသူများအား ၎င်းတို့၏ ပြုမူလုပ်ဆောင်မှုအပေါ် ပို၍တာဝန်ယူစေလိမ့်မည်။ သင်ယူသူများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ရန် မကြိုးစားမှုသည် ၎င်းတို့၏ နောက်ဆုံးရမှတ်အပေါ် များစွာအကျိုးသက်ရောက်မှု ရှိလိမ့်မည်။

မိမိသည် သင်ယူသူများအား မည်မျှ ပူးပေါင်းပါဝင်မှု ရှိစေချင်သည်ကို ၎င်းတို့အား ပြောပြထားရန် အရေးကြီးသည်။ မိမိမှ ပြောပြထားခြင်း မရှိပါက သင်ယူသူများသည် အတန်းထဲ၌ မည်ကဲ့သို့ ထိရောက်စွာ ပူးပေါင်းပါဝင်ရမည်ကို သိနိုင်မည် မဟုတ်ပေ။

မိမိအနေနှင့် သင်ယူသူများအား မည်မျှ ပူးပေါင်းပါဝင်မှု ရှိစေချင်သည်ကို နံရံပေါ်တွင် ကပ်ထားပေးခြင်းဖြင့် သင်ယူသူများက မည်သို့ ပူးပေါင်းပါဝင် လုပ်ဆောင်ရမည်ကို အမြဲတမ်းသိနေမည်ဖြစ်သည်။



## ဆွေးနွေးချက်

**ခ** အောက်ပါ မေးခွန်းများကို ဖြေပါ။

၁။ သင်ယူသူများ၏ ပူးပေါင်းပါဝင်မှုကို အကဲဖြတ်စစ်ဆေးရန် အဘယ်ကြောင့် အသုံးဝင်ပါသနည်း။ အကြောင်းပြချက်များကို စာရင်းရေးချပါ။သရုပ်ပြမှုကို အကဲဖြတ်ရန်အတွက် အမှတ်ပေးဇယားတစ်ခု ရေးဆွဲပါ။

၂။ ပူးပေါင်းပါဝင်မှု အကဲဖြတ်ဆန်းစစ်ခြင်းသည် အကျိုးဆိုင်မှုမြင့်သော သို့မဟုတ် နိမ့်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ဖြစ်ပါသလား။


## လုပ်ငန်းစဉ်

**ဂ** ဤဆရာများ၏ စာသင်ခန်းများတွင် ပူးပေါင်းပါဝင်မှုဆိုင်ရာ ပြဿနာများ ရှိနေသည်။

၁။ ၎င်းတို့၏ ပြဿနာများသည် ကြိုးစားအားထုတ်မှု၊ အတန်းတက်ရောက်မှု၊ ပါဝင်ကူညီမှု သို့မဟုတ် စိတ်နေသဘောထားနှင့် ဆက်စပ်နေပါသလား။




၂။ အောက်ပါ အတွေးမြေပုံတွင် သင်ယူသူများ၏ ပူးပေါင်းပါဝင်မှုနှင့် ပတ်သက်သော မိမိ၏ အတွေ့အကြုံများကို ဖြည့်စွက်ရေးသားပါ။



## လုပ်ငန်းစဉ်

**ဃ** မိမိ၏ စာသင်ခန်းအတွက် ပူးပေါင်းပါဝင်မှု အကဲဖြတ်ခြင်း အစီအစဉ်တစ်ခု ရေးဆွဲပါ။ မိမိအသုံးပြုနိုင်မည့် အမှတ်ပေးဇယားတစ်ခုအား ထည့်သွင်းရေးဆွဲပါ။

- မည်ကဲ့သို့သော စံသတ်မှတ်ချက်များ ရှိပါသနည်း။
- ဘယ်နှစ်ချက် ရှိနိုင်သနည်း။
- မိမိမှ မည်မျှ ပူးပေါင်းပါဝင်မှု ရှိစေချင်သည်ကို သင်ယူသူများအား မည်သို့ တင်ပြမည်နည်း။
- ဘယ်နှစ်ကြိမ်လောက် အကဲဖြတ်ဆန်းစစ်မည်နည်း။

## ဆွေးနွေးချက်

**င** ဆရာက သင်ယူသူတွေကို ပူးပေါင်းပါဝင်မှုအတွက် မိမိကိုယ်ကိုယ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်စေသည်။ ထိုဆရာ၏ ထင်မြင်သုံးသပ်ချက်ကို ဖတ်ပြီး မေးခွန်းများကို ဖြေဆိုပါ။

၁။ ထိုသို့ အကဲဖြတ်အမှတ်ပေးခြင်းက အတန်းအားလုံးအတွက် အဆင်ပြေနိုင်သလား။

၂။ မိမိကိုယ်ကိုယ် အကဲဖြတ်ခြင်းနှင့် ပတ်သက်၍ ဖြစ်နိုင်ခြေရှိသော ပြဿနာများမှာ အဘယ်နည်း။

၃။ မိမိကိုယ်ကိုယ် အကဲဖြတ်ခြင်း၏ ကောင်းကျိုးများမှာ အဘယ်နည်း။



## ပြန်လှန်သုံးသပ်မှုမှတဆင့် သင်ယူမှု

ပြန်လှန်သုံးသပ်မှုရှိသော သင်ယူမှုသည် သင်ယူသူများမှ ၎င်းတို့ သင်ယူတတ်မြောက်ပြီးသော အကြောင်းအရာများကို ပြန်လည်စဉ်းစားခြင်းဖြစ်သည်။ ပြန်လှန်သုံးသပ်မှုရှိသော သင်ယူမှုကို အကဲဖြတ်ဆန်းစစ်ခြင်းသည် သင်ယူစဉ် အကဲဖြတ်စစ်ဆေးခြင်းနှင့် လိုအပ်ချက် ရှာဖွေဖော်ထုတ်ခြင်း စစ်ဆေးမှုတို့ ပြုလုပ်ရာတွင် အသုံးဝင်သည့် နည်းဗျူဟာတစ်ခုဖြစ်သည်။ ဆရာ/မအနေဖြင့် သင်ယူသူများက မိမိတို့ လေ့လာသင်ယူထားမှုများအပေါ် မည်သို့ ထင်မြင်ခံစားကြောင်း အကဲဖြတ်ဆန်းစစ်နိုင်မည်ဖြစ်သည်။ အနာဂတ်တွင် စာသင်ကြားမှုများကို ပြင်ဆင်ရာ၌ ထိုဆန်းစစ်မှုရလဒ်များက အထောက်အကူပြုမည် ဖြစ်သည်။

ပြန်လှန်သုံးသပ်မှုရှိသော သင်ယူမှုအား အကဲဖြတ်စစ်ဆေးရာတွင် သုံးနိုင်သည့် နည်းလမ်းနှစ်မျိုးရှိသည်။

**သင်ယူမှု နေ့စဉ်မှတ်တမ်း**သည် သင်ယူသူများအား အပတ်စဉ် သို့မဟုတ် လစဉ်အတန်းထဲတွင် လေ့လာသိရှိခဲ့သော အကြောင်းအရာများကို မှတ်စုတိုများ ရေးထားခြင်းဖြင့် ၎င်းတို့၏ သင်ယူတတ်မြောက်မှုကို မျှဝေခွင့်ပေးသည်။

**မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်း**သည် သင်ယူသူများအား စာသင်ခန်းတွင်း ၎င်းတို့၏ လုပ်ဆောင်မှုပေါ် မူတည်၍ ၎င်းတို့ကိုယ်တိုင် အမှတ်ပေးခြင်းဖြစ်သည်။ မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်းသည် ပရောဂျက်များနှင့် ပူးပေါင်းပါဝင်မှုတို့အား အကဲဖြတ်ရာတွင် အလွန်အသုံးဝင်သည်။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်းအားဖြင့် သင်ယူသူများသည် ၎င်းတို့၏ အတွေ့အကြုံများကို ပြန်လည်သုံးသပ်မိစေသည်။ အချို့ ဆရာ/မများက အမှတ်ပေးဇယားတစ်ခုကိုသုံး၍ သင်ယူသူများကို အဆင့်တစ်ခု သတ်မှတ်သည်။ ထို့နောက် သင်ယူသူများကို မိမိကိုယ်ကိုယ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အမှတ်ပေးဇယားတစ်ခုပေးပြီး မိမိကိုယ်ကိုယ် အဆင့်တစ်ခု သတ်မှတ်စေသည်။

## လုပ်ငန်းစဉ်

❶ အခန်း ၄ အထိ မိမိသင်ယူလေ့လာခဲ့သည်များကို ပြန်လည်စဉ်းစားသုံးသပ်ပါ။

၁။ လေ့လာသင်ယူခဲ့ရသော အကြောင်းအရာအသစ်များ၊ အသုံးဝင်မည်ထင်သော အကဲဖြတ်စစ်ဆေးခြင်းများနှင့် ခက်ခဲမည်ထင်သော အကဲဖြတ်စစ်ဆေးခြင်းများအကြောင်း စာပိုဒ်နှစ်ပိုဒ်ရေးပါ။

၂။ အောက်တွင် ပေးထားသော အမှတ်ပေးဇယားအား သုံး၍ မိမိကိုယ်မိမိ အကဲဖြတ်အမှတ်ပေးပါ။

| စံသတ်မှတ်ချက် | ရမှတ် | သုံးသပ်ချက် |
|---|---|---|
| *လေ့လာသင်ယူခဲ့ရသော အကြောင်းအရာအသစ်များကို ဖော်ထုတ်ခြင်း* | /၅ | |
| *အသုံးဝင်သော အကဲဖြတ်စစ်ဆေးခြင်းများ ဖော်ထုတ်ခြင်း* | /၅ | |
| *ခက်ခဲသော အကဲဖြတ်စစ်ဆေးခြင်းများ ဖော်ထုတ်ခြင်း* | /၅ | |
| *အသေးစိတ်ရေးသားခြင်းနှင့် အကြောင်းပြချက်ပေးခြင်း* | /၅ | |

## လုပ်ငန်းစဉ်

**ဿ** မိမိလက်ရှိသင်ကြားနေသော သို့မဟုတ် သင်ကြားတော့မည့် သင်တန်းတစ်ခုကို စဉ်းစားပါ။

- စာသင်ခန်းထဲ၌ သင်ယူမှု နေ့စဉ်မှတ်တမ်းအား မည်သည့်အချိန်တွင် သုံးမည်နည်း။
- စာသင်ခန်းထဲ၌ မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်းအား မည်သည့် အချိန်တွင် သုံးမည်နည်း။

၁။ သင်ယူသူများ လုပ်ဆောင်ရမည့် မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်း သို့မဟုတ် သင်ယူမှု နေ့စဉ်မှတ်တမ်းတစ်ခုအတွက် ညွှန်ကြားချက်များရေးပါ။

၂။ မိမိရေးထားသော ညွှန်ကြားချက်များကို နှစ်ယောက်တစ်တွဲ နှိုင်းယှဉ်ပါ။



## ဆွေးနွေးချက်

**၉** အောက်ပါ အခြေအနေများတွင် မည်သို့ လုပ်ဆောင်မည်နည်း။

၁။ အေးမွန်သည် သူ၏ ပူးပေါင်းပါဝင်မှုအား မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးရာတွင် အမှတ်ကောင်းကောင်း ပေးခဲ့သည်။ သို့သော် မိမိအနေနှင့် သူသည် ဤမျှကောင်းကောင်း ပူးပေါင်းပါဝင်ခဲ့ခြင်း မရှိဟု ခံစားရသည်။

၂။ ခမ်ဘဲသည် သူမ၏ ရပ်ရွာဖွံ့ဖြိုးရေးစီမံကိန်းအတွက် မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးရာတွင် အမှတ်နည်းနည်းသာ ပေးခဲ့သည်။ သို့သော် မိမိအနေနှင့် သူမသည် ထိုထက်ကောင်းမွန်စွာ လုပ်ဆောင်ခဲ့သည်ဟု ခံစားရသည်။

၃။ လွန်ခဲ့သောတစ်ပတ်က သင်ယူသူတချို့သည် သင်ယူမှုနေ့စဉ်မှတ်တမ်းတွင် စာဖတ်ခြင်းနည်းဗျူဟာနှင့် ပတ်သက်ပြီး နားလည်ရခက်ခဲကြောင်း ရေးသားထားခဲ့သည်။

၄။ မိုးမိုးသည် သူမ၏ ပြန်လှန်သုံးသပ်ရန် လုပ်ငန်းစဉ်များတွင် သဒ္ဒါနှင့် စာလုံးပေါင်းသတ်ပုံ အမှားများ ပြုလုပ်ခဲ့ခြင်းကြောင့် အမှတ်လျှော့ခံရသင့်ပါသလား။

၅။ ဂေဘရီရယ်ထူးသည် သူ၏ စာသင်ခန်းတွင်း လုပ်ငန်းများနှင့် အိမ်စာများကို ကြိုးစားလုပ်ဆောင်လေ့ ရှိသော်လည်း သူ၏ အဖြေများမှာ မှန်ကန်မှု မရှိခြင်းကြောင့် အမှတ်လျှော့ခံရသင့်ပါသလား။

# ၄.၄ စာမေးပွဲမေးခွန်းများ ဖန်တီးပြုစုခြင်း

## အကြိုသင်ခန်းစာ

**က** အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ စာမေးပွဲမေးခွန်းများ ရေးသားခြင်းကို ကြိုက်နှစ်သက်ပါသလား။ အဘယ်ကြောင့် ကြိုက်နှစ်သက်ပါသနည်း။ အဘယ်ကြောင့် မကြိုက်နှစ်သက်ပါသနည်း။

၂။ စာမေးပွဲ မေးခွန်းများ ရေးသားရာတွင် အခက်ခဲဆုံးအရာမှာ အဘယ်နည်း။

၃။ ကျောင်းသားတစ်ယောက်အနေနှင့် စာမေးပွဲကို ကြိုက်ပါသလား။ အဘယ်ကြောင့်ကြိုက်သနည်း၊ အဘယ်ကြောင့် မကြိုက်သနည်း။

### စာမေးပွဲဆိုသည်မှာ အဘယ်နည်း

စာမေးပွဲများသည် လူသုံးများသော အကဲဖြတ်စစ်ဆေးမှုပုံစံတစ်မျိုးဖြစ်သည်။ ပညာရေးစနစ် အများစုသည် ပုံမှန်စာမေးပွဲစစ်ခြင်းကို အကဲဖြတ်စစ်ဆေးခြင်း၏ အဓိကအပိုင်းတစ်ခုအဖြစ် အသုံးပြုသည်။ အချို့ကျောင်းများနှင့် သင်တန်းများသည် သင်ယူသူများ၏ **ကျွမ်းကျင်မှု** သို့မဟုတ် တိုးတက်မှုအား အကဲဖြတ်စစ်ဆေးရာတွင် စာမေးပွဲစစ်ခြင်း တစ်မျိုးတည်းကိုသာ အသုံးပြုသည်။

သင်ယူမှုစစ်ဆေးသည့် နည်းလမ်းများတွင် သင်ယူသူများ စာမေးပွဲအောင်ခြင်း သို့မဟုတ် ကျရှုံးခြင်းကို ဆုံးဖြတ်ပေးသည့် သို့မဟုတ် ဝင်ခွင့်ရ/ မရ ဆုံးဖြတ်ပေးသည့် အကျိုးဆိုင်မှုမြင့်သော စာမေးပွဲများပါဝင်သည်။ တစ်ပတ်လုံးတွင် သင်ကြားခဲ့သည်များကို သင်ယူသူများ ကောင်းစွာမည်မျှ သင်ယူရရှိခဲ့ကြောင်း စစ်ဆေးတွေ့ရှိနိုင်သည့် အကျိုးဆိုင်မှုနိမ့်သော ပဟေဠိ အပတ်စဉ်ဖြေခြင်းတို့ ပါဝင်သည်။ IELTS သို့မဟုတ် တက္ကသိုလ်ဝင် စာမေးပွဲကဲ့သို့သော ပြင်ပစာမေးပွဲများလည်း ပါဝင်သည်။

စာမေးပွဲများတွင် တစ်ခုနှင့် တစ်ခုထက်ပိုသော သင်ယူမှုစစ်ဆေးခြင်းပုံစံများပါဝင်သည်။ ကွန်ပျူတာအသုံးပြုမှု မဖြစ်မနေပါဝင်သော စစ်ဆေးမှုနည်းလမ်းများ၌ 'အဖြေမှန်ရွေး' ကဲ့သို့သော လုပ်ငန်းမျိုးသာ ရှိနိုင်သည်။ အခြားသော စာမေးပွဲများတွင် အပိတ်မေးခွန်းများ (အဖြေမှန်ရွေး၊ တွဲစပ်ခြင်း) မှသည် အတွေးအခေါ်ဖွင့် အဖွင့်မေးခွန်း (ဥပမာ – စာစီစာကုံးတစ်ပုဒ် သို့မဟုတ် အဖွင့်မေးခွန်း) အထိ မေးခွန်းပုံစံမျိုးစုံပါဝင်သည်။

အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း ပြုလုပ်ရန် စစ်ဆေးမှုနည်းလမ်းဖန်တီးရာတွင် အရေးကြီးသော မူဘောင်တစ်ခုရှိသည်။ ၎င်းမှာ သင်ကြားထားသည်များကို အလုံးစုံလွှမ်းခြုံစစ်ဆေးရန်ဖြစ်သည်။ သင်ခန်းစာ တစ်စိတ်တစ်ပိုင်းအပေါ်ကိုသာ အာရုံစိုက် မေးခွန်းထုတ်ခြင်းမျိုးမဟုတ်ဘဲ လိုအပ်သည့် တတ်ကျွမ်းမှုစွမ်းရည်များနှင့် အကြောင်းအရာအားလုံးကို ထည့်သွင်းစစ်ဆေးရန်ဖြစ်သည်။ မိမိသင်ကြားပြီးဖြစ်သော တတ်ကျွမ်းမှုစွမ်းရည်များနှင့် အကြောင်းအရာအစအဆုံး ပါဝင်ခြင်းသည် ပိုမိုအားကောင်းသော ကျိုးကြောင်းဆီလျော်မှု ရှိစေမည်ဖြစ်သည်။



## ဆွေးနွေးချက်

**၁** အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

၁။ အပိတ်မေးခွန်းများသည် အဖွင့်မေးခွန်းများထက် မှန်းဆဖြေဆိုခြင်းကို ပို၍အားပေးပါသလား။

၂။ စာစီစာကုံးရေးသားမှု အခြေပြုသော စစ်ဆေးမှုနည်းလမ်းများ သို့မဟုတ် အပိတ်မေးခွန်းမေးသော နည်းလမ်းတို့တွင် မည်သည့် စစ်ဆေးခြင်းသည် သင်တန်းမှ အကြောင်းအရာများအား ခြုံငုံမိစေမည်နည်း။

၃။ သင်ယူသူများ၏ တတ်ကျွမ်းမှု စွမ်းရည်များနှင့် ဗဟုသုတကို စစ်ဆေးရန် အဖွင့်လုပ်ငန်းစဉ်က ပိုကောင်းသလား သို့မဟုတ် အပိတ် လုပ်ငန်းစဉ်များက ပိုကောင်းသလား။

၄။ အောက်ပါ စာမေးပွဲများပြုလုပ်ရာတွင် မည်သည့်အရေးကြီးအချက်များ ထည့်သွင်းသနည်း။

(က) နေရာသတ်မှတ်ချက် စစ်ဆေးသည့် စာမေးပွဲ

(ခ) တိုးတက်မှုကို စစ်ဆေးသည့် စာမေးပွဲ

(ဂ) အောင်မြင်ပေါက်မြောက်မှု စစ်ဆေးသည့် စာမေးပွဲ

## ဆွေးနွေးချက်

**၈** အောက်ပါတို့မှာ မကြာသေးမီကမှ ဖြေဆိုခဲ့ရသော စာမေးပွဲများနှင့် ပတ်သက်၍ ကျောင်းသားများ၏ တိုင်ကြားချက်များဖြစ်သည်။ ဆရာ/ဆရာမတစ်ယောက်အနေနှင့် မည်သို့လုပ်ဆောင်မည်နည်း။ နောက်တစ်ကြိမ်စစ်လျှင် စာမေးပွဲစစ်သည့် နည်းလမ်းပြောင်းမလား သို့မဟုတ် ကျောင်းသား/ကျောင်းသူများကို အကြံပြုချက်အချို့ပေးမလား။



## သင့်တော်ဆီလျော်သည့် လုပ်ငန်းစဉ်ပုံစံများ ရွေးချယ်ခြင်း

အောက်ပါအချက်များအပေါ် မူတည်၍ စာမေးပွဲ စစ်ဆေးရာတွင်သုံးမည့် သင့်တော်ဆီလျော်သည့် လုပ်ငန်းစဉ်ပုံစံများ ရွေးချယ်ရသည်။

- စာမေးပွဲဖြေဆိုမည့် ကျောင်းသား/ကျောင်းသူဦးရေ။
- အမှတ်ပေးသူဦးရေ မည်မျှရှိသနည်း။ ၎င်းတို့သည် မည်မျှ ကျွမ်းကျင်မှု ရှိသနည်း။
- အကျိုးဆိုင်မှုမြင့်သော စာမေးပွဲ ဖြစ်သလား သို့မဟုတ် အကျိုးဆိုင်မှုနိမ့်သော စာမေးပွဲဖြစ်သလား။
- သင်ယူမှု ရည်ရွယ်ချက်များ။

သင်တန်း၏ အကြောင်းအရာ ဗဟုသုတနှင့် စဉ်းစားတွေးခေါ်နိုင်စွမ်းတို့အား တိုင်းတာရာတွင် အဖွင့်နှင့် အပိတ်တို့ နှစ်မျိုးလုံး အသုံးဝင်သည်။ သို့သော် သင်ခန်းစာရည်ရွယ်ချက် အမျိုးမျိုးအား တိုင်းတာရန်အတွက် သင့်လျော်သော စစ်ဆေးမှု လုပ်ငန်းစဉ်များ ရှိပါသည်။ အချို့သော လုပ်ငန်းစဉ်များသည် အလွတ်ကျက်မှတ်နိုင်မှုအား စစ်ဆေးရာတွင် အသုံးဝင်ပြီး အချို့မှာ တီထွင်ဖန်တီးနိုင်မှုအား စစ်ဆေးရာတွင် သင့်လျော်သည်။

သင်ယူသူများနှင့် ရင်းနှီးသော လုပ်ငန်းစဉ် အမျိုးအစားများကို အသုံးပြုပါ။ ၎င်းတို့နှင့် ရင်းနှီးကျွမ်းဝင်ပြီးသော စစ်ဆေးမှုလုပ်ငန်းစဉ် မဟုတ်ပါက ညွှန်ကြားချက်များအား နားလည်ခြင်းမရှိဘဲ မှားယွင်းစွာ ဖြေကြားနိုင်ချေ ရှိသည်။

အကျိုးဆိုင်မှုမြင့်သော စာမေးပွဲဖြစ်ပါက စာမေးပွဲ မေးခွန်းများကို **အကြိုစမ်းသပ် ဖြေဆို**ကြည့်သင့်သည်။ စာမေးပွဲ ဖြေဆိုမည့်သူများနှင့် ပုံစံတူသော ကျောင်းသား/ကျောင်းသူများကိုရှာပါ။ စာမေးပွဲ ဖြေဆိုကြည့်စေပြီး အမှတ်ပေးပါ။ ဤသို့ ပြုလုပ်ခြင်းဖြင့် စာမေးပွဲ မေးခွန်းများတွင် ဖြစ်ပေါ်နိုင်သည့် အမှားများကို ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး မမျှတသော သို့မဟုတ် ကျိုးကြောင်းမဆီလျော်သော မေးခွန်းပုံစံများကိုပါ တွေ့ရှိနိုင်မည်ဖြစ်သည်။ အစမ်းဖြေဆိုသူများ၏ ထင်မြင်ချက်ကိုရယူပြီး မေးခွန်းများကို လိုအပ်သလို ပြုပြင်ပြောင်းလဲပါ။



# လုပ်ငန်းစဉ်

**ဃ** အောက်ပါ သင်ခန်းစာ ရည်ရွယ်ချက်များနှင့် ၎င်းတို့အား တိုင်းတာရန် သင့်လျော်မှုအရှိဆုံးဖြစ်သော စစ်ဆေးမှု လုပ်ငန်းစဉ်ကိုရွေးပါ။ တချို့သင်ခန်းစာ ရည်ရွယ်ချက်များတွင် သင့်လျော်သော စစ်ဆေးမှုလုပ်ငန်းစဉ် တစ်ခုထက်ပို၍ ရှိနိုင်သည်။

| | |
|---|---|
| ၁။ ဒြပ်စင်ဇယားထဲမှ ဒြပ်စင်များနှင့် ဓာတုသင်္ကေတများကို အလွတ်ကျက်မှတ်ပါ။ | (က) ကွက်လပ်ဖြည့် (အပိတ်) |
| ၂။ ကဗျာတစ်ပုဒ်အား ဝေဖန်သုံးသပ်မှုပြုရန်။ | (ခ) စာစီစာကုံး |
| ၃။ စာနယ်ဇင်း လွတ်လပ်ခွင့်အား ချိုးဖောက်ထားသည့် ဥပမာလေးခုကို ဖော်ပြရန်။ | (ဂ) အဖွင့်မေးခွန်းများ |
| ၄။ နို့တိုက်သတ္တဝါများ၏ ဝိသေသလက္ခဏာများကို ခွဲခြားသတ်မှတ်ရန်။ | (ဃ) တွဲစပ်ခြင်း |
| ၅။ ကြိမ်နှုန်းပြ ကြိယာဝိသေသနများကို မှန်ကန်စွာ အသုံးပြုပါ။ | (င) **အမည်တပ်ခြင်း** |



# လုပ်ငန်းစဉ်

**C** ပေးထားသော အင်္ဂလိပ်အရေးစွမ်းရည် စစ်ဆေးခြင်း စာမေးပွဲအား ဖြေဆိုပါ။

**WRITING SKILLS (20 marks)**

**A. Add punctuation to the text.** **(5 marks)**

in 2014 malala yousafzai became the youngest ever nobel prize winner she was born in 1997 in mingora pakistan in 2012 she was shot by the taliban for speaking in favour of girls education she was seriously inmured but recovered slowly after this she was called the most famous teenager in the world ever since she has worked for equal education accesss for all

**B. Write an introduction and concluding sentence to this paragraph.** **(6 marks)**

________________________________________

________________________________________

You can use FRESHAIR soap powder to wash by hand or in machines, with hot or cold water. It leaves no powder residue after drying, and clothes dry crisp and soft. For a very low cost, your clothes will smell like a walk in a flower garden. ____________________

________________________________________

**C. Complete these sentences so they are true for you.** **(9 marks)**

i. I really enjoy ____________________________

ii. After I finish this test, ________________________

iii. If I had a lot of money, ________________________

၁။ အဖြေလွှာများအား နှစ်ယောက်တစ်တွဲ တွဲ၍ အချင်းချင်း အမှတ်ပေးပါ။

၂။ မေးခွန်းတစ်ခုချင်းစီအား ဆွေးနွေးပါ။ ၎င်းတို့မှာ မည်သည့် သင်ခန်းစာ ရည်ရွယ်ချက်အား စစ်ဆေးတိုင်းတာခြင်း ဖြစ်ပါသနည်း။

ဥပမာ – (က) အင်္ဂလိပ်စာ ပုဒ်ဖြတ်ပုဒ်ရပ်သင်္ကေတများ မှန်ကန်စွာ အသုံးပြုနိုင်ခြင်း ရှိမရှိ စစ်ဆေးရန်။

၃။ မည်သည့် စံသတ်မှတ်ချက်များသည် မည်သည့် လုပ်ငန်းများအတွက် ဖြစ်ပါသနည်း။ စံသတ်မှတ်ချက်များနှင့် လုပ်ငန်းများအား တွဲပေးပါ။

| i. ____ | ii. ____ | iii. ____ |
|---|---|---|
| • ခေါင်းစဉ်နှင့် သက်ဆိုင်မှုရှိခြင်း။<br>• စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါမှန်ကန်မှုရှိခြင်း။<br>• သင့်လျော်သည့် အစနှင့် အဆုံး စကားစုများကို အသုံးပြုသည်။<br>• လက်ခံချင်စဖွယ် ဆွဲဆောင်နိုင်သော။ | ၁ - ၃ ခုမှန် ၁ မှတ်<br>၄ - ၅ ခုမှန် ၂ မှတ်<br>၆ - ၇ ခုမှန် ၃ မှတ်<br>၈ - ၉ ခုမှန် ၄ မှတ်<br>၁၀ ခုနှင့် အထက်မှန် ၅ မှတ် | • သင့်လျော်သည့် အချိန်ကာလကို ဖော်ပြသည့် ကြိယာသဏ္ဌာန်ကို အသုံးပြုသည်။<br>• စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါနှင့် ပုဒ်ဖြတ် မှန်ကန်ခြင်း။<br>• ဝေါဟာရ ကြွယ်ဝမှု။<br>• စိတ်ဝင်စားဖွယ်ကောင်းခြင်း။ |

## ရေးဖြေနှင့် နှုတ်ဖြေ စစ်ဆေးခြင်းများ

အချို့စစ်ဆေးမှုများတွင် ရေးဖြေနှင့် **နှုတ်ဖြေ**မေးခွန်းရှည်များ ပါဝင်သည်။ ဝင်ခွင့်နှင့် နေရာသတ်မှတ်ချက် စာမေးပွဲများအတွက် အောက်ပါအတိုင်း ရေးသားဖန်တီးသည်။

- သင်ယူသူများ၏ **စိတ်ပါဝင်စားမှု**နှင့် သင်တန်းအပေါ် စိတ်နှစ်ထားနိုင်မှုတို့အား အကဲဖြတ်စစ်ဆေးရန်။
- ဘာသာရပ်နှင့် ပတ်သက်သော ၎င်းတို့**သိပြီးသော အကြောင်းအရာများ**ကို စစ်ဆေးရန်။

တိုးတက်မှုနှင့် အောင်မြင်ပေါက်မြောက်မှု စာမေးပွဲများအတွက် အောက်ပါအတိုင်း လုပ်ဆောင်ရန် လိုအပ်သည်။

- သင်ယူသူများ၏ တက်ရောက်ရမည့် သင်တန်းဘာသာရပ်ဆိုင်ရာ အကြောင်းအရာ ဗဟုသုတကို အကဲဖြတ်စစ်ဆေးရန်။
- သင်ယူသူများ၏ ကျိုးကြောင်းဆင်ခြင်နိုင်မှု စွမ်းရည်အား အကဲဖြတ်စစ်ဆေးရန်။

တစ်ခါတစ်ရံတွင် ဤလုပ်ငန်းစဉ်များသည် သင်ယူသူများ၏ ရှင်းလင်းတိကျစွာ ရေးသားပြောဆိုနိုင်ခြင်း စွမ်းရည်နှင့် ပြဿနာများအား ဖြေရှင်းနိုင်မှု သို့မဟုတ် အဖြစ်အပျက်တစ်ခုအပေါ် ငြင်းခုံဆွေးနွေးနိုင်မှု စွမ်းရည်တို့အား အကဲဖြတ်စစ်ဆေးရန်ဖြစ်သည်။ အမှတ်ပေးစံနှုန်းများသည် သင်တန်း၏ရည်ရွယ်ချက်နှင့် ကိုက်ညီရန်၊ အမှတ်ပေးသူများနှင့် သင်ယူသူများမှ အမှတ်ပေးစံနှုန်းများအား သိရှိနားလည်နေရန်တို့မှာ အရေးကြီးသောအချက်များဖြစ်သည်။

နှုတ်ဖြေစာမေးပွဲများကို လူတွေ့အင်တာဗျူးခြင်း၊ တင်ဆက်ပြသခြင်း သို့မဟုတ် စကားလက်ဆုံပြောဆိုခြင်း အားဖြင့် စစ်ဆေးနိုင်သည်။

| မေးခွန်း | ရမှတ် |
|---|---|
| ၁။ ဤသင်တန်းမှ လေ့လာသင်ယူခဲ့သော အကြောင်းအရာများအနက် မည်သည့် အကြောင်းအရာမှာ မိမိအတွက် အသုံးဝင်ဆုံး ဖြစ်သနည်း။ | |
| ၂။ ဤသင်တန်းကာလအတွင်း မိမိ၏ အတွေးအမြင်များ မည်သို့ ပြောင်းလဲသွားသနည်း။ | |
| ၃။ ဤသင်တန်းမှ လေ့လာသင်ယူခဲ့သော အကြောင်းအရာများကို မိမိနေထိုင်ရာ ရပ်ကွက်အတွင်းတွင် မည်သို့ အသုံးချမည်နည်း။ | |
| ၄။ ဤသင်တန်းနှင့် ပတ်သက်၍ မည်သည့်အရာများကို ပြောင်းလဲပါမည်နည်း။ | |

## လုပ်ငန်းစဉ်

**၈** မိမိသင်ကြားမည့် သို့မဟုတ် သင်ကြားရန် စီစဉ်နေသည့် ဆရာအတတ်သင် သင်တန်းတစ်ခု သို့မဟုတ် သင်တန်းတစ်ခုခုအတွက် ဝင်ခွင့်စာမေးပွဲတစ်ခု ပြင်ဆင်နေသည်။

၁။ မိမိ၏ သင်တန်းတွင် တက်ရောက်မည့် သင်တန်းသားများ ရွေးချယ်ရန်အတွက် မေးခွန်း ၅ ခု ပါဝင်သော နှုတ်ဖြေစာမေးပွဲ (အင်တာဗျူး) တစ်ခု စီစဉ်ရေးဆွဲပါ။

၂။ ဤလုပ်ငန်းအတွက် အမှတ်ပေးလမ်းညွှန်တစ်ခု ပြုလုပ်ပါ။ မည်သည့် အမှတ်ပေးစံသတ်မှတ်ချက်များအား အသုံးပြုမည်နည်း။ သင်ယူသူများအား မိမိမှ အမှတ်ပေးစံသတ်မှတ်ချက်များကို မည်သို့ အသိပေးပြသမည်နည်း။

၃။ နှစ်ယောက်တစ်တွဲ အင်တာဗျူးပါ။ မိမိ၏ လုပ်ဖော်ကိုင်ဖက်အား မိမိစီစဉ်ရေးဆွဲထားသော စံသတ်မှတ်ချက်များနှင့်အညီ အမှတ်ပေးပါ။

၄။ မိမိတို့၏ စံသတ်မှတ်ချက်များအား ဆွေးနွေးပါ။

## လုပ်ငန်းစဉ်

**၁၀** မိမိသင်ကြားနေသည့် အတန်းအတွက် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးသည့် ရေးဖြေစာမေးပွဲတစ်ခု ပြင်ဆင်နေသည်။ ဤစစ်ဆေးမှုသည် နောက်ဆုံးရမှတ်၏ ၄၀ ရာခိုင်နှုန်းဖြစ်ပြီး အချိန် ၂နာရီမျှ ကြာမြင့်မည်ဖြစ်သည်။

၁။ ဤစစ်ဆေးမှုတွင် မိမိအနေနှင့် အောက်ပါလုပ်ငန်းများ ထည့်သွင်းလိုသည်။ ၎င်းလုပ်ငန်းများအား မည်သို့ အစဉ်လိုက် ထည့်သွင်းမည်နည်း။

(က) မေးခွန်းရှည် (အဖွင့်မေးခွန်း)။

(ခ) အဖြေမှန်ရွေး။

(ဂ) စာစီစာကုံး (ခေါင်းစဉ်နှစ်ခုမှ ရွေးချယ်ပါ)။

(ဃ) ခေါင်းစဉ်အကြောင်း အတွေးအခေါ်နှင့် ဥပမာများကို တွဲစပ်ခြင်း။

(င) ခေါင်းစဉ်နှင့် ပတ်သက်သည့် အကြောင်းအရာအမှားများကို အမှန်ပြန်ပြင်ရေးပေးခြင်း။

၂။ မိမိချမှတ်ထားသော ရှေ့နောက် အစီအစဉ်ကို နှစ်ယောက်တစ်တွဲ သို့မဟုတ် အဖွဲ့များထဲတွင် ဆွေးနွေးပါ။

၃။ အကြောင်းအရာအားလုံးကို လွှမ်းခြုံမှုရှိအောင် လုပ်ငန်းစဉ် တစ်ခုချင်းစီက မည်သို့ ထည့်ဝင်အားဖြည့်ထားသနည်း။



# လုပ်ငန်းစဉ်

၉ အဖွဲ့များထဲတွင် ၂.၄ စ မှ စာရင်းကို ပြန်ကြည့်ပါ။

- စာမေးပွဲပုံစံအတွက် မိမိ၏ စာရင်းကို သင့်တော်သလို ပြင်ဆင်အသုံးပြုပါ။ မိမိအနေနှင့် တစ်စုံတစ်ရာ ပြောင်းလဲရန် သို့မဟုတ် ပေါင်းထည့်ရန် လိုအပ်ပါသလား။
- စာမေးပွဲပုံစံကောင်းတစ်ခုအတွက် တစ်တန်းလုံး သဘောတူထားသည့် လိုက်နာဖွယ် စာရင်းတစ်ခု ပြုစုပါ။
- ထိုစာရင်းကို မိတ္တူကူးပြီး သင်တန်းသားတိုင်းကို ပေးပါ။ စာမေးပွဲများ ပြင်ဆင်ရာတွင် ထိုစာရင်းကို အသုံးပြုပါ။ (ဆန္ဒအလျောက် ရွေးနိုင်သည်)

| အကြောင်းအရာ | ဖြစ်/မဖြစ် |
|---|---|
| *စစ်မေးရမည့် သက်ဆိုင်ရာ တတ်ကျွမ်းမှု စွမ်းရည်များနှင့် အကြောင်းအရာအားလုံး ပါဝင်ပါသလား။* | |
| | |
| | |
| | |
| | |
| | |

# လုပ်ငန်းစဉ်

၁၀ မိမိသင်ကြားလေ့ရှိသည့် သို့မဟုတ် သင်ကြားမည့် ဘာသာရပ်တစ်ခုအတွက် မိနစ် ၃၀ ကြာသော တိုးတက်မှု စစ်ဆေးခြင်းတစ်ခု ပြုလုပ်ပါ။

၁။ (တစ်ပတ်စာ သင်ကြားမည့် ပမာဏ) ရှိသော သင်ရိုးမှ သင်ခန်းစာအပိုင်းတို တစ်ပိုင်းကို ရွေးချယ်ပါ။

- လုပ်ငန်းစဉ်အမျိုးအစား သုံးခု သို့မဟုတ် လေးခုကို ရွေးချယ်ပါ – အပိတ်လုပ်ငန်းစဉ်အချို့၊ အဖွင့်လုပ်ငန်းစဉ်အချို့။
- အပိတ်လုပ်ငန်းစဉ်တစ်ခုစီအတွက် မေးခွန်း ၅ ခုနှင့် အဖွင့်လုပ်ငန်းစဉ်အတွက် မေးခွန်း ၁ ခုမှ ၃ ခု ရေးသားပါ။
- သင်ခန်းစာ တစ်ပတ်စာလုံး၏ အကြောင်းအရာနှင့် တတ်ကျွမ်းမှု စွမ်းရည်များအားလုံး စုံလင်စွာ စစ်မေးထားကြောင်း သေချာပါစေ။

၂။ မိမိ၏ သင်တန်းသားများအကြောင်း စဉ်းစားပါ။ စစ်ဆေးမှုမှာ ၎င်းတို့၏ အဆင့်နှင့် ကိုက်ညီမှုရှိပါသလား။ စာကြိုးစားသော သင်ယူသူများနှင့် စိတ်အားထက်သန်သော သင်ယူသူများကောင်းကောင်း ဖြေဆိုနိုင်ပါမည်လား။ သင်ယူသူအများစုမှာ ဖြေဆိုအောင်မြင်ကြပါမည်လား။

၃။ သုံးနိုင်သော အချိန်ကို စဉ်းစားပါ။ စာမေးပွဲ ဖြေဆိုပြီးမြောက်ရန်အတွက် လုံလောက်မှု ရှိပါသလား။

၄။ မိမိ၏ စာမေးပွဲကို လုပ်ဖော်ကိုင်ဖက်အား ဖြေဆိုစေပြီး မိမိက ၎င်း၏ စာမေးပွဲကို ဖြေဆိုပါ။

၅။ မိမိ၏ စာရင်းအတိုင်း တွဲဖက်၏ စာမေးပွဲ မေးခွန်းများကို စစ်ဆေးပါ။

၆။ တွဲဖက်၏ စာမေးပွဲ မေးခွန်းများအပေါ် ထင်မြင်သုံးသပ်ချက်ပေးပါ။

# ဆွေးနွေးချက်

ည အောက်ပါမေးခွန်းများကို ဆွေးနွေးပါ။

၁။ အချိန်ပိုကြာမြင့်သည့် ရေးဖြေ စာမေးပွဲ လုပ်ငန်းများ သို့မဟုတ် နှုတ်ဖြေစာမေးပွဲ လုပ်ငန်းများ၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများမှာ အဘယ်နည်း။

၂။ သင်ယူသူများမှ အမှတ်ပေးစံသတ်မှတ်ချက်များကို သိသင့်ပါသလား။

၃။ မိမိအနေနှင့် သင်ယူသူများ စာမေးပွဲအတွက် ပြင်ဆင်ရန် မည်သို့ ကူညီထောက်ပံ့ပေးနိုင်သနည်း။

# ဖြစ်ရပ်လေ့လာချက်

## ကရင်ဒုက္ခသည်ကော်မတီပညာရေးဌာန အဆင့်မြင့်ပညာရေးကျောင်း (KRCEE-IHE) ၏ စာမေးပွဲဘဏ်

ကရင်ပြည်နယ်နှင့် ဒုက္ခသည်စခန်းများရှိ ဂျူနီယာကောလိပ် ၇ ခုအတွက် စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းတစ်ခုကို ကရင်စစ်ရှောင်ကော်မတီပညာရေးဌာန အဆင့်မြင့်ပညာရေးကျောင်းမှ စီစဉ်ပေးသည်။ အငယ်တန်း ၂ နှစ် အစီအစဉ်တွင် သင်ယူရမည့် ဘာသာရပ်များမှာ သင်္ချာ၊ သိပ္ပံ၊ အင်္ဂလိပ်၊ ကရင်ဘာသာစကားနှင့် လူမှုသိပ္ပံဘာသာရပ်တို့ဖြစ်သည်။

သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်တွင် အိမ်စာများ၊ အတန်းတက်ရောက်မှု၊ အမူအကျင့်နှင့် ပုံမှန်လုပ်ငန်းစဉ်များကို အမှတ်ပေးခြင်းတို့ ပါဝင်သည်။ ဘာသာရပ်တစ်ခုစီတွင် အတန်းအလယ်နှင့် အတန်းအဆုံး စာမေးပွဲများသည် နောက်ဆုံးအမှတ်၏ ရာနှုန်းများစွာ ရစေမည်ဖြစ်သောကြောင့် အလွန်အကျိုးဆိုင်မှုမြင့်သည်။ ဆရာ/မများသည် အရင်က စာမေးပွဲများကို နှစ်စဉ်ရေးသားရသည်။ ကျောင်းအားလုံးမှ ဆရာ/ဆရာမများသည် အကြံပြုလိုသည့် စာမေးပွဲ မေးခွန်းများကို စာမေးပွဲမေးခွန်းလွှာအဖြစ် ရွေးချယ်ပေးမည့် KRCEE ရုံးချုပ်သို့ ပို့ပေးရသည်။ ထိုလုပ်ငန်းဖြစ်စဉ်သည် အလွန်အချိန်ကုန်သည်။ အထူးသဖြင့် ဝေးလံခေါင်ဖျားမှ ကျောင်းများနှင့် ဆက်သွယ်မှု ပြုလုပ်ရသည်မှာ မလွယ်ကူလှပါ။ ထို့အပြင် ဆရာ/ဆရာမ အသစ်များသည် ဘာသာရပ်အကြောင်းအရာကို သေချာမသိသည့်အတွက် မေးခွန်းဝင်ကူရေးရန် မိမိကိုယ်ကိုယ် မယုံကြည်ကြပါ။

၂၀၁၆ ခုနှစ်တွင် KRCEE-IHE သည် လူမှုလေ့လာရေး ဘာသာရပ်များနှင့် အင်္ဂလိပ်ဘာသာရပ်များအတွက် စာမေးပွဲဘဏ် (exam bank) နှင့် စမ်းသပ်ရန် ဆုံးဖြတ်ခဲ့သည်။ ဆရာ/ဆရာမများအတွက် စစ်ဆေးမှုလုပ်ငန်း အမျိုးအစားများဆုံးဖြတ်ရန် အလုပ်ရုံဆွေးနွေးပွဲတစ်ခု ပြုလုပ်ခဲ့သည်။ ထို့နောက် သင်တန်းနည်းပြများသည် ကျောင်းများသို့ သွားရောက်ပြီး စာမေးပွဲ မေးခွန်းပုံစံဒီဇိုင်းဆွဲနည်းကို သင်တန်းပေးခဲ့ကြသည်။ ဆရာ/ဆရာမများသည် လုပ်ငန်းစဉ်အမျိုးအစား တစ်ခုစီအတွက် တတ်နိုင်သလောက် မေးခွန်းများများ ဝင်ကူရေးကြသည်။ မေးခွန်းများအားလုံး ကျိုးကြောင်းဆီလျော်မှုရှိပြီး ယုံကြည်စိတ်ချရစေရန် စီနီယာ ဆရာ/ဆရာမများနှင့် ဆရာ/ဆရာမနည်းပြများက စစ်ပေးသည်။ စာမေးပွဲဘဏ်များနှင့်အတူ အမှတ်ပေး လမ်းညွှန်များကိုပါ ပြုစုရေးသားခဲ့သည်။

ယခု IHE တွင် အင်္ဂလိပ်နှင့် လူမှုလေ့လာရေးဘာသာရပ်များ စစ်ဆေးရာတွင် ရွေးချယ်အသုံးပြုနိုင်ရန်အတွက် ရာနှင့်ချီသော မေးခွန်းများ ရှိနေပြီဖြစ်သည်။ ဆရာ/ဆရာမများ မေးခွန်းများ ပိုထုတ်ပြီး သင်ရိုးညွှန်းတမ်း ပြုပြင်ပြောင်းလဲလာသည်နှင့်အမျှ မေးခွန်းဘဏ်သည်လည်း ပိုမိုကောင်းမွန်စွာ ပြောင်းလဲလာလိမ့်မည်။

| | |
|---|---|
| *အဆိုင်းမန့် (အိမ်စာ)* | *၅ %* |
| *အမူအကျင့်နှင့် ပါဝင်ကူညီမှု* | *၅ %* |
| *အတန်းတက်ရောက်မှု* | *၅ %* |
| *တိုးတက်မှု စစ်ဆေးသည့် စာမေးပွဲများ* | *၅ %* |
| *နှစ်လယ် စာမေးပွဲ* | *၃၀ %* |
| *နောက်ဆုံး စာမေးပွဲ* | *၅၀ %* |
| **စုစုပေါင်း** | |

## လုပ်ငန်းစဉ်

**၄** အထက်ဖော်ပြပါ ဖြစ်ရပ်လေ့လာမှုအား ဖတ်ပါ။ အဖွဲ့များထဲတွင်

၁။ စာမေးပွဲဘဏ်မှ စစ်ဆေးမှုများအား ဖော်ပြရာတွင် အသုံးပြုနိုင်မည့် စကားလုံးများကို ဝိုင်းပါ။

**အကျိုးဆိုင်မှုမြင့်သော** **အကျိုးဆိုင်မှုနိမ့်သော** **သင်ယူစဉ်အကဲဖြတ်စစ်ဆေးခြင်း**
**သင်ယူပြီးအကဲဖြတ်စစ်ဆေးခြင်း** **ယုံကြည်စိတ်ချရသော** **ယုံကြည်စိတ်ချရမှုမရှိသော**
**ကျိုးကြောင်းဆီလျော်မှုရှိသော** **ကျိုးကြောင်းဆီလျော်မှုမရှိသော** **လက်တွေ့ကျသော** **လက်တွေ့မကျသော**

၂။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

(က) ယခင်စစ်ဆေးမှုစနစ်မှ ယုံကြည်စိတ်ချရမှု၊ ကျိုးကြောင်းဆီလျော်မှု၊ လက်တွေ့ကျမှု မှုဘောင်တို့နှင့် ဆိုင်သော ပြဿနာများမှာ အဘယ်နည်း။

(ခ) စာမေးပွဲဘဏ်စနစ်သည် ဤပြဿနာများအား မည်သို့ ကူညီဖြေရှင်းပေးနိုင်လိမ့်မည်ဟု ထင်ပါသနည်း။

(ဂ) မည်သို့သော အခြေအနေမျိုးတွင် စာမေးပွဲဘဏ်စနစ်သည် အသုံးဝင်နိုင်ပါသနည်း။

## ပြန်လှန်သုံးသပ်ခြင်း

**၄** မိမိ၏ သင်ယူမှု နေ့စဉ်မှတ်တမ်းထဲတွင်

၁။ ဤအပိုင်းတွင် မိမိအတွက် အထူးတလည် အရေးပါသည်ဟုထင်သော သင်ယူရရှိမှု တစ်ခုခု အကြောင်း ဖော်ပြ ရေးသားပါ။

၂။ အဘယ့်ကြောင့် ဤအပိုင်းသည် အထူးတလည် အရေးပါကြောင်း ရှင်းပြပါ။

၃။ ဤအပိုင်းမှ ထိုအကြောင်းအရာကို သင်ယူရရှိမှုကြောင့် မိမိ၏ သင်ကြားရေး၌ မည်သည့် အမြင် ပြောင်းလဲမှု ဖြစ်ပေါ်ပါ သနည်း။

၄။ အထက်ပါ ပြောင်းလဲမှု ကြောင့် သင်ကြားပုံ ပြောင်းလဲမှု ရှိနိုင်ပါ သလား။ မည်သို့ ပြောင်းလဲ သင်ကြားမည် ဖြစ်ပါသနည်း။

### အနှစ်ချုပ် - အခန်း (၄) သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် မေးခွန်းများ ဖန်တီးခြင်း


သင်ယူသူများအတွက် မိမိတို့ ဖန်တီးပြုစုနိုင်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပုံစံအမျိုးမျိုးရှိသည်။ သင်ယူမှု အကဲဖြတ် စစ်ဆေးမှုစနစ်တွင် အကဲဖြတ်ဆန်းစစ်မှုပုံစံမျိုးစုံကို ရောနှောအသုံးပြုသင့်သည်။

စာမေးပွဲများသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ရာတွင်သုံးသည့် ဘုံနည်းလမ်းတစ်ခုဖြစ်သည်။ ဝင်ခွင့်စစ်ဆေးခြင်းမှ အောင်မြင် ပေါက်မြောက်မှု စစ်ဆေးခြင်းအထိ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပုံစံမျိုးစုံအသုံးပြုနိုင်သည်။ စစ်ဆေးမှုလုပ်ငန်းစဉ်များ ရောနှော ပါဝင်ခြင်းနှင့် အပိတ်လုပ်ငန်းစဉ်၊ အဖွင့်လုပ်ငန်းစဉ်များ ပါဝင်သော စာမေးပွဲအများစုသည် ကျိုးကြောင်းဆီလျော်မှုရှိသည်။

ပရောဂျက်များသည် အဖွင့်လုပ်ငန်းစဉ်များ ဖြစ်သောကြောင့် အဆင့်မြင့်တွေးခေါ်ခြင်းစွမ်းရည်ကို စစ်ဆေးသည်။ ပရောဂျက်ဖြင့် စစ်ဆေးရာတွင် အမှတ်ပေးဇယားလိုအပ်သည်။ ထိုသို့ ပြုလုပ်ခြင်းသည် ပရောဂျက်ပြင်ဆင်မှုနှင့် အမှတ်ပေးခြင်းကို ပိုမိုခက်ခဲ စေသည်။ ပရောဂျက်အခြေပြု သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းသည် သင်ယူသူများကို လက်တွေ့ကမ္ဘာနှင့် အလားတူသည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အခြေအနေများကို တွေ့ကြုံစေသည်။

အဖွဲ့လိုက်လုပ်ငန်း၊ ပူးပေါင်းပါဝင်မှုနှင့် ပြန်လှန်သုံးသပ်ချက်များအားလုံးကို အကဲဖြတ်ဆန်းစစ်နိုင်ပြီး မိမိ၏ သင်ယူသူများ အတွက် ကြိုးစားအားထုတ်မှု၊ ပါဝင်ကူညီမှု၊ စိတ်နေသဘောထားနှင့် ပြန်လှန်သုံးသပ်မှုရှိသော သင်ယူမှုဆိုင်ရာ တတ်ကျွမ်းမှု စွမ်းရည်များကို တိုးတက်စေရန် အထောက်အကူဖြစ်လိမ့်မည်ဖြစ်သည်။





# ၄ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း စနစ်များ

## ရည်ရွယ်ချက်များ

- ဆရာအတတ်သင် ဆရာ/မများသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်၏ အစိတ်အပိုင်းများကို လေ့လာရမည်။
- ဆရာအတတ်သင် ဆရာ/မများသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်များရှိ အစိတ်အပိုင်းများ၏ အရေးပါမှုကို နှိုင်းချိန် ဆုံးဖြတ်လိမ့်မည်။
- ဆရာအတတ်သင် ဆရာ/ဆရာမများသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်တစ်ခုကို စီစဉ်ဖန်တီးရမည်။

# ၅.၁ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်းနှင့် မှတ်တမ်းများ

## အကြိုသင်ခန်းစာ

**က** မိမိသင်ကြားဖူးသော သို့မဟုတ် လေ့လာသင်ယူဖူးသော သင်တန်းတစ်ခုအကြောင်းကို စဉ်းစားပါ။ ရမှတ်များကို မည်သို့ တွက်ချက်ခဲ့ပါသနည်း။ မည်သည့်အရာများပေါ်တွင် အကဲဖြတ်စစ်ဆေးခဲ့ပါသနည်း။ အတန်းလိုက် စာရင်း တစ်ခုပြုစုပါ။

- အတန်းတက်ရောက်မှု
- နောက်ဆုံးစာမေးပွဲ

**ခ** အတန်းတွင်း လုပ်ဆောင်ရမည့် လုပ်ငန်းများကို စာရင်းပြုစုပါ။ အောက်ပါအကဲဖြတ်ဆန်းစစ်မှု နှစ်မျိုးအကြောင်းကို မည်သို့ သိထားသနည်း။

၁။ မှတ်တမ်း အကဲဖြတ်သုံးသပ်ခြင်း

၂။ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်း

အောက်ပါစာသားကို ဖတ်ပါ။ မိမိစဉ်းစားထားသည်နှင့် ကိုက်ညီပါသလား။



### စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်းနှင့် မှတ်တမ်းများ

**စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်းတွင်** သင်တန်းတစ်လျှောက် လုပ်ဆောင်ရသော အကဲဖြတ်လုပ်ငန်းများအား အမှတ်ပေးခြင်း ပါဝင်သည်။ ၎င်းအကဲဖြတ်လုပ်ငန်းများတွင် စာသင်ခန်းတွင်း လုပ်ငန်းစဉ်များ၊ အိမ်စာ၊ ပရောဂျက်များနှင့် စာမေးပွဲတို့အပြင် အတန်းတက်ရောက်ခြင်း၊ ပူးပေါင်းပါဝင်ခြင်း သို့မဟုတ် အဖွဲ့လိုက် လုပ်ဆောင်ခြင်း သို့မဟုတ် ပြန်လှန်သုံးသပ်ခြင်းတို့လည်း ပါဝင်နိုင်သည်။ စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းစနစ်တွင် ဆရာ/ ဆရာမသည် ဤအကဲဖြတ်လုပ်ငန်းများတစ်ခုစီ၏ ရမှတ်များအား မှတ်တမ်းတင်ပြီး စာသင်နှစ်ဝက်အပြီး သို့မဟုတ် သင်တန်းအပြီးတွင် စုစုပေါင်းရမှတ် သို့မဟုတ် နောက်ဆုံးရမှတ်အား တွက်ချက်ပေးရမည်။

**မှတ်တမ်း**တစ်ခုတွင် သင်ယူသူများ၏ အဆိုင်းမန့်များ၊ ပရောဂျက်များစသည့် လုပ်ငန်းတာဝန် နမူနာများကို ခင်းကျင်းတင်ပြထားသော ဖိုင်တစ်ခုဖြစ်သည်။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်ရန် အခြေခံအားဖြင့် ထိုမှတ်တမ်းကို အသုံးပြုသည်။ ထိုမှတ်တမ်းထဲတွင် မည်သည့် လုပ်ငန်းတာဝန်များ ထည့်သွင်း မှတ်သားသင့် သည်ကို ဆရာ/ ဆရာမက သို့မဟုတ် ကျောင်းမှ သတ်မှတ်နိုင်သည် သို့မဟုတ် သင်ယူသူများက မိမိတို့၏ အကောင်းဆုံး လုပ်ငန်းနမူနာများကို ရွေးချယ်နိုင်သည်။

# လုပ်ငန်းစဉ်

**ဂ** အောက်ပါ သင်ယူမှု အကဲဖြတ်သုံးသပ်ခြင်း ပုံစံ ၃ ခုအနက် တစ်ခုစီဆောင်ရွက်သည့်အခါ က၊ ခ၊ ဂ တို့တွင် မည်သည့် နည်းကိရိယာကို ရွေးချယ်အသုံးပြုမည်နည်း။

၁။ မှတ်တမ်း အကဲဖြတ်သုံးသပ်ခြင်း။

၂။ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်း။

၃။ မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်ခြင်း။

**က**

| | ရမှတ် | သုံးသပ်ချက် |
|---|---|---|
| ပဋိပက္ခတွင် ပါဝင်သူများအား သတ်မှတ်ဖော်ထုတ်ခြင်း။ | ၄/၅ | အများအားဖြင့်မှန်သည်။ |
| ပဋိပက္ခဖြစ်နေသော ပန်းတိုင်များကို နှိုင်းယှဉ်ပါ။ | ၂/၅ | ခက်တယ်။ သုတေသနလုပ်တာ အချက်အလက်ရှာတာ ပိုလုပ်ဖို့လိုတယ်။ |
| ကိုယ်ပိုင်ဝိသေသ လက္ခဏာရပ်ဇယား ရေးဆွဲပါ။ | ၅/၅ | ပျော်ဖို့ကောင်းတယ်။ သူငယ်ချင်းကိုလည်း ကူဆွဲပေးလိုက်သေးတယ်။ |
| လိုအပ်ချက်များနှင့် တန်ဖိုးထားမှုများအား အကြမ်းဖျင်းဖော်ပြခြင်း။ | ၃/၅ | ပြီးအောင်လုပ်ဖို့ အချိန်မရတော့ဘူး။ |

**ခ**

ဤဖိုင်တွဲတွင် အောက်ပါတို့ ပါဝင်သည်။

- ကားအင်ဂျင် သရုပ်ဖော်ပုံ။
- စက်တပ်ယာဉ်၏ သမိုင်းကြောင်း အကြောင်း စာစီစာကုံး။
- အင်ဂျင်အသစ် (EP4I3) ကို သုံးသပ်ဝေဖန်ခြင်း။
- ပရောဂျက်မှ ဓာတ်ပုံများ။
- လက်တွေ့ ပရောဂျက်အကြောင်း ခင်းကျင်းတင်ပြမှုမှ ပြကွက်များ။

**ဂ**

| | အိမ်စာ ၁ | အဆိုင်းမန့် ၁ | အိမ်စာ ၂ | အဆိုင်းမန့် ၂ |
|---|---|---|---|---|
| မိချမ်း | ၇၅% | ၁၀၀% | ၁၀၀% | ၇၅% |
| ကျော်ဆန်း | ၇၅% | ၇၅% | ၂၅% | ၅၀% |
| ဘောက်နူ | ၅၀% | ၂၅% | – | ၇၅% |
| မောင်ကြီး | ၂၅% | ၅၀% | ၇၅% | ၅၀% |
| စိုင်းစိုင်း | ၇၅% | ၅၀% | ၁၀၀% | – |

# လေ့ကျင့်ခန်း

**ဃ** မှန်သလား၊ မှားသလား။ မှားနေပါက အမှန်ပြန်ပြင်ရေးပါ။

၁။ စာမေးပွဲသည် စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်သည်။

၂။ ကျောင်းသား/ကျောင်းသူများက မှတ်တမ်းထဲတွင် ထည့်မည့် အကောင်းဆုံး လုပ်ဆောင်ချက်ကို မိမိဘာသာ ရွေးချယ်နိုင်သည်။

၃။ အတန်းတက်ရောက်မှုသည်လည်း မှတ်တမ်း၏ တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်သည်။

၄။ ပရောဂျက်များသည် စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်သည်။

၅။ ပရောဂျက်များသည် မှတ်တမ်းများ၏ အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်သည်။

၆။ မှတ်တမ်းများသည် စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်း၏ အစိတ်အပိုင်းတစ်ခု ဖြစ်နိုင်သည်။

# လုပ်ငန်းစဉ်

**င** စာဖတ်ကျွမ်းကျင်မှု သင်တန်းတစ်ခု၏ အကဲဖြတ်စစ်ဆေးမှုစနစ်ကို ကြည့်ပါ။ ၎င်းတွင် **အစိတ်အပိုင်း** ငါးခုပါဝင်ပါသည်။ အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

၁။ ဤသင်တန်း၏ အရေးကြီးဆုံးအပိုင်းမှာ အဘယ်နည်း။

၂။ သင်ယူသူများက မိမိတို့ ဖတ်ထားသည့်အရာများကို အလွယ်တကူ မှတ်သားနိုင်ရန် ဆရာ/ဆရာမက မည်သည့် စနစ်များ စီစဉ်ပေးနိုင်သနည်း။

၃။ အကဲဖြတ်ဆန်းစစ်ချက် အစိတ်အပိုင်းအလိုက် အခြားမည်သည့် စာရွက်စာတမ်းများနှင့် အရင်းအမြစ်များ လိုအပ်ပါသနည်း။

- သင်ယူသူများအတွက် သင့်လျော်သည့် အဆင့်ရှိသော စာအုပ်များ။
- 
- 

၄။ ပေးထားသော အကဲဖြတ်ခြင်းစနစ် ဥပမာအား အသုံးပြုရာတွင် မည်သည့် အခက်အခဲများ ရှိနိုင်ပါသနည်း။

- မှတ်တမ်းကို အမှတ်ပေးရာတွင် ယုံကြည်စိတ်ချရမှုရှိကြောင်း သေချာစေခြင်း။
- 
- 

၅။ အဆိုပါစိန်ခေါ်ချက်များကို မည်သို့တင်ပြနိုင်သနည်း။

- မှတ်တမ်းပါ အစိတ်အပိုင်းတစ်ခုစီအတွက် အမှတ်ပေးလမ်းညွှန်များ ဖန်တီးပြုစုခြင်း။
- 
- 

**စာဖတ်ကျွမ်းကျင်မှု သင်တန်း (၁၀ ပတ်)**

**သင်ယူမှု အကဲဖြတ်ဆန်းစစ်မည့် အစိတ်အပိုင်းများ**

သင်ယူသူများအား အောက်ပါအချက်များပေါ်တွင် အခြေခံ၍ အကဲဖြတ်စစ်ဆေးသွားမည်။

**မှတ်တမ်း** **၅၀%**

- စာအုပ်အပေါ် သုံးသပ်ချက် ၃ခု
- စာအုပ်အဖုံးဒီဇိုင်း ၁ခု
- စာစီစာကုံး ၁ပုဒ်

**အပိုဆောင်း ဖတ်ရှုခြင်း** **၁၀%**

ကျောင်းသားများသည် အပတ်စဉ် စာအုပ်တစ်အုပ် သို့မဟုတ် ဆောင်းပါးတစ်ပုဒ်အား ဖတ်ရမည်။ ဖတ်ရန် တစ်ပတ် ပျက်ကွက်ပါက အမှန်တစ်မှတ် အလျှော့ခံရမည်။

**စာမေးပွဲ** **၂၀%**

- တိုးတက်မှုစစ်ဆေးခြင်း စာမေးပွဲ ၂ခု (၄ ပတ်မြောက်နှင့် ၈ ပတ်မြောက်)
- နောက်ဆုံးစာမေးပွဲ (၁၀ ပတ်မြောက်)

**ပူးပေါင်းပါဝင်မှုနှင့် စိတ်နေသဘောထား** **၁၀%**

**မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးမှု** **၁၀%**

# ဆွေးနွေးချက်

**၁** အောက်ပါတို့အား အသုံးပြုခြင်း၏ အားနည်းချက်များနှင့် အားသာချက်များမှာ အဘယ်နည်း။

၁။ မှတ်တမ်း အကဲဖြတ်ဆန်းစစ်ခြင်း။

၂။ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်း။



# ၅.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ် အစိတ်အပိုင်းများ၏ အရေးပါမှုကို နှိုင်းယှဉ်သတ်မှတ်ခြင်း

## အကြံပြုသင်ခန်းစာ

**၈** ၅.၁. (င) မှ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်မှုစနစ်အား ပြန်ကြည့်ပါ။ အစိတ်အပိုင်းတစ်ခုစီအတွက် သတ်မှတ်သည့် ရာခိုင်နှုန်းများကွဲလွဲသည်။ စဉ်ဆက်မပြတ် အကဲဖြတ်မှုစနစ်တွင် ရာခိုင်နှုန်းအား အသုံးပြု၍ အမှတ်ပေးခြင်းသည် နောက်ဆုံးအမှတ်ပေးခြင်းအပေါ် မည်သို့ သက်ရောက်မှု ရှိသနည်း။

### စစ်ဆေးခံ အစိတ်အပိုင်းများ၏ အရေးပါမှုကို နှိုင်းယှဉ်သတ်မှတ်ခြင်း

သင်ယူသူများကို သင်တန်းတစ်ခုလုံး သို့မဟုတ် ပညာသင်နှစ် တစ်ခုစီအတွက် နောက်ဆုံးအမှတ်ပေးရာတွင် စဉ်ဆက်မပြတ် အကဲဖြတ် သုံးသပ်ခြင်းစနစ်များသည် ဘုံစစ်ဆေးမှုတစ်ခုဖြစ်သည်။ ဆရာ/ဆရာမများသည် သင်ယူမှုဆန်းစစ်ခြင်းစနစ် တစ်ခုအတွင်းရှိ စစ်ဆေးရမည့်အပိုင်းများ၏ အရေးပါမှုကို နှိုင်းယှဉ်သတ်မှတ်သည်။ သို့မှသာ နောက်ဆုံးအဆင့်သတ်မှတ်ရန် မတူညီသည့် အစိတ်အပိုင်းတစ်ခုစီအတွက် ရာနှုန်းအမျိုးမျိုးကို သတ်မှတ်နိုင်မည်ဖြစ်သည်။ ၅.၁ (င) ရှိ နမူနာ သင်ယူဆန်းစစ်မှုစနစ်တစ်ခုတွင် သင်ယူသူများ၏ နောက်ဆုံးအဆင့်သတ်မှတ်မှုအတွက် 'မှတ်တမ်း' စစ်ဆေးမှုအပိုင်းကို ၅၀% ပူးပေါင်းပါဝင်မှုနှင့် စိတ်နေသဘောထားအပိုင်းကို ၁၀% ဟု သတ်မှတ်ထားသည်။ ဤစနစ်တွင် သင်ယူသူများ၏ နောက်ဆုံးအဆင့် သတ်မှတ်မှုအတွက် မှတ်တမ်းအကဲဖြတ်သုံးသပ်မှုမှ ရမှတ်သည် ပိုမိုအရေးပါသည်။ ဤနေရာတွင် ဆရာ/ဆရာမသည် မှတ်တမ်းအကဲဖြတ် သုံးသပ်မှုကို အလွန်အရေးပါသည့် အပိုင်း၊ စာမေးပွဲများကို အတော်အသင့် အရေးပါသည့်အပိုင်းနှင့် ပူးပေါင်းပါဝင်မှုနှင့် အတန်းတက်ရောက်မှုကို အနည်းငယ် အရေးပါသည့်အပိုင်းဟု သတ်မှတ်ထားသည်။

တစ်ခါတစ်ရံ စစ်ဆေးရမည့် အရေးကြီးအစိတ်အပိုင်းများကို ဆရာ/ဆရာမက ဆုံးဖြတ်ပြီး၊ တစ်ခါတစ်ရံ ကျောင်းတွင် အတန်းတိုင်းအတွက် အသုံးပြုရမည့် စနစ်တစ်ခုရှိပြီးဖြစ်သည်။

## လေ့ကျင့်ခန်း

**၁** အောက်ပါအပိုင်းများအတွက် ကျောင်းသားတစ်ဦးစီသည် စုစုပေါင်းအမှတ်တွင် အမှတ်မည်မျှရမည်ကို တွက်ပါ။

၁။ လုရယ်သည် ပူးပေါင်းပါဝင်မှုအတွက် ၁၀ မှတ်အနက် ၆ မှတ် ရရှိခဲ့ပြီး ၎င်းသည် နောက်ဆုံးအမှတ် ၅ ရာခိုင်နှုန်း ဖြစ်သည်။ လုရယ်၏ ပူးပေါင်းပါဝင်မှုအတွက် နောက်ဆုံးရမှတ်မှာ မည်မျှဖြစ်သနည်း။

၂။ စန္ဒာဝင်း၏ မှတ်တမ်းသည် အမှတ် ၂၀ တွင် ၁၈ မှတ်ရထားသည်။ ထိုအမှတ်သည် နောက်ဆုံးအဆင့်သတ်မှတ်မှု အတွက် ၅၀% အကျုံးဝင်သည်။ သူမ၏ မှတ်တမ်းအတွက် နောက်ဆုံးရမှတ်မှာ မည်မျှနည်း။

၃။ ခူးပေါသည် သူမ၏ တိုးတက်မှု စစ်ဆေးခြင်းများတွင် ၃၉/၅၀၊ ၄၂/၅၀၊ ၄၉/၅၀၊ ၃၅/၅၀ နှင့် ၄၀/၅၀ တို့ကို ရရှိထားသည်။ တိုးတက်မှုအား စစ်ဆေးခြင်းသည် နောက်ဆုံးအမှတ်၏ ၂၀ ရာခိုင်နှုန်းဖြစ်သည်။ ခူးပေါ၏ တိုးတက်မှုအား စစ်ဆေးခြင်းအတွက် နောက်ဆုံးရမှတ်မှာ မည်မျှဖြစ်သနည်း။

## လုပ်ငန်းစဉ်

၈ အောက်ပါ ဇယားသည် ဂေါ်ရင်ဂျီလူမှုသိပ္ပံတက္ကသိုလ်မှ နမူနာ သင်ယူမှုအကဲဖြတ် ဆန်းစစ်ခြင်းစနစ်တစ်ခုဖြစ်သည်။

၁။ ဤသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်သည် သင်ယူစဉ် အကဲဖြတ်ဆန်းစစ်မှု ဖြစ်ပါသလား သို့မဟုတ် သင်ယူပြီး အကဲဖြတ်ဆန်းစစ်မှု ဖြစ်ပါသလား။

၂။ မည်သည့် အပိုင်းများက အရေးအကြီးဆုံး အလေးပေးအခံရဆုံး အပိုင်းများ ဖြစ်သနည်း။

| စစ်ဆေးမည့် အပိုင်းများ | စုစုပေါင်း ရမှတ်၏ % | အကဲဖြတ်စစ်ဆေးခြင်း နည်းလမ်း |
|---|---|---|
| *အတန်းတက်ရောက်မှုနှင့် ပူးပေါင်းပါဝင်မှု* | ၂၀% | *နေ့စဉ် အတန်းခေါ်ချိန်သည် အောက်ပါတို့အား အကဲဖြတ်သည်။*<br>• အတန်းပုံမှန် တက်ရောက်မှု<br>• အတန်းအချိန်မှန် ရောက်ရှိမှု<br>*အပတ်စဉ် ပူးပေါင်းပါဝင်မှု မှတ်တမ်းသည် အောက်ပါတို့အား အကဲဖြတ်သည်။*<br>• အတန်းတွင်း လုပ်ငန်းစဉ်များနှင့် ဆွေးနွေးမှုများတွင် ပါဝင်ခြင်း<br>• အတန်းဖော်များနှင့် ပါဝင်လုပ်ဆောင်ခြင်း |
| *စဉ်ဆက်မပြတ် အကဲဖြတ် စစ်ဆေးခြင်း* | ၂၅% | *သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အပိုင်း၊ အဖွင့် လုပ်ငန်းများ*<br>• အတန်းတွင်း လုပ်ငန်းများ<br>• အိမ်စာများ<br>• ခင်းကျင်းတင်ပြမှုများ<br>*အတန်းတွင်း လုပ်ငန်းများအား တစ်ပတ်လျှင် တစ်ကြိမ် အမှတ်ပေးပြီး အိမ်စာများအား တစ်ပတ်လျှင် နှစ်ကြိမ် အမှတ်ပေးသည်။ စာသင်နှစ်ဝက် တစ်ခုလျှင် ခင်းကျင်းတင်ပြမှု နှစ်ကြိမ်လုပ်ရသည်။ ခင်းကျင်းတင်ပြမှု အမှတ်ပေးဇယားများသည် တင်ဆက်ပြသမှု စွမ်းရည်နှင့် အကြောင်းအရာအပေါ် သိရှိနားလည်မှု နှစ်ခုလုံးအား တိုင်းတာသည်။* |
| *တိုးတက်မှုအား စစ်ဆေးခြင်းများ* | ၁၅% | *သင်တန်းတစ်လျှောက်လုံးတွင် ပုံမှန်စစ်ဆေးမှုများဖြင့် သင်ယူသူများ၏ သင်ခန်းစာအပေါ် နားလည်မှုအား အကဲဖြတ်စစ်ဆေးသည်။ စစ်ဆေးမှုအားလုံးသည် အတန်းတွင် သင်ကြားပြီးသော အကြောင်းအရာများအပေါ် အခြေခံပြီး တတ်မြောက်ပြီးသော ဗဟုသုတများ၊ အဓိကကျသော အယူအဆများနှင့် အရေးကြီးသော ဝေါဟာရများအား တိုင်းတာရန် ရည်ရွယ်ပါသည်။* |
| *မိမိကိုယ်ကိုယ် အကဲဖြတ် စစ်ဆေးခြင်း* | ၂၀% | *သင်ယူသူများသည် သင်တန်းတစ်လျှောက်မှ ၎င်းတို့၏ သင်ယူမှုဖြစ်စဉ်ကို လွတ်လပ်စွာ ရေးသားထားကြသော သင်ယူမှု နေ့စဉ်မှတ်တမ်းများကို အပတ်စဉ်ထပ်ရသည်။ ဆရာ/ဆရာမများက သင်ယူသူများ၏ ကြိုးစားအားထုတ်မှုအပေါ် အမှတ်ပေးသည်။* |
| *စာမေးပွဲ* | ၂၀% | *သင်ယူသူများသည် စာသင်နှစ်ဝက်အဆုံးတွင် စာမေးပွဲဖြေကြသည်။ အဓိက အယူအဆများနှင့် တတ်ကျွမ်းမှု စွမ်းရည်များကို နားလည်တတ်မြောက်မှု ရှိမရှိ စစ်ဆေးသည်။* |


## လုပ်ငန်းစဉ်

**ဃ** ဆရာဘတင်ရွှေသည် ဂေါ်ရင်ဂျီလူမှုသိပ္ပံတက္ကသိုလ်တွင် စာသင်ကြားသည်။ ပထမနှစ်ဝက်တွင် ဆယ်ပတ်တာ စာသင်ကြားရမည်ဖြစ်ပြီး တစ်ပတ်လျှင် ငါးရက် စာသင်ချိန်ရှိသည်။

သင်ယူသူများသည် မိမိတို့ လေ့လာသင်ယူထားသော ခေါင်းစဉ်နှင့် ပတ်သက်၍ စာသင်နှစ်တစ်ခုမှာ နှစ်ခါ ခင်းကျင်းတင်ပြမှု လုပ်ကြရသည်။ အမှတ်ပြည့် ၂၅ မှတ် သတ်မှတ်ပြီး အမှတ်ပေးသည်။ အသေးစိတ် အမှတ်ပေးဇယားကို သုံး၍အမှတ်ပေးသည်။

အကယ်၍ သူတို့က အတန်းကို အချိန်မီရောက်တယ်ဆိုရင် အတန်းတက်ရောက်မှုအတွက် နှစ်မှတ်ရမယ်။ နောက်ကျရင် တစ်မှတ်ရမယ်။ ဆင်ခြေကောင်းကောင်း မရှိဘဲ အတန်းလုံးဝမလာရင်တော့ သုညပဲ။

အတန်းတွင်း လုပ်ငန်းစဉ်တိုင်းကိုတော့ အကဲဖြတ်စစ်ဆေးတဲ့ထဲ မထည့်ဘူး။ တစ်ပတ်မှာ အတန်းတွင်း လုပ်ငန်းနှစ်ခု ရွေးတယ် – တစ်ခါတစ်ရံ ရေးဖြေ ပရောဂျက် သို့မဟုတ် အဖွဲ့လိုက်လုပ်ငန်း။ အိမ်စာကိုလည်း ထိုပုံစံအတိုင်း လုပ်ဆောင်စေပြီး အဖြေမှန်အတွက် အဆင့်သတ်မှတ်ပေးသည်။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း တစ်ခုစီသည် ၅ မှတ်တန်ဖြစ်သည်။



သင်ယူမှု မှတ်တမ်းကို အပတ်စဉ်ဖြည့်ရတယ်။ သူတို့ရဲ့ အားထုတ်မှုကိုပဲ အမှတ်ပေးတယ်။ အနည်းဆုံး စာပိုဒ်နှစ်ပိုဒ်လောက် သေချာစဉ်းစားသုံးသပ်ပြီး ရေးထားတယ်ဆိုရင် နှစ်မှတ်ရမယ်။ တိုတိုပဲရေးထားရင်တော့ တစ်မှတ်ရမယ်။ အများအားဖြင့် ပြန်စာရေးပေးပါတယ်။

ပူးပေါင်းပါဝင်မှုအတွက် အပတ်စဉ် အမှတ်ပေးတယ်။ အမှတ်ပြည့်က ငါးမှတ်ပါ။

နှစ်ပတ်စာ သင်ခန်းစာပြီးတိုင်းမှာ တိုးတက်မှု စစ်ဆေးသည့် စာမေးပွဲအတွက် အမှတ် ၂၀ ပေးသည်။ စာသင်နှစ်အဆုံးတွင် အမှတ် ၁၀၀ တန် နောက်ဆုံး စာမေးပွဲတစ်ခု ဖြေရသည်။

၁။ ၅.၂. ဂ ပါ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်ကို ဆရာဘတင်ရွှေ သုံးထားသည့်အတိုင်း အောက်ပါဇယားတွင် ဖြည့်ပါ။

| သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း | (က) အကြိမ်ရေ (စာသင်နှစ်ဝက် တစ်ခုလျှင်) | (ခ) သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း တစ်ခုစီအတွက် ဖြစ်နိုင်ခြေအမှတ် | (ဂ) စာသင်နှစ် တစ်နှစ်တွင် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း အကြိမ်ရေ | (ဃ) စာသင်နှစ် တစ်နှစ်လျှင် ဖြစ်နိုင်ခြေ ရမှတ်ပေါင်း |
|---|---|---|---|---|
| *အတန်းတက်ရောက်မှု* | *နေ့စဉ်* | ၂ | ၅၀ | ၁၀၀ |
| *ပူးပေါင်းပါဝင်မှု* | | | | |
| *အတန်းတွင်း လုပ်ငန်းများ* | | | | |
| *အိမ်စာ* | | | | |
| *ခင်းကျင်းတင်ပြမှု* | *စာသင်နှစ်ဝက် တစ်ခုလျှင် နှစ်ကြိမ်* | | | ၅၀ |
| *နေ့စဉ်မှတ်တမ်း* | | | | |
| *သင်ယူမှု စစ်ဆေးမှုများ* | | | | |
| *စာမေးပွဲ* | | | ၁ | |

၂။ ဂျိမ်းစ်သည် ဆရာဘတင်ရွှေ၏ အတန်းမှ ကျောင်းသားတစ်ဦးဖြစ်သည်။ အောက်ပါဇယားကွက်မှာ နှစ်ဝက်တစ်ခု အတွက် ၎င်း၏ ရမှတ်များဖြစ်သည်။ ဂျိမ်းစ်၏ နောက်ဆုံးရမှတ်အားတွက်ပါ။

| စစ်ဆေးမည့် အပိုင်းများ | စုစုပေါင်း ရမှတ်၏ ရာခိုင်နှုန်း | အကဲဖြတ်ခြင်း | ကျောင်းသား၏ ရမှတ် | ပေးမှတ် | စုစုပေါင်းရမှတ် |
|---|---|---|---|---|---|
| *အတန်းတက်ရောက်မှုနှင့် ပူးပေါင်းပါဝင်မှု* | ၂၀% | *အတန်းတက်ရောက်မှု* | ၉၄ | ၁၀၀ | ၁၇၀÷၂၀၀ x ၂၀ = ၁၇% |
| | | *ပူးပေါင်းပါဝင်မှု* | ၇၆ | ၁၀၀ | |
| *စဉ်ဆက်မပြတ် အကဲဖြတ်စစ်ဆေးခြင်း* | ၂၅% | *အတန်းတွင်း လုပ်ငန်းများ* | ၇၃ | ၁၀၀ | |
| | | *အိမ်စာ* | ၈၂ | ၁၀၀ | |
| | | *ခင်းကျင်းတင်ပြချက်များ* | ၃၄ | ၅၀ | |
| *မိမိကိုယ်ကိုယ် အကဲဖြတ်စစ်ဆေးခြင်း* | ၂၀% | *နေ့စဉ်မှတ်တမ်းများ* | ၁၇ | ၂၀ | |
| *တိုးတက်မှုအား စစ်ဆေးခြင်းများ* | ၁၅% | *စာမေးပွဲငယ်များ* | ၆၅ | ၁၀၀ | |
| *စာမေးပွဲ* | ၂၀% | *စာမေးပွဲကြီး* | ၈၈ | ၁၀၀ | |
| | | | | *နောက်ဆုံးရမှတ် ရာခိုင်နှုန်း* | |

## ဆွေးနွေးချက်

**င** အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

၁။ ၅.၂ (ဂ) တွင် ဖော်ပြခဲ့သော အကဲဖြတ်ခြင်း စနစ်ကို အသုံးပြုခြင်းအားဖြင့် မည်သည့် အကျိုးကျေးဇူးများ ရှိနိုင်ပါသနည်း။

၂။ ၎င်းအကဲဖြတ်ခြင်းစနစ်တွင် မည်သို့သော အခက်အခဲများ ရှိနိုင်ပါသနည်း။

၃။ ဤအခက်အခဲများအား မိမိ မည်သို့ ဖြေရှင်းနိုင်မည်နည်း။




## လုပ်ငန်းစဉ်

**စ** မိမိ လက်ရှိ သင်ကြားနေသည့် အတန်းတစ်ခုကို စဉ်းစားပါ။

၁။ မိမိ စာသင်နှစ်အတွင်း အသုံးပြုနိုင်မည့် အကဲဖြတ်မှုစနစ်တစ်ခုကို စီစဉ်ရေးဆွဲပါ။ အောက်ပါတို့ကို စဉ်းစားပါ။

- စံသတ်မှတ်ချက်များနှင့် စစ်ဆေးမည့်အပိုင်းများ
- စုစုပေါင်းရမှတ်၏ ရာခိုင်နှုန်း။
- အကဲဖြတ်စစ်ဆေးနည်းများ။

၂။ မိမိ၏ အကဲဖြတ်မှုစနစ်ကို အတန်းသို့ တင်ပြပါ။

## လုပ်ငန်းစဉ်

**ဆ** ဤသင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း သင်ရိုးကို မည်သို့ အကဲဖြတ်ဆန်းစစ်မည်နည်း။


၁။ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းမျိုးကို ရွေးချယ်မည်နည်း။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း စနစ်တွင် မည်သည့်အပိုင်းကို စစ်ဆေးရန် အရေးကြီးကြောင်း မည်သို့ ရာခိုင်နှုန်း သတ်မှတ်မည်နည်း။

၂။ စာမျက်နှာ ၁၁၈ ရှိ စစ်ဆေးမှု နည်းလမ်းကိုကြည့်ပါ။ ထိုအစိတ်အပိုင်းကို သင်ယူမှု အကဲဖြတ်ဆန်းစစ်မည့် အစိတ်အပိုင်းများတွင် ထည့်ပေါင်းချင်ပါသလား။ အရေးပါမှုကို မည်သို့ နှိုင်းယှဉ်သတ်မှတ်မည်နည်း။

၃။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း သင်တန်းတစ်လျှောက်တွင် မိမိ၏ အောင်မြင်ပေါက်မြောက်မှုကို မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်ပါ၊ အခြားသူများကို အကဲဖြတ်သုံးသပ်စေပါ သို့မဟုတ် မိမိ၏ နည်းပြကို အကဲဖြတ် သုံးသပ်ခိုင်းပါ။

## ပြန်လှန်သုံးသပ်ခြင်း

**ဂ** မိမိ၏ သင်ယူမှု နေ့စဉ်မှတ်တမ်းထဲတွင်




### အနှစ်ချုပ် - အခန်း (၅) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း စနစ်များ

စဉ်ဆက်မပြတ် အကဲဖြတ်ခြင်း ဆိုသည်မှာ သင်တန်းတစ်ခုတွင် လိုအပ်သော ကျွမ်းကျင်မှု၊ ဗဟုသုတအမျိုးမျိုးနှင့် စပ်လျဉ်းပြီး ကျောင်းသူ/ကျောင်းသားများ၏ ရမှတ်များကို အကဲဖြတ်စစ်ဆေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ မှတ်တမ်းများသည် စဉ်ဆက် မပြတ် အကဲဖြတ်သုံးသပ်မှု ပုံစံတစ်မျိုးဖြစ်သည်။ သင်ယူမှုအကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်နိုင်ရန်အတွက် သင်ယူသူများက ထိုမှတ်တမ်းထဲတွင် နမူနာ အကောင်းဆုံး လုပ်ငန်းအမျိုးမျိုးကို မှတ်တမ်းတစ်ခု ဖန်တီးစီစဉ် စုစည်းပြုလုပ်ရသည်။

စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်မှုစနစ်တွင် ဆရာ/ဆရာမက မတူညီသည့် ရာနှုန်းများ၊ အရေးပါမှုများ စစ်ဆေးရမည့် အစိတ် အပိုင်းကို သတ်မှတ်သည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် အချို့အပိုင်းများကို ပိုအရေးကြီးကြောင်း သတ်မှတ်နိုင်သည်။

အတန်းမစခင် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်များကို စီစဉ်ပြင်ဆင်သင့်သည်။ အတန်းတစ်လျှောက်တွင် အသုံးပြုမည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးမျိုးဖြစ်သော (စစ်ဆေးမှုပုံစံများ၊ ပရောဂျက်များ၊ အိမ်စာ၊ အတန်းတွင်းလုပ်ငန်း၊ ပူးပေါင်းပါဝင်မှု၊ ပြန်လှန်သုံးသပ်မှုများ) စသည်တို့ကို ပြင်ဆင်ရ ပိုမိုလွယ်ကူစေသည်။

ဆရာ/ဆရာမများသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်ကို မိမိတို့၏ ကျောင်းသား/ကျောင်းသူများနှင့် ဝေမျှသင့်သည်။ သို့မှသာ ကျောင်းစာသင်နှစ်အတွင်း မိမိတို့ကို မည်သို့ အမှတ်ပေးမည်ဖြစ်ကြောင်း သိမည်ဖြစ်သည်။

# သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း မေးခွန်းလွှာ

ဤသင်ရိုးအတွင်း မိမိသင်ယူမှုကို ဆန်းစစ်အကဲဖြတ်ရန်အတွက် အောက်ပါ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးချက်ကို သုံးနိုင်ပါသည်။ အပိုင်း က မှ ဃ အတွက် အဖြေမှန်များနှင့် နမူနာ အဖြေများကို စာအုပ်အနောက်တွင် ဖော်ပြထားသည်။ အပိုင်း င မှ လုပ်ငန်းစဉ်အတွက်မူ ပြင်ပအမှတ်ပေးသူ လိုအပ်သည်။

**ပေးမှတ် ၈၀**

**(က) အဖြေမှန် ရွေးခြင်း လုပ်ငန်းစဉ်။ အကောင်းဆုံး အဖြေကိုရွေးပါ။** (၁၄ မှတ်)

၁။ စာမေးပွဲစစ်ခြင်းသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် မည်သို့ ဆက်စပ်သနည်း။
- (က) လူတိုင်း အဖြေမှန်တစ်ခုတည်း အတူတူ ပေးရမည့် မေးခွန်းဖြစ်သည်။
- (ခ) ဖြေဆိုသူ အမျိုးမျိုးက အဖြေမှန် အမျိုးမျိုး ကွဲပြားစွာ ပေးနိုင်သော မေးခွန်းဖြစ်သည်။
- (ဂ) စာမေးပွဲစစ်ခြင်းသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း နည်းလမ်းများထဲမှ တစ်ခု ဖြစ်သည်။
- (ဃ) သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းနှင့် စာမေးပွဲ စစ်ခြင်းသည် သက်ဆိုင်မှု မရှိပါ။

၂။ သင်ယူသူများ အတန်းဝင်ခွင့်ရှိ/ မရှိ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းဖြင့် စစ်ဆေးသနည်း။
- (က) ဝင်ခွင့်စာမေးပွဲ။
- (ခ) နေရာသတ်မှတ်ချက် စာမေးပွဲ။
- (ဂ) အားနည်းချက် စစ်ဆေးသည့် စာမေးပွဲ။
- (ဃ) အောင်မြင်ပေါက်မြောက်မှု စစ်ဆေးသည့် စာမေးပွဲ။

၃။ အတန်းတစ်လျှောက်တွင် သင်ယူသူများ၏ သင်ယူမှုကို မည်သည့် အကဲဖြတ်ဆန်းစစ်မှု အမျိုးအစားဖြင့် စစ်ဆေးသနည်း။
- (က) ဝင်ခွင့်စာမေးပွဲ။
- (ခ) နေရာသတ်မှတ်ချက် စာမေးပွဲ။
- (ဂ) အားနည်းချက် စစ်ဆေးသည့် စာမေးပွဲ။
- (ဃ) အောင်မြင်ပေါက်မြောက်မှု စစ်ဆေးသည့် စာမေးပွဲ။

၄။ မည်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အမျိုးအစားသည် မည်သည်တို့ သင်ကြားရမည်ကို ဆုံးဖြတ်ရန် အကူအညီပေးနိုင်သနည်း။
- (က) အကျိုးဆိုင်မှုမြင့်သော အကဲဖြတ် ဆန်းစစ်ခြင်း။
- (ခ) အလုပ်သဘောဖြစ်သော အကဲဖြတ် ဆန်းစစ်ခြင်း။
- (ဂ) သင်ယူစဉ် စစ်ဆေးသော အကဲဖြတ် ဆန်းစစ်ခြင်း။
- (ဃ) သင်ယူပြီး စစ်ဆေးသော အကဲဖြတ် ဆန်းစစ်ခြင်း။

၅။ အထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲများ သည် ______________ ၏ နမူနာ စာမေးပွဲတစ်ခု ဖြစ်သည်။
- (က) အကျိုးဆိုင်မှုမြင့်သော အကဲဖြတ်ဆန်းစစ်မှု။
- (ခ) အလွတ်သဘောဆန်သော အကဲဖြတ် ဆန်းစစ်မှု။
- (ဂ) သင်ယူစဉ် အကဲဖြတ်ဆန်းစစ်မှု။
- (ဃ) တိုးတက်မှုကို စစ်ဆေးသော အကဲဖြတ် ဆန်းစစ်မှု။

၆။ သင့်လျော်သည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု လုပ်ငန်းစဉ်ကို မည်သို့ ရွေးချယ်သင့်သနည်း။
- (က) သင်တန်းရည်ရွယ်ချက်များနှင့် ကိုက်ညီသော။
- (ခ) မလွယ်လွန်း မခက်လွန်းသော။
- (ဂ) သင်ယူစဉ် အကဲဖြတ်ဆန်းစစ်မှုမှတစ်ဆင့်။
- (ဃ) တိုးတက်မှုစစ်ဆေးသော အကဲဖြတ် ဆန်းစစ်မှုမှတစ်ဆင့်။

၇။ အပိတ် စစ်ဆေးမှု လုပ်ငန်းမှာ အဘယ်နည်း။

(က) အဖြေမှန်တစ်ခုထဲပါသော လုပ်ငန်း။

(ခ) မိမိကိုယ်တိုင် လုပ်ဆောင်ရသော လုပ်ငန်း။

(ဂ) ဖြစ်နိုင်သည့် အဖြေမှန်များစွာပါသော လုပ်ငန်း။

(ဃ) အဖြေမှန်ကို စစ်ဆေးမည့် စာရင်းရှိပြီးဖြစ်သော လုပ်ငန်း။

၈။ အဖွင့် မေးခွန်းများမှာ အောက်ပါတို့ဖြစ်သည်။

(က) လူတိုင်း အဖြေမှန်တစ်ခုတည်း အတူတူ ပေးရမည့် မေးခွန်းဖြစ်သည်။

(ခ) ဖြေဆိုသူ အမျိုးမျိုးက အဖြေမှန် အမျိုးမျိုး ကွဲပြားစွာ ပေးနိုင်သော မေးခွန်းဖြစ်သည်။

(ဂ) အပိတ်မေးခွန်းများထက် ယုံကြည်စိတ်ချရမှု ပိုရှိသည်။

(ဃ) အပိတ်မေးခွန်းများထက် ကျိုးကြောင်း ဆီလျော်မှုပိုရှိသည်။

၉။ စာစီစာကုံးမေးခွန်းကို ပို၍ ယုံကြည်စိတ်ချရမှုရှိသော စစ်ဆေးမှုဖြစ်အောင် မည်သို့ ပြုလုပ်နိုင်သနည်း။

(က) အဖြေမှန်တစ်ခုပဲ သတ်မှတ်ထားပါ။

(ခ) အမှတ်စစ်မည့် အဖွဲ့တစ်ဖွဲ့ထားရှိပါ။

(ဂ) အမှတ်ပေးသည့်အခါ အမှတ်ပေးဇယား တစ်ခုကို အသုံးပြုပါ။

(ဃ) မတူညီသည့် လုပ်ငန်းအမျိုးမျိုး ထည့်သွင်းပါ။

၁၀။ အဖွဲ့လိုက် လုပ်ငန်းများကို အမှတ်ပေးရန် အသုံးပြုမည့် စံသတ်မှတ်ချက်များတွင် အများအားဖြင့် အောက်ပါတို့မှ မည်သည့်အပိုင်းများကို ထည့်သွင်းသနည်း။

(က) ခင်းကျင်းတင်ပြမှုနှင့် ဒီဇိုင်း။

(ခ) ဆက်သွယ်မှုနှင့် ကြိုးစားအားထုတ်မှု။

(ဂ) စာလုံးပေါင်းနှင့် သဒ္ဒါ။

(ဃ) ဖြစ်စဉ်နှင့် အဖွဲ့လိုက်လုပ်ဆောင်မှု။

၁၁။ စာမေးပွဲများနှင့် ပတ်သက်ပြီး အောက်ပါတို့တွင် မည်သည့်အချက်က အမြဲမှန်ကန်သနည်း။

(က) စာမေးပွဲများသည် အကျိုးဆိုင်မှုမြင့်သော စစ်ဆေးမှုဖြစ်သည်။

(ခ) စာမေးပွဲများသည် အရေးအကြီးဆုံး အကဲဖြတ်ဆန်းစစ်မှု ပုံစံများထဲမှ တစ်ခုဖြစ်သည်။

(ဂ) စာမေးပွဲများတွင် စစ်ဆေးမှုလုပ်ငန်းပုံစံ မျိုးစုံပါသည်။

(ဃ) စာမေးပွဲများသည် သင်ယူမှု အကဲဖြတ် ဆန်းစစ်မှု စနစ်တိုင်း၏ အစိတ်အပိုင်းများ ဖြစ်ကြသည်။

၁၂။ အဖြေမှန်ရွေး မေးခွန်းများနှင့် ပတ်သက်ပြီး အောက်ပါတို့တွင် မည်သည့်အချက်က အမြဲမှန်ကန် သနည်း။

(က) အနည်းဆုံး ရွေးချယ်မှု လေးခုပါသင့်သည်။

(ခ) အများသုံးခု ပါသင့်သည်။

(ဂ) အဖြေမှန်တစ်ခုသာပါကြောင်း သေချာပါစေ။

(ဃ) 'အထက်မှ အဖြေအားလုံးမှန်သည်' ကို မသုံးပါနှင့်။

၁၃။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်တစ်ခုတွင် စစ်ဆေးခံအစိတ်အပိုင်းများ၏ အရေးပါမှုကို နှိုင်းယှဉ် သတ်မှတ်ခြင်း ဆိုသည်မှာ အဘယ်နည်း။

(က) အဖွင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများကိုသာ အသုံးပြုခြင်း။

(ခ) အပိတ် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများကိုသာ အသုံးပြုခြင်း။

(ဂ) အစိတ်အပိုင်းတစ်ခုစီကို ရာခိုင်နှုန်း သတ်မှတ်ခြင်း။

(ဃ) လုပ်ငန်းစဉ်အမျိုးမျိုး ပါဝင်ကြောင်း သေချာစေခြင်း။

၁၄။ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်းတွင် ______________ ပါဝင်သည်။

(က) မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်ခြင်း။

(ခ) ပုံမှန်စစ်ဆေးမှုများ။

(ဂ) မှတ်တမ်းတစ်ခု။

(ဃ) အထက်ပါအဖြေအားလုံးမှန်သည်။

**(ခ) ဖြစ်ရပ်လေ့လာချက်ကိုဖတ်ပါ။ ကျိုးကြောင်းဆီလျော်မှု၊ ယုံကြည်စိတ်ချရမှု သို့မဟုတ် လက်တွေ့ကျမှု ထိုမူဘောင်သုံးခုတွင် မည်သည်နှင့် ကိုက်ညီမှု မရှိသနည်း။ (၈ မှတ်)**

၁။ အမှတ်စစ်မည့်သူ သုံးယောက်ရှိသည်။ ထိုသုံးယောက်သည် မတူညီသည့် စံသတ်မှတ်ချက် တစ်ခုစီသုံးပြီး အမှတ်ပေးကြသည်။

၂။ သိပ္ပံဘာသာရပ်နှင့် ပတ်သက်သည့် တတ်ကျွမ်းမှု စွမ်းရည်ကို စစ်ဆေးသည် သို့သော် အင်္ဂလိပ်စာ စာလုံးပေါင်း မှားသောကြောင့် ကျောင်းသားအချို့ အမှတ်နည်းသည်။

၃။ အခန်း၏ ဘယ်ဘက်အခြမ်းရှိ ကျောင်းသား/ ကျောင်းသူများသည် အကြားစွမ်းရည် စစ်ဆေးရာတွင် ကောင်းစွာမကြားရပါ။

၄။ ကျောင်းသား/ကျောင်းသူ အယောက် ၂၀၀ ကို စစ်ဆေးရန် အမှတ်စစ် ၁ ဦး ရှိသည်။ ဝင်ခွင့်ဖြေဆိုရာ တွင် ၁ နာရီကြာ အင်တာဗျူးတစ်ခု ပါဝင်သည်။

၅။ ဖြစ်နိုင်ခြေရှိသည့် အဖြေမှန်များစွာရှိသော်လည်း အမှတ်ပေးသူသည် အဖြေတစ်ခုထဲကိုသာ လက်ခံသည်။

၆။ ညွှန်ကြားချက်များ ရှုပ်ထွေးသောကြောင့် ကျောင်းသား/ ကျောင်းသူများသည် အဖြေမှန်ကို နေရာ အမှားတွင် ရေးကြသည်။

၇။ ဆရာ/ဆရာမတစ်ယောက်သည် အလွတ်သဘော အကျိုးဆိုင်မှုနိမ့်သည့် တိုးတက်မှုစစ်ဆေးသည့် စာမေးပွဲတိုတစ်ခုကို အချိန်သုံးရက်ယူ၍ ဒီဇိုင်း ပြင်ဆင်သည်။

၈။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးရာတွင် သင်ကြားထားခြင်းမရှိသည့် ခေါင်းစဉ်အချို့ ပါဝင်နေသည်။

**(ဂ) ခ တွင် ဖော်ပြထားသော ဖြစ်ရပ်လေ့လာချက်တစ်ခုစီရှိ ပြဿနာများကို မည်သို့ ဖြေရှင်းပြုပြင်မည်ဖြစ်ကြောင်း ရှင်းပြပါ။ (၁၆ မှတ်)**

**(ဃ) ဤသင်ယူမှု အကဲဖြတ်ဆန်းစစ်မှုများအတွက် မည်သည့်ကိစ္စရပ်များသည် အရေးပါသနည်း။ တစ်ခုစီအတွက် စာပိုဒ်တိုတစ်ခုရေးပါ။ သင်ယူမှု အကဲဖြတ် ဆန်းစစ်ချက် အမျိုးအစားနှင့် ဝိသေသများကို ရှင်းပြပြီး သင့်လျော်သည့် သင်ယူမှုအကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းတစ်ခုကို အကြံပြုပါ။ (၁၂ မှတ်)**

၁။ အင်္ဂလိပ်ဘာသာစကား အချိန်ပြည့်သင်တန်း တစ်ခုအတွက် ကျောင်းသား/ကျောင်းသူ ၁၂ ဦး ရွေးချယ်လိုသည်။ နေရာအမျိုးမျိုးမှ လျှောက်ထားသူ အယောက် ၂၅၀ ရှိသည်။ အင်္ဂလိပ်စာအဆင့် အမြင့်ဆုံးရှိသူကို ရွေးချယ်လိုသည်။

၂။ ကလေးများကို စာသင်သည်။ ၁ မှ ၂၀ ထိ မည်မျှ ကောင်းစွာ ရေတွက်နိုင်ကြောင်း သိလိုသည်။ သို့မှသာ ရေတွက်ခြင်း သင်ခန်းစာအတွက် အချိန်ပိုယူရန် လိုအပ်ခြင်းရှိ/မရှိ သိမည်ဖြစ်သည်။ ကလေးများ ကောင်းစွာ ရေတွက်နိုင်လျှင် ၂၁ မှ ၁၀၀ ထိ ရေတွက်ခြင်းကို အာရုံစိုက် သင်ကြားနိုင်မည်။

၃။ ဆရာအတတ်သင် သင်တန်းတွင် သင်တန်းသား/ သင်တန်းသူများသည် အမှတ်၏ ၂၀% နှင့် ညီသော အဖွဲ့လိုက် ပရောဂျက်တစ်ခု လုပ်ဆောင်ကြသည်။ ပရောဂျက်တွင် သင်ခန်းစာတစ်ခု ပြင်ဆင်ခြင်း၊ သင်ကြားခြင်း၊ အောင်မြင်ခဲ့သည်များနှင့် တိုးတက်ရန် လိုအပ်သည့် အပိုင်းများအကြောင်း ပြန်လှန်သုံးသပ် ရေးသားခြင်းတို့ ပါဝင်သည်။

၄။ မိမိ၏ အလယ်တန်း ကျောင်းသား/ကျောင်းသူများ သည် တစ်ပတ်စာ ပထဝီသင်ခန်းစာများကို နားလည်ခြင်းရှိ/မရှိ အလျင်အမြန် စစ်ဆေးလိုသည်။

(c) **စာစီစာကုံး/အဆိုင်းမန့်** (၃၀ မှတ်)

မိမိသင်ကြားမည့်၊ သင်ကြားရန် စီစဉ်ထားသည့်၊ သို့မဟုတ် သင်ကြားလိုသည့် သင်တန်းတစ်ခုကို စဉ်းစားပါ။ မိမိသင်တန်း၏ ရည်ရွယ်ချက်များကို ရေးသားပါ။ မိမိသင်တန်းအတွက် စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်မှု စနစ်တစ်ခုကို စီစဉ်ပါ။ စာလုံးရေ ၂၀၀ မှ ၄၀၀ ခန့်ဖြင့် စံသတ်မှတ်ချက်များအကြောင်း ရှင်းပြပါ။

ထိုစာစီစာကုံးကို အောက်ပါအမှတ်ပေးဇယားအတိုင်း အမှတ်ပေးမည်ဖြစ်သည်။

| | ၆ မှတ်<br>**သတ်မှတ်ချက် ပြည့်မီလုနီး** | ၈ မှတ်<br>**သတ်မှတ်ချက် ပြည့်မီ** | ၁၀ မှတ်<br>**သတ်မှတ်ချက် ကျော်လွန်** |
|---|---|---|---|
| **ဆက်စပ်ဆီလျော်မှု** | • ရည်ရွယ်ချက်များကို အနည်းငယ်သာ ရှင်းပြထား။<br>• စံသတ်မှတ်ချက်များကို အနည်းငယ် ရှင်းပြထား။<br>• အစိတ်အပိုင်းများအကြောင်း အနည်းငယ် ရှင်းပြထား။ | • ရည်ရွယ်ချက်များကို အများစု ကောင်းစွာ ရှင်းပြထား။<br>• စံသတ်မှတ်ချက်များကို အများစုကောင်းစွာ ရှင်းပြထား။<br>• အစိတ်အပိုင်းများအကြောင်း အများစုကောင်းစွာ ရှင်းပြထား။ | • ရည်ရွယ်ချက်များကို ကောင်းစွာရှင်းပြသည်။<br>• စံသတ်မှတ်ချက်များကို ကောင်းစွာရှင်းပြသည်။<br>• အစိတ်အပိုင်းများအကြောင်း ကောင်းစွာရှင်းပြသည်။ |
| **အတွေးအယူများ** | • သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း မူဘောင်များကို နားမလည်။<br>• အတွေးအယူများ တိကျခြင်း မရှိ။ | • သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း မူဘောင်များ အကြောင်း အနည်းငယ် သိရှိ။<br>• အတွေးအယူများ အများအားဖြင့်တိကျ။ | • သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်း မူဘောင်များ ကို ကောင်းစွာနားလည်။<br>• အတွေးအယူ အားကောင်း တိကျ။ |
| **အရေးအသား** | • နားလည်ရ ခက်ခဲ။<br>• ဖွဲ့စည်းတည်ဆောက်မှု မကောင်း။ | • အများအားဖြင့် နားလည်ရလွယ်။<br>• ဖွဲ့စည်းတည်ဆောက်မှု အများအားဖြင့်ကောင်း။ | • နားလည်ရ လွယ်ကူ။<br>• ဖွဲ့စည်းတည်ဆောက်မှု ရှင်းလင်းအားကောင်း။ |

# အတန်းဆုံး ပရောဂျက် - သင်ယူမှု အကဲဖြတ် ဆန်းစစ်ချက်တစ်ရပ် စီစဉ်ဖန်တီးခြင်း

## လုပ်ငန်းဆောင်တာ (က) - မိမိအတွက် အသုံးဝင်မည့် သင်ယူမှု အကဲဖြတ်ချက်တစ်ရပ်ကို အစီအစဉ်ဆွဲပါ။

၁။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

| | | | | |
|---|---|---|---|---|
| ဤအကဲဖြတ်ဆန်းစစ်ချက်၏ ရည်ရွယ်ချက်က အဘယ်နည်း။ | | | | |
| ဤအကဲဖြတ်ဆန်းစစ်ချက်ကို မည်သည့်အချိန်တွင် အသုံးပြုမည်နည်း။ | | | | |
| ဤအကဲဖြတ်ဆန်းစစ်ချက်မှာ မည်သူတို့အတွက် ဖြစ်သနည်း။ | | | | |
| **သင်ယူမှု အကဲဖြတ် ဆန်းစစ်ချက် အမျိုးအစား (တစ်ခုကို စက်ဝိုင်းဝိုင်း ရွေးချယ်ပါ။)** | | | | |
| ဝင်ခွင့် | အဆင့်ခွဲနေရာချခြင်း | အားနည်းချက်ရှာခြင်း | တိုးတက်မှုစစ်ဆေးခြင်း | အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း |
| **သင်ယူမှု အကဲဖြတ် ဆန်းစစ်ချက် ဝိသေသများ (အလျားလိုက် တစ်လိုင်းစီတွင် တစ်ခုစီ ရွေးချယ် စက်ဝိုင်းဝိုင်းပါ။)** | | | | |
| **အကျိုးဆိုင်မှုမြင့်သော** | | **အကျိုးဆိုင်မှုနိမ့်သော** | | |
| **သင်ယူစဉ်စစ်ဆေးခြင်း** | | **သင်ကြား သင်ယူအပြီး စစ်ဆေးခြင်း** | | |
| အပိတ် မေးခွန်း/လုပ်ငန်းစဉ်များ သုံးမည်လား။ မည်သည့် လုပ်ငန်းစဉ်အမျိုးအစားများ သုံးမည်လဲ။ | | | | |
| အဖွင့် မေးခွန်း/လုပ်ငန်းစဉ်များ သုံးမည်လား။ မည်သည့် လုပ်ငန်းစဉ်အမျိုးအစားများ သုံးမည်လဲ။ | | | | |
| အမှတ်ပေးဇယား လိုအပ်ပါသလား။ အမှတ်ပေး စံစာရင်း၊ အခြေခံ အမှတ်ပေးဇယားနှင့် အသေးစိတ် အမှတ်ပေးဇယားတွင် မည်သည်ကိုသုံးမည်လဲ။ | | | | |
| အမှတ်ပေးမည်ဖြစ်သလား။ အမှတ်ဘယ်လောက် ပေးမည်လဲ။ | | | | |
| သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် လက်တွေ့ကျအောင် မည်သို့ စီမံမည်နည်း။ | | | | |
| သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် ယုံကြည်စိတ်ချရမှု ရှိအောင် မည်သို့ စီမံမည်နည်း။ | | | | |
| သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် ကြောင်းကျိုး ဆီလျော်မှုရှိအောင် မည်သို့ စီမံမည်နည်း။ | | | | |
| သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက်အတွက် လမ်းညွှန်ချက်များ | | | | |

၂။ မိမိ၏ သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် စနစ်ကို အတန်းထံ တင်ပြပါ။

## လုပ်ငန်းဆောင်တာ (ခ) - သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် ဖန်တီးပါ။

၁။ အပိတ်လုပ်ငန်းစဉ်များနှင့် အဖွင့်လုပ်ငန်းစဉ်များကို လိုသလို ရေးသားဖန်တီးပါ။ အသေးစိတ် အမှတ်ပေးဇယား သုံးမည်ဆိုပါက နောက်ဆက်တွဲ ၁ တွင် ပေးထားသော ပုံစံကို သုံးနိုင်သည်။

၂။ မိမိတို့ ဖန်တီးထားသော အကဲဖြတ်ဆန်းစစ်ချက်များကို နှစ်ဦးတွဲအလိုက် အပြန်အလှန် လေ့လာစစ်ဆေးပြီး အောက်ပါ စစ်စာရင်းနှင့် တိုက်စစ်ကာ အကြံပြုချက်များ အချင်းချင်းပေးရမည်။

| | | | | လိုအပ်သည့် အပြောင်းအလဲများ |
|---|---|---|---|---|
| အကဲဖြတ်ဆန်းစစ်ချက်သည် လက်တွေ့ကျသည်။ | ဟုတ် | မဟုတ် | တစိတ်တပိုင်းဟုတ် | |
| အကဲဖြတ်ဆန်းစစ်ချက်သည် ယုံကြည်စိတ်ချရမှု ရှိသည်။ | ဟုတ် | မဟုတ် | တစိတ်တပိုင်းဟုတ် | |
| အကဲဖြတ်ဆန်းစစ်ချက်သည် ကြောင်းကျိုး ဆီလျော်မှုရှိသည်။ | ဟုတ် | မဟုတ် | တစိတ်တပိုင်းဟုတ် | |
| အပိတ်လုပ်ငန်းစဉ် အားလုံးကို မှန်ကန်စွာ ရေးသား ဖန်တီးထားသည်။ | ဟုတ် | မဟုတ် | တစိတ်တပိုင်းဟုတ် | |
| အဖွင့်လုပ်ငန်းစဉ် အားလုံးကို မှန်ကန်စွာ ရေးသား ဖန်တီးထားသည်။ | ဟုတ် | မဟုတ် | တစိတ်တပိုင်းဟုတ် | |
| အမှတ်ပေးဇယား အားလုံး သင့်တော် ကိုက်ညီမှုရှိသည်။ | ဟုတ် | မဟုတ် | တစိတ်တပိုင်းဟုတ် | |
| ညွှန်ကြားချက်များ အားလုံး ရှင်းလင်းမှု ရှိသည်။ | ဟုတ် | မဟုတ် | တစိတ်တပိုင်းဟုတ် | |

# နောက်ဆက်တွဲ ၁ - အသေးစိတ် အမှတ်ပေးဇယားပုံစံ

စွမ်းဆောင်ရည် အဆင့် သုံးဆင့်ပါသော အသေးစိတ် အမှတ်ပေးဇယား ရေးဆွဲရန် အောက်ပါပုံစံကို အသုံးပြုပါ။

၁။ စံနှုန်းနယ်ပယ်များကို လက်ဝဲဘက် ထောင်လိုက်အကွက်တွင် စာရင်းရေးပါ။ စံနှုန်းနယ်ပယ် လေးခုထက်များခြင်း/နည်းခြင်း ရှိပါက အလျားလိုက်အကွက်များ ထပ်ထည့်ခြင်း၊ လျှော့ခြင်းပြုပါ။

၂။ စွမ်းဆောင်ရည် အဆင့်တစ်ခုစီအတွက် ရနိုင်သည့် ရမှတ်များကို ထောင်လိုက်အပေါ်ကွက်များတွင် ဖြည့်ပါ။

၃။ စွမ်းဆောင်ရည် အဆင့်တစ်ခုစီအတွက် အဆင့်သတ်မှတ်ဖော်ပြချက်များကို ရှင်းလင်းရေးဖြည့်ပါ။ တစ်ဆင့်တွင် ဖော်ပြချက် အနည်းဆုံး နှစ်ခုထည့်ရန် အကြံပြုအပ်ပါသည်။

အသေးစိတ် အမှတ်ပေးဇယား ရေးဆွဲခြင်းနှင့် ပတ်သက်ပြီး ထပ်မံသိရှိလိုပါက အခန်း ၃.၄ ကို ဖတ်ရှုလေ့လာပါ။

| | | **စွမ်းဆောင်ရည် အဆင့် သတ်မှတ်ချက်များ** | | | |
|---|---|---|---|---|---|
| | | ________ မှတ်<br>သတ်မှတ်ချက် ပြည့်မီလုနီး | ________ မှတ်<br>သတ်မှတ်ချက် ပြည့်မီ | ________ မှတ်<br>သတ်မှတ်ချက် ကျော်လွန် | စုစုပေါင်း |
| စံနှုန်းနယ်ပယ်များ | | •<br>• | •<br>• | •<br>• | |
| | | •<br>• | •<br>• | •<br>• | |
| | | •<br>• | | •<br>• | |
| | | •<br>• | •<br>• | •<br>• | |
| | ဆရာမှတ်ချက်များ | | | စုစုပေါင်းရမှတ် | |

# နောက်ဆက်တွဲ ၂ - သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းစနစ် ပုံစံ

အောက်ပါပုံစံကို သုံးပြီး အကဲဖြတ်ဆန်းစစ်ခြင်းစနစ် ဖန်တီးနိုင်သည်။

၁။ ဝဲဘက် ထောင်လိုက်အကွက်တွင် စနစ်တွင်ပါဝင်သည့် အစိတ်အပိုင်း အမျိုးမျိုးကိုရေးပါ။ နမူနာများမှာ

- အတန်းတက်ရောက်မှုနှင့် ပါဝင်မှု
- စဉ်ဆက်မပြတ် အကဲဖြတ် ဆန်းစစ်ချက်များ (အိမ်စာ၊ အတန်းတွင်း လုပ်ငန်းစဉ်၊ လေ့ကျင့်ခန်းစာရွက်များ အစရှိသည်ဖြင့်)
- အောင်မြင်ပေါက်မြောက်မှု ဆန်းစစ်ချက်များ (နှစ်လယ် စာမေးပွဲများ၊ ပရောဂျက်များ၊ နောက်ဆုံး စာမေးပွဲနှင့် ပရောဂျက်များ စသည်ဖြင့်)
- တိုးတက်မှု စစ်ဆေးချက် (အခန်းဆုံး စာမေးပွဲများ၊ ဉာဏ်စမ်းစာမေးပွဲများ၊ စသည်ဖြင့်)
- မိမိကိုယ်ကိုယ် အကဲဖြတ် ဆန်းစစ်ခြင်းနှင့် ပြန်လှန်သုံးသပ်ခြင်း
- လုပ်ငန်းမှတ်တမ်းများ

၂။ လက်ယာဘက် ထောင်လိုက်အကွက်တွင် ပါဝင်သည့် အစိတ်အပိုင်း တစ်ခုစီအတွက် လုပ်ငန်းဆောင်တာ အမျိုးမျိုးကို စာရင်းချရေးပါ။

၃။ အလယ်ထောင်လိုက်အကွက်တွင် အစိတ်အပိုင်းတစ်ခုစီ၏ အရေးပါမှု ရာခိုင်နှုန်းများထည့်ပါ။ အကွက်အားလုံးပေါင်းလဒ်က ၁၀၀ ရာနှုန်းဖြစ်အောင် စစ်ဆေးပါ။

အကဲဖြတ် ဆန်းစစ်ချက်စနစ် ဖန်တီးခြင်းနှင့် ပတ်သက်သည့် အပိုဆောင်း သတင်းအချက်အလက်များအတွက် အခန်း ၅.၂ ကို ကြည့်နိုင်ပါသည်။

| အစိတ်အပိုင်းများ | အမှတ်ပေါင်းတွင် ထည့်ပေါင်းမည့် % | အကဲဖြတ်ဆန်းစစ်ချက် နည်းလမ်း |
|---|---|---|
| | | |
| | | |
| | | |
| | | |

# အဖြေများ

## ၁။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ဆိုသည်မှာ အဘယ်နည်း။

### ၁.၁ အဘယ်ကြောင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်သနည်း။

(က) **အဖြေများ ...**

၁။ "စစ်ဆေးခြင်း" အဆင့်။

၂။ စာသင်ကြားပြီးနောက် သင်ယူသူများ၏ သင်ယူမှုကို စစ်ဆေးသည်။ ထိုစစ်ဆေးမှုမှတစ်ဆင့် မိမိ၏ သင်ယူသူများအတွက် အနာဂတ် လိုအပ်ချက်များကို ဖော်ထုတ်နိုင်သည့် စာသင်ကြားမှု သုံးသပ်ချက်များကို သိရှိနိုင်သည်။ နောင်လာမည့် သင်ခန်းစာများကို ထိုသိရှိလာသည့် အချက်များနှင့်အညီ ပြင်ဆင် သင်ကြားနိုင်သည်။

(ခ) **အဖြေများ ...**

၁။ စာမေးပွဲစစ်ခြင်းသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း တစ်စိတ်တစ်ပိုင်းဖြစ်သည်။ သင်ယူသူများကို ဉာဏ်စမ်း၊ စာမေးပွဲ၊ စစ်ဆေးချက်များပေးပြီး ၎င်းတို့ စွမ်းရည်နှင့် အသိဗဟုသုတ အဆင့်များကို တိုင်းတာခြင်းဖြစ်သည်။ သင်ယူမှု အကဲဖြတ် ဆန်းစစ်မှုပြုလုပ်ရန် စာမေးပွဲစစ်ခြင်းကို ဘုံနည်းလမ်း တစ်ခုအနေဖြင့်သုံးသည်။ သို့ရာတွင် စာမေးပွဲစစ်ခြင်း အပြင် အခြားနည်းလမ်းအမျိုးမျိုးဖြင့်လည်း သင်ယူမှုကို အကဲဖြတ်ဆန်းစစ်နိုင်သည်။ သင်ယူသူများ၏ အဆိုင်းမန့်များနှင့် ပရောဂျက်များကို အမှတ်ပေးခြင်း သို့မဟုတ် သင်ယူသူများ၏ ပူးပေါင်းပါဝင်မှုကို လေ့လာစောင့်ကြည့်ခြင်း သို့မဟုတ် သင်ယူမှု နေ့စဉ် မှတ်တမ်းများကို ဖတ်ခြင်းဖြင့်လည်း သင်ယူမှုကို အကဲဖြတ်ဆန်းစစ်နိုင်သည်။

၂။ (က)

(ဂ) **နမူနာ အဖြေများ ...**

၁။

(က) ဘယ်သူတွေကို သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်သနည်း။

- ကျောင်းသား/ ကျောင်းသူများ

ဘယ်သူတွေက စစ်ဆေးသနည်း။

- ဆရာ/ ဆရာမများ

ဘယ်သူတွေအတွက် အကျိုးရှိသလဲ။

- ဆရာ/ ဆရာမများနှင့် ကျောင်းသား/ ကျောင်းသူများ
- သင်တန်းတစ်ခုလုံး

(ခ) ဘယ်အချိန်မှာ စစ်ဆေးမှုပြုလုပ်သလဲ။

- သင်တန်းမစခင်
- သင်တန်းအစ
- သင်တန်းအဆုံး
- သင်တန်းတစ်လျှောက်လုံး

(ဂ) အဘယ်ကြောင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်သနည်း။

- သင်ယူသူများ၏ အဆင့်ကိုသိရှိရန်။
- သင်ယူသူများ မည်မျှ သင်ယူရရှိပြီးကြောင်းသိရန်။
- သင်ယူသူများ၏ တိုးတက်မှုကို စစ်ဆေးရန်။
- သင်ယူသူများ မည်သည်တို့ကို သိရှိပြီး၊ လုပ်ဆောင် နိုင်ကြောင်း သိရှိရန်။

(ဃ) ဘယ်နှစ်ကြိမ်မျှ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်သနည်း။

- စာသင်ချိန်အသစ်တစ်ခု စတဲ့အချိန်တိုင်း။
- တစ်ပတ်တစ်ကြိမ်။
- စာသင်နှစ်တစ်ခုပြီးတိုင်း။

သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုကို မည်သို့ ပြုလုပ်သနည်း။

- စာမေးပွဲများ။
- အဆိုင်းမန့်များ။
- အိမ်စာအမှတ်ပေးခြင်း။
- အတန်းတွင်း စွမ်းဆောင်ရည်။

(င) **နမူနာ အဖြေများ ...**

၁။ မှန်

၂။ မှား – စစ်ဆေးခြင်း၊ သင်ကြားခြင်းနှင့် ပြင်ဆင်ခြင်း အဆင့်များအားလုံးသည် စက်ဝန်း၏ အစိတ်အပိုင်းများအဖြစ် တစ်ခုနှင့်တစ်ခု ဆက်စပ်နေ ကြသည်။

၃။ မှန်

### ၁.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များ

(ခ) **အဖြေများ ...**

၁။ တိုးတက်မှုစစ်ဆေးခြင်း။

၂။ ဝင်ခွင့်စစ်ဆေးခြင်း။

၃။ နေရာသတ်မှတ်ချက် စစ်ဆေးခြင်း။

၄။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၅။ အားနည်းချက် စစ်ဆေးခြင်း။

၆။ အားနည်းချက် စစ်ဆေးခြင်း။

၇။ တိုးတက်မှု စစ်ဆေးခြင်း။

၈။ ဝင်ခွင့်စစ်ဆေးခြင်း။

၉။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၁၀။ နေရာသတ်မှတ်ချက် စစ်ဆေးခြင်း။

**(ဂ) အဖြေများ ...**

၁။ (ခ) i

၂။ (ဂ) v

၃။ (ဃ) iii

၄။ (င) ii

၅။ (က) iv

**(ဃ) နမူနာ အဖြေများ ...**

၁။ (က) ရိုးရှင်းသော ကယားဘာသာစကားလုံးများနှင့် စပြီး ရှုပ်ထွေးသော စာပိုဒ်များထိပါသော အဖြေမှန်ရွေး လုပ်ငန်းစဉ်တစ်ခု။

(ခ) ပြိုင်ပွဲတစ်ခု။ ရေကူးသူတစ်ယောက်စီ၏ ကြာချိန်ကို မှတ်သားထားပြီး နည်းလမ်းအတိအကျ တစ်ခုစီအတွက် အမှတ်များ သတ်မှတ်ပါ။

(ဂ) မိမိသင်ကြားထားခဲ့သော သင်ခန်းစာထဲမှ လုပ်ငန်းနှင့် ပုံစံတူသည့် စာဖတ်ခြင်း လုပ်ငန်းစဉ်များ ရွေးချယ်စုစည်းမှု။

(ဃ) သင်တန်းမှ ခေါင်းစဉ်များအားလုံးကို လွှမ်းခြုံနိုင်သော စစ်ဆေးမှု လုပ်ငန်းများနှင့် နည်းလမ်းများ အတွဲလိုက်။ ပါမောက္ခမှ ထောက်ခံထားသည့် ခေါင်းစဉ်တစ်ခုနှင့် ပတ်သက်သည့် သုတေသနပရောဂျက်တစ်ခု။

## ၁.၃ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း၏ ဝိသေသများ

**(ခ) အဖြေများ ...**

၁။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၂။ တိုးတက်မှု စစ်ဆေးခြင်း။

၃။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၄။ တိုးတက်မှု စစ်ဆေးခြင်း သို့မဟုတ် အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၅။ အားနည်းချက် စစ်ဆေးခြင်း။

၆။ တိုးတက်မှု စစ်ဆေးခြင်း။

၇။ အားနည်းချက်စစ်ဆေးခြင်း (သို့) တိုးတက်မှု စစ်ဆေးခြင်း (သို့) အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း

၈။ အားနည်းချက် စစ်ဆေးခြင်း (သို့) တိုးတက်မှု စစ်ဆေးခြင်း

**(င) အဖြေများ ...**

၁။ တိုးတက်မှု စစ်ဆေးခြင်း။

၂။ တိုးတက်မှု စစ်ဆေးခြင်း။

၃။ အားနည်းချက် စစ်ဆေးခြင်း။

၄။ အားနည်းချက် စစ်ဆေးခြင်း။

**(စ) အဖြေများ ...**


၁။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၂။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၃။ အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်း။

၄။ ဝင်ခွင့်စစ်ဆေးခြင်း။

**(ဆ) အဖြေများ ...**




**သင်ယူစဉ် အကဲဖြတ်ဆန်းစစ်ခြင်း** **သင်ယူပြီး အကဲဖြတ်ဆန်းစစ်ခြင်း**

**(ဇ) နမူနာ အဖြေများ ...**

၁။ (က) သင်ယူစဉ် အကဲဖြတ်ဆန်းစစ်ခြင်း။

(ခ) ခေါင်းစဉ်နှင့် ပတ်သက်ပြီး သင်ယူသူများ မည်သည်တို့ကို သိရှိထားကြောင်း၊ မည်သည်တို့ လိုအပ်ကြောင်း၊ မည်သည်တို့ကို သိလိုကြောင်း။

(ဂ) မိမိတို့၏ လိုအပ်ချက်များနှင့် မိမိကိုယ်ပိုင် နောက်ခံဗဟုသုတ။ မိမိတို့ သင်ယူလိုသည်များ နှင့် ပတ်သက်ပြီး ဆရာ/ဆရာမကို သုံးသပ်ချက် ပေးနိုင်သည်။

၂။ (က) သင်ယူစဉ် အကဲဖြတ်ဆန်းစစ်ခြင်း (သင်ခန်းစာ တစ်ခုအတွင်း ပြုလုပ်ပြီးသော လေ့ကျင့်ခန်း တစ်ခု) သို့မဟုတ် သင်ယူပြီး အကဲဖြတ် ဆန်းစစ်ခြင်း (သင်ယူသူများ၏ ခေါင်းစဉ်နှင့် ပတ်သက်သည့် ဗဟုသုတကို အမှတ်ပေးရန်)။

(ခ) သင်ယူသူများက ခေါင်းစဉ်နှင့် ပတ်သက်သည့် အဓိကစကားလုံးများကို မည်သို့ သင်ယူလေ့လာ ပြီးကြောင်း။

(ဂ) သင်ယူသူများက မိမိတို့၏ ကိုယ်ပိုင်သင်ယူမှုကို စစ်ဆေးနိုင်သည်။

၃။ (က) သင်ယူစဉ် အကဲဖြတ်ဆန်းစစ်ခြင်း ဖြစ်နိုင်သည် သို့သော် သင်ယူပြီး အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ပိုဆင်တူသည်။

(ခ) သင်ယူသူများက သင်ခန်းစာကို မည်မျှကောင်းစွာ သင်ယူလေ့လာပြီးကြောင်း သတင်းအချက်အလက်။

(ဂ) အဖွဲ့ထဲတွင် မိမိတို့၏ ကိုယ်ပိုင်သင်ယူမှုကို စစ်ဆေးပြီး အခြားသူများ၏ သင်ယူရရှိမှုများနှင့် နှိုင်းယှဉ်နိုင်သည်။

## ၂။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း မူဘောင်များ

### ၂.၁ လက်တွေ့ကျမှု

**(က) နမူနာ အဖြေများ ...**

၁။ အသုံးဝင်သော၊ သင့်လျော်သော၊ စီစဉ်ရလွယ်ကူသော။

၂။ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုများသည် လက်တွေ့ကျရန် လိုအပ်ပါသည်။ သို့မှသာ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများသည် သရုပ်ပြရမည့် ခေါင်းစဉ်များ သို့မဟုတ် တတ်ကျွမ်းမှု စွမ်းရည်များကို အလွယ်တကူ အာရုံစိုက်နိုင်မည်ဖြစ်သည်။

**(ခ) နမူနာ အဖြေများ ...**

၁။ (က) **စောင့်ကြည့်စစ်ဆေး** – အွန်လိုင်းမှ စာမေးပွဲ ဖြစ်သည့်အတွက် စာခိုးချခြင်း မရှိအောင် စီမံရမည်။ ဖြေပြီးသည့်သူက မဖြေရသေးသူကို မေးခွန်းပြောပြခြင်း မရှိစေရေးအတွက် ကျောင်းသား/ ကျောင်းသူအားလုံး တပြိုင်နက် စာမေးပွဲ ဖြေရအောင် စီမံရမည်။

**အမှတ်ပေး** – အမှတ်စစ်မည့်သူ အမြောက်အမြား နှင့် အလွန်ရှင်းလင်းသော အမှတ်ပေး လမ်းညွှန်ချက်များ လိုအပ်လိမ့်မည်။ အမှတ်စစ် မည့်သူများကို သင်တန်းပေးထားဖို့လိုသည်။

(ခ) **စီစဉ်ရေးဆွဲ** – ကျောင်းသား/ ကျောင်းသူ ၆ ယောက်လုံးက အစီအစဉ်များကို နားလည်ကြောင်း သေချာအောင်စီမံပါ။

**အမှတ်ပေး** – ကျောင်းသား/ ကျောင်းသူ ၆ ယောက်သာ ရှိသည့်အတွက် တစ်ယောက်ချင်းစီကို အချိန်ပိုယူ၍ အမှတ်ပေးနိုင်သည်။

(ဂ) **စီစဉ်ရေးဆွဲ** – လူတိုင်းအတွက် စာရွက်နှင့် ခဲဖျက်များ အလုံအလောက်ရှိအောင် စီမံထားပါ။

**စောင့်ကြည့်စစ်ဆေး** – စာအုပ်များထဲမှ ကူးချခြင်း သို့မဟုတ် အခြားသူများထံမှ ကူးချခြင်းများ မရှိစေရန် သေချာလုပ်ဆောင်ပါ။

၂။ (i) (ဂ)

(ii) (က)

(iii) (ခ)

၃။ (က) နှစ်ဆင့်ဖြစ်စဉ်တစ်ခု။ ပထမဆုံးအနေဖြင့် အလျင်အမြန် အမှတ်ပေးနိုင်သည့် အဖြေမှန်ရွေး လုပ်ငန်းစဉ်တစ်ခု။ အမှတ်အမြင့်ဆုံးရ ကျောင်းသား/ကျောင်းသူ ၁၀% သည် စာစီစာကုံးတစ်ပုဒ်နှင့် အင်တာဗျူးတစ်ခု ဖြေရမည်။

(ခ) ကျောင်းသား/ကျောင်းသူများ ရေးထားသည့် စာစီစာကုံး မူကြမ်းကျောရိုးများ၊ နိဒါန်းများနှင့် နိဂုံးများ။

(ဂ) တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ရေးဖြေ လုပ်ငန်းများ – ဥပမာ သတ်မှတ်ဘာသာစကား ပုံစံများပါသည့် ပုံပြင်တစ်ပုဒ် သို့မဟုတ် နှုတ်တိုက်ချရေးခြင်း။

### ၂.၂ ယုံကြည်စိတ်ချရမှု

**(က) နမူနာ အဖြေများ ...**

၁။ အမှတ်ပေးပုံ မတူညီကြပါ။ ဆရာ/ဆရာမ နှစ်ယောက်သည် အဖြေတစ်မျိုးတည်းကို အမှတ်ပေးပုံ မတူဘဲဖြစ်နေသည်။

၂။ ဆရာ/ဆရာမသည် တစ်နေ့လုံး အမှတ်ထိုင်စစ် ရသောကြောင့် ပင်ပန်းသည်။ ထို့ကြောင့် အမှတ်ပေး သည့်ပုံစံသည် မနက်ပိုင်းတွင် အမှတ်ပေးသည့်ပုံစံနှင့် မတူနိုင်ပါ။ ပင်ပန်းလာသောကြောင့် အမှတ်ပေး နည်းလာသည်။

၃။ အနောက်တွင် ထိုင်သည့် ကျောင်းသား/ကျောင်းသူများ နှင့် အရှေ့မှာထိုင်သည့် ကျောင်းသား/ကျောင်းသူများ အခြေအနေ ကွာခြားသည်။

**(ခ) နမူနာ အဖြေများ ...**

၁။ မှီခိုနိုင်သော၊ တိကျသော၊ ယုံကြည်စိတ်ချနိုင်သည်။

၂။ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုများသည် ယုံကြည် စိတ်ချရနိုင်ရန် လိုအပ်သည် သို့မှသာ ဆရာ/မများနှင့် ကျောင်းသား/ကျောင်းသူများသည် ရလဒ်ကို ယုံကြည်နိုင်မည်ဖြစ်သည်။

**(ဂ) အဖြေများ ...**

၁။ **ယုံကြည်စိတ်ချရသော –** အမှန်နှင့် အမှား အဖြေ ရှင်းရှင်းလင်းလင်းရှိပြီး ဆရာ/ဆရာမ တစ်ယောက်တည်းကသာ အမှတ်ပေးသည်။

၂။ **ယုံကြည်စိတ်ချရမှုမရှိသော –** ဆရာအမျိုးမျိုးက အမှတ်ပေးဇယား အမျိုးမျိုးကိုသုံးသည်။

၃။ **ယုံကြည်စိတ်ချရသော –** စံသတ်မှတ်ချက်ကို ရှင်းလင်းစွာ ဖော်ပြထားပြီး အမှတ်ပေးရာတွင်လည်း အသုံးပြုသည်။

၄။ **ယုံကြည်စိတ်ချရမှုမရှိသော –** စာမေးပွဲ ဖြေဆိုရသည့် အခြေအနေများသည် ကျောင်းသား/ကျောင်းသူများ အားလုံးအတွက် မတူညီပါ။

၅။ **ယုံကြည်စိတ်ချရမှုမရှိသော –** အင်တာဗျူး ဖြေဆိုရသည့် အခြေအနေများသည် ကျောင်းသား/ကျောင်းသူများ အားလုံးအတွက် မတူညီပါ။

၆။ **ယုံကြည်စိတ်ချရမှုမရှိသော –** အခြားကျောင်းသား/ကျောင်းသူများသည် အရှေ့မှ အရင်ဆိုသွားသည်များကို နားထောင်ရသောကြောင့် နောက်ဆုံးမှဆိုသော ကျောင်းသား/ကျောင်းသူများသည် အက္ခရာများကို သင်ယူနိုင်သည် သို့မဟုတ် ပြန်လည်လေ့လာနိုင်သည်။

(ဃ) **နမူနာ အဖြေများ ...**

၁။ (၁) နိမ့်နိုင်ခြေရှိ (၂) မြင့် (၃) မြင့်
(၄) မြင့် (၅) မြင့် (၆) နိမ့်နိုင်ခြေရှိ

၂။ အကျိုးဆိုင်မှုမြင့်လေလေ ယုံကြည်စိတ်ချရမှုရှိရန်မှာ အရေးကြီးလေလေဖြစ်သည်။

(င) **နမူနာ အဖြေများ ...**

၁။ ကျောင်းသား/ကျောင်းသူ

၂။ အကဲဖြတ်စစ်ဆေးသူ

၃။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက်

၄။ ကျောင်းသား/ကျောင်းသူ

၅။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက်

၆။ အကဲဖြတ်စစ်ဆေးသူ

၇။ သင်ယူမှု အကဲဖြတ် ဆန်းစစ်ချက်

၈။ ပတ်ဝန်းကျင်

၉။ ကျောင်းသား/ကျောင်းသူ

၁၀။ ကျောင်းသား/ကျောင်းသူ

၁၁။ ပတ်ဝန်းကျင်

၁၂။ အကဲဖြတ်စစ်ဆေးသူ

၁၃။ အကဲဖြတ်စစ်ဆေးသူ

၁၄။ ပတ်ဝန်းကျင်

၁၅။ အကဲဖြတ်စစ်ဆေးသူ

(စ) **နမူနာ အဖြေများ ...**

- ကျောင်းသား/ကျောင်းသူများအားလုံးတွင် တူညီသော စာမေးပွဲ/ပတ်ဝန်းကျင် အခြေအနေရှိပါသလား။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုများတွင် အမှားတစ်စုံတစ်ရာ ပါ/မပါ စစ်ဆေးပြီး ဖြစ်ပါသလား။
- ညွှန်ကြားချက်များအားလုံး ရှင်းလင်းပြီး ကျောင်းသား/ကျောင်းသူများ အားလုံးက ထိုညွှန်ကြားချက်များကို နားလည်ပါသလား။
- အမှတ်စစ်သူများတွင် အမှတ်ပေးရမည့် အကြောင်းအရာနှင့် သက်ဆိုင်သော ဗဟုသုတနှင့် တတ်ကျွမ်းမှု စွမ်းရည်များ ရှိပါသလား။

(ဆ) **နမူနာ အဖြေများ ...**

- သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုများကို အတည်ပြုအသုံးမပြုမီ စမ်းသပ်ဖြေဆိုကြည့်ပါ။ ပြဿနာအမှားများ တွေ့ပါက ဖြေဆိုမှုမပြုလုပ်မီ အမှားများကို ပြင်ဆင်နိုင်သည်။ ဖြေဆိုမည့် ကျောင်းသား/ကျောင်းသူများနှင့် အခြေအနေတူသည့် အုပ်စုတစ်စုကို အစမ်းဖြေဆိုကြည့်ပါစေ။
- ထိုဆန်းစစ်မှုများကို အမှတ်မပေးမီ အမှတ်စစ်မည့်သူများကို လေ့ကျင့်ပေးထားပါ။

## ၂.၃ ကျိုးကြောင်းဆီလျော်မှု

(က) **နမူနာ အဖြေများ ...**

၁။ ကျိုးကြောင်းသင့်လျော်သည်၊ အဓိပ္ပာယ်ရှိသည်၊ လုပ်သင့်သည့်အတိုင်း လုပ်ဆောင်ခြင်းရှိသည်။

၂။ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုများသည် ကျိုးကြောင်းဆီလျော်မှုရှိရန် လိုအပ်သည် သို့မှသာ ဆရာ/မများနှင့် ကျောင်းသား/ကျောင်းသူများသည် သတ်မှတ်ထားသည့် တတ်ကျွမ်းမှု စွမ်းရည်များနှင့် ဗဟုသုတတို့ကို ကျောင်းသား/ကျောင်းသူများ မည်မျှပိုင်နိုင်ကြောင်း ညွှန်ပြပေးသည့် ရလဒ်ကို သိရှိမည်ဖြစ်သည်။

၃။ ကျိုးကြောင်းဆီလျော်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းများသည် ကျောင်းသား/ကျောင်းသူများ သင်ယူမှု ရည်ရွယ်ချက်များကို မည်မျှရောက်ရှိကြောင်း တိုင်းတာသည်။

(ခ) **နမူနာ အဖြေများ ...**

၁။ (က) GED စာမေးပွဲအတွက် ပြင်ဆင်မည့် သင်တန်းကို လျှောက်ထားသော ကျောင်းသား/ကျောင်းသူများသည် GED စာမေးပွဲကို ဖြေဆိုနိုင်ခြင်းရှိမည်မဟုတ်ပါ။ ထိုကျောင်းသား/ကျောင်းသူများသည် ထိုအကြောင်းအရာကို ယခုထိ လေ့လာဖူးခြင်း မရှိသေးပါ။

(ခ) အမြန်နှုန်းကိုသာ စစ်ဆေးပြီး သင်တန်း တစ်လျှောက် သင်ယူထားသည်များကို စစ်ဆေးထားခြင်းမရှိပါ။

(ဂ) အလုပ်သဘော မိန့်ခွန်းပြောခြင်းသည် သာမန်စကားပြောခြင်းနှင့် မတူပါ။ ဤဆန်းစစ်မှုသည် ကျောင်းသား/ကျောင်းသူများ၏ သင်ယူထားသည်များကို စစ်ဆေးထားခြင်းမရှိပါ။

(ဃ) သင်ကြားထားခြင်းမရှိသော ခေါင်းစဉ်များကို စစ်ဆေးခြင်းသည် ကျိုးကြောင်းဆီလျော်မှုမရှိပါ။ သင်ကြားထားသည့် ခေါင်းစဉ်များကိုသာ ထည့်သွင်းစစ်ဆေးသင့်သည်။

၂။ (က) GED စာမေးပွဲအတွက် ပြင်ဆင်ရန် ကျောင်းသား/ ကျောင်းသူများသည် သတ်မှတ်ထားသည့် အင်္ဂလိပ်ဘာသာနှင့် သင်္ချာဘာသာ တတ်ကျွမ်းမှု အဆင့်တစ်ခုရှိရန် လိုအပ်သည်။ အင်္ဂလိပ် ဘာသာနှင့် သင်္ချာဘာသာ စစ်ဆေးမှုသည် ပို၍ ကျိုးကြောင်းဆီလျော်မှု ရှိလိမ့်မည်။

(ခ) ရေကူးသင်တန်းသားများ သင်တန်းတစ်လျှောက် တွင် သင်ယူထားသည့် တတ်ကျွမ်းမှု စွမ်းရည်များအားလုံးကို သရုပ်ပြရမည့် အကဲဖြတ်ဆန်းစစ်မှုတစ်ခု – ဥပမာ – အရှေ့ကူး၊ အနောက်ကူး၊ ရေငုပ်နှင့် ဒိုင်ဗင်ထိုးခြင်း။

(ဂ) ကျိုးကြောင်းဆီလျော်မှုရှိသော သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းတစ်ခုသည် သင်ကြားထားသည့် တတ်ကျွမ်းမှု စွမ်းရည်များနှင့် ခေါင်းစဉ်များကိုသာ အာရုံစိုက် စစ်ဆေးသင့်သည်။

(ဃ) စာမေးပွဲ မေးခွန်းများကို ကျောင်းအားလုံးနှင့် စစ်ဆေးသင့်သည်။ ကျောင်းအားလုံးတွင် သင်ကြားထားသည့် ခေါင်းစဉ်များကိုသာ ထည့်သွင်းစစ်ဆေးသင့်သည်။

(ဂ) **နမူနာ အဖြေများ** ...

၁။ (က) iii

(ခ) ii

(ဂ) i

၂။ (က) **ကျိုးကြောင်းမဆီလျော်မှု ပြဿနာ** – အင်္ဂလိပ်စာ ဝေါဟာရကို စစ်ဆေးသည်၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံကို စစ်ဆေးခြင်းမဟုတ်ပါ။

**ဖြေရှင်းရန်နည်းလမ်း** – ခန္ဓာကိုယ် အစိတ်အပိုင်းများ၏ ရုပ်ပုံများကို ခန္ဓာကိုယ် အစိတ်အပိုင်းများ၏ အလုပ်လုပ်ပုံ ဖော်ပြချက်များ အဖြစ် ပြောင်းလဲပါ။

(ခ) **ကျိုးကြောင်းမဆီလျော်မှုပြဿနာ** – အင်္ဂလိပ် ဘာသာ၏ အခြားလက္ခဏာသွင်ပြင်များ မဟုတ်ဘဲ သဒ္ဒါကိုသာ စစ်ဆေးသည်။

**ဖြေရှင်းရန်နည်းလမ်း** – ဝေါဟာရ၊ စာဖတ်ခြင်း နှင့် စာရေးခြင်းတို့ကို စစ်ဆေးသည့် အခြား မေးခွန်းများကိုပါ ထည့်သွင်းပါ။

(ဂ) **ကျိုးကြောင်းမဆီလျော်မှု ပြဿနာ** – ကီရိယာက ဒြပ်ထုကို တိုင်းတာနိုင်ခြင်းထက် ဖန်တီးလိုက်သည့် ကိရိယာ၏ လှပမှုအပေါ် အမှတ်ပေးထားသည်။ ထို့ပြင် ပေးထားသည့်ပုံတွင် ကျောင်းသားများ ဖန်တီးရမည့် ကိရိယာပုံပါနေသည်။

**ဖြေရှင်းရန်နည်းလမ်း** – ကိရိယာက ဒြပ်ထုကို တိုင်းတာနိုင်စွမ်းရှိမရှိကို အမှတ်ပေးနိုင်အောင် ပြင်ပါ။ ပုံကို ဖျက်ပါ။

(င) **နမူနာ အဖြေများ** ...

- သင်ရိုးမှ အရေးကြီးသော ခေါင်းစဉ်များအားလုံးကို ထည့်သွင်းထားခြင်း ရှိပါသလား။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုတွင် စစ်ဆေးမည်ဟု မိမိစဉ်းစားထားသည်များကို စစ်ဆေးထားပါသလား။

## ၂.၄ လက်တွေ့ကျခြင်း၊ ယုံကြည်စိတ်ချရခြင်းနှင့် ကျိုးကြောင်း ဆီလျော်မှုတို့ကို ပေါင်းစပ်ခြင်း

(ခ) **နမူနာ အဖြေများ** ...

၁။ " ii " – ကျောင်းသား/ ကျောင်းသူများ ပရောဂျက် လုပ်ဆောင်သည့်အခါ အကျဉ်းချုပ်ခြင်း၊ ဖော်ပြခြင်းနှင့် သုတေသနပြုခြင်းတို့ မည်သို့ လုပ်ဆောင်ကြောင်း သရုပ်ပြရသည်။

၂။ " i " – အဖြေမှန်ရွေး မေးခွန်းများသည် အမှတ်ပေးရ လွယ်ကူသည် ယုံကြည်စိတ်ချရသည်။ အခြေအနေများ ကိုလည်း ထိန်းချုပ်နိုင်သောကြောင့် အားလုံးအတွက် တူညီသည်။

၃။ " ii " – သင်ရိုးတစ်ခုလုံးတွင် သင်ကြားထားသော ခေါင်းစဉ်များအားလုံးကို လွှမ်းခြုံနိုင်သည့် မေးခွန်းများ အမြောက်အမြား ဖန်တီးရန် မလိုအပ်ပါ။

၄။ " i " – အကဲဖြတ်စစ်ဆေးရန် လွယ်ကူသည်။ " ii " – ကျောင်းသား/ ကျောင်းသူများ အင်တာဗျူးဖြေရန် မည်မျှလွယ်ကူကြောင်းနှင့် အင်တာနက်ဆက်သွယ်မှု အခြေအနေအပေါ် မူတည်၍ စီမံခန့်ခွဲရန် ခက်ခဲနိုင်သည်။ " ii " သည် အချိန်ပိုကုန်နိုင်သည်။

၅။ " i " သည် အမှတ်ပေးရာတွင် ပိုမိုလက်တွေ့ကျသည်။

(ဂ) **နမူနာ အဖြေများ** ...

(က) ၁။ ကျိုးကြောင်းဆီလျော်မှု

၂။ " functionaries " နှင့် " premises " ဝေါဟာရများ ကို အခြေခံသင်တန်းတွင် ကျောင်းသား/ ကျောင်းသူ များ သင်ယူခဲ့သည့် ဝေါဟာရတစ်ခုခုသို့ ပြောင်းလဲပါ။

(ခ) ၁။ ကျိုးကြောင်းဆီလျော်မှု

၂။ ရွေးစရာများတွင် အဖြေမှန် တစ်ခုတည်းပါအောင် ပြင်ရေးပါ။

(ဂ) ၁။ လက်တွေ့ကျမှု

၂။ ဖြေဆိုသူဦးရေ နည်းပါက ထိုသင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းကို ဒုတိယအကြိမ်အတွက် အသုံးပြုပါ။ ပထမအကြိမ်အတွက် အမှတ်စစ်ရန် ပိုမြန်မည့် ဆန်းစစ်မှုတစ်ခုကိုသုံးပါ။

(ဃ) ၁။ ကျိုးကြောင်းဆီလျော်မှု

၂။ ထိုဆန်းစစ်မှုသည် လူမှုလေ့လာရေး ဘာသာရပ်ကို စစ်ဆေးခြင်း မဟုတ်ပါ။ သင်ယူခဲ့ခြင်းရှိ/ မရှိ မသေချာသော သတင်းအချက်အလက်များနှင့်

ပတ်သက်သည့် ဗဟုသုတကို စစ်ဆေးခြင်းသာ ဖြစ်သည်။

(င) ၁။ လက်တွေ့ကျမှု

၂။ ဝန်များသည့်အလုပ်ဖြစ်သည်။ ရှိပြီးဖြစ်သော IELTS လေ့ကျင့်ရေး စစ်ဆေးမှုများကို အသုံးပြုပါ။ (အင်တာနက်ပေါ်တွင် အခမဲ့ IELTS လေ့ကျင့်ခန်းများစွာရှိသည်)

(စ) ၁။ ကျိုးကြောင်းဆီလျော်မှု

၂။ ဤမေးခွန်းသည် ကျောင်းသား/ကျောင်းသူများ၏ ကူးချနိုင်စွမ်းကိုသာ စစ်ဆေးသည်။ စာကြောင်းများကို ပြောင်းလိုက်မှသာ ကျောင်းသား/ကျောင်းသူများက သတင်းအချက်အလက်ဖြည့်ရန် မိမိတို့၏ အင်္ဂလိပ်စာ ဗဟုသုတကို အသုံးချနိုင်မည်။

(ဆ) ၁။ ကျိုးကြောင်းဆီလျော်မှု

၂။ မေးခွန်းများကို ပြောင်းပါ။ သို့မှသာ ကျောင်းသား/ကျောင်းသူများ၏ စီမံခန့်ခွဲမှုပုံစံများအပေါ် နားလည်ခြင်း မဟုတ်ဘဲ အင်္ဂလိပ်စာ နားလည်ခြင်းကို စစ်ဆေးနိုင်မည်။ ပေးထားသော စာသားအပေါ် အခြေခံ၍ မေးခွန်းထုတ်ပါ။

(ဇ) ၁။ ယုံကြည်စိတ်ချမှု

၂။ အင်တာဗျူး စစ်ဆေးမည့်သူများကို စစ်ဆေးမှုအတွက် စံသတ်မှတ်ထားသော အမှတ်ပေးဇယား အသုံးပြုနည်း လေ့ကျင့်ပေးပါ။

(ဈ) ၁။ ကျိုးကြောင်းဆီလျော်မှု

၂။ အင်္ဂလိပ်စာ စစ်ဆေးမှုနှင့်တူသည်။ သဒ္ဒါ သို့မဟုတ် စာလုံးပေါင်းအတွက် အမှတ် ရာခိုင်နှုန်းကို လျှော့ချပြီး သိပ္ပံဘာသာရပ်ဆိုင်ရာ စံနှုန်းများ ပိုထည့်ပါ။ ဥပမာ သုတေသနတွေ့ရှိချက်များကို စုံလင်စွာ တင်ပြခြင်း။

(ဃ)

၁။ ကျောင်းသားများက ဤအကြောင်းကို မသိဘဲ အစစ်ဆေးခံရပါက ဆရာအပေါ် ယုံကြည်မှု ပျောက်ဆုံးနိုင်သည်။ အကျိုးဆိုင်မှုမြင့်သော၊ သင်ယူမှုအပြီး စစ်ဆေးသော စာမေးပွဲများအတွက် ကျောင်းသားများကို အကဲဖြတ်စစ်ဆေးမည်ဖြစ်ကြောင်း ကြိုအကြောင်းကြားရမည်။ စာမေးပွဲအတွက် လေ့လာပြင်ဆင်ချိန်ရအောင် အချိန်လုံလောက်စွာ ချန်၍လည်း အကြောင်းကြားရမည်။

၂။ မသန်စွမ်းမှုရှိသော ကျောင်းသူ/ကျောင်းသားများ အနေနှင့် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းခံယူရာတွင် အကျိုးဆုံးရှုံးမှု မရှိရလေအောင် အပိုဆောင်း အထောက်အပံ့များ လိုအပ်လိမ့်မည်ဖြစ်သည်။ ကျောင်းသားအချို့အနေနှင့် မသန်စွမ်းမှုကြောင့် တစ်ပန်းရှုံးရခြင်းရှိနေပါက အဆိုပါ အကဲဖြတ်ဆန်းစစ်ခြင်းသည် ၎င်းကျောင်းသား၏ စွမ်းရည်ကို ကျိုးကြောင်းဆီလျော်စွာ အကဲဖြတ်တိုင်းတာနိုင်သည်ဟု မမည်ပါ။

၃။ ကျောင်းသားများ၏ စွမ်းရည်အဆင့်နှင့် ဆီလျော်မှုရှိအောင် သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက်များကို ပြင်ဆင်ရပါမည်။ လွယ်လွန်းခြင်း၊ ခက်လွန်းခြင်းတို့ ရှိနေပါက ၎င်းတို့သည် ကျောင်းသားများ၏ စွမ်းရည်ကို ကောင်းစွာတိုင်းတာနိုင်သည့် ရလဒ်များကို ပြနိုင်မည် မဟုတ်ပါ။

၄။ အကဲဖြတ်ဆန်းစစ်ချက်တွင်ပါသော လုပ်ငန်းစဉ်များကို ကျောင်းသား/ကျောင်းသူများက မည်သို့ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိနားလည်ရန် လိုအပ်သည်။ လုပ်ငန်းဆောင်တာများကို နားမလည်ပါက စာမေးပွဲကို နားမလည်ဖြစ်ပြီး စာမေးပွဲသည် ၎င်းတို့ စွမ်းရည်ကို ကောင်းစွာ စစ်ဆေးနိုင်သည့် ကျိုးကြောင်းဆီလျော်မှုရှိသည့်အရာ ဖြစ်နိုင်မည် မဟုတ်ပါ။

(င) **နမူနာ အဖြေများ -**

**၁။** အကျိုးဆိုင်မှုမြင့်သော၊ သင်ယူပြီး အကဲဖြတ်ဆန်းစစ်ခြင်း၊ ယုံကြည်စိတ်ချရမှုမရှိသော၊ ကျိုးကြောင်းမဆီလျော်သော၊ လက်တွေ့ကျသော။

**၂။** (က) သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု စီစဉ်ရေးဆွဲသူများနှင့် အမှတ်စစ်သူများသည် သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု၊ စီစဉ်ရေးဆွဲမှုနှင့် ပတ်သက်၍ သင်တန်းမရရှိပါ။ အမှတ်ပေးပုံလည်း မတူညီကြပါ။

(ခ) သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု စီစဉ်ရေးဆွဲသူများသည် သင်ရိုးညွှန်းတမ်းနှင့် တိုက်ဆိုင်စစ်ဆေးမှု မပြုလုပ်သောကြောင့် သင်ရိုးညွှန်းတမ်းတွင် မပါသည်များကိုပါ စစ်ဆေးသည်။

(ဂ) ထိုရလဒ်များသည် ကျောင်းသား/ကျောင်းသူများကို အချက်အလက်များ ကျက်မှတ်ခြင်းအတွက်သာ သင်ကြားခြင်းဖြစ်ပြီး အဆင့်မြင့်တွေးခေါ်ခြင်း စွမ်းရည်များကို မသင်ကြားပါ။

**၃။**
- ဗဟိုသင်ယူမှု အကဲဖြတ်ဆန်းစစ်မှု စီစဉ်ရေးဆွဲသူများနှင့် သင်ရိုးညွှန်းတမ်း ရေးဆွဲသူများအကြား ပူးပေါင်းလုပ်ဆောင်မှု တိုးတက်အောင် မြှင့်တင်ပေးပါ။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု စီစဉ်ရေးဆွဲသည့် အပိုင်းမှ အစိတ်အပိုင်းအချို့ကို ဗဟိုထိန်းချုပ်မှု လျှော့ချပါ။ ဆရာ/ဆရာမများကို သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများကို စီစဉ်ဖန်တီးပါစေ။ (ထိုလုပ်ငန်းစဉ်များသည် သင်ရိုးညွှန်းတမ်းတွင် ပါ/မပါ စစ်ဆေးပါ။)
- အဖွင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းများ ထည့်သွင်းပါ။ (ဥပမာ – စာစီစာကုံးများ၊ ခင်းကျင်းတင်ပြမှုများ၊ ပရောဂျက်များ စသည်ဖြင့်)
- မေးခွန်းစီစဉ်ရေးဆွဲသူများကို အဖြေမှန်ရွေးမေးခွန်းများ တည်ဆောက်နိုင်ရန် လေ့ကျင့်ပေးပါ။

(စ) **နမူနာ အဖြေများ ...**

- ကျောင်းသား/ ကျောင်းသူများက မိမိတို့၏ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်ခံရမည်ကို သိပါသလား။
- ကျောင်းသား/ ကျောင်းသူများက မိမိတို့၏ သင်ယူမှုမှ မည်သည့် အပိုင်းများကို အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်ခံရမည်ဖြစ်ကြောင်း သိပါသလား။
- ကျောင်းသား/ ကျောင်းသူ အားလုံးသည် အကဲဖြတ် ဆန်းစစ်ချက်ကို ဖြေဆိုနိုင်သည့် ကိုယ်ကာယ/ ရုပ်ပိုင်း သန့်စွမ်းမှု ရှိကြပါသလား။
- သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းသည် စစ်ဆေးခံရမည့် ကျောင်းသား/ ကျောင်းသူများအတွက် သင့်လျော်မှန်ကန်သည့်အဆင့် ဖြစ်ပါသလား။ (မလွယ်လွန်း၊ မခက်လွန်း)
- ကျောင်းသား/ ကျောင်းသူများ အားလုံးသည် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းတွင် ပါဝင်သည့် လုပ်ငန်းများနှင့် ရင်းနှီးပြီး ဖြစ်ပါသလား။

## ၃။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးအစားများ

### ၃.၁ အကဲဖြတ်ဆန်းစစ်နည်း

(က) **နမူနာ အဖြေများ ...**


- စာစီစာကုံး
- ပရောဂျက်
- အဆိုင်းမန့်
- စာခေါ်ခြင်း
- အင်တာဗျူး

(ခ) **နမူနာ အဖြေများ ...**

- ကျောင်းသား/ ကျောင်းသူဦးရေ
- ကျောင်းသား/ ကျောင်းသူများ၏ အသက်
- ကျောင်းသား/ ကျောင်းသူများ၏ အဆင့်
- လက်တွေ့ကျမှု/ ကျိုးကြောင်းဆီလျော်မှု/ ယုံကြည်စိတ်ချရမှု
- သင်ယူမှု ရည်ရွယ်ချက်များ

(ဂ) **နမူနာ အဖြေများ ...**

၁။ တီထွင်ဖန်တီးမှုရှိရှိ စဉ်းစားလျှင် မည်သည့်လုပ်ငန်းစဉ် မဆို ဘာသာရပ်တိုင်းအတွက် သင်ယူမှု အကဲဖြတ် ဆန်းစစ်ရာတွင် အသုံးပြုနိုင်သည်။




(ဃ) **နမူနာ အဖြေများ ...**

၁။ (က) ဤစစ်ဆေးမှု လုပ်ငန်းသည် ဗဟုသုတပိုင်းဆိုင်ရာ ရည်ရွယ်ချက်များကို တိုင်းတာရန် အသုံးဝင်သည်။

(ခ) ဤစစ်ဆေးမှု လုပ်ငန်းသည် ဗဟုသုတပိုင်း ဆိုင်ရာ ရည်ရွယ်ချက်များကို တိုင်းတာရန် အသုံးဝင်သည်။

(ဂ) တက်ကြွလှုပ်ရှားနိုင်ငံသားဖြစ်မဖြစ်ကို စစ်ဆေးခြင်း မဟုတ်ဘဲ ခင်းကျင်းတင်ပြခြင်း စွမ်းရည်ကိုသာ အာရုံစိုက်သောကြောင့် ဤစစ်ဆေးမှု လုပ်ငန်းသည် အနည်းငယ် ကျိုးကြောင်းဆီလျော်မှုမရှိပါ။ သို့သော်လည်း ခင်းကျင်းတင်ပြခြင်း စွမ်းရည်သည် တတ်ကျွမ်းမှု ရည်ရွယ်ချက်များ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သောကြောင့် အပြည့်အဝကျိုးကြောင်း ဆီလျော်မှု မရှိခြင်းတော့ မဟုတ်ပါ။

(ဃ) ဤစစ်ဆေးမှုလုပ်ငန်းသည် တတ်ကျွမ်းမှု ရည်ရွယ်ချက်များကို စစ်ဆေးသော်လည်း အဓိက အာရုံစိုက်မှုမှာ တက်ကြွလှုပ်ရှားနိုင်ငံသားဖြစ်မှု အပိုင်း ဖြစ်သောကြောင့် (ဂ) ထက်ပို၍ ကျိုးကြောင်းဆီလျော်မှုရှိသည့် စစ်ဆေးမှု လုပ်ငန်းဖြစ်သည်။

(င) ဤစစ်ဆေးမှုလုပ်ငန်းသည် စံတန်ဖိုးဆိုင်ရာ ရည်ရွယ်ချက်များကို တိုင်းတာရန် အသုံးဝင်သည်။

(စ) ဤစစ်ဆေးမှုလုပ်ငန်းသည် ဗဟုသုတပိုင်းဆိုင်ရာ ရည်ရွယ်ချက်များကို တိုင်းတာရန် အနည်းငယ် အသုံးဝင်သည်။

၂။ လူ့အဖွဲ့အစည်းတွင် တက်ကြွလှုပ်ရှားနိုင်ငံသားဖြစ်ခြင်းဆိုင်ရာ ပရောဂျက်များ၊ အဖွဲ့အစည်းများ၊ လူများ သို့မဟုတ် ပွဲတော်များအကြောင်း ခင်းကျင်းတင်ပြမှု တစ်ခု။ ထိုခင်းကျင်းတင်ပြမှုတွင် တက်ကြွလှုပ်ရှားနိုင်ငံသားဖြစ်မှုကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ဥပဒေအရ နိုင်ငံသားဖြစ်မှုမှ ခွဲခြားရှင်းပြခြင်းနှင့် လူ့အဖွဲ့အစည်းသည် ထိုလူများ သို့မဟုတ် ပရောဂျက်များမှ မည်သည့် အကျိုးအမြတ်များရရှိကြောင်း တင်ပြချက်များ ပါဝင်သည်။

## ၃.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းအမျိုးအစားများ

**(က) နမူနာ အဖြေများ ⋯**

မှားမှန်ရောထွေး အမှန်ရွေး လုပ်ငန်းစဉ်များကို ရေးဆွဲရခြင်းက ပိုခက်သည်။ မေးခွန်းများများနှင့် အဖြေများများ စဉ်းစား ရေးသားရခြင်းကြောင့်ဖြစ်သည်။ အက်ဆေး/စာစီစာကုံး မေးခွန်းမှာမူ မေးခွန်းတစ်ခုတည်း၊ ညွှန်ကြားချက် တစ်ခုတည်းသာ ရေးလိုက်ရုံဖြစ်သည်။ မှားမှန်ရောထွေး အမှန်ရွေး လုပ်ငန်းစဉ်များက အခြေခံ စဉ်းစားတွေးခေါ်ခြင်း လုပ်ငန်းစဉ်များအတွက် ပိုသင့်တော်သည်၊ ဥပမာ မှတ်မိ သိရှိခြင်းနှင့် နားလည်သဘောပေါက်ခြင်းတို့ဖြစ်သည်။ စာစီစာကုံးက အဆင့်မြင့် တွေးခေါ်စဉ်းစားခြင်း လုပ်ငန်းများကို အာရုံစိုက်သည်၊ ဥပမာ အသုံးချ၊ ခွဲခြမ်းစိတ်ဖြာ၊ ဝေဖန်သုံးသပ်၊ ဖန်တီးတီထွင်တို့ဖြစ်သည်။ မှားမှန်ရောထွေး အမှန်ရွေး လုပ်ငန်းစဉ်များကို အမှတ်ခြစ်ရာတွင် ကျောင်းသားအဖြေနှင့် သတ်မှတ်ထားသည့် အဖြေမှန် တူမတူ အလွယ်တကူ လျင်မြန်စွာ စစ်နိုင်သည်။ စာစီစာကုံးများကို စစ်ဆေးရာတွင် အမှတ်ပေးဇယားလိုသည်။ အချိန်ပိုကုန်သည်။

**(ခ) အဖြေများ ⋯**

၁။ i. ပထဝီဘာသာရပ်
ii. သမိုင်းဘာသာရပ် (မြန်မာ့သမိုင်း)
iii. သိပ္ပံ၊ ဓါတုဗေဒ
iv. (အင်္ဂလိပ်) ဘာသာစကား
v. သိပ္ပံ၊ ဇီဝဗေဒ
vi. နိုင်ငံရေး၊ နိုင်ငံသားပညာရေး
vii. (ပြင်သစ်) ဘာသာစကား
viii. သင်္ချာ
ix. ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဘာသာရပ်များ၊ ဘာသာစကား၊ မီဒီယာလေ့လာရေးများ

၂။ i. အမျိုးအစားခွဲခြင်း
ii. အစီအစဉ်ချခြင်း
iii. အဖြေမှန်ရွေး
iv. တွဲစပ်ခြင်း
v. စာစီစာကုံး
vi. အဖွင့်မေးခွန်းများ
vii. အပိတ်ကွက်လပ်ဖြည့်
viii. အပိတ်မေးခွန်းများ
ix. အဖွင့်ကွက်လပ်ဖြည့်

**(ဂ) အဖြေများ ⋯**

i , ii

iii , iv

vii, viii | ix | v, vi



အပိတ် | အဖွင့်

**(ဃ) နမူနာ အဖြေများ ⋯**

၁။ i. ကျောင်းသား/ကျောင်းသူများသည် နိုင်ငံများ၊ မြို့များနှင့် မျိုးနွယ်များ၏ ဥပမာများကို ထပ်ထည့်၍ စာရင်းပြုစုရသည်။
ii. ကျောင်းသား/ကျောင်းသူများသည် အချိန်ပြမျဉ်းတွင် ဖြစ်ရပ်များ ထပ်ထည့်ရသည်။
iii. ကျောင်းသား/ကျောင်းသူများသည် နောက်ဆက်တွဲ လုပ်ငန်းအနေဖြင့် ဒြပ်စင်တစ်ခု၏ သွင်ပြင် လက္ခဏာများကို ရှင်းပြရသည်။
iv. ကျောင်းသား/ကျောင်းသူများသည် မိမိအကြောင်း မေးခွန်းများကို ဖြေဆိုရသည်။
vii. ဇယားထဲတွင် အဖြေမှန်များ ထည့်မပေးပါနှင့်။

၂။ v. အလင်းမှ အစာချက်ခြင်းအဆင့်များကို ရေးသားပြီး ကျောင်းသား/ကျောင်းသူများအား ထိုအဆင့်များကို အစီအစဉ်တကျ စီပါစေ။
vi. အဖြေမှန်ရွေးပုံစံတွင် ဥပမာအဖြေများ ပေးထားပါ။
ix. ကျောင်းသား/ကျောင်းသူများ မိမိတို့၏ အဖြေများတွင် အသုံးပြုနိုင်မည့် အဓိကဝေါဟာရများ ပေးထားပါ။

## ၃.၃ အပိတ်လုပ်ငန်း အမျိုးအစားများ

**(က) နမူနာ အဖြေများ ⋯**

၁။ ထိုလုပ်ငန်းစဉ်များသည် စီစဉ်ရေးဆွဲရ ခက်ခဲပြီး ကောင်းစွာ စီစဉ်ရေးဆွဲမှု မရှိပါက ယုံကြည်စိတ်ချရမှု မရှိပါ။

၂။ ရည်ရွယ်ထားသည့် တတ်ကျွမ်းမှု စွမ်းရည်များအတွက် အထူးသဖြင့် အဆင့်မြင့် တွေးခေါ်မှု စွမ်းရည်များကို စစ်ဆေးရန် ကျိုးကြောင်းဆီလျော်မှုရှိသည့် နည်းလမ်းတစ်ခု မဟုတ်ပါ။

**(ခ) အဖြေများ ⋯**

၃။ အမှတ်ပေးစည်းမျဉ်းအရ အေးနိုင်အဖြေအားလုံး မှားသည်။

၄။ အကဲဖြတ် လုပ်ငန်းစဉ်က ကွက်လပ်ဖြည့်ဖြစ်သော်လည်း ရေးထားပုံမှာ အဖွင့် လုပ်ငန်းစဉ်ဖြစ်နေပြီး

အမှတ်ပေးပုံမှာ အပိတ် လုပ်ငန်းစဉ်အဖြစ် အမှတ်ပြန်ပေးထားသည်။

**(ဂ) နမူနာ အဖြေများ**

၁။ i. (ခ)
ii. (ဃ)
iii. (က)
iv. (ဂ) (အပြည့်အဝ အပိတ်မဟုတ်ပါ)

၂။ (က)၊ (ခ) နှင့် (ဃ) တို့မှာ လုံးဝ အပိတ်ဖြစ်သည်။ (ဂ) သည် တစိတ်တပိုင်း အပွင့်ဖြစ်သည်။

၃။ **အမှတ်ပေးလမ်းညွှန်**
အဖြေမှန်တစ်ခုစီအတွက် တစ်မှတ်ပေးပါ။

(က) i. ဂ
ii. က

(ခ) i. ဆွေးနွေး
ii. သမုဒ္ဒရာ
iii. ဇရိယာ

(ဂ) i. ပင်လယ်၊ ရေ၊ သမုဒ္ဒရာ
ii. မြစ်များ၊ ရေ

(ဃ) i. မှန်
ii. မှား
iii. မှန်

**(ဃ) နမူနာ အဖြေများ ...**

၁။ အဖြေအားလုံးမှန်သောကြောင့် ရွေးချယ်စရာ မရှိပါ။

၂။ အဖြေမှန်တစ်ခုထဲရှိကြောင်း သေချာပါစေ။ အဖြေမှန် တစ်ခုပါအောင် ထည့်ထားပါ။

**(င) အဖြေများ ...**

၁။ (ဃ)

၂။ (ခ)

၃။ (ဂ)

၄။ (က)

**(စ) နမူနာ အဖြေများ ...**

၁။ စည်းမျဉ်းမူဘောင် ၃

၂။ စာပိုဒ်တွင် ပေးထားသည်နှင့် မတူစေရန် မေးခွန်းများကို စာပြန်စီပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် စာသားကို မှတ်မိရုံ မဟုတ်ဘဲ နားလည်မှုရှိ/မရှိကို စစ်ဆေးသည်။ ဥပမာ –

A1. Kyi Kyi's apartment is ______.

A2. She likes studying ______.

B1. Kyi Kyi's 12.

B2. In her free time, she enjoys football.

B3. She does not want a pen pal.

**(ဆ) နမူနာ အဖြေများ ...**

၁။ (က) i စည်းမျဉ်းမူဘောင် ၄
ii စည်းမျဉ်းမူဘောင် ဖ
iii စည်းမျဉ်းမူဘောင် ၁
iv စည်းမျဉ်းမူဘောင် ၂
v စည်းမျဉ်းမူဘောင် ၃

(ခ) i စည်းမျဉ်းမူဘောင် ၃ နှင့် ၅
ii စည်းမျဉ်းမူဘောင် ၁
iii စည်းမျဉ်းမူဘောင် ၃
iv စည်းမျဉ်းမူဘောင် ၃
v စည်းမျဉ်းမူဘောင် ၂ နှင့် ၃

၂။ ထိုစည်းမျဉ်းမူဘောင်များသည် ယုံကြည်စိတ်ချရမှုနှင့် ကျိုးကြောင်းဆီလျော်မှုအတွက် အရေးပါကြသည်။ ၎င်းတို့ကို မလိုက်နာပါက ကျောင်းသား/ကျောင်းသူများ သည် အကြောင်းအရာကို သိနေလျှင်တောင် အဖြေမှန် ဖြေနိုင်မည် မဟုတ်ပါ။ သို့မဟုတ် အဖြေမှန်များသည်လည်း အမှတ်ရမည် မဟုတ်ပါ။

၃။ (က) i ရွေးချယ်စရာများထဲတွင် အဖြေမှန်တစ်ခု ပါပါစေ။

ii အဖြေမှား ၂ ခုကို ဖယ်ထုတ်ပါ။

iii အဖြေမှန်ကို အဖြေမှားနှင့် အတိုအရှည် တူပါစေ။ ဥပမာ " lives "သို့မဟုတ် အဖြေမှားများကို အဖြေမှန်ကဲ့သို့ ရှည်ရှည် ရေးပါ။

iv အဖြေမှားများကို ပိုလက်တွေ့ကျသည့် ဝေါဟာရများအဖြစ်ပြောင်းပါ။

ဥပမာ – clock, moment, now.

v ရွေးစရာအဖြေများမှ ၃ ခုကို အဖြေမှား အဖြစ်ပြောင်းပါ။

ဥပမာ – Monday, June, day.

(ခ) i အငြင်းနှစ်ထပ် ဖြစ်နေသည်များကို ဖယ်ထုတ်ပါ။ အဖြေမှန်တစ်ခုထားရှိပါ။
ဥပမာ –
The ball is ______ the box.

a. on
b. under
c. in
d. behind

ii အဖြေမှားများကို တိုအောင်ရေးပါ သို့မဟုတ် အဖြေမှန်ကို ရှည်အောင်ရေးပါ။

iii ရွေးစရာ အဖြေများတွင် အသီးကို ဟင်းသီးဟင်းရွက် တစ်ခုပြောင်းပါ။

iv အဖြေမှန်များ (carefully, slowly) ထဲမှ တစ်ခုကို အဖြေမှားအဖြစ် ပြောင်းလဲပါ။

v All of these ကို none of these ဟု ပြောင်းရေးပါ။ သို့တည်းမဟုတ် အဖြေမှန် တစ်ခုတည်းပါသည့် လက်တွေ့ဆန် နီးစပ်သော အဖြေစာရင်းတစ်ခု ထပ်ရေးပါ။

## ၃.၄ အဖွင့်လုပ်ငန်း အမျိုးအစားများ

**(ခ) နမူနာ အဖြေများ ...**

**၁။** စံသတ်မှတ်ချက်သည် မိသားစု စကားလုံးများကို မှန်ကန်စွာ စာလုံးပေါင်းနိုင်ခြင်း ဖြစ်နိုင်သည်။ အနုပညာပိုင်ဆိုင်ရာ စံသတ်မှတ်ချက်အဖြစ် ပုံကောင်းကောင်းဆွဲခြင်း၊ အရောင်အသုံးပြုမှု သို့မဟုတ် စိတ်ဝင်စားဖွယ် ပန်းချီပုံစံတို့ကို သတ်မှတ်နိုင်သည်။

**၂။** နားထောင်ခြင်း၊ စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းတို့ ပြုလုပ်၍ သရုပ်ပြသူ၏ တိကျမှုနှင့် ပုံစံကို စစ်ဆေးနိုင် သည်။

**(ဂ) အဖြေများ ...**

**၃။** အဖြေအားလုံးမှန်သည်။

**(ဃ) နမူနာ အဖြေများ ...**

**၁။** မိချန်းသည် အဖြေအားလုံး ဖြေထားကြောင်း အသိအမှတ်ပြုရမည်။ မေးခွန်း နံပါတ် (i) တွင် သက်ဦးဆံပိုင်စနစ်နှင့် ဘုရားကျောင်းများ အုပ်ချုပ်သော နိုင်ငံရေးစနစ်၏ ဥပမာများကို ဖြေဆိုထားပြီး မေးခွန်းနံပါတ် (ii) တွင် ၎င်းတို့၏ ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ဖြေဆိုထားသည်။ ကျော်ဇောသည် ဥပမာများ၊ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ဖြေဆိုထားခြင်း မရှိသောကြောင့် အမှတ်နည်း၍ ရသင့်သည်။

**၃။** (က) နှစ်ယောက်နှင့် နှစ်ယောက်ထက်ပိုသော အမှတ်ပေးသူများက အလွန်တူသော အဖြေများအတွက် အမှတ်ကို အလွန်ကွဲပြားစွာ ပေးထားလျှင် ထိုသင်ယူမှု အကဲဖြတ် ဆန်းစစ်မှုသည် ယုံကြည်စိတ်ချရမည် မဟုတ်ပါ။

(ခ) ဤလုပ်ငန်းများသည် ပိုမိုကောင်းမွန်သော အမှတ်ပေးလမ်းညွှန်ချက်များ လိုအပ်သည်။ ဥပမာ –

i *သက်ဦးဆံပိုင်စနစ်နှင့် ဘုရားကျောင်းများ အုပ်ချုပ်သော နိုင်ငံရေးစနစ်အကြား ခြားနားချက်များကို တိကျစွာ ရှင်းပြပြီး စနစ် တစ်ခုစီကို ဥပမာနှင့်တကွ ဖြေဆိုပါက ၄ မှတ်ပေးပါ။*

ii *မင်းမဲ့စနစ်၏ သွင်ပြင်လက္ခဏာရပ်များ စာရင်းတစ်ခုနှင့် ထိုစနစ်၏ ကောင်းကျိုးနှင့် ဆိုးကျိုးများကို ဖြေဆိုထားပါက ၄ မှတ်ပေးပါ။*

*(မည်သည့်အဖြေက ၃၊ ၂၊ ၁ မှတ် ရမည် ဖြစ်ပြီး၊ မည်သည့်အဖြေက 'ပြီးပြည့်စုံ' သည့် အဖြေဖြစ်ကြောင်း အဖြေဥပမာပေး ရှင်းပြထား သည့် အမှတ်ပေးဇယားတစ်ခု ပြုလုပ်နိုင်သည်။)*

**(စ) အဖြေများ ...**

**၁။** (က) ၅ / ၈

(ခ) ၁၂ / ၂၀

(ဂ) ၁၄ / ၂၀

**၂။** (ဂ) အသေးစိတ် အမှတ်ပေးဇယား၊ တုံ့ပြန်အကြံပြုချက် စုံလင်စွာပေးနိုင်။

**(ဆ) အဖြေများ ...**

**၁။** ဂ

**၂။** က

**၃။** ခ

**၄။** စ

**၅။** ဃ

**၆။** င

**(ဈ) အဖြေများ ...**

**၁။** က

**၂။** ဂ

**၃။** ခ

**၄။** ဃ

**(ည) နမူနာ အဖြေများ ...**

အဖြေများအားလုံးသည် ရလဒ်ကို မိမိ မည်မျှ အသေးစိတ် လိုချင်သည့်ပုံစံအပေါ် မူတည်သည်။ စံသတ်မှတ်ချက်၊ ရှင်းလင်းဖော်ပြချက်များနှင့် အဆင့်များ များလေလေ၊ အမှတ် ပေးရန် အချိန်ယူလေလေဖြစ်မည်။ အကျိုးဆိုင်မှုမြင့်လေလေ သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု အသေးစိတ်ဖြစ်ရန် အရေးကြီး လေလေဖြစ်သည်။

**(ဋ) နမူနာ အဖြေများ ...**

**၁။** အားနည်းချက် စစ်ဆေးသော၊ အကျိုးဆိုင်မှုနိမ့်သော၊ ယုံကြည်စိတ်ချရသော၊ လက်တွေ့မကျသော။

**၂။** (က) ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ ရမှတ်များအပေါ် သက်ရောက်မှုရှိသည့် အကဲဖြတ် ဆန်းစစ်မှု အခြေအနေများသည် နိုင်ငံတိုင်းတွင် မတူညီနိုင်ပါ။

(ခ) သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုသည် ကျောင်းသား/ကျောင်းသူများ၏ ပထမဘာသာ စကား မဟုတ်ပါက စစ်ဆေးမှုများကို နားလည်နိုင်မည် မဟုတ်ပေ။ ကျောင်းသား/ ကျောင်းသူများသည် ကွန်ပျူတာနှင့်

မရင်းနီးပါက ကျိုးကြောင်းဆီလျော်မှု မှုဘောင်ကို ဖောက်ဖျက်သည့် ဆန်းစစ်မှု ဖြစ်သည်။

(ဂ) ဖြေဆိုသူဦးရေများလျှင် အဖွင့်စစ်ဆေးမှု လုပ်ငန်းများကို အမှတ်ပေးရသည်မှာ အလွန် ခက်ခဲသည်။ အမှတ်ပေးသူ အမြော်အမြင် ထားရှိရမည်ဖြစ်ပြီး လေ့ကျင့်ပေးရန်လည်း လိုအပ်သည်။

၃။ ခွဲခြမ်းစိတ်ဖြာ၊ ပူးပေါင်းလုပ်ဆောင်/အဖွဲ့လိုက်အလုပ်၊ ပဋိပက္ခများ စီမံခန့်ခွဲခြင်း၊ ခေါင်းဆောင်မှု၊ ဆုံးဖြတ်ချက်ချခြင်း စသည်ဖြင့်။

၄။ ကျောင်းသား/ကျောင်းသူများ နေ့စဉ်ဘဝတွင် လုပ်ဆောင်ရသည့် လုပ်ငန်းများနှင့်တူသည်။ အစိုးရကျောင်းပညာရေး ပြီးဆုံးပြီး မည်သည့် အလုပ်အမျိုးအစား သို့မဟုတ် မည်သည့် ဘဝပင် ရှိစေကာမူ လက်တွေ့ဘဝတွင် အသုံးပြုနိုင်မည့် သတင်းအချက်အလက်များကို ရရှိမည်ဖြစ်သည်။

(ဃ) **နမူနာ အဖြေများ** ***

၁။ **ကောင်းကျိုး** – အထူးသဖြင့် အမှတ်ပေးသူ တစ်ယောက်ထက်ပိုပါက အမှတ်ပေးခြင်းကို ပို၍ ယုံကြည်စိတ်ချမှုရှိအောင် လုပ်ဆောင်ပါ။ အမှတ်ပေး ဇယားများသည် အမှတ်ပေးသူများကို တူညီသည့် စံသတ်မှတ်ချက်နှင့် အဆင့်အတိုင်း တူညီစွာ အမှတ်ပေး နိုင်ရန် အကူအညီပေးသည်။
**ဆိုးကျိုး** – အမှတ်ပေးဇယားများကို စီစဉ်ရေးဆွဲရန် အချိန်ယူရပြီး အမှတ်ပေးရာတွင် ပို၍ အချိန်ယူရသည်။

၂။ သင်ယူမှု ရည်ရွယ်ချက်များကိုသုံး၍ အမှတ်ပေးဇယား စီစဉ်ရေးဆွဲနိုင်သည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် စစ်ဆေးရမည့် သင်ယူမှုကို အကဲဖြတ်ဆန်းစစ်မှု ပြုလုပ်ကြောင်း သေချာစေသည်။

၃။ ဆရာ/ဆရာမက ကျောင်းသား/ကျောင်းသူများကို စံသတ်မှတ်ချက်၊ ရှင်းလင်းဖော်ပြချက်များကို ပြောပြနိုင်ပြီး ကျောင်းသား/ကျောင်းသူများ၏ စွမ်းဆောင်ရည်နှင့် နှိုင်းယှဉ်ပြနိုင်သည်။ သို့မှသာ ကျောင်းသား/ကျောင်းသူများသည် ထိုစံသတ်မှတ်ချက်များအတိုင်း မိမိတို့၏ စွမ်းဆောင်ရည်များ တိုးတက်အောင် ပြင်ဆင်နိုင်မည် ဖြစ်သည်။

## ၄။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ချက် မေးခွန်းများ ဖန်တီးခြင်း

### ၄.၁ ပရောဂျက်များကို အကဲဖြတ်ဆန်းစစ်ခြင်း

(ခ) **နမူနာ အဖြေများ** ***

၁။
- အင်္ဂလိပ် ဘာသာရပ် – က၊ ခ၊ င၊ စ၊ ဆ၊ ဇ၊ ဈ
- သမိုင်း ဘာသာရပ် – က၊ ခ၊ င၊ စ၊ ဆ၊ ဇ၊ ဈ
- ရုပ်ရှာဖွံ့ဖြိုးတိုးတက်မှု ဘာသာရပ် – က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ
- အနုပညာ ဘာသာရပ် – ခ၊ ဃ၊ င၊ စ၊ ဆ၊ ဇ၊ ဈ
- သိပ္ပံ ဘာသာရပ် – က၊ ခ၊ ဂ၊ င၊ စ၊ ဆ၊ ဇ၊ ဈ

(ဂ) **နမူနာ အဖြေများ** ***

၁။ က – အကျိုးဆိုင်မှုမြင့်၊ ခ – အကျိုးဆိုင်မှုနိမ့်။

၂။ က – သင်ယူပြီး အကဲဖြတ်ဆန်းစစ်ခြင်း၊
ခ – သင်ယူစဉ် အကဲဖြတ်ဆန်းစစ်ခြင်း၊

၃။ အဖွင့် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း။

၄။ (က) တိကျသော ညွှန်ကြားချက်များ။
အဆိုပြုချက်အတွက် အမှတ်ပေးဇယား။
နောက်ဆုံး ပရောဂျက် အစီရင်ခံစာအတွက် အမှတ်ပေးဇယား။
ခင်းကျင်းတင်ပြမှုအတွက် အမှတ်ပေးဇယား။
(ဆရာ/ဆရာမက အထက်ပါအချက်တွေ အားလုံးကို အလုပ်သဘောအရ ပုံစံတကျ မစစ်ဆေးရန် ဆုံးဖြတ်လျှင် အမှတ်ပေးဇယား အနည်းငယ်သာ လိုအပ်မည်။ အဖွဲ့လိုက် လုပ်ဆောင်မှု စွမ်းရည်များကိုလည်း အကဲဖြတ် စစ်ဆေးနိုင်သည်။ ထိုစွမ်းရည်ကို စစ်ဆေး လိုလျှင် ထိုစစ်ဆေးမှုအတွက် အခြားအမှတ်ပေး ဇယားတစ်ခု ထပ်၍ လိုအပ်လိမ့်မည်)

(ခ) ပြဇာတ်များအတွက် အမှတ်ပေးဇယား။

(ဃ) **နမူနာ အဖြေများ** ***

၁။ လူထုစကားပြောစွမ်းရည်၊ စကားရည်လုခြင်းစွမ်းရည်

၂။ (က) မိတ်ဆက်မပါ၊ နိဂုံးမပါ၊ အတွေးအခေါ် အများစုက ခေါင်းစဉ်နဲ့ မသက်ဆိုင်။

(ခ) မိတ်ဆက်အားကောင်း၊ နိဂုံးအားကောင်း၊ အတွေးအခေါ်အားလုံးက ခေါင်းစဉ်နဲ့ ဆက်စပ်။

(ဂ) ကျိုးကြောင်းဆီလျော်မှုနှင့် အကြောင်းအရာ ခိုင်လုံမှုရှိ၊ အဓိက သတင်းစကားကို ပရိသတ် နားလည်လွယ်။

(ဃ) အလွန်ကျိုးကြောင်း ဆီလျော်ပြီး အကြောင်းအရာ ခိုင်လုံမှု ရှိ၊ အဓိကသတင်းစကားကို ပရိသတ် ယုံကြည်မှုရှိသွား။

(င) အသံထွက်မကောင်း၊ သဒ္ဒါကရှုပ်ထွေး၊ ခြေဟန်လက်ဟန် အနည်းငယ်ပါ၊ ပရိသတ်ကို မကြည့်။

(စ) အသံထွက် ပလုံးပထွေးဖြစ်၊ သဒ္ဒါအမှား နည်းနည်းရှိ၊ ခြေဟန်လက်ဟန်အချို့ပါ၊ ပရိသတ်ကိုကြည့်။

၃။ • စာစီစာကုံးများ၊ အစီရင်ခံစာများ၊ ပုံပြင် ဇာတ်ကြောင်းများ – က၊ ဂ၊ ဃ၊ စ၊ ဇ

• ပြဇာတ်များ – က၊ ခ၊ ဂ၊ င၊ စ၊ ဆ

• လူ့အဖွဲ့အစည်းဆိုင်ရာ ပရောဂျက်များ – ဂ၊ င၊ စ၊ ဆ

• ခင်းကျင်းတင်ပြမှုများ – က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ

၄။ မှန်ကန်မှု၊ မြင်ထောက်ကူများ အသုံးပြုမှု၊ ပမာဏ

(စ) **အဖြေများ ...**

၁။ ပရောဂျက်များသည် အဆင့်မြင့်တွေးခေါ်ခြင်းများနှင့် ထိတွေ့မှုရှိစေသည်။ ကျောင်းသား/ကျောင်းသူများသည် မိမိတို့ သင်ယူရရှိခဲ့သည့် ဗဟုသုတနှင့် တတ်ကျွမ်းမှု စွမ်းရည်များကို ပြန်လည်အသုံးချရန် လိုအပ်ပြီး ဗဟုသုတနှင့် တတ်ကျွမ်းမှု စွမ်းရည်များကို ခွဲခြမ်းစိတ်ဖြာရန်နှင့် ဝေဖန်သုံးသပ်တတ်ရန်လည်း လိုအပ်သည်။ ပရောဂျက် လုပ်ဆောင်ရာတွင် အဖွဲ့လိုက်လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပြီး လက်တွေ့ကမ္ဘာထဲမှ အခြေအနေများကိုပါ ပြန်လည်သုံးသပ်မိစေသည်။

၂။ ဆရာ/ဆရာမများသည် ပရောဂျက်ကို မည်သို့ ပြီးဆုံးအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်းနှင့် ပရောဂျက်အောင်မြင်စွာ ပြီးဆုံးရန် မည်သည်တို့ကို ဖြည့်ဆည်းဆောင်ရွက်ရမည်ဖြစ်ကြောင်း သတ်မှတ်ချက်များနှင့် ပတ်သက်ပြီး ညွှန်ကြားချက် အသေးစိတ်ကို ရှင်းရှင်းလင်းလင်း ပေးရမည်ဖြစ်သည်။ ဆရာ/ဆရာမများအနေဖြင့် ပရောဂျက်ကို အမှတ်ပေးရန် နည်းလမ်းများ အဆင်သင့်ရှိထားရမည်ဖြစ်ပြီး ကျောင်းသား/ကျောင်းသူများကို အသုံးဝင်သည့် ထင်မြင် သုံးသပ်ချက်များ ပေးရမည်ဖြစ်သည်။

## ၄.၂ အဖွဲ့လိုက် လုပ်ဆောင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်း

(က) **နမူနာ အဖြေများ ...**

၁။ အဖွဲ့လိုက် ပရောဂျက် သို့မဟုတ် ခင်းကျင်းတင်ပြခြင်း ကဲ့သို့သော အဖွဲ့လိုက် လုပ်ဆောင်ရသည့် လုပ်ငန်းတစ်ခုကို အကဲဖြတ်ဆန်းစစ်သည့်အခါ။

၂။ အဖွဲ့ဝင်များအားလုံးသည် လုပ်ငန်းတွင် ညီတူညီမျှ ပါဝင်လုပ်ဆောင်နေကြောင်း သေချာပါစေ။ သို့မဟုတ် တစ်ဦးချင်းစီ၏ ပူးပေါင်းပါဝင်မှုကို စစ်ဆေးသည့် စံသတ်မှတ်ချက်ကို ထည့်သွင်းပါ။

(ခ) **နမူနာ အဖြေများ ...**

၁။ ကျောင်းသား/ကျောင်းသူ အုပ်စုတစ်စုသည် အဖွဲ့လိုက် ပရောဂျက် လုပ်ဆောင်နေကြသည်။ – အများပိုင် ဥယျာဉ်တစ်ခု ပြင်ဆင်ခြင်းနှင့် ဖန်တီးခြင်း။

၂။ စီစဉ်ခြင်း၊ အဖွဲ့လိုက် လုပ်ဆောင်မှု၊ ခင်းကျင်းတင်ပြမှု၊ ကုန်ကျစရိတ် တွက်ချက်ရေးဆွဲခြင်း။

(ဂ) **နမူနာ အဖြေများ ...**

၁။ အဖွဲ့လိုက်အနေနှင့် တစ်ခုခုကို စီစဉ်ပြင်ဆင်ခြင်း သို့မဟုတ် ဖန်တီးခြင်း။

၂။ **ဖြစ်စဉ်** – ပူးပေါင်းပါဝင်ခြင်း၊ ကြိုးစားအားထုတ်မှု။ **ရလဒ်** – ဒီဇိုင်းပုံစံ၊ ရှင်းလင်းတင်ပြချက်။

၃။ **တစ်ဦးချင်း** – ပူးပေါင်းပါဝင်ခြင်း၊ ကြိုးစားအားထုတ်မှု။ **တစ်ဖွဲ့လုံး** – ဒီဇိုင်းပုံစံ၊ ရှင်းလင်းတင်ပြချက်။

၄။ စံသတ်မှတ်ချက်တစ်ဝက်သည် တစ်ဦးချင်း လုပ်ဆောင်မှုနှင့် ကျန်တစ်ဝက်သည် အဖွဲ့လိုက် လုပ်ဆောင်မှု စံသတ်မှတ်ချက်တစ်ခုစီအတွက် ရာခိုင်နှုန်း သတ်မှတ်ပါက တစ်ဦးချင်းအတွက်ရော အဖွဲ့လိုက် အတွက်ပါ အမှတ်များများရလိမ့်မည်။

(ဃ) **နမူနာ အဖြေများ ...**

၁။ ဖြစ်စဉ်နှင့် တစ်ဦးချင်းလုပ်ဆောင်မှု စံသတ်မှတ်ချက်များကို အကဲဖြတ်ဆန်းစစ်ရန် အကဲဖြတ် စစ်ဆေးသူသည် အဖွဲ့လိုက်လုပ်ငန်း လုပ်ဆောင်နေပုံကို အနီးကပ် စောင့်ကြည့်လေ့လာသုံးသပ်ရန် လိုအပ်သည်။ သို့မဟုတ် ထိုလုပ်ဆောင်မှုကို တိုင်းတာရန် နည်းလမ်းများရှိထားပါ။

၂။ အမှတ်ပေးသူအမျိုးမျိုးသည် အမှတ်ပေးပုံတူညီမည် မဟုတ်ပါ။ အဖွဲ့ဝင်တစ်ယောက်၊ နှစ်ယောက်ကြောင့် အချို့အဖွဲ့များက လုပ်ငန်းတစ်ခုလုံးကို ခြုံငုံ၍ ရမှတ်နည်းနိုင်သည်။

၃။ သင်ယူမှု ရည်ရွယ်ချက်များသည် ကျောင်းသား/ကျောင်းသူများကို ပူးပေါင်းပါဝင်ရန်၊ ကြိုးစားအားထုတ်မှုပြုရန်၊ ဒီဇိုင်းကောင်းတစ်ခုရှိရန်နှင့် အသုံးဝင်သော ရှင်းလင်းချက်များ ပါဝင်ရန် မျှော်လင့်ထားကြောင်း ဖော်ပြထားပါက ၎င်းသည် ကျိုးကြောင်းဆီလျော်သော သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု တစ်ခုဖြစ်သည်။ ကျောင်းသား/ကျောင်းသူများက ထိုစံသတ်မှတ်ချက်များကို အာရုံစိုက်ရမည်ဖြစ်ကြောင်း မသိပါက ကျိုးကြောင်းဆီလျော်မှု နည်းမည်ဖြစ်သည်။

(င) **အဖြေများ ...**

၁။ ယုံကြည်စိတ်ချရမှု

၂။ ကျိုးကြောင်းဆီလျော်မှု

၃။ လက်တွေ့ကျမှု

## ၄.၃ ပူးပေါင်းပါဝင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်းနှင့် ပြန်လှန်သုံးသပ်ခြင်း

**(က) နမူနာ အဖြေများ ...**

ဆရာ/ဆရာမများသည် ကျောင်းသား/ကျောင်းသူများကို အတန်းချိန်အတွင်း စောင့်ကြည့်လေ့လာပြီး အမှတ်ပေးဇယား တစ်ခု သို့မဟုတ် စံသတ်မှတ်ချက်များအတိုင်း အမှတ်ပေးနိုင်သည်။

**(ခ) နမူနာ အဖြေများ ...**

၁။ ပူးပေါင်းပါဝင်မှုသည် ကျောင်းသား/ကျောင်းသူများ မည်မျှ သင်ယူရရှိမှုအပေါ် သက်ရောက်မှုရှိသည်။ ကောင်းစွာ ပူးပေါင်းပါဝင်မှု မရှိပါက၊ များများသင်ယူ ရရှိမည် မဟုတ်ပါ။ ပူးပေါင်းပါဝင်မှုကို အကဲဖြတ် ဆန်းစစ်ခြင်းသည် ကျောင်းသား/ကျောင်းသူများ၏ ပူးပေါင်းပါဝင်လိုစိတ်ကို တိုးပွားလာရန် လှုံ့ဆော်ပေး သည်။ ပူးပေါင်းပါဝင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်းသည် မည်သည့် ကျောင်းသား/ကျောင်းသူများကို အာရုံ စူးစိုက်မှုနှင့် လှုံ့ဆော်မှုပေးရန် ဆရာ/ဆရာမများကို သတ်မှတ်ရာတွင် ကူညီပေးသည်။ ပူးပေါင်းပါဝင်မှုကို အကဲဖြတ်ဆန်းစစ်ခြင်းသည် ကျောင်းသား/ကျောင်းသူ များကို မိမိတို့၏ အတန်းတွင်း အမူအကျင့်များအပေါ် တာဝန်ခံမှုရှိစေသည်။

၂။ တစ်နေ့တာအတွက် သို့မဟုတ် တစ်ပတ်စာအတွက် အမှတ်အနည်းငယ်သာ ရသောကြောင့် ပူးပေါင်း ပါဝင်မှုသည် အကျိုးဆိုင်မှုနိမ့်သည့် ဆန်းစစ်မှုဟု သတ်မှတ်သည်။ သို့သော်လည်း ကျောင်းသား/ ကျောင်းသူများသည် ကောင်းမွန်သည့် သို့မဟုတ် ဆိုးရွားသည့် ပူးပေါင်းပါဝင်မှုမျိုး ပြုလုပ်ခဲ့ပါက နောက်ဆုံးပူးပေါင်းပါဝင်မှု အမှတ်သည် ကျောင်းသား/ ကျောင်းသူများ၏ အဆင့်အပေါ် သက်ရောက်မှုရှိသည်။

**(ဂ) နမူနာ အဖြေများ ...**

၁။ (က) အတန်းတက်ရောက်မှု

(ခ) စိတ်နေသဘောထား

(ဂ) ကြိုးစားအားထုတ်မှု

(ဃ) ပူးပေါင်းလုပ်ဆောင်မှု

၂။ **ကြိုးစားအားထုတ်မှု** – ကျောင်းသား/ကျောင်းသူများ သည် ညွှန်ကြားချက်များကို လိုက်နာသည်။ ခွင့်ပြုထားသည့် အချိန်အတိုင်း လုပ်ဆောင်သည်။ မိမိတို့တွင် အခက်အခဲရှိလျှင် သို့မဟုတ် မသေချာလျှင်လည်း ကြိုးစားသည်။

**အတန်းတက်ရောက်မှု** – ကျောင်းသား/ကျောင်းသူ များသည် အတန်းကို အချိန်မီရောက်သည်။ အတန်းပျက်မည်ဆိုလျှင် ဆရာ/ဆရာမကို အသိပေးသည်။

**ပူးပေါင်းလုပ်ဆောင်မှု** – ကျောင်းသား/ကျောင်းသူ များသည် ညွှန်ကြားသည့်အတိုင်း အတူတူ လုပ်ဆောင်သည်။ မိမိတို့၏ အဖွဲ့ဝင်များကို လျစ်လျူမရှုပါ။ အချင်းချင်းနှင့် ဆရာ/ဆရာမကိုပါ ကူညီကြသည်။

**စိတ်နေသဘောထား** – ကျောင်းသား/ကျောင်းသူ များသည် အတန်းစည်းမျဉ်းများကို လိုက်နာသည်။ အချင်းချင်း၊ ဆရာ/ဆရာမနှင့် စကားပြောလျှင် ယဉ်ကျေးသည့် စကားအသုံးအနှုန်းကို သုံးသည်။ အသစ်အသစ်များကို စူးစမ်းလိုကြသည်။

**(င) နမူနာ အဖြေများ ...**

၁။ ဆရာ/ဆရာမနှင့် ကျောင်းသား/ကျောင်းသူများ ယုံကြည်မှုတည်ဆောက်ပြီးဖြစ်သည့် စာသင်ခန်းများတွင် မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်မှု ပြုလုပ်ရန် အဆင်ပြေလိမ့်မည်။ ယုံကြည်မှုရှိမှသာ ကျောင်းသား/ကျောင်းသူများ မိမိကိုယ်ကိုယ် ရိုးသားစွာ အကဲဖြတ်သုံးသပ်လိမ့်မည်။ အသက်ငယ်သည့် ကလေးများထက် အရွယ်ရောက်ပြီး ကျောင်းသား/ကျောင်းသူများနှင့် ပိုအဆင်ပြေလိမ့်မည်။

၂။ ကျောင်းသား/ကျောင်းသူများသည် ရိုးသားမှုမရှိဘဲ မိမိကိုယ်ကိုယ် အမှတ်ပြည့်ပေးမည်ဖြစ်သည်။ ကျောင်းသား/ကျောင်းသူများသည် မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်ရာတွင် သက်သောင့်သက်သာ မဖြစ်သည့် ခံစားချက် သို့မဟုတ် ရှက်သည့် ခံစားချက်မျိုး ဖြစ်ပေါ်နိုင်သည်။

၃။ ဆရာ/ဆရာမတွင် အလုပ်နည်းသွားသည်။ ကျောင်းသား/ကျောင်းသူများက မိမိတို့၏ ပူးပေါင်းပါဝင်မှုကို ပြန်လည်သုံးသပ်နိုင်ပြီး မိမိကိုယ်ကိုယ် တိုးတက်လိုစိတ် ဖြစ်ပေါ်စေနိုင်သည်။

**(ဇ) နမူနာ အဖြေများ ...**

၁။ အေးမွန်နှင့် စကားပြောပြီး မိမိ၏သင်ယူမှု အကဲဖြတ် ဆန်းစစ်မှုကို သူနှင့် နှိုင်းယှဉ်စေပါ။ ထိုမှသာ သူအဘယ်ကြောင့် အမှတ်များများရသင့်သည်ကို နားလည်နိုင်မည်ဖြစ်သည်။

၂။ ခမ်ဘဲသည် မိမိကိုယ်ကိုယ် အမှတ်နည်း၍ပေးခဲ့သည်။ မိမိမသိနိုင်သည့် အကြောင်းအရင်း ရှိနိုင်သောကြောင့် ထိုအကြောင်းအရင်းကို နားလည်ရန် ခမ်ဘဲနှင့် စကားပြောပါ။

၃။ နောက်လာမည့် စာသင်ချိန်များတွင် စာဖတ်ခြင်း ဗျူဟာများကို ပြန်လှန်သုံးသပ်မည့် အချိန်ပါစေရန် ပြင်ဆင်ပါ။

၄။ ပြန်လှန်သုံးသပ်ခြင်း လုပ်ငန်းများသည် ဘာသာစကားကို မဟုတ်ဘဲ အဓိပ္ပါယ်ကို အာရုံစိုက်သင့်သည်။ ပြန်လှန်သုံးသပ်ခြင်း၏ ရည်ရွယ်ချက်မှာ မိမိ၏ သင်ယူသူများ မိမိတို့ သင်ယူထားသည်များကို စဉ်းစားနိုင်ရန်ဖြစ်သည်။ ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ စာလုံးပေါင်းနှင့် သဒ္ဒါမှန်ကန်မှုကိုသာ စိုးရိမ်မှုရှိပါက

မိမိတို့၏ အတွေးအခေါ်များနှင့် အမြင်များကို ရေးသားနိုင်မည် မဟုတ်ပါ။

**၅။** သူကြိုးစားသည်ကို သိပါက ကြိုးစားအားထုတ်မှုအတွက် အမှတ်များများပေးပါ။ အတန်းတွင်းလုပ်ဆောင်မှုများနှင့် အိမ်စာ အဖြေမှန်များအတွက် အမှတ်စစ်မှသာ အမှတ်လျှော့ပါ။ မိမိ၏ သင်ယူသူများသည် ကြိုးစားအားထုတ်သော်လည်း အဖြေမှန်မရပါက မိမိသင်ကြားနေသည့် တွေးခေါ်ယူဆချက်၊ သင်ကြားရေးပစ္စည်းများနှင့် သင်ကြားရေး နည်းလမ်းများကို ပြန်လည်သုံးသပ်ပါ။

## ၄.၄ စာမေးပွဲ မေးခွန်းများ ဖန်တီးပြုစုခြင်း

### (ခ) နမူနာ အဖြေများ ...

**၁။** အားမပေးပါ – အဖွင့်လုပ်ငန်းများနှင့် အပိတ်လုပ်ငန်းများ နှစ်မျိုးလုံးတွင် မှန်းဆရသည်များ များစွာ ပါဝင်သည်။

**၂။** သင်ယူမှု စစ်ဆေးခြင်းနည်းလမ်း ဒီဇိုင်းများအပေါ် မူတည်သည်။

**၃။** ဘာသာရပ်၊ သင်ယူမှု စစ်ဆေးခြင်း နည်းလမ်းဒီဇိုင်းနှင့် သင်ယူသူများ၏ စွမ်းဆောင်နိုင်မှုတို့အပေါ် မူတည်သည်။ အချို့သင်ယူသူများက အပိတ်လုပ်ငန်းစဉ်များ ဖြေဆိုရာတွင် တော်ပြီး အချို့သည် စာစီစာကုံး ရေးရာတွင် တော်ကြသည်။

**၄။** (က) အတန်းမစခင် ကျောင်းသား/သူများ သိရှိရန် လိုအပ်သည့် တတ်ကျွမ်းမှု စွမ်းရည်များနှင့် အကြောင်းအရာ။

(ဂ) သင်ခန်းစာများတွင် ကျောင်းသား/ကျောင်းသူများ သင်ယူပြီးစီးထားသည့် တတ်ကျွမ်းမှု စွမ်းရည်များနှင့် အကြောင်းအရာ။

(ဂ) သင်တန်းတစ်ခုလုံးတွင် ကျောင်းသား/ကျောင်းသူများ သင်ယူပြီးစီးထားသည့် တတ်ကျွမ်းမှု စွမ်းရည်များနှင့် အကြောင်းအရာ။

### (ဂ) နမူနာ အဖြေများ ...

**၁။ သင်ယူမှု စစ်ဆေးသည့်နည်းလမ်းကို ပြောင်းပါ။** ရွေးချယ်စရာ အချက်အရေအတွက်ကို လျှော့ချပါ။ ရွေးချယ်စရာ စာစီစာကုံး ၈ ပုဒ်သည် များလွန်းသည်။ ၂ ပုဒ် သို့မဟုတ် ၃ ပုဒ်ဆိုလျှင် ပိုသင့်တော်မည်။ ရွေးချယ်စရာများလျှင် ကျောင်းသား/ကျောင်းသူများသည် မည်သည်ကို ရွေးချယ်ရမည်ကို ဆုံးဖြတ်ရန် စာဖတ်နေရသည်နှင့် အချိန်ကုန်သွားနိုင်သည်။

**၂။ ကျောင်းသား/ကျောင်းသူများကို အကြံပေးပါ။** စဖြေလျှင် မေးခွန်းရှည်များ။ ခက်ခဲသော မေးခွန်းများကို ချန်ခဲ့ပါ။ ပိုလွယ်သော မေးခွန်းများကို အရင်ဖြေဆိုပါ။ အဖြေမသိလျှင် ထိုမေးခွန်းကို ကျော်လိုက်ပါ၊ အချိန်မဖြုန်းပါနှင့်။ အချိန်ရလျှင် ထိုမေးခွန်းကို ပြန်ဖြေနိုင်သည်။ အပိတ်မေးခွန်း၊ မေးခွန်းတို သို့မဟုတ် ပိုလွယ်သော မေးခွန်းများကို အရင်ဖြေဆိုရန်နှင့် အဖွင့်မေးခွန်း၊ မေးခွန်းရှည်များကို နောက်မှ ဖြေဆိုရန် အစီအစဉ်ချပါ။

**၃။ သင်ယူမှု စစ်ဆေးသည့်နည်းလမ်းကို ပြောင်းပါ။** အောင်မြင်ပေါက်မြောက်မှု စစ်ဆေးသည့် နောက်ဆုံး စာမေးပွဲသည် သင်တန်းတစ်ခုလုံးမှ သင်ရိုးပါ အကြောင်းအရာများ မပါဝင်ပါက ထိုစစ်ဆေးမှုသည် ကျိုးကြောင်းဆီလျော်မှု မရှိပါ။ သင်တန်းတစ်ခုလုံးမှ သင်ရိုးပါ အကြောင်းအရာများကို လွှမ်းခြုံစစ်ဆေးသည့် ပိုမိုကျယ်ပြန့်သော မေးခွန်းများ ရွေးချယ်ပါ သို့မဟုတ် မေးခွန်းများ ဖန်တီးပါ။

### (ဃ) အဖြေများ ...

**၁။** က၊ ဃ သို့မဟုတ် င

**၂။** ခ

**၃။** ဂ

**၄။** က၊ ဃ သို့မဟုတ် င

**၅။** က၊ ခ သို့မဟုတ် ဂ

### (င) နမူနာ အဖြေများ ...

**၂။** B – သင့်လျော်သည့် နိဒါန်းနှင့် နိဂုံး စာကြောင်းများ ရေးသားပါ။

C – တိကျသည့် သဒ္ဒါနှင့် ဝေါဟာရကို သုံး၍ ကိုယ်ရေးအချက်အလက်များကို ဖော်ပြပါ။

**၃။** i – B ii – A iii – C

### (ဆ) နမူနာ အဖြေများ ...

**၁။** အပိတ်မှ အဖွင့်လုပ်ငန်းစဉ်သို့ စီစဉ်ခြင်းသည် အသုံးများသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ခ၊ ဃ၊ င၊ က၊ ဂ

**၃။** သင်ယူမှု အကဲဖြတ်ဆန်းစစ်မှု နည်းလမ်းများကို စီစဉ်ရေးသားရာတွင် သင်ရိုးညွှန်းတမ်း၊ ဘာသာရပ်သင်ရိုးနှင့် သင်ယူမှု ရည်ရွယ်ချက်များကိုပါ ကြည့်ပါ။ စစ်ဆေးမှုလုပ်ငန်းစဉ် တစ်ခုစီတိုင်းသည် သင်ရိုးညွှန်းတမ်းပါ ဗဟုသုတများနှင့် တတ်ကျွမ်းမှု စွမ်းရည်များကို စစ်ဆေးကြောင်း သေချာပါစေ။

### (ည) နမူနာ အဖြေများ ...

**၁။ အကျိုးကျေးဇူးများ**

- အဆင့်မြင့်တွေးခေါ်ခြင်း စွမ်းရည်များကို စစ်ဆေးရန်အတွက် ကောင်းသည်။
- လုပ်ငန်းတစ်မျိုးထဲတွင် အကြောင်းအရာမျိုးစုံ ထည့်သွင်း စစ်ဆေးနိုင်သည်။
- ကျောင်းသား ကျောင်းသူများ၏ ဗဟုသုတ၊ တတ်ကျွမ်းမှု စွမ်းရည်များနှင့် အတွေးအခေါ်များနှင့် ပတ်သက်ပြီး အသေးစိတ် အချက်အလက်များကို စစ်ဆေးရရှိနိုင်သည်။

**ဆိုးကျိုးများ**

- အမှတ်ပေးရန် အချိန်အမြောက်အမြားယူရသည်။
- အထူးသဖြင့် အမှတ်ပေးသူ တစ်ယောက်ထက်ပိုလျှင် ယုံကြည်စိတ်ချရမှု မရှိနိုင်ပါ။
- ရှင်းလင်းသည့် စံသတ်မှတ်ချက်နှင့် အမှတ်ဇယား တစ်ခု သို့မဟုတ် အမှတ်ပေးလမ်းညွှန်တစ်ခု လိုအပ်သည်။

၂။ သိသင့်ပါတယ်။ သို့မှသာ ကျောင်းသား/ ကျောင်းသူများသည် စစ်ဆေးမှု၏ မည်သည့်အပိုင်းတွင် အချိန်ယူရမည်နှင့် မည်သည့် အဖြေအမျိုးအစားများအပေါ် အာရုံစိုက်ရမည်ကို သိမည်ဖြစ်သည်။ ကျောင်းသား/ ကျောင်းသူများသည် အမှတ်ပေး စံသတ်မှတ်ချက်ကို မသိပါက မှားယွင်းသည့် အပိုင်းများကို အာရုံစိုက်မိနိုင်သည်။ ဥပမာ – အတွေးအခေါ်များကို ဖော်ပြခြင်းထက် သဒ္ဒါနှင့် စာလုံးပေါင်းကို အာရုံစိုက်မိခြင်း ဖြစ်နိုင်သည်။

၃။ • အမှတ်ပေးစံသတ်မှတ်ချက်ကို ကျောင်းသား ကျောင်းသူများအား ပြောပြပါ။

- အဖြေကောင်းများကို နမူနာပေးခြင်း (စစ်ဆေးမှုတွင် ထည့်သွင်းမေးမြန်းမည့် မေးခွန်းများအတွက် မဟုတ်ဘဲ ပုံစံတူမေးခွန်းများအတွက်သာ)
- ကျောင်းသား ကျောင်းသူများကို အစမ်းဖြေဆိုစေခြင်း။

(ဍ) **နမူနာ အဖြေများ ။။**

၁။ အကျိုးဆိုင်မှုမြင့်သော၊ သင်ယူပြီး အကဲဖြတ်ဆန်းစစ်ခြင်း၊ ယုံကြည်စိတ်ချရခြင်း၊ လက်တွေ့ကျခြင်း။

၂။ (က) အတွေ့အကြုံနည်းသည့် ဆရာ/ဆရာမများက အမှားပါသည့် မေးခွန်းများကို စီစဉ်ရေးသားထားသောကြောင့် ယုံကြည်စိတ်ချရမှုနည်းသည်။ ကျောင်းများကြားရှိ အကွာအဝေးများနှင့် ဆက်သွယ်ရေး ဆက်ဆံရေး အခက်အခဲများကြောင့် လက်တွေ့ကျမှုနည်းသည်။ ဆရာ/ဆရာမ အသစ်များသည် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးပါအကြောင်းအရာများကို မသိသောကြောင့် ကျိုးကြောင်းဆီလျော်မှုနည်းနိုင်ပြီး သင်ခန်းစာ ရည်ရွယ်ချက်များနှင့် မသက်ဆိုင်သည့် မေးခွန်းများပါနိုင်သည်။

(ခ) စာမေးပွဲမေးခွန်းဘဏ် ရှိခြင်းသည် ယုံကြည်စိတ်ချရမှု ပိုမို တိုးတက်စေသည်။ အဘယ့်ကြောင့်ဆိုသော် ဆရာ/ဆရာမများက မေးခွန်းရေးသားခြင်းနှင့် ပတ်သက်ပြီး လေ့ကျင့်မွမ်းမံခြင်း ရနိုင်သောကြောင့်ပင် ဖြစ်သည်။ စာသင်နှစ်တိုင်း စာမေးပွဲ မေးခွန်းများ ထုတ်စရာမလိုဘဲ ရွေးချယ်စရာ မေးခွန်းများများစွာရှိခြင်းကြောင့် လက်တွေ့ကျမှုလည်း မြင့်တက်လာမည်။ ထိုမေးခွန်းများကို မေးခွန်းဘဏ်ထဲမထည့်မီ စီနီယာဆရာ/ ဆရာမများနှင့် ဆရာ/ ဆရာမနည်းပြများက မေးခွန်းအားလုံးကို စစ်ဆေးသောကြောင့် ကျိုးကြောင်းဆီလျော်မှုလည်း မြင့်တက်လာမည်။ ထို့အပြင် သင်ရိုးညွှန်းတမ်းကို မွမ်းမံသည့်အခါ ဆရာ/ဆရာမများက မေးခွန်းများ ထပ်ပို့သောကြောင့် မေးခွန်းဘဏ်သည်လည်း မွမ်းမံပြီး၊ ပိုကောင်းအောင် ပြုလုပ်ပြီးဖြစ်သည်။

(ဂ) တူညီသည့် သင်ရိုးညွှန်းတမ်းတစ်ခုထဲပေါ် အခြေခံ၍ စာမေးပွဲများ စစ်ရသည့်အခါ မေးခွန်းဘဏ်သည် အသုံးဝင်သည်။ အထူးသဖြင့် ကျောင်းများစွာနှင့် စံသတ်မှတ်ထားသည့် စနစ်တစ်ခုအတွင်းဖြစ်လျှင် ပို၍ အသုံးဝင်နိုင်သည်။

## ၅။ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ်များ

### ၅.၁ စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်ခြင်းနှင့် မှတ်တမ်းများ

(ဂ) **အဖြေများ ။။**

၁။ (ခ)

၂။ (ဂ)

၃။ (က)

(ဃ) **အဖြေများ ။။**

၁။ မှန်

၂။ မှန်

၃။ မှား – မှတ်တမ်းများသည် ကျောင်းသား/ကျောင်းသူများ၏ လုပ်ငန်းနမူနာများဖြစ်သည်။

၄။ မှန်

၅။ မှန်

၆။ မှန်

(င) **နမူနာ အဖြေများ ။။**

၁။ မှတ်တမ်းဖြစ်သည်။ ၎င်းက ရာခိုင်နှုန်းအမြင့်ဆုံး ဖြစ်သည်။

၂။ ကျောင်းသား/ ကျောင်းသူများသည် မိမိတို့ ဖတ်ထားသည်များကို မှတ်သားသော ပုံစံကားချပ် တစ်ခုကို နံရံတွင် ကပ်နိုင်သည် သို့မဟုတ် မိမိတို့ ဖတ်ထားသည်များကို နေ့စဉ်မှတ်တမ်း သို့မဟုတ် အွန်လိုင်းဖိုင်ပေါ်တွင် စာရင်းပြုစုနိုင်သည်။

၃။ • စာအုပ်အညွှန်းများနှင့် စာစီစာကုံးအတွက် အမှတ်ပေးလမ်းညွှန်များ သို့မဟုတ် အမှတ်ပေး စည်းမျဉ်းများ။

- စာဖတ်ညွှန်းပုံစံ။
- အကြံပြုထားသည့် ဖတ်စရာ စာရင်း။
- စာအုပ်အဖုံးဒီဇိုင်းအတွက် စံသတ်မှတ်ချက်။

၄။ • ကျောင်းသား/ကျောင်းသူများအားလုံးသည် မိမိ၏ မှတ်တမ်းများတွင် အပိုင်းအားလုံးထည့်သွင်း ထားကြောင်း သေချာပါစေ။

- ကျောင်းသား/ကျောင်းသူအချို့သည် စာအုပ်အတိုများ သို့မဟုတ် ဆောင်းပါးတိုများကိုဖတ်မည် အချို့က ဆောင်းပါးအရှည်ကို ဖတ်မည်။
- အလုပ်ကြိုးစားသော၊ ထူးချွန်သော ကျောင်းသား/ ကျောင်းသူများသည် မိမိကိုယ်ကိုယ် အကဲဖြတ် သုံးသပ်ရာတွင် အမှတ်နည်းနည်းပေးပြီး၊ ပျင်းရိသော ကျောင်းသား/ကျောင်းသူများသည် မိမိကိုယ်ကိုယ် အမှတ်များများပေးမည်ဖြစ်သည်။

၅။ • ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ မှတ်တမ်းတွင် ထည့်သွင်းရန် သတ်မှတ်ချက်များကို သိကြောင်း သေချာပါစေ။

- စာအလုံအလောက် ဖတ်ထားသည်ဟု မထင်သည့် ကျောင်းသား/ကျောင်းသူများကို စကားပြောပါ။ အကြံပြုထားသည့် ဖတ်စရာစာရင်းတွင် မိမိဖတ်စေလိုသည့် စာအုပ်အမျိုးအစားများ၊ ဆောင်းပါးများကို ရှင်းပြပါ။
- မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်မှု ရိုးသားစွာ ပြုလုပ်ပုံကို စာသင်နှစ် အစကတည်းက ကျောင်းသား/ကျောင်းသူများကို ရှင်းပြပါ။

(စ) **နမူနာ အဖြေများ ။**

၁။ **ကောင်းကျိုးများ** – ကျောင်းသား/ကျောင်းသူများသည် သင်ယူမှု အကဲဖြတ် ဆန်းစစ်ခြင်းအတွက် အကောင်းဆုံး လုပ်ငန်းကို ရွေးချယ်နိုင်သည်။ မိမိအလုပ်ကို မိမိ ပိုင်ဆိုင်ကြောင်း ခံစားရပြီး ထိုအလုပ်ကို လုပ်ဆောင်ရန် စိတ်အားတက်ကြွစေသည်။

အချိန်ကြာလာသည်နှင့်အမျှ ကျောင်းသား/ကျောင်းသူများကို သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း ပြုလုပ်နိုင်ပြီး သင်ရိုးတစ်လျှောက်တွင် မိမိတို့၏ လုပ်ငန်းများ တိုးတက်လာစေရန် အခွင့်အလမ်းများရှိသည်။

ကျောင်းသား/ကျောင်းသူများသည် မိမိတို့၏ မှတ်တမ်းတွင် အလုပ်များ ထပ်ပေါင်းထည့်လာသည်နှင့် အမျှ အောင်မြင်မှု ရရှိလာသည်ဟု ခံစားရလိမ့်မည်။

**ဆိုးကျိုးများ** – မှတ်တမ်းတွင် အကောင်းဆုံး လုပ်ငန်းများကိုသာ ဖော်ပြသောကြောင့် ကျောင်းသား/ ကျောင်းသူများ၏ ပြဿနာများကို ရှာဖွေဖော်ထုတ် ရသည်မှာ ခက်ခဲသည်။

၂။ **ကောင်းကျိုးများ** – အတန်းထဲတွင် သင်ကြားရသည့် တတ်ကျွမ်းမှု စွမ်းရည်များနှင့် ခေါင်းစဉ်များကို ပြန်လှန် သုံးသပ်မိစေသည်။ ထိုအကဲဖြတ်သုံးသပ်မှုတွင် အားနည်းတတ်သည့် ကျောင်းသား/ကျောင်းသူများ အတွက် မျှတမှုမရှိပါ။

**ဆိုးကျိုးများ** – ဆရာ/ဆရာမများအတွက် စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့် အလုပ်ဖြစ်သည်။

## ၅.၂ သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်းစနစ် အစိတ်အပိုင်းများ၏ အရေးပါမှုကို နှိုင်းယှဉ်သတ်မှတ်ခြင်း

(က) **နမူနာ အဖြေများ ။**

ကိန်းဂဏန်းအားဖြင့် အမှတ်မည်မျှပင်ပေးသည်ဖြစ်စေ၊ မည်သည့် စစ်ဆေးခံ အစိတ်အပိုင်းက မည်မျှ အရေးပါကြောင်း ခွဲခြားသတ်မှတ်နိုင်ရန်အတွက် ရာခိုင်နှုန်း များ အသုံးပြုလျက် အမှတ်ပေးနိုင်ပါသည်။ ဥပမာ – အမှတ် ၁၀၀ တန် စာစီစာကုံးသည် နောက်ဆုံးစာမေးပွဲ အမှတ်ပေါင်း၏ ၅% သာ ဖြစ်နိုင်သည်။

(ခ) **အဖြေများ ။**

၁။ ပူးပေါင်းပါဝင်မှု = [(၆ ÷ ၁၀) x ၀.၀၅] x ၁၀၀ = ၃

၂။ မှတ်တမ်း = [(၁၈ ÷ ၂၀) x ၀.၅] x ၁၀၀ = ၄၅

၃။ တိုးတက်မှု စစ်ဆေးခြင်း = (၂၀၅ ÷ ၂၅၀) x ၀.၂ x ၁၀၀ = ၁၆.၄

(ဂ) **နမူနာ အဖြေများ ။**

၁။ သင်ယူပြီး အကဲဖြတ်သုံးသပ်ခြင်း

၂။ စစ်ဆေးခံအစိတ်အပိုင်းများ အားလုံးတွင် စဉ်ဆက်မပြတ် အကဲဖြတ် သုံးသပ်ခြင်းအပိုင်းသည် ရာခိုင်နှုန်းအများဆုံး ပေးထားသောအပိုင်းဖြစ်သည်။ သို့သော် ၎င်းကို ဆန်းစစ်မှုအပိုင်းများစွာ ခွဲထားသည်။ စာမေးပွဲသည် နောက်ဆုံးအမှတ်ပေါင်း၏ ၂၀% ဖြစ်သောကြောင့် ရာခိုင်နှုန်းအများဆုံးရသည့် အပိုင်းတစ်ပိုင်းဖြစ်သည်။

(ဃ) **အဖြေများ ။**

၁။

| | က | ခ | ဂ | ဃ |
|---|---|---|---|---|
| အတန်းတက်ရောက်မှု | နေ့စဉ် | ၂ | ၅၀ | ၁၀၀ |
| ပူးပေါင်းပါဝင်မှု | အပတ်စဉ် | ၅ | ၁၀ | ၅၀ |
| အတန်းတွင်း လုပ်ငန်းများ | အပတ်စဉ် | ၅ | ၁၀ | ၅၀ |
| အိမ်စာ | နှစ်ပတ်တစ်ကြိမ် | ၅ | ၁၀ | ၅၀ |
| ခင်းကျင်းတင်ပြမှု | စာသင်နှစ်ဝက် တစ်ခုလျှင် နှစ်ကြိမ် | ၂၅ | ၂ | ၅၀ |
| သင်ယူမှု နေ့စဉ်မှတ်တမ်း | အပတ်စဉ် | ၂ | ၁၀ | ၂၀ |
| သင်ယူမှု စစ်ဆေးမှုများ | နှစ်ပတ်တစ်ကြိမ် | ၂၀ | ၅ | ၁၀၀ |
| စာမေးပွဲ | စာသင်နှစ် တစ်ခုလျှင် တစ်ကြိမ် | ၁၀၀ | ၁ | ၁၀၀ |

၂။ • စဉ်ဆက်မပြတ် အကဲဖြတ်သုံးသပ်မှု –
189/250 x 25% = 18.9

- မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်မှု –
17/20 x 20% =17
- တိုးတက်မှုစစ်ဆေးခြင်း – 65/100 x 15% = 9.75
- စာမေးပွဲ – 88/100 x 20% = 17.6
- အမှတ်ပေါင်း – 80.25%

(c) **နမူနာ အဖြေများ** ...

၁။ အကဲဖြတ်ဆန်းစစ်မှု ပုံစံမျိုးစုံ ပါဝင်သည့် အလွန်အသေးစိတ်သော စနစ်တစ်ခုဖြစ်သည်။ ဆရာ/ ဆရာမ သို့မဟုတ် ကျောင်းမှ မည်မျှအရေးကြီးကြောင်း ဆုံးဖြတ်သည့်အပေါ် မူတည်၍ စစ်ဆေးမှုအပိုင်း တစ်ခုစီသည် အမှတ်ပေါင်း၏ ရာခိုင်နှုန်း တစ်မျိုးစီ ရသည်။

၂။ ဆရာ/ ဆရာမသည် မတူညီသည့် သင်ယူမှု အကဲဖြတ်ဆန်းစစ်မှုများတွင် ကျောင်းသား/ ကျောင်းသူများ၏ စွမ်းဆောင်ရည် တစ်မျိုးစီ၏ မှတ်တမ်းများကို သိမ်းထားရမည်။ နောက်ဆုံးအဆင့်သတ်မှတ်လျှင် ရာခိုင်နှုန်းများကို အသုံးပြုရန် လိုအပ်သည်။ ကျောင်းသား/ ကျောင်းသူများသည် မိမိတို့ မည်သို့ အမှတ်ပေးခံရမည်ဖြစ်ကြောင်းနှင့် နောက်ဆုံးအဆင့်ကို မည်သို့ တွက်မည်ဖြစ်ကြောင်း သိထားကြသင့်သည်။

၃။ ဆရာ/ ဆရာမများသည် ကျောင်းသား/ ကျောင်းသူများ၏ အဆင့်မှတ်တမ်းများကို သိမ်းရန် အဆင့်ပေးစာအုပ် သို့မဟုတ် အချက်အလက်ပြ ဇယားတစ်ခုကို အသုံးပြုနိုင်သည်။ ဆရာ/ ဆရာမများသည် နောက်ဆုံးအဆင့်များကို တွက်ချက်၍ ကွန်ပျူတာထဲ သိမ်းဆည်းရာတွင် ဂဏန်းပေါင်းစက်တစ်ခုကို အသုံးပြုနိုင်သည်။ ဆရာ/ ဆရာမသည် စာသင်နှစ်အစတွင် သင်ယူမှု အကဲဖြတ်ဆန်းစစ်သည့်စနစ်ကို ကျောင်းသား/ ကျောင်းသူများကို ရှင်းလင်းပြောပြထားနိုင်သည်။

# သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း မေးခွန်းလွှာ

**(က) အဖြေများ ။**

| | | | |
|---|---|---|---|
| ၁။ ဂ | ၅။ က | ၉။ ဂ | ၁၃။ ဂ |
| ၂။ က | ၆။ က | ၁၀။ ဃ | ၁၄။ ဃ |
| ၃။ ဃ | ၇။ က | ၁၁။ က | |
| ၄။ ဂ | ၈။ ခ | ၁၂။ ဂ | |

**(ခ) အဖြေများ ။**

| | |
|---|---|
| ၁။ ယုံကြည်စိတ်ချရမှု | ၅။ ယုံကြည်စိတ်ချရမှု |
| ၂။ ကျိုးကြောင်းဆီလျော်မှု | ၆။ ယုံကြည်စိတ်ချရမှု |
| ၃။ ယုံကြည်စိတ်ချရမှု | ၇။ လက်တွေ့ကျမှု |
| ၄။ လက်တွေ့ကျမှု | ၈။ ကျိုးကြောင်းဆီလျော်မှု |

**(ဂ) ဤအမှတ်ပေးစည်းမျဉ်းအတိုင်း အဖြေများကို အမှတ်ပေးပါ။**

- ဖြေရှင်းနည်းက ကျိုးကြောင်းဆီလျော်မှုမရှိ၊ လက်တွေ့မကျ၊ ယုံကြည်စိတ်ချရမှုမရှိ – ၀ မှတ်
- ဖြေရှင်းနည်းက ကျိုးကြောင်းဆီလျော်မှု၊ လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရမှုတို့ အနည်းငယ်ရှိ – ၁ မှတ်
- ဖြေရှင်းနည်းက ကျိုးကြောင်းဆီလျော်မှု၊ လက်တွေ့ကျမှု၊ ယုံကြည်စိတ်ချရမှုတို့ အားလုံးရှိ – ၂ မှတ်

**နမူနာ အဖြေများ ။**

**၁။** စံသတ်မှတ်ချက်စာရင်းတစ်ခု စီစဉ်ပြီး အမှတ်ပေးသူများ အားလုံးကို လေ့ကျင့်ပေးပါ။

**၂။** အမှတ်ပေးသူများကို သိပ္ပံဘာသာရပ် အမှားများ အတွက်သာ အမှတ်လျှော့ရန် ညွှန်ကြားပါ။

**၃။** အသံပိုင်းဆိုင်ရာ ပစ္စည်းများကို ကျောင်းသား/ ကျောင်းသူများ အားလုံးကြားနိုင်သည့် နေရာသို့ရွှေ့ပါ။

**၄။** လျှောက်ထားသူအားလုံးကို စာမေးပွဲဖြေဆိုစေပါ။ စာမေးပွဲတွင် အမှတ်အမြင့်ဆုံးရသူများကိုသာ အင်တာဗျူးဖြေဆိုစေပါ။

**၅။** အမှတ်ပေးလမ်းညွှန်တွင် လက်ခံနိုင်ဖွယ် အဖြေများ အားလုံးကို စာရင်းပြုစုပါ။

**၆။** ပိုမိုကောင်းမွန်သည့် ညွှန်ကြားချက်များနှင့် ဥပမာတစ်ခု ပေးပါ။

**၇။** အကျိုးဆိုင်မှုနိမ့်သော စစ်ဆေးမှုများကို ဦးစားမပေးရန် ဆရာ/ ဆရာမများကို အားပေးပါ။

**၈။** စစ်ဆေးမှု နည်းလမ်းများအားလုံးသည် ကျောင်းသား/ ကျောင်းသူများ ရင်းနှီးပြီးဖြစ်သည့် သင်ရိုးပါ အစိတ်အပိုင်းအားလုံးကို လွှမ်းခြုံမိစေကြောင်း စစ်ဆေးပါ။

**(ဃ) အဖြေများကို အောက်ပါ အမှတ်ပေးဇယားအတိုင်း အမှတ်ပေးပါ။**

| စံနှုန်းနယ်ပယ် | စိတ်ကျေနပ်ဖွယ်ရာရှိ | စိတ်ကျေနပ်ဖွယ်ရာမရှိ |
|---|---|---|
| ၁။ အကဲဖြတ်ဆန်းစစ်ချက်၏ ဦးတည်ချက်ကို ရှင်းပြချက် | | |
| ၂။ အကဲဖြတ်ဆန်းစစ်ချက်ဆိုင်ရာ ပြဿနာများကို ရှင်းပြချက် | | |
| ၃။ အကြံပြုပြသော အကဲဖြတ်ဆန်းစစ်ချက် နည်းလမ်းက လက်တွေ့ကျ၊ ယုံကြည်စိတ်ချရမှုရှိ၊ ကျိုးကြောင်းဆီလျော်မှုရှိ | | |
| စုစုပေါင်း ရမှတ် | | /၃ |
| ဆရာမှတ်ချက်များ | | |

**နမူနာ အဖြေများ ။**

**၁။** အကျိုးဆိုင်မှုမြင့်သည့် ဝင်ခွင့်စစ်ဆေးမှုတစ်ခုဖြစ်သည်။ အင်္ဂလိပ်ဘာသာစကား အစိတ်အပိုင်းအားလုံးကို လွှမ်းခြုံသည့် စစ်ဆေးမှုလုပ်ငန်းမျိုးစုံ ပါဝင်သော ဝင်ခွင့်စာမေးပွဲတစ်ခု စီစဉ်ရေးသားပါ။ အမှတ်အမြင့်ဆုံး ရသည့် ကျောင်းသား/ ကျောင်းသူများကို ရွေးချယ်ပြီး လူတွေ့စစ်ဆေးပါ။ စာမေးပွဲရော လူတွေ့ပါ နှစ်မျိုးလုံး တွင် ကောင်းစွာဖြေဆိုသူများထဲမှ ရွေးချယ်ပါ။

**၂။** သင်ယူစဉ် စစ်ဆေးသည့် အကျိုးဆိုင်မှုနိမ့်သော တိုးတက်မှုစစ်ဆေးခြင်းဖြစ်သည်။ ကလေးများ ၂၀ အထိ ရွတ်ဆိုရမည့် ကစားနည်းတစ်ခုဖန်တီးပြီး ၎င်းတို့၏ လုပ်ဆောင်မှုကို လေ့လာစောင့်ကြည့်ပါ။

**၃။** အောင်မြင်ပေါက်မြောက်မှု စစ်ဆေးခြင်းဖြစ်သည်။ အဖွဲ့လိုက်လုပ်ဆောင်မှု အကဲဖြတ်ဆန်းစစ်မှုတွင် ပူးပေါင်း လုပ်ဆောင်မှုနှင့် အဖွဲ့လိုက်လုပ်ဆောင်မှုအပိုင်းများ ထည့်သွင်းနိုင်သည်။ အဖွဲ့၏လုပ်ဆောင်မှုဖြစ်စဉ်ကို စောင့်ကြည့်လေ့လာသုံးသပ်ရန် အမှတ်ပေးဇယားတစ်ခု သို့မဟုတ် မိမိကိုယ်ကိုယ် အကဲဖြတ်သုံးသပ်မှု သို့မဟုတ် အချင်းချင်း အကဲဖြတ်သုံးသပ်မှု နည်းလမ်းတို့ကို သုံး၍ အဖွဲ့လိုက်လုပ်ဆောင်မှုကို စောင့်ကြည့်လေ့လာ အကဲဖြတ်နိုင်သည်။ နောက်ဆုံးရလဒ်များကို သီးခြားစီ (သင်ခန်းစာ အစီအစဉ်၊ စာသင်ကြားမှုနှင့် ပြန်လှန်သုံးသပ်မှု) အကဲဖြတ်ဆန်းစစ်ပါ။

**၄။** အကျိုးဆိုင်မှုနိမ့်သော တိုးတက်မှုစစ်ဆေးခြင်းဖြစ်သည်။ ကျောင်းသား/ ကျောင်းသူများကို ဤအပတ်ထဲတွင် သင်ကြားထားခဲ့သည်များအပေါ် အခြေခံသည့် အပိတ်နှင့် အဖွင့်မေးခွန်းအနည်းငယ်ကို ဖြေဆိုစေပါ။

# ခေတ်သစ်ဆရာ

## သင်ရိုးအတွဲ (၄) - သင်ယူမှု အကဲဖြတ်ခြင်း

**ခေတ်သစ်ဆရာ သင်ရိုးစာအုပ်တွဲ**သည် မြန်မာ ဆရာ ဆရာမများအတွက် သင်တန်းတို သင်ရိုးအတွဲတစ်ခုဖြစ်ပါသည်။ သင်ရိုးတစ်ခုစီသည် သင်ကြား သင်ယူမှု၏ မျက်နှာစာတစ်ခုစီကို လေ့လာပြီး၊ သင်ကြားရေး စက်ဝန်းတစ်ခုလုံးကို တစ်ဆင့်ပြီးတစ်ဆင့် သိနားလည်တတ်မြောက်အောင် သင်ကြားလေ့ကျင့်ခြင်း ဖြစ်ပါသည်။

**သင်ရိုးအတွဲ (၄)** သည် သင်ယူမှု အကဲဖြတ်ဆန်းစစ်ခြင်း အခြေခံများကို လေ့လာတင်ပြထားပါသည်။ သင်ယူမှုအကဲဖြတ်ဆန်းစစ်ခြင်း၏ ရည်ရွယ်ချက်များ၊ အမျိုးအစားများ၊ ဝိသေသများ၊ မူဘောင်များကို လေ့လာတင်ပြပြီး၊ အကဲဖြတ်ဆန်းစစ်ချက်များ ရေးဆွဲရာတွင် ၎င်းတို့ကို မည်သို့ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်းလည်း ရှင်းလင်းပြထားသည်။ အပိတ်မေးခွန်း၊ အဖွင့်မေးခွန်း အမျိုးမျိုးနှင့် အကဲဖြတ်ဆန်းစစ် အမှတ်ပေးစနစ်အမျိုးမျိုးကို မည်သို့သုံးစွဲနိုင်ကြောင်း လေ့လာတင်ပြထားပြီး ဆရာ ဆရာမတို့အနေနှင့် ကျောင်းသူ ကျောင်းသားများအတွက် ဆီလျော်ကိုက်ညီသော အကဲဖြတ်ဆန်းစစ်ချက်များကို ဖန်တီး၊ စစ်ဆေး၊ အမှတ်ပေးနိုင်စွမ်းတို့ တိုးတက်လာစေရန် ရည်မှန်းထုတ်ဝေသည့် စာအုပ်ဖြစ်ပါသည်။

**ခေတ်သစ်ဆရာ သင်ရိုးစာအုပ်အတွဲ**မှ ဒုတိယအကြိမ် တည်းဖြတ်ထုတ်ဝေသော သင်ရိုးတစ်ခုချင်းစီသည် သီးသန့်သင်ကြား၍ရသော စာအုပ်စာတမ်းများဖြစ်ပြီး စာအုပ်နောက်ပိုင်းတွင်လည်း လေ့ကျင့်ခန်း အဖြေများ ပါဝင်သည်။ ဤစာအုပ်တွဲကို တစ်အုပ်ပြီးမှ တစ်အုပ် သင်ကြားနိုင်သလို တစ်အုပ်ချင်းစီလည်း နှစ်သက်ရာ ရှေ့နောက် အစီအစဉ်နှင့် ထုတ်နုတ်သင်ကြားနိုင်သည်။ သင်ရိုးစာအုပ်များကို ဆရာလွတ် ကိုယ်တိုင်လေ့လာရန်အတွက်လည်း သုံးနိုင်သည်။ လုပ်ငန်းခွင်အကြိုနှင့် လုပ်ငန်းခွင်အတွင်းမှ ဆရာ ဆရာမများအတွက် သင်ကြားလေ့ကျင့်မှု အစီအစဉ်တစ်ရပ်အနေနှင့် သုံးနိုင်သည်။ ဆရာအတတ်သင် သင်တန်းသားများ၏ လိုအပ်ချက်၊ သင်တန်း အစီအစဉ်မှ သတ်မှတ်ချက်စသည်တို့နှင့် ကိုက်ညီအောင် လိုက်လျောညီထွေပြုပြင်ပြီးလည်း ဤသင်ရိုးစာအုပ်ကို အသုံးပြုနိုင်ပါသည်။ **ခေတ်သစ်ဆရာ သင်ရိုးစာအုပ်**များသည် ရိုးရှင်းလွယ်ကူပြီး **မုခ်ဦးပညာရေး**ထုတ် အခြားစာအုပ်များ၏ ချဉ်းကပ်သင်ကြားပုံများနှင့်လည်း ကိုက်ညီမှု ရှိပါသည်။

**သင်ရိုး စာအုပ်တွဲ၏ ဝိသေသများ –**

- သင်ရိုးမှ ရရှိသော အသိ၊ အတတ်များကို သင်ယူသူများအနေနှင့် မိမိတို့ လက်တွေ့ဘဝ အတွေ့အကြုံများနှင့် ချိတ်ဆက်၍ သော်လည်းကောင်း၊ လုပ်ငန်းခွင်တွင်သော်လည်းကောင်း အသုံးချလေ့ကျင့်နိုင်အောင် လက်တွေ့လေ့ကျင့်ခန်းများ ပါဝင်သည်။
- အဓိက အယူအဆများကို ပိုမို မှတ်မိသိရှိစေရန် ပြန်လှန်သုံးသပ်ခြင်းနှင့် အကျဉ်းချုပ်များ ထည့်သွင်းပေးထားသည်။
- မြန်မာဆရာများအတွက် တတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင်နှင့် အာဆီယံ သင်ကြားရေး တတ်ကျွမ်းမှု မူဘောင်တို့ကို ကိုးကားထားပါသည်။

**အနာဂတ်ပုံရိပ်** — မြန်မာနိုင်ငံမှ လူအားလုံး အရည်အသွေးပြည့်သော၊ အားလုံးပါဝင်နိုင်သော ပညာရေး ရရှိရမည်။

**အဓိက လုပ်ငန်းစဉ်** — အရွယ်ရောက်ပြီးသူ ပညာရေးကဏ္ဍအတွက် ရပ်ရွာဒေသအခင်းအကျင်းနှင့် ဆီလျော်သော ပညာရေးဆိုင်ရာ စာအုပ်စာတမ်းများနှင့် ဝန်ဆောင်မှုများ ပေးခြင်းအားဖြင့် တရားမျှတသော လူမှုအသိုင်းအဝန်းတစ်ခု ဖော်ဆောင်ရန်။

creative commons
SOME RIGHTS RESERVED

MoteOo EDUCATION

ISBN 978-99971-70-87-3
9 789997 170873